http://www.dhammadownload.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာ ( ပထမဆင့် )

## [ စိတ်ပိုင်း ၊ စေတသိက်ပိုင်း ၊ ပကိဏ်းပိုင်း ]

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

၁၉၇၂-ခုနှစ် မှ ၂၀၁၈-ခုနှစ်အထိ

ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

(တတိယအကြိမ်)

http://www.dhammadownload.com

# သဗ္ဗညုတဉာဏ်တော်အစွမ်း

၁။ သိရန်မှန်က ၊ မကျန်ရအောင်
လုံးဝစုံလင် ၊ အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား ၊ များအပြား၌
ဟောထားစဖွယ် ၊ နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် ၊ အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ ၊ များဝေနေ၏
ဣန္ဒြေစရိုက် ၊ သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် ၊ အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ သဗ္ဗညုဉာဏ်အား ၊ စွမ်းသုံးပါးကြောင့်
အများဝေနေ ၊ ကျွတ်လွတ်စေဖို့
မနေမနား ၊ သက်တော်အားဖြင့်
ကြီးမားလေဘိ ၊ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ၊ သယ်ယူဆောင်
ဘုန်းခေါင် ငါတို့ဘုရားတည်း။

တောင်မြို့ ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာ( ပထမဆင့် )

## [ စိတ်ပိုင်း ၊ စေတသိက်ပိုင်း ၊ ပကိဏ်းပိုင်း ]

### မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၇၂-ခုနှစ် မှ ၂၀၁၈-ခုနှစ်အထိ

ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း။ ဗဟန်း။ ရန်ကုန်မြို့။

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၇-ခုနှစ် ၊ ဩဂုတ်လ

အုပ်ရေ ( ၂၀၀၀ )

တန်ဖိုး ( )ကျပ်

အတွင်းစာသားကြီးကြပ် - ဓမ္မဗျူဟာ-ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)

ကွန်ပျူတာစာစီနှင့်ဒီဇိုင်း - ဓမ္မဗျူဟာ-ဒေါ်ငွေးငွေးအောင်

ပုံနှိပ်သူ - ဒေါ်လှလှမြိုင်(၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ်- ၅၄၄၊ အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်။

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ(မြဲ-၀၀၀၄၇)
ရွှက်စိမ်းစာပေ၊ အမှတ် (၄၃-A)
၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖြန့်ချိရာဌာန - ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း ၊ ဗဟန်း ၊ ရန်ကုန်မြို့ ။
(ဖုန်း- ၃၈၀၈၈၀ ၊ ၅၄၆၉၉၇ )

# မာတိကာ

## အဘိဓမ္မာ (ဝထေဆေင့်) စိတ်ပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ၁၉၇၂–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ မေးခွန်းဟောင်းများ | ၁ |
| ၂။ | ၁၉၈၉–ခုနှစ် မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၅ |
| ၃။ | ၁၉၉၀–ခုနှစ် ။ | ၇ |
| ၄။ | ၁၉၉၁–ခုနှစ် ။ | ၉ |
| ၅။ | ၁၉၉၂–ခုနှစ် ။ | ၁၀ |
| ၆။ | ၁၉၉၃–ခုနှစ် ။ | ၁၂ |
| ၇။ | ၁၉၉၄–ခုနှစ် ။ | ၁၅ |
| ၈။ | ၁၉၉၅–ခုနှစ် ။ | ၁၇ |
| ၉။ | ၁၉၉၆–ခုနှစ် ။ | ၂၀ |
| ၁၀။ | ၁၉၉၇–ခုနှစ် ။ | ၂၂ |
| ၁၁။ | ၁၉၉၈–ခုနှစ် ။ | ၂၄ |
| ၁၂။ | ၁၉၉၉–ခုနှစ် ။ | ၂၆ |
| ၁၃။ | ၂၀၀၀–ခုနှစ် ။ | ၂၇ |
| ၁၄။ | ၂၀၀၁–ခုနှစ် ။ | ၂၉ |
| ၁၅။ | ၂၀၀၂–ခုနှစ် ။ | ၃၁ |
| ၁၆။ | ၂၀၀၃–ခုနှစ် ။ | ၃၂ |
| ၁၇။ | ၂၀၀၄–ခုနှစ် ။ | ၃၄ |
| ၁၈။ | ၂၀၀၅–ခုနှစ် ။ | ၃၆ |
| ၁၉။ | ၂၀၀၆–ခုနှစ် ။ | ၃၈ |
| ၂၀။ | ၂၀၀၇–ခုနှစ် ။ | ၃၉ |
| ၂၁။ | ၂၀၀၈–ခုနှစ် ။ | ၃၉ |
| ၂၂။ | ၂၀၀၉–ခုနှစ် ။ | ၄၁ |
| ၂၃။ | ၂၀၁၀–ခုနှစ် ။ | ၄၂ |

http://www.dhammadownload.com

# အဘိဓမ္မာ (ပထမဆင့်) စေတသိက်ပိုင်း


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၄။ | ၁၉၇၂–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ မေးခွန်းဟောင်းများ | | ၄၄ |
| ၂၅။ | ၁၉၈၉–ခုနှစ် | မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၄၉ |
| ၂၆။ | ၁၉၉၀–ခုနှစ် | ။ | ၅၀ |
| ၂၇။ | ၁၉၉၁–ခုနှစ် | ။ | ၅၂ |
| ၂၈။ | ၁၉၉၂–ခုနှစ် | ။ | ၅၃ |
| ၂၉။ | ၁၉၉၃–ခုနှစ် | ။ | ၅၅ |
| ၃၀။ | ၁၉၉၄–ခုနှစ် | ။ | ၅၈ |
| ၃၁။ | ၁၉၉၅–ခုနှစ် | ။ | ၆၀ |
| ၃၂။ | ၁၉၉၆–ခုနှစ် | ။ | ၆၁ |
| ၃၃။ | ၁၉၉၇–ခုနှစ် | ။ | ၆၄ |
| ၃၄။ | ၁၉၉၈–ခုနှစ် | ။ | ၆၆ |
| ၃၅။ | ၁၉၉၉–ခုနှစ် | ။ | ၆၉ |
| ၃၆။ | ၂၀၀၀–ခုနှစ် | ။ | ၇၁ |
| ၃၇။ | ၂၀၀၁–ခုနှစ် | ။ | ၇၃ |
| ၃၈။ | ၂၀၀၂–ခုနှစ် | ။ | ၇၅ |
| ၃၉။ | ၂၀၀၃–ခုနှစ် | ။ | ၇၆ |
| ၄၀။ | ၂၀၀၄–ခုနှစ် | ။ | ၇၉ |
| ၄၁။ | ၂၀၀၅–ခုနှစ် | ။ | ၈၀ |
| ၄၂။ | ၂၀၀၆–ခုနှစ် | ။ | ၈၂ |
| ၄၃။ | ၂၀၀၇–ခုနှစ် | ။ | ၈၆ |
| ၄၄။ | ၂၀၀၈–ခုနှစ် | ။ | ၈၈ |
| ၄၅။ | ၂၀၀၉–ခုနှစ် | ။ | ၉၀ |
| ၄၆။ | ၂၀၁၀–ခုနှစ် | ။ | ၉၁ |

http://www.dhammadownload.com

# အဘိဓမ္မာ (ပထမဆင့်) ပကိဏ်းပိုင်း


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၄၇။ | ၁၉၇၂-ခုနှစ် မှ ၁၉၈၈-ခုနှစ်ထိ မေးခွန်းဟောင်းများ | | ၉၄ |
| ၄၈။ | ၁၉၈၉-ခုနှစ် | မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၉၉ |
| ၄၉။ | ၁၉၉၀-ခုနှစ် | ။ | ၁၀၁ |
| ၅၀။ | ၁၉၉၁-ခုနှစ် | ။ | ၁၀၄ |
| ၅၁။ | ၁၉၉၂-ခုနှစ် | ။ | ၁၀၅ |
| ၅၂။ | ၁၉၉၃-ခုနှစ် | ။ | ၁၀၈ |
| ၅၃။ | ၁၉၉၄-ခုနှစ် | ။ | ၁၁၀ |
| ၅၄။ | ၁၉၉၅-ခုနှစ် | ။ | ၁၁၂ |
| ၅၅။ | ၁၉၉၆-ခုနှစ် | ။ | ၁၁၄ |
| ၅၆။ | ၁၉၉၇-ခုနှစ် | ။ | ၁၁၅ |
| ၅၇။ | ၁၉၉၈-ခုနှစ် | ။ | ၁၁၇ |
| ၅၈။ | ၁၉၉၉-ခုနှစ် | ။ | ၁၂၀ |
| ၅၉။ | ၂၀၀၀-ခုနှစ် | ။ | ၁၂၁ |
| ၆၀။ | ၂၀၀၁-ခုနှစ် | ။ | ၁၂၃ |
| ၆၁။ | ၂၀၀၂-ခုနှစ် | ။ | ၁၂၅ |
| ၆၂။ | ၂၀၀၃-ခုနှစ် | ။ | ၁၂၇ |
| ၆၃။ | ၂၀၀၄-ခုနှစ် | ။ | ၁၂၉ |
| ၆၄။ | ၂၀၀၅-ခုနှစ် | ။ | ၁၃၁ |
| ၆၅။ | ၂၀၀၆-ခုနှစ် | ။ | ၁၃၃ |
| ၆၆။ | ၂၀၀၇-ခုနှစ် | ။ | ၁၃၅ |
| ၆၇။ | ၂၀၀၈-ခုနှစ် | ။ | ၁၃၆ |
| ၆၈။ | ၂၀၀၉-ခုနှစ် | ။ | ၁၃၈ |
| ၆၉။ | ၂၀၁၀-ခုနှစ် | ။ | ၁၄၁ |

| | | | |
|---|---|---|---|
| ၇၀။ | ၂၀၁၁-ခုနှစ် | မေးခွန်းဟောင်းနှင့် စံပြအဖြေများ | ၁၄၅ |
| ၇၀။ | ၂၀၁၂-ခုနှစ် | ။ | ၁၅၂ |
| ၇၂။ | ၂၀၁၃-ခုနှစ် | ။ | ၁၅၉ |
| ၇၃။ | ၂၀၁၄-ခုနှစ် | ။ | ၁၆၆ |
| ၇၄။ | ၂၀၁၅-ခုနှစ် | ။ | ၁၇၃ |
| ၇၅။ | ၂၀၁၆-ခုနှစ် | ။ | ၁၇၈ |
| ၇၆။ | ၂၀၁၇-ခုနှစ် | ။ | ၁၈၄ |
| ၇၇။ | ၂၀၁၈-ခုနှစ် | ။ | ၁၉၂ |

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏
# အဘိဓမ္မာ (ပထမဆင့်)
# စိတ်ပိုင်း
## ( ၁၉၇၂–ခုနှစ် မှ ၁၉၈၈–ခုနှစ် ထိ )
## မေးခွန်းဟောင်းများ

### ၁၉၇၂–ခုနှစ်

၁။ အသောဘနစိတ် ၃၀–တွင် သောမနဿသဟဂုတ်သာဖြစ်၍ ဥပေက္ခာသဟဂုတ် မဖြစ်သော စိတ်၊ ၂–ပါးစုံ မဖြစ်သောစိတ်တို့ကို ရေတွက်ပြပါ။

၂။ လောကီဝိပါက်စိတ်များတွင် ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ်များကို ထုတ်ပြပါ။

၃။ မဟဂ္ဂုတ်စိတ်တို့တွင် အာရုံအားဖြင့် ပြားသောစိတ်၊ ဈာန်အားဖြင့် ပြားသောစိတ်တို့ကို အမည်မှု ဖော်ပြပါ။

### ၁၉၇၃–ခုနှစ်

၁။ ကာမစိတ် ၅၄–ပါးကို ဝေဒနာ ၅–ပါးဖြင့် ခွဲခြားဝေဖန်ပြပါ။

၂။ ဈာန်အင်္ဂါ ၂–ပါးရှိသော မဟဂ္ဂုတ်ဥပေက္ခာစိတ်များကို ရေတွက်ပြပါ။

၃။ သုခဝေဒနာနှင့်ယှဉ်၍ ဈာန်အင်္ဂါ ၂–ပါးရှိသော လောကုတ္တရာဈာန်စိတ်နှင့် သုခဝေဒနာနှင့် မယှဉ်ဘဲ ဈာန်အင်္ဂါ ၂–ပါးရှိသော လောကုတ္တရာဈာန်စိတ်များကို ရေတွက်ပြပါ။

### ၁၉၇၆–ခုနှစ်

၁။ သောဘနစိတ်သည် အကျိုးအားဖြင့် မည်မျှရှိသနည်း၊ ရေတွက်ပြပါ။

၂။ မဂ်စိတ်အကျယ်တွင် သောမနဿသဟဂုတ်စိတ်– ဥပေက္ခာသဟဂုတ်စိတ်တို့ကို ရေတွက်ပြပါ။

၃။ စိတ်အကျယ် ၁၂၁–ပါးကို ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာအားဖြင့် ခွဲခြားရေတွက်ပြပါ။

### ၁၉၇၇–ခုနှစ်

၁။ အကုသိုလ်စိတ် ၁၂–ပါးကို အ–သင်္ခါရိကစိတ်၊ သ– သင်္ခါရိကစိတ်၊ သင်္ခါရ ကွဲပြားမှု မရှိသောစိတ်အားဖြင့် ခွဲခြားရေတွက်ပြပါ။

http://www.dhammadownload.com



၂။ စိတ်တစ်ခုယုတ် ကိုးဆယ်ကို ဘူမိဘေဒအားဖြင့် ရေတွက်ပြပါ။

၃။ သောတာပတ္တိမဂ်စိတ် ၅–ပါးကို ဈာန်အင်္ဂါဖြင့် ဝေဖန်ပြပါ။

**၁၉၇၈–ခုနှစ်**

၁။ လူ့ဘုံ၌ဖြစ်သော ကာမစိတ် ၅၄–ပါးကို ဝေဒနာဘေဒနည်းအားဖြင့် ရေတွက်ပြ၍၊ စိတ် ၈၉–ပါးတွင် မြင်နိုင်သည့်စိတ်များကို တစ်ခုစီရေတွက်ပြပါ။

၂။ ဈာန်ရပုဂ္ဂိုလ်တို့၏ မဟဂ္ဂုတ်စိတ် ၂၇–ပါးကို ဈာနဘေဒနည်းအားဖြင့် ရေတွက်ပြ၍၊ စိတ်အကျယ် ၁၂၁–ပါးတို့တွင် လောကုတ္တရာ ဥပေက္ခာသဟဂုတ်စိတ်များကို ရေတွက်ပြပါ။

၃။ စိတ်အကျယ် ၁၂၁–ပါးကို ဇာတိဘေဒနည်းအားဖြင့် ရေတွက်ပြ၍ လောကီစိတ် ၈၁–ပါးတွင် ပထမဈာန်စိတ်များကို တစ်ခုစီ ရေတွက်ပြပါ။

**၁၉၇၉–ခုနှစ်**

၁။ လူတွင် မပြတ်ဖြစ်တတ်သော အကုသိုလ်စိတ် ၁၂–ပါးတို့ကို တစ်ခုစီ ရေတွက်ပြပါ။

၂။ ကာမဘုံတွင် ဖြစ်ပေါ်သော ကာမာဝစရသောဘနစိတ် ၂၄–ပါးတို့ကို ဝေဒနာ– ဉာဏ်– သင်္ခါရအပြားအားဖြင့် ခွဲခြားဝေဖန်ပြပါ။

၃။ ဈာန်အင်္ဂါပြားသောကြောင့် ရူပကုသိုလ်စိတ် ၅–ပါးပြားရသည်ဟုဆိုရာ မည်သို့ မည်ပုံ ပြားရသည်ကို ရေးသားဖော်ပြပါ။

**၁၉၈၀–ခုနှစ်**

၁။ စိတ် ၈၉–ပါးတွင် မတင့်တယ်သော အသောဘနစိတ်များ မည်မျှ ပါဝင်နေသည်ကို ဖော်ပြခဲ့ပါ။

၂။ လောကီဈာန်စိတ် အဘယ်နှစ်ပါး ရှိပါသနည်း၊ ရေတွက်ပြပါ။

၃။ ကာမစိတ်– မဟဂ္ဂုတ်စိတ်– လောကုတ္တရာစိတ်တို့ မည်မျှစီရှိကြောင်း သင်္ချာမျှသာ ဖော်ပြခဲ့ပါ။

**၁၉၈၁–ခုနှစ်**

၁။ အကုသိုလ်စိတ်– အဟိတ်စိတ်တို့မှ ကြွင်းသော သောဘနစိတ်တို့ကို ရေးသားဖော်ပြပါ။

http://www.dhammadownload.com



၂။ ရိုးရိုးလူတို့၏ စိတ်ထက် ထူးခြားသော မဟာဂ္ဂုတ်ဈာန်စိတ်ပေါင်း မည်မျှရှိသည်ဟု ရေတွက်ဖော်ပြခဲ့ပါ။

၃။ လောကီစိတ် ၈၁-ပါး၌ ကုသိုလ်စိတ်- ဝိပါက်စိတ်- ကြိယာစိတ် မည်မျှစီရှိကြောင်း သင်္ချာမျှ ရေးသားဖော်ပြခဲ့ပါ။

## ၁၉၈၂-ခုနှစ်

၁။ မဖောက်မပြန်သောကြောင့် ပရမတ်မည်သောတရားများကို ရေတွက်ပြ၍၊ စိတ်မည်သော ပရမတ်တရား၏ အရေအတွက် သင်္ချာမျှကိုသာ အကျဉ်းနည်း- အကျယ်နည်းအားဖြင့် ဖော်ပြပါ။

၂။ အကုသိုလ်တရား၏ အကျိုးဖြစ်သော ဝိပါက်စိတ်များကို တစ်ခုစီ ရေတွက်ပြပါ။

၃။ အရိယာပုဂ္ဂိုလ်တို့အားသာ ရထိုက်သော လောကုတ္တရာစိတ် ၈-မျိုးကို ရေတွက် ဖော်ပြပါ။

## ၁၉၈၃-ခုနှစ်

၁။ လူ၌ဖြစ်သော အကုသိုလ်စိတ်များကို ပြည့်စုံစွာ ဖော်ပြပါ။

၂။ ရဟန်းသံဃာများအား ဆွမ်းလောင်းလှူသောအခါ ဖြစ်ပေါ်တတ်သော ကုသိုလ်စိတ်များ အနက် စိတ်နှစ်မျိုးမျှသာ ရေးပြပါ။

၃။ ဈာန်ရသောပုဂ္ဂိုလ်အား ဖြစ်ပေါ်တတ်သော သောတာပတ္တိမဂ်စိတ် ၅-မျိုးကို ဖော်ပြပါ။

## ၁၉၈၄-ခုနှစ်

၁။ သင်္ဂြိုဟ်ကျမ်းအစ ပဏာမတွင် ဖော်ပြသော ဘုရားဂုဏ်- တရားဂုဏ်- သံဃာဂုဏ်တော် တို့ကို ရေးသားခဲ့ပါ။

၂။ စိတ် ၈၉-ပါးတို့တွင် မတင့်တယ်သော အသောဘနစိတ်နှင့် တင့်တယ်သော သောဘန စိတ်တို့ကို ခွဲခြားဖော်ပြပါ။

၃။ စိတ်ကို အကျဉ်းနည်း- အကျယ်နည်း ခွဲရာတွင် အကုသိုလ်စိတ်၌ အကျဉ်း-အကျယ် ရှိပါသလော၊ မည်သည့်စိတ်၌ အကျဉ်း-အကျယ် ခွဲပါသနည်း။

## ၁၉၈၅-ခုနှစ်

၁။ အမှန်ရှိလျက် ဖောက်ပြန်သောတရား၊ မဖောက်ပြန်သောတရားတို့ကို ထုတ်ပြပါ။

http://www.dhammadownload.com



၂။ အပြစ်မရှိဟု ခံယူလျက် သူတစ်ပါးပစ္စည်းကို ခိုးယူသူနှင့် အပြစ်ရှိမှန်းသိလျက် ခိုးယူသူတို့အား ဖြစ်နိုင်သောစိတ်တို့ကို ပြည့်စုံစွာ ဖော်ပြပါ။

**၁၉၈၆–ခုနှစ်**

၁။ သူတစ်ပါး အားပေး– တိုက်တွန်းမှုကြောင့်ဖြစ်သော သ–သင်္ခါရိကအကုသိုလ်စိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။

၂။ ကာယဝိညာဏ်စိတ် ၂–ခု၏ ထူးခြားမှု ၂–ခုကို ရေးသားပြီးလျှင်၊ ကာမစိတ် ၅၄–ပါးကို ကုသိုလ်–အကုသိုလ်–ဝိပါက်–ကြိယာအားဖြင့် ခွဲခြားဝေဖန်ပြပါ။

၃။ စိတ်အကျယ် ၁၂၁–ပါးတွင် ဈာန်စိတ်ပေါင်း မည်မျှ ပါဝင်ပါသနည်း။ ထုတ်ပြပြီးလျှင် အရူပါဝစရစိတ်၌ ရသင့်သော ဈာန်အင်္ဂါများကိုလည်း ဖြေဆိုပါ။

**၁၉၈၇–ခုနှစ်**

၁။ အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ်ဟောတော်မူအပ်သော အဘိဓမ္မာတရားတို့သည် ပညတ်မဖက် ပရမတ်သက်သက်အားဖြင့် မည်မျှရှိပါသနည်း။ ယင်းတရား တစ်ခုစီ၏ အပေါင်းသင်္ချာ အသီးသီးကိုသာ ဖော်ပြပါ။

၂။ ဥပေက္ခာသဟဂုတ် မဟုတ်သော အဟိတ်စိတ်များကို ကုန်စင်အောင် ရေတွက်ပြပြီးလျှင်၊ ယင်းစိတ်တို့ကို ဝိပါက်– ကြိယာအားဖြင့် ခွဲခြားပြပါ။

၃။ မိမိအိမ်တွင် ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ နေ့စဉ် ဘုရားရှိခိုးကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ်ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကို တစ်ပါးစီ ဖြေဆိုပါ။

**၁၉၈၈–ခုနှစ်**

၁။ သူတစ်ပါးပစ္စည်းကို မတရားလိုချင်သော သူတို့၌ဖြစ်ပေါ်သည့် အကုသိုလ်စိတ်သရုပ်ကို တစ်ခုချင်း ထုတ်ပြပါ။

၂။ 'စိတ်တစ်ခုယုတ် ကိုးဆယ်' ဟူသော စကားကို 'စိတ်တစ်ခု၊ ရုပ်ကိုးဆယ်'ဟု သံတူကြောင်းကွဲ အကောက်လွဲလျက်ရှိရာ အမှန်ရောက်အောင် ရှင်းလင်းခဲ့ပါ။

၃။ လောကီနယ်ပယ်မှ စိတ်များကို ဇာတိဘေဒနည်းအရ ဖော်ပြပါ။

⁂ ⁂ ⁂ ⁂ ⁂

http://www.dhammadownload.com



# အဘိဓမ္မာ ( ပထမဆင့် )

# စိတ်ပိုင်း

## ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ်ထိ )

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၈၉–ခုနှစ်

**၁** လူ၌ဖြစ်သော အကုသိုလ်စိတ်တို့တွင် ဒေါသကြောင့် ဖြစ်သောစိတ်၊ မောဟကြောင့် ဖြစ်သောစိတ်တို့ကို တစ်ခုစီထုတ်ပြ၍၊ ဥပေက္ခာ၊ သောမနဿ၊ ဒေါမနဿ မည်မျှစီ ရှိသည်ကိုလည်း အပေါင်းသင်္ချာမျှ ဖော်ပြပါ။

လူ၌ဖြစ်သော အကုသိုလ်စိတ်တို့တွင်...

**ဒေါသကြောင့် ဖြစ်သောစိတ်တို့ကို တစ်ခုစီ ထုတ်ပြရသော်–**

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အ–သင်္ခါရိက ဒေါသမူစိတ် = ၁–ပါး
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သ–သင်္ခါရိက ဒေါသမူစိတ် = ၁–ပါး

ပေါင်း ဒေါသမူစိတ် = ၂–ပါး

**မောဟကြောင့်ဖြစ်သော စိတ်တို့ကို တစ်ခုစီ ထုတ်ပြရသော်–**

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် = ၁–ပါး
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် = ၁–ပါး

ပေါင်း– မောဟမူစိတ် = ၂–ပါး

**လူ၌ဖြစ်သော အကုသိုလ်စိတ်တို့တွင်–**

ဥပေက္ခာသဟဂုတ်စိတ် = ၆–ပါး
သောမနဿသဟဂုတ်စိတ် = ၄–ပါး
ဒေါမနဿသဟဂုတ်စိတ် = ၂–ပါး

ပေါင်း– အကုသိုလ်စိတ် = ၁၂–ပါး ရှိပါသည်။

http://www.dhammadownload.com



❷ ယှဉ်ဖက်ဟိတ်မရှိသော ကြိယာစိတ်များကို ထုတ်ပြ၍ အဟိတ်စိတ်လာ ကာယဝိညာဏ် နှစ်ခု၏ ထူးခြားချက်ကိုလည်း ရေးပြပါ။

**ယှဉ်ဖက်ဟိတ်မရှိသော ကြိယာစိတ်များမှာ–**

| | | | |
|---|---|---|---|
| ဥပေက္ခာသဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ဥပေက္ခာသဟဂုတ် | မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| ပေါင်း– | အဟိတ်ကြိယာစိတ် | = | ၃–ပါး |

**အဟိတ်စိတ်လာ ကာယဝိညာဏ်နှစ်ခု၏ ထူးခြားချက်မှာ–**

**အဟိတ်စိတ်လာ ကာယဝိညာဏ်တွင်–**

(၁) အကုသလဝိပါက် ကာယဝိညာဏ်၊ အဟိတ်ကုသလဝိပါက် ကာယဝိညာဏ်ဟူ၍ **ဝိပါက်အမျိုးအစားအားဖြင့်** လည်းကောင်း၊

(၂) သုခသဟဂုတ် ကာယဝိညာဏ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဟူ၍ **ဝေဒနာအမျိုးအစားအားဖြင့်** လည်းကောင်း ထူးခြားမှုရှိပါသည်။

❸ မိခင်ဘုရားရှိခိုးသည်ကို အတုယူ၍ မိခင်ဘေးမှ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှိခိုးသော ကလေးငယ်အား မည်သည့်ကုသိုလ်စိတ် ဖြစ်ပါသနည်း။ ဖော်ပြ၍ သောတာပတ္တိမဂ်စိတ် အကျယ် ငါးပါးကိုလည်း ရေးပြခဲ့ပါ။

**မိခင်ဘုရားရှိခိုးသည်ကို အတုယူ၍ မိခင်ဘေးမှ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှိခိုးသော ကလေးငယ်အား ဖြစ်သည့်ကုသိုလ်စိတ်မှာ–**

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် တတိယစိတ် ဖြစ်ပါသည်။

**သောတာပတ္တိမဂ်စိတ်အကျယ် ၅–ပါးမှာ–**

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ပဌမဈာန်စိတ် = ၁–ပါး

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၄–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ဒုတိယဈာန်စိတ် = ၁–ပါး

http://www.dhammadownload.com



၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၃-ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် တတိယဈာန်စိတ် = ၁-ပါး

၄။ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၂-ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် စတုတ္ထဈာန်စိတ် = ၁-ပါး

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၂-ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ပဉ္စမဈာန်စိတ် = ၁-ပါး
တို့ဖြစ်ကြပါသည်။

---

## ၁၉၉၀-ခုနှစ်

**❶ တင့်တယ်သော "သောဘန"စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ သာယာ နာပျော် ဖွယ်သော သီချင်းသံကို ကြားရာ၌ ဖြစ်ပေါ်တတ်သော စိတ်ကိုလည်း ဖော်ပြပါ။**

**တင့်တယ်သော "သောဘန"စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ရသော်-**

ကာမသောဘနစိတ် = ၂၄-ပါး
မဟဂ္ဂုတ်စိတ် = ၂၇-ပါး
လောကုတ္တရာစိတ် = ၈-ပါး / ၄၀-ပါး

ပေါင်း- သောဘနစိတ် = ၅၉-ပါး / ၉၁-ပါး ဖြစ်ပါသည်။

**သာယာနာပျော်ဖွယ်သော သီချင်းသံကို ကြားရာ၌ ဖြစ်ပေါ်တတ်သော စိတ်မှာ-**
အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (၁)ပါး ဖြစ်ပါသည်။

**❷ ရူပကုသိုလ်စိတ် ၅-ပါးကို သရုပ်ထုတ် ရေတွက်ပြ၍၊ အရူပစိတ်ကို ဈာန်(၅)ပါးတွင် အဘယ်ဈာန်၌ ထည့်သွင်းရမည်ကိုလည်း လမ်းညွှန်ပြပါ။**

**ရူပကုသိုလ်စိတ် ၅-ပါးကို သရုပ်ထုတ်ရေတွက်ပြရသော်-**

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၅-ပါးနှင့်တကွဖြစ်သော ရူပကုသိုလ် ပထမဈာန်စိတ် = ၁-ပါး

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၂။ | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ရူပကုသိုလ် ဒုတိယဈာန်စိတ် | = | ၁-ပါး |
| ၃။ | ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော ရူပကုသိုလ် တတိယဈာန်စိတ် | = | ၁-ပါး |
| ၄။ | သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ရူပကုသိုလ် စတုတ္ထဈာန်စိတ် | = | ၁-ပါး |
| ၅။ | ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ရူပကုသိုလ် ပဥ္စမဈာန်စိတ် | = | ၁-ပါး |
| | ပေါင်း ရူပကုသိုလ်စိတ် | = | ၅-ပါး |

**အရူပစိတ်ကို ဈာန် (၅)ပါးတွင် အဘယ်ဈာန်၌ ထည့်သွင်းရမည်ကို လမ်းညွှန်ပြရသော်-**

အရူပစိတ် ၁၂-ပါးလုံးသည် ဥပေက္ခာဝေဒနာဖြစ်၍ ဥပေက္ခာ၊ ဧကဂ္ဂတာတည်း ဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် ယှဉ်သောကြောင့် ဈာန် ၅-ပါးတွင် ပဥ္စမဈာန်၌ ထည့်သွင်းရပါမည်။

**(၃) လောကမှ ထွက်မြောက်သော လောကုတ္တရာစိတ်အကျယ် ၄၀-ကို အကျဉ်းအားဖြင့် ရေတွက် ဖော်ပြ၍၊ ပထမဈာန် ၁၁-ပါးကိုလည်း မမှားအောင် ထုတ်ဆောင်ပြပါ။**

လောကမှ ထွက်မြောက်သော လောကုတ္တရာစိတ်အကျယ် ၄၀-ကို အကျဉ်းအားဖြင့် ရေတွက်ရသော်-

| | | |
|---|---|---|
| | လောကုတ္တရာ ကုသိုလ်စိတ်အကျယ် | = ၂၀-ပါး |
| | လောကုတ္တရာ ဝိပါက်စိတ်အကျယ် | = ၂၀-ပါး |
| ပေါင်း- | လောကုတ္တရာစိတ်အကျယ် | = ၄၀-ပါး |

ပထမဈာန်စိတ် ၁၁-ပါးမှာ-

| | | |
|---|---|---|
| | မဟဂ္ဂုတ် ပထမဈာန်စိတ် | = ၃-ပါး |
| | လောကုတ္တရာ ပထမဈာန်စိတ် | = ၈-ပါး |
| ပေါင်း- | ပထမဈာန်စိတ် | = ၁၁-ပါး |

http://www.dhammadownload.com



၁၉၉၁–ခုနှစ်

❶ သုံးဆယ့်တစ်ဘုံတွင် လူနတ်ပြဟ္မာ သတ္တဝါပုဂ္ဂိုလ်တို့၌ အဘိဓမ္မာသဘာဝအားဖြင့် ထင်ရှားရှိသော တရားအစစ်ကို လိုရင်းထုတ် အကျဉ်းချုပ် ရေးပြပါ။

သုံးဆယ့်တစ်ဘုံတွင် လူနတ်ပြဟ္မာ သတ္တဝါပုဂ္ဂိုလ်တို့၌ **အဘိဓမ္မာသဘာဝအားဖြင့် ထင်ရှားရှိသော တရားအစစ်ကို လိုရင်းထုတ် အကျဉ်းချုပ် ရေးပြရသော်–**

၁။ စိတ် = အာရုံကို သိခြင်းသဘောတရား၊

၂။ စေတသိက် = စိတ်၌မှီ၍ စိတ်ကိုခြယ်လှယ်သော သဘောတရား၊

၃။ ရုပ် = အပူ အအေး စသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရား၊

❷ အယူမမှားသော်လည်း သူတစ်ပါးပစ္စည်းကို လိုချင်အားကြီး၍ အလိုအလျောက် ဝမ်းမြောက်ဝမ်းသာဖြင့် ခိုးယူမိသောသူသည် အဘယ် အကုသိုလ်စိတ်ဖြင့် ကျူးလွန်ခဲ့သည်ကို ရှင်းပြ၍၊ ပြုံးရယ်မှုကို ဖြစ်စေတတ်သော စိတ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။

**အယူမမှားသော်လည်း သူတစ်ပါးပစ္စည်းကို လိုချင်အားကြီး၍ အလိုအလျောက် ဝမ်းမြောက်ဝမ်းသာဖြင့် ခိုးယူမိသောသူသည်–**

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အ–သင်္ခါရိက လောဘမူ တတိယစိတ်ဖြင့် ကျူးလွန်ခဲ့ပါသည်။

**ပြုံးရယ်မှုကို ဖြစ်စေတတ်သော စိတ်မှာ–**

သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ဖြစ်ပါသည်။

❸ ယခုခေတ် ဘက်စုံမွမ်းမံရေးတို့၌ ကြောင်းကျိုးကို မြော်မြင်လျက် မိမိသဒ္ဓါအလျောက် ဝမ်းမြောက်စွာ အလှူငွေ ထည့်ဝင်လှူဒါန်းကြသော သူတို့၏သန္တာန်၌ဖြစ်ပေါ်သော ကုသိုလ်စိတ်ကို ရေးပြ၍၊ လောကီစျာန်စိတ်များကိုလည်း မမှားအောင် ရေတွက်ပြခဲ့ပါ။

ယခုခေတ် ဘက်စုံ မွမ်းမံရေးတို့၌ ကြောင်းကျိုးကို မြော်မြင်လျက် မိမိ သဒ္ဓါ **အလျောက် ဝမ်းမြောက်စွာ အလှူငွေ ထည့်ဝင် လှူဒါန်းကြသောသူတို့၏သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်မှာ–** သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ–သင်္ခါရိက မဟာကုသိုလ် ပထမစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



**လောကီဈာန်စိတ်များမှာ–**

| | | |
|---|---|---|
| ပထမဈာန်စိတ် | = | ၃–ပါး |
| ဒုတိယဈာန်စိတ် | = | ၃–ပါး |
| တတိယဈာန်စိတ် | = | ၃–ပါး |
| စတုတ္ထဈာန်စိတ် | = | ၃–ပါး |
| ပဥ္စမဈာန်စိတ် | = | ၁၅–ပါး |
| ပေါင်း မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး ဖြစ်ပါသည်။ |

**၁၉၉၂– ခုနှစ်**

**၁ "စိတ်ကောင်းမရှိ"ဟူသောစကား၌ "စိတ်ကောင်း"ဟု ခေါ်ဆိုထိုက်သော စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ ရုပ်မြင်သံကြား ကြည့်ရှုနေစဉ် အရုပ်ကို မြင်သိသော စိတ်နှင့်အသံကို ကြားသိသောစိတ်တို့၏ အမည်ကိုညွှန်ပြပါ။**

"စိတ်ကောင်း မရှိ" ဟူသော စကား၌ **"စိတ်ကောင်း"ဟု ခေါ်ဆိုထိုက်သောစိတ်**တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြရသော်–

တင့်တယ်ကောင်းမြတ်သော (သောဘနစိတ်အကျဉ်း–၅၉ / အကျယ် ၉၁–ပါး)မှ–

| | | | |
|---|---|---|---|
| ကာမကုသိုလ်စိတ် | = | ၈–ပါး | |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = | ၉–ပါး | |
| လောကုတ္တရာစိတ် | = | ၄–ပါး | / ၂၀–ပါး |
| ပေါင်း– သောဘနစိတ် | = | ၂၁–ပါး | / ၃၇–ပါး |

**ရုပ်မြင်သံကြား ကြည့်ရှုနေစဉ် အရုပ်ကို မြင်သိသော စိတ်၏အမည်မှာ–**

| | | | |
|---|---|---|---|
| အနိဋ္ဌာရုံဖြစ်အံ့– | အကုသလဝိပါက် စက္ခုဝိညာဏ်စိတ် | = | ၁–ပါး |
| ဣဋ္ဌာရုံဖြစ်အံ့ – | အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ် | = | ၁–ပါး |

ဟူ၍ စက္ခုဝိညာဏ်ဒွေး ဖြစ်ပါသည်။

**ရုပ်မြင်သံကြား ကြည့်ရှုနေစဉ် အသံကို ကြားသိသော စိတ်၏အမည်မှာ–**

| | | | |
|---|---|---|---|
| အနိဋ္ဌာရုံဖြစ်အံ့ – | အကုသလဝိပါက် သောတဝိညာဏ်စိတ် | = | ၁–ပါး |
| ဣဋ္ဌာရုံဖြစ်အံ့ – | အဟိတ်ကုသလဝိပါက် သောတဝိညာဏ်စိတ် | = | ၁–ပါး |

ဟူ၍ သောတဝိညာဏ်ဒွေး ဖြစ်ပါသည်။

http://www.dhammadownload.com



❷ **မည်သူတစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ဆွမ်းခံဘုန်းဘုန်းအား ရှိခိုးဦးချလျက်ရှိသော ကလေးငယ်၏ သန္တာန်၌ဖြစ်နိုင်သော ကုသိုလ်စိတ်ကို ဖော်ပြ၍ စုံစမ်း ထောက်လှမ်းတတ်သော စိတ်တို့၏ အမည်ကိုလည်း ညွှန်ပြပါ။**

မည်သူတစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ဆွမ်းခံဘုန်းဘုန်းအား ရှိခိုးချလျက်ရှိသော ကလေးငယ်၏ သန္တာန်၌ ဖြစ်နိုင်သော ကုသိုလ်စိတ်မှာ–

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်၊ အ–သင်္ခါရိက မဟာကုသိုလ် တတိယစိတ် တစ်ပါးဖြစ်ပါသည်။

**စုံစမ်း ထောက်လှမ်းတတ်သော စိတ်တို့၏ အမည်များမှာ–**

| | | | |
|---|---|---|---|
| အကုသလဝိပါက်စိတ်တွင် | ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | = | ၁–ပါး |
| အဟိတ်ကုသလဝိပါက်စိတ်တွင် | ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | = | ၁–ပါး |
| | သောမနဿသဟဂုတ် သန္တီရဏစိတ် | = | ၁–ပါး |
| ပေါင်း– | သန္တီရဏစိတ် | = | ၃–ပါး |

❸ **မြင့်မြတ်သူတို့ ရအပ် ရောက်အပ်သော စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ ကောင်းမြတ်သော အကျိုးတရားဖြစ်သော စိတ်ကိုလည်း မှန်ကန်စွာ ရေတွက်ပြပါ။**

မြင့်မြတ်သူတို့ ရအပ် ရောက်အပ်သော စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ရသော်–

| | | | |
|---|---|---|---|
| | ရူပါဝစရစိတ် | = | ၁၅–ပါး |
| | အရူပါဝစရစိတ် | = | ၁၂–ပါး |
| ပေါင်း | မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး ဖြစ်ပါသည်။ |

(တစ်နည်း)

| | | | |
|---|---|---|---|
| | ပထမဈာန်စိတ် | = | ၃–ပါး |
| | ဒုတိယဈာန်စိတ် | = | ၃–ပါး |
| | တတိယဈာန်စိတ် | = | ၃–ပါး |
| | စတုတ္ထဈာန်စိတ် | = | ၃–ပါး |
| | ပဥ္စမဈာန်စိတ် | = | ၁၅–ပါး |
| ပေါင်း | မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



ကောင်းမြတ်သော အကျိုးတရားဖြစ်သော စိတ်များမှာ–

| | | |
|---|---|---|
| မဟာဝိပါက်စိတ် | = | ၈–ပါး |
| မဟဂ္ဂုတ် ဝိပါက်စိတ် | = | ၉–ပါး |
| လောကုတ္တရာ ဝိပါက်စိတ် | = | ၄–ပါး (အကျဉ်း) / ၂၀–ပါး (အကျယ်) |
| ∴ ပေါင်း အကျိုးစိတ် | = | ၂၁–ပါး (အကျဉ်း) / ၃၇–ပါး (အကျယ်) ဖြစ်ပါသည်။ |

## ၁၉၉၃– ခုနှစ်

**❶ သင်္ဂြိုဟ်ကျမ်းတွင် "ပရမတ်" ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်းလင်းရေးသား၍၊ စာဖြေသူသည် မိမိ၏ခန္ဓာကိုယ်၌ ပရမတ်တရားအနှစ် မည်မျှရှိသည်ကိုလည်း စိစစ် ထုတ်ပြခဲ့ပါ။**

သင်္ဂြိုဟ်ကျမ်းတွင် "ပရမတ်"ဟူသော စကား၏အဓိပ္ပာယ်မှာ–

(၁) မဖောက်မပြန် မှန်ကန်မြင့်မြတ်သောတရား၊

(၂) တကယ်ထင်ရှားရှိသောတရား ဖြစ်ပါသည်။

**စာဖြေသူ အကျွန်ုပ်၏ ခန္ဓာကိုယ်၌–**

စိတ်၊ စေတသိက်၊ ရုပ်တရားဟူသော ပရမတ်တရားအနှစ် ၃–ပါး ရှိပါသည်။

**❷ သတ္တဝါတို့၏ သန္တာန်၌ မိန်းမောတွေဝေမှုကြောင့် ဖြစ်တတ်သော အကုသိုလ်စိတ်များကို ကောက်ပြ၍ အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။**

သတ္တဝါတို့၏သန္တာန်၌ မိန်းမောတွေဝေမှုကြောင့် ဖြစ်တတ်သော အကုသိုလ်စိတ်များကို ကောက်ပြရသော်–

| | | |
|---|---|---|
| ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | = | ၁–ပါး |
| ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် | = | ၁–ပါး |
| ပေါင်း– မောဟမူစိတ် | = | ၂–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



**အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သော စိတ်တို့မှာ–**

| | | | | |
|---|---|---|---|---|
| အကုသလဝိပါက် | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ်စိတ် | = | ၁–ပါး |
| အကုသလဝိပါက် | ဥပေက္ခာသဟဂုတ် | သောတဝိညာဏ်စိတ် | = | ၁–ပါး |
| အကုသလဝိပါက် | ဥပေက္ခာသဟဂုတ် | ဃာနဝိညာဏ်စိတ် | = | ၁–ပါး |
| အကုသလဝိပါက် | ဥပေက္ခာသဟဂုတ် | ဇိဝှါဝိညာဏ်စိတ် | = | ၁–ပါး |
| အကုသလဝိပါက် | ဒုက္ခသဟဂုတ် | ကာယဝိညာဏ်စိတ် | = | ၁–ပါး |
| အကုသလဝိပါက် | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုင်းစိတ် | = | ၁–ပါး |
| အကုသလဝိပါက် | ဥပေက္ခာသဟဂုတ် | သန္တီရဏစိတ် | = | ၁–ပါး |
| ပေါင်း– | | အကုသလဝိပါက်စိတ် | = | ၇–ပါး ဖြစ်ပါသည်။ |

❷ ယခုခေတ် ဘက်စုံမွမ်းမံရေးတို့၌ လူမျိုးခြား ဘာသာဝင်များက အလှူငွေများ ထည့်ဝင်ခြင်းသည် မည်သည့်ကုသိုလ်မျိုးဖြစ်သည်ကို ထုတ်ဖော်ပြ၍၊ ကာမာဝစရသောဘနစိတ်ကို လည်း ဝေဒနာ၊ ဉာဏ်၊ သင်္ခါရအားဖြင့် ဝေဖန်ပြခဲ့ပါ။

လူမျိုးခြား ဘာသာဝင်များက အလှူငွေများ ထည့်ဝင်ခြင်းတွင် ဖြစ်နိုင်သောကုသိုလ် စိတ်မှာ–

| | | | | | |
|---|---|---|---|---|---|
| သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အ–သင်္ခါရိက | မဟာကုသိုလ်စိတ် | = | ၁–ပါး |
| သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သ–သင်္ခါရိက | မဟာကုသိုလ်စိတ် | = | ၁–ပါး |
| ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | အ–သင်္ခါရိက | မဟာကုသိုလ်စိတ် | = | ၁–ပါး |
| ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | သ–သင်္ခါရိက | မဟာကုသိုလ်စိတ် | = | ၁–ပါး |

ဟူသော မဟာကုသိုလ်စိတ် ၄–ပါးမှ တစ်ပါးပါး ဖြစ်နိုင်ပါသည်။

ကာမာဝစရ သောဘနစိတ် ၂၄–ပါးကို ဝေဒနာအားဖြင့် ဝေဖန်ရသော်–

| | | | |
|---|---|---|---|
| | သောမနဿသဟဂုတ်စိတ် | = | ၁၂–ပါး |
| | ဥပေက္ခာသဟဂုတ်စိတ် | = | ၁၂–ပါး |
| ပေါင်း– | ကာမာဝစရသောဘနစိတ် | = | ၂၄–ပါး |

http://www.dhammadownload.com



ဈာန်အားဖြင့် ဝေဖန်ရသော်–

| | | | |
|---|---|---|---|
| | ဉာဏသမ္ပယုတ်စိတ် | = | ၁၂–ပါး |
| | ဉာဏဝိပ္ပယုတ်စိတ် | = | ၁၂–ပါး |
| ပေါင်း– | ကာမာဝစရသောဘနစိတ် | = | ၂၄–ပါး |

သင်္ခါရအားဖြင့် ဝေဖန်ရသော်–

| | | | |
|---|---|---|---|
| | အ–သင်္ခါရိကစိတ် | = | ၁၂–ပါး |
| | သ–သင်္ခါရိကစိတ် | = | ၁၂–ပါး |
| ပေါင်း– | ကာမာဝစရသောဘနစိတ် | = | ၂၄–ပါး |

❾ စိတ် ၈၉–ပါးတို့တွင် ဈာနဘောဒစိတ်၊ အာလမ္ဗဏဘောဒစိတ်၊ မဂ္ဂဘောဒစိတ်တို့၏ အကျဉ်း သရုပ်ကို ထုတ်ဖော်ပြ၍၊ ဈာန်အင်္ဂါ ၅–ပါးရှိသော ကုသိုလ်ဈာန်စိတ်တို့လည်း မှန်ကန်အောင် ရေးသားခဲ့ပါ။

စိတ် ၈၉–ပါးတွင် အကျဉ်းသရုပ်အားဖြင့်–

| | | | |
|---|---|---|---|
| ဈာနဘောဒစိတ်မှာ... | ရူပါဝစရစိတ် | = | ၁၅–ပါး |
| အာလမ္ဗဏဘောဒစိတ်မှာ... | အရူပါဝစရစိတ် | = | ၁၂–ပါး |
| မဂ္ဂဘောဒစိတ်မှာ... | လောကုတ္တရာစိတ် | = | ၈–ပါး |

တို့ဖြစ်ပါသည်။

စိတ် ၈၉–ပါးတွင် ဈာန်အင်္ဂါ ၅–ပါးရှိသော ကုသိုလ်ဈာန်စိတ်မှာ–

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ရူပါဝစရကုသိုလ် ပထမဈာန်စိတ် ၁–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၉၉၄–ခုနှစ်

❶ ဝမ်းမြောက်မှု သောမနဿနှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်တို့ကို ရေတွက်ပြ၍၊ အဟိတ် ကုသလဝိပါက်စိတ်တို့ကိုလည်း ဝေဒနာဘေဒအားဖြင့် သိသာရုံမျှ ခွဲခြားပြပါ။

ဝမ်းမြောက်မှု သောမနဿနှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်တို့ကို ရေတွက်ပြရသော်–

| | | | | | |
|---|---|---|---|---|---|
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အ–သင်္ခါရိက | လောဘမူစိတ် | = | ၁–ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သ–သင်္ခါရိက | လောဘမူစိတ် | = | ၁–ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အ–သင်္ခါရိက | လောဘမူစိတ် | = | ၁–ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သ–သင်္ခါရိက | လောဘမူစိတ် | = | ၁–ပါး |
| | ပေါင်း– | အကုသိုလ်စိတ် | | = | ၄–ပါး |

အဟိတ်ကုသလဝိပါက်စိတ်တို့ကို ဝေဒနာဘေဒအားဖြင့် ခွဲခြားရသော်–

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | = | ၁–ပါး |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ |
| သောမနဿသဟဂုတ်စိတ် | = | ၁–ပါး |
| ဒေါမနဿသဟဂုတ်စိတ် | = | မရှိ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆–ပါး |
| ပေါင်း– အဟိတ်ကုသလဝိပါက်စိတ် | = | ၈–ပါး ဖြစ်ပါသည်။ |

❷ လူကြီးများ၏ လမ်းညွှန်မှုကို ခံယူပြီး အများအကျိုးကို မျှော်ကိုးလျက် နိုင်လွှန်ကတ္တရာလမ်း ခင်းရန် ပျော်ပျော်ပါးပါး အလှူခံနေကြသော အမျိုးသမီးလေးများ၏သန္တာန်၌ ဖြစ်နိုင်သော စိတ်ကို ဖော်ပြ၍ ဘုရား ရဟန္တာများ၌သာဖြစ်သော ရူပါဝစရစိတ်တို့ကိုလည်း ရေတွက်ပြပါ။

လူကြီးများ၏ လမ်းညွှန်မှုကို ခံယူပြီး အများအကျိုးကို မျှော်ကိုးလျက် နိုင်လွှန် ကတ္တရာလမ်းခင်းရန် ပျော်ပျော်ပါးပါး အလှူခံနေကြသော အမျိုးသမီးလေးများ၏သန္တာန် ၌ ဖြစ်နိုင်သောစိတ်မှာ–

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သ–သင်္ခါရိက မဟာကုသိုလ် ဒုတိယစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



ဘုရား ရဟန္တာများ၌သာဖြစ်သော ရူပါဝစရစိတ်မှာ..

ရူပါဝစရကြိယာစိတ် ၅-ပါး ဖြစ်ပါသည်။

၎င်းတို့မှာ-

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ ပဌမဈာန်စိတ် = ၁-ပါး

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ ဒုတိယဈာန်စိတ် = ၁-ပါး

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ တတိယဈာန်စိတ် = ၁-ပါး

၄။ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ စတုတ္ထဈာန်စိတ် = ၁-ပါး

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန်စိတ် = ၁-ပါး

ပေါင်း ရူပါဝစရကြိယာစိတ် = ၅-ပါး

**၃** မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သူများ၏ ဖြစ်ဆဲကုသိုလ်စိတ်တို့ကို အကျဉ်းချုပ် ဖော်ပြ၍ လောကုတ္တရာ ပဉ္စမဈာန်ဝိပါက်စိတ်ကိုလည်း မမှားအောင် ရေတွက်ပြပါ။

**မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သူများ၏ ဖြစ်ဆဲကုသိုလ်စိတ်တို့ကို အကျဉ်းချုပ် ဖော်ပြရသော်-**

| | | |
|---|---|---|
| သောတာပတ္တိမဂ်စိတ် | = | ၁-ပါး |
| သကဒါဂါမိမဂ်စိတ် | = | ၁-ပါး |
| အနာဂါမိမဂ်စိတ် | = | ၁-ပါး |
| အရဟတ္တမဂ်စိတ် | = | ၁-ပါး |
| ပေါင်း- မဂ်စိတ် | = | ၄-ပါး |

**လောကုတ္တရာ ပဉ္စမဈာန်ဝိပါက်စိတ်ကို** မမှားအောင် ရေတွက်ပြရသော်-

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော သောတာပတ္တိဖိုလ် ပဉ္စမဈာန်စိတ် = ၁-ပါး

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၂။ | ဥပေက္ခာ၊ ကေဝုတာတည်းဟူသော ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော သကဒါဂါမိဖိုလ် ပဥ္စမဈာန်စိတ် | = | ၁–ပါး |
| ၃။ | ဥပေက္ခာ၊ ကေဝုတာတည်းဟူသော ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော အနာဂါမိဖိုလ် ပဥ္စမဈာန်စိတ် | = | ၁–ပါး |
| ၄။ | ဥပေက္ခာ၊ ကေဝုတာတည်းဟူသော ဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော အရဟတ္တဖိုလ် ပဥ္စမဈာန်စိတ် | = | ၁–ပါး |
| | ပေါင်း ပဥ္စမဈာန်စိတ် | = | ၄–ပါး |

**၁၉၉၅–ခုနှစ်**

❶ အပြစ်ရှိမှန်းသိလျက် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၌ ဖြစ်နိုင်သော စိတ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍ လူတစ်ယောက်၌ မျက်စိနှစ်လုံးရှိ၍ "စက္ခုဝိညာဏ်ဒွေ"ဟု ခေါ်ပါသလော၊ အဘယ်ကို "စက္ခုဝိညာဏ်ဒွေ"ဟု ခေါ်ပါသနည်း၊ ဖြေဆိုပါ။

အပြစ်ရှိမှန်း သိလျက် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၌ ဖြစ်နိုင်သော စိတ်တို့ကို ပြည့်စုံစွာ ဖော်ပြရသော်–

| | | | |
|---|---|---|---|
| သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အ–သင်္ခါရိက လောဘမူစိတ် | = | ၁–ပါး |
| သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သ–သင်္ခါရိက လောဘမူစိတ် | = | ၁–ပါး |
| ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အ–သင်္ခါရိက လောဘမူစိတ် | = | ၁–ပါး |
| ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သ–သင်္ခါရိက လောဘမူစိတ် | = | ၁–ပါး |
| ပေါင်း– လောဘမူစိတ် | = | ၄–ပါး |

မှတစ်ပါးပါး ဖြစ်နိုင်ပါသည်။

**လူတစ်ယောက်၌ မျက်စိနှစ်လုံးရှိ၍ "စက္ခုဝိညာဏ်ဒွေ" ဟုခေါ်ဆိုခြင်း မဟုတ်ပါ။**

| | | |
|---|---|---|
| အကုသလဝိပါက်စိတ် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် | = | ၁–ပါး |
| အဟိတ်ကုသလဝိပါက်စိတ် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် | = | ၁–ပါး |

ဟု စက္ခုဝိညာဏ်စိတ်နှစ်မျိုး ရှိသောကြောင့် "စက္ခုဝိညာဏ်ဒွေ"ဟုခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



❷ စွယ်တော်မြတ်စေတီတည်ဆောက်ရာ၌ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ဝင်၍ မည်သူမျှ မတိုက်တွန်းရဘဲ လုပ်အားဒါန ပြုကြသော ပုဂ္ဂိုလ်များ၏သန္တာန်၌ ဖြစ်နိုင်သော စိတ်ကိုထုတ်ပြ၍ သောဘနစိတ်အကျဉ်း ၅၉-ပါးကိုလည်း သိသာရုံမျှ ရေတွက်ပြပါ။

စွယ်တော်မြတ်စေတီ တည်ဆောက်ရာ၌ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ဝင်၍ မည်သူမျှ မတိုက်တွန်းရဘဲ လုပ်အားဒါန ပြုကြသော ပုဂ္ဂိုလ်များ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်မှာ–

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ–သင်္ခါရိက မဟာကုသိုလ် ပဌမစိတ် ဖြစ်ပါသည်။

**သောဘနစိတ်အကျဉ်း ၅၉–ပါးမှာ–**

| | | |
|---|---|---|
| | ကာမသောဘနစိတ် | = ၂၄–ပါး |
| | ရူပါဝစရစိတ် | = ၁၅–ပါး |
| | အရူပါဝစရစိတ် | = ၁၂–ပါး |
| | လောကုတ္တရာစိတ် | = ၈–ပါး |
| ပေါင်း– | သောဘနစိတ်အကျဉ်း | = ၅၉–ပါး ဖြစ်ပါသည်။ |

❸ ကာမဘုံအာရုံပြုရာ နယ်ပယ်၌ဖြစ်တတ်သော ကာမစိတ် ၅၄-ပါးကို "အကြောင်းစိတ်"၊ "ကြောင်းကျိုးလွတ်စိတ်"အားဖြင့် ခွဲခြားပြ၍ ရူပါဝစရ ပဉ္စမဈာန်စိတ်ကိုလည်း ဝေဒနာဘေဒအားဖြင့် ဝေဖန်ပြပါ။

ကာမဘုံအာရုံပြုရာနယ်ပယ်၌ ဖြစ်တတ်သော ကာမစိတ် ၅၄–ပါးတွင်. . .

"**အကြောင်းစိတ်**"မှာ–

| | | |
|---|---|---|
| | အကုသိုလ်စိတ် | = ၁၂–ပါး |
| | မဟာကုသိုလ်စိတ် | = ၈–ပါး |
| ပေါင်း– | အကြောင်းစိတ် | = ၂၀–ပါး |

"**ကြောင်းကျိုးလွတ်စိတ်**"မှာ–

| | | |
|---|---|---|
| | အဟိတ်ကြိယာစိတ် | = ၃–ပါး |
| | မဟာကြိယာစိတ် | = ၈–ပါး |
| ပေါင်း– | ကြောင်းကျိုးလွတ်စိတ် | = ၁၁–ပါး |

http://www.dhammadownload.com



**ရူပါဝစရ ပဉ္စမဈာန်စိတ်ကို ဝေဒနာဘေဒအားဖြင့် ဝေဖန်ရသော်–**

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | = | မရှိ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ |
| သောမနဿသဟဂုတ်စိတ် | = | မရှိ |
| ဒေါမနဿသဟဂုတ်စိတ် | = | မရှိ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၃–ပါး |

ပေါင်း– ရူပါဝစရ ပဉ္စမဈာန်စိတ် = ၃–ပါး ဖြစ်ပါသည်။

**၉** မဂ်စိတ်အကျဉ်း ၄-ပါးမှ အကျယ်-၂၀ ဖြစ်ပွားလာပုံကို ဖော်ပြ၍ ပထမဈာန်စိတ် ၁၁-ပါး ကိုလည်း မမှားအောင် ရေတွက်ပြပါ။

**မဂ်စိတ်အကျဉ်း ၄–ပါးမှ အကျယ်–၂၀ ဖြစ်ပွားလာပုံ ...**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅–ပါး ရှိရာဝယ် မဂ်စိတ် ၁–ပါးစီ၌ ဈာန်အင်္ဂါယှဉ်ပုံ ၅–မျိုးပြားသဖြင့် မဂ်စိတ်အကျဉ်း ၁–ပါးမှ အကျယ် ၅–ပါး ဖြစ်၏။ မဂ်စိတ်အကျဉ်း ၄–ပါး ရှိသောကြောင့် မဂ်စိတ်အကျယ်လည်း ၂၀– ဖြစ်လာပါသည်။

ပုံစံအားဖြင့်– သောတာပတ္တိမဂ်စိတ်အကျဉ်း ၁–ပါးသည် အကျယ်အားဖြင့် အောက်ပါ အတိုင်း ၅–ပါး ဖြစ်လာပါသည်။

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၅–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ပထမဈာန်စိတ် = ၁–ပါး

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၄–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ဒုတိယဈာန်စိတ် = ၁–ပါး

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၃–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် တတိယဈာန်စိတ် = ၁–ပါး

၄။ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၂–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် စတုတ္ထဈာန်စိတ် = ၁–ပါး

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
၂–ပါးနှင့်တကွဖြစ်သော သောတာပတ္တိမဂ် ပဉ္စမဈာန်စိတ် = ၁–ပါး

http://www.dhammadownload.com



ဤနည်းအတိုင်း သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ်တို့တွင်လည်း ၅-ပါးစီ ပြားပါသည်။

**ပဌမစျာန်စိတ် ၁၁-ပါးကို ရေတွက်ပြရသော်-**

| | | |
|---|---|---|
| လောကီ=မဟဂ္ဂုတ် ပဌမစျာန်စိတ် | = | ၃-ပါး |
| လောကုတ္တရာ ပဌမစျာန်စိတ် | = | ၈-ပါး |
| ပေါင်း- ပဌမစျာန်စိတ် | = | ၁၁-ပါး ဖြစ်ပါသည်။ |

---

**၁၉၉၆-ခုနှစ်**

**၁ ရပ်ရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းဖောက် တံတားဆောက်ရာ၌ တစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ဖော်ပြ၍၊ "တမလွန်ဘဝဆိုတာ ရှိမှ ရှိပါလေစ"ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်ကိုလည်း ဖော်ပြပါ။**

ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက် တံတားဆောက်ရာ၌ **တစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်**ကာ ပါဝင်ဆောင်ရွက်နေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်မှာ-

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိက မဟာကုသိုလ် ပဌမစိတ် ဖြစ်ပါသည်။

**"တမလွန်ဘဝဆိုတာ ရှိမှ ရှိပါလေစ"ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်**မှာ-

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ဖြစ်ပါသည်။

**၂ လှပသော ပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ ဖြစ်သောစိတ်ကို ဖော်ပြ၍၊ ကာမာဝစရ သောဘနစိတ် ၂၄-ပါးတို့တွင် အကြောင်းအကျိုးမှ လွတ်သောစိတ်ကို ဝေဒနာဘေဒ၊ ဉာဏဘေဒ၊ သင်္ခါရဘေဒအားဖြင့် ခွဲခြားပြပါ။**

**လှပသော ပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ ဖြစ်သောစိတ်**မှာ-

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ် ၁-ပါး ဖြစ်ပါသည်။

ကာမာဝစရ သောဘနစိတ် ၂၄-ပါးတို့တွင် **အကြောင်းအကျိုးမှ လွတ်သောစိတ်**မှာ-

မဟာကြိယာစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



မဟာကြိယာစိတ် ၈–ပါးကို ...

**ဝေဒနာဘေဒအားဖြင့်** ဝေဖန်ရသော်–

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | = | မရှိ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ |
| သောမနဿသဟဂုတ်စိတ် | = | ၄–ပါး |
| ဒေါမနဿသဟဂုတ်စိတ် | = | မရှိ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၄–ပါး |
| ပေါင်း– မဟာကြိယာစိတ် | = | ၈–ပါး ဖြစ်ပါသည်။ |

**ဉာဏဘေဒအားဖြင့်** ဝေဖန်ရသော်

| | | |
|---|---|---|
| ဉာဏသမ္ပယုတ်စိတ် | = | ၄–ပါး |
| ဉာဏဝိပ္ပယုတ်စိတ် | = | ၄–ပါး |
| ပေါင်း– မဟာကြိယာစိတ် | = | ၈–ပါး |

**သင်္ခါရဘေဒအားဖြင့်** ဝေဖန်ရသော်–

| | | |
|---|---|---|
| အ–သင်္ခါရိကစိတ် | = | ၄–ပါး |
| သ–သင်္ခါရိကစိတ် | = | ၄–ပါး |
| ပေါင်း– မဟာကြိယာစိတ် | = | ၈–ပါး တို့ဖြစ်ကြပါသည်။ |

**❸ စိတ်အကျဉ်း ၈၉–ပါးတို့တွင် "လောကမှ လွတ်မြောက်သောစိတ်"ဟူသည် မည်သည့်စိတ် ဖြစ်ပါသနည်း။ တစ်ခုချင်း ရေတွက်ပြ၍ ယင်းစိတ်ကို အကြောင်းအကျိုးအားဖြင့် မှားအောင် ခွဲခြားပြပါ။**

စိတ်အကျဉ်း ၈၉–ပါးတို့တွင် "လောကမှလွတ်မြောက်သောစိတ်"ဟူသည် လောကုတ္တရာစိတ် ၈–ပါး ဖြစ်ပါသည်။

**တစ်ခုချင်း ရေတွက်ပြရသော်–**

| | | |
|---|---|---|
| သောတာပတ္တိမဂ်စိတ် | = | ၁–ပါး |
| သကဒါဂါမိမဂ်စိတ် | = | ၁–ပါး |
| အနာဂါမိမဂ်စိတ် | = | ၁–ပါး |
| အရဟတ္တမဂ်စိတ် | = | ၁–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| သောတာပတ္တိဖိုလ်စိတ် | = | ၁–ပါး |
| သကဒါဂါမိဖိုလ်စိတ် | = | ၁–ပါး |
| အနာဂါမိဖိုလ်စိတ် | = | ၁–ပါး |
| အရဟတ္တဖိုလ်စိတ် | = | ၁–ပါး |

ပေါင်း– လောကုတ္တရာစိတ်အကျဉ်း = ၈–ပါး ဖြစ်ပါသည်။

ယင်းစိတ်ကို အကြောင်းအကျိုးအားဖြင့် မမှားအောင် ခွဲခြားပြရသော်–

| | | | | |
|---|---|---|---|---|
| အကြောင်းစိတ် | = | မဂ်စိတ်အကျဉ်း | = | ၄–ပါး |
| အကျိုးစိတ် | = | ဖိုလ်စိတ်အကျဉ်း | = | ၄–ပါး |

ပေါင်း– လောကုတ္တရာစိတ်အကျဉ်း = ၈–ပါး ဖြစ်ပါသည်။

## ၁၉၉၇– ခုနှစ်

၁ "စိတ်ထား ကောင်းမွန်သည်၊ စိတ်ထား ယုတ်ညံ့သည်"ဟူသော လောကသုံးစကားအရ စိတ်အကျယ်တွင် ကောင်းမွန်တင့်တယ်သောစိတ်တို့ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားဖြေဆို၍၊ ကာမကြိယာစိတ် ၁၁–ပါးကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။

'စိတ်ထားကောင်းမွန်သည်၊ စိတ်ထားယုတ်ညံ့သည်"ဟူသော လောကသုံးစကားအရစိတ်အကျယ်တွင် ကောင်းမွန် တင့်တယ်သောစိတ်တို့ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားဖြေဆိုရသော်–

| | | |
|---|---|---|
| ကာမာဝစရစိတ် | = | ၂၄–ပါး |
| ရူပါဝစရစိတ် | = | ၁၅–ပါး |
| အရူပါဝစရစိတ် | = | ၁၂–ပါး |
| လောကုတ္တရာစိတ် | = | ၄၀–ပါး |

ပေါင်း– ကောင်းမွန်တင့်တယ်သော စိတ်အကျယ် = ၉၁–ပါး ဖြစ်ပါသည်။

ကာမကြိယာစိတ် ၁၁–ပါးကို ဝေဒနာဘေဒအားဖြင့် ဝေဖန်ရသော်–

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | = | မရှိ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ |
| သောမနဿသဟဂုတ်စိတ် | = | ၅–ပါး |
| ဒေါမနဿသဟဂုတ်စိတ် | = | မရှိ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆–ပါး |

ပေါင်း– ကာမကြိယာစိတ် = ၁၁–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❷ စိတ်အကျဉ်း ၈၉-ပါးတွင် "အသင်္ခါရိက၊ သသင်္ခါရိက" ဟူ၍ ကျမ်းရင်း၌ ပြဆိုမထားသော စိတ်များကို ဇာတိဘေဒနည်းအားဖြင့် သိသာရုံမျှ ရေတွက်ပြ၍ "ဝုဋ္ဌော"ဟူသောအမည်ကို ရသည့်စိတ်ကိုလည်း ဖော်ပြပါ။

စိတ်အကျဉ်း ၈၉-ပါးတွင် ''အသင်္ခါရိက၊ သသင်္ခါရိက''ဟူ၍ ကျမ်းရင်း၌ ပြဆို မထားသောစိတ်များကို ဇာတိဘေဒနည်းအားဖြင့် သိသာရုံမျှ ရေတွက်ပြရသော်-

| | | |
|---|---|---|
| အကုသိုလ်စိတ်တွင် - | မောဟမူစိတ် | = ၂-ပါး |
| ကုသိုလ်စိတ်တွင် - | (မဟာကုသိုလ် ၈-ပါးကြဉ်) ကြွင်းသောကုသိုလ်စိတ်များ | = ၁၃-ပါး |
| ဝိပါက်စိတ်တွင် - | (မဟာဝိပါက် ၈-ပါးကြဉ်) ကြွင်းသောဝိပါက်စိတ်များ | = ၂၈-ပါး |
| ကြိယာစိတ်တွင် - | (မဟာကြိယာ ၈-ပါးကြဉ်) ကြွင်းသောကြိယာစိတ်များ | = ၁၂-ပါး |

စိတ်အကျဉ်း ၈၉-ပါးတွင် ''အသင်္ခါရိက''ဟု ပြဆိုမထားသော စိတ်ပေါင်း = ၅၅-ပါး ဖြစ်ပါသည်။

''ဝုဋ္ဌော'' ဟူသောအမည်ကို ရသည့်စိတ် = မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါးဖြစ်ပါသည်။

❸ လောကီ၊ လောကုတ္တရာစိတ်အပေါင်း၌ ပထမစျာန်စသော စိတ်တို့ မည်မျှစီ ရှိကြသည်ကို သချာမျှ အသီးသီးဖော်ပြ၍၊ ဈာန်၏အစိတ်အပိုင်းဖြစ်သော တရားများကား အဘယ်သို့ ပါနည်း။ ဖြေဆိုပါ။

လောကီ၊ လောကုတ္တရာစိတ်အပေါင်း၌ ပထမဈာန် စသောစိတ်တို့ မည်မျှစီ ရှိကြသည်ကို သချာမျှ အသီးသီး ဖော်ပြရသော်-

| | | လောကီ | + | လောကုတ္တရာ | = | ပေါင်း |
|---|---|---|---|---|---|---|
| ပထမဈာန်စိတ် | = | ၃-ပါး | + | ၈-ပါး | = | ၁၁-ပါး |
| ဒုတိယဈာန်စိတ် | = | ၃-ပါး | + | ၈-ပါး | = | ၁၁-ပါး |
| တတိယဈာန်စိတ် | = | ၃-ပါး | + | ၈-ပါး | = | ၁၁-ပါး |
| စတုတ္ထဈာန်စိတ် | = | ၃-ပါး | + | ၈-ပါး | = | ၁၁-ပါး |
| ပဉ္စမဈာန်စိတ် | = | ၁၅-ပါး | + | ၈-ပါး | = | ၂၃-ပါး |
| ပေါင်း- ဈာန်စိတ် | = | ၂၇-ပါး | + | ၄၀-ပါး | = | ၆၇-ပါး |

http://www.dhammadownload.com



**ဈာန်၏ အစိတ်အပိုင်းဖြစ်သော တရားများမှာ–**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတရားများ ဖြစ်ပါသည်။

---

**၁၉၉၈–ခုနှစ်**

**၁** **"ဘယ်သူသေသေ ငေတမာယျှင်ပြီးရော" ဟု အပြစ်ရှိမှန်း သိလျက် သူတစ်ပါး အသက်ကို ထက်သန်စွာ သတ်လေ့ရှိသူ၏ သန္တာန်၌ ဖြစ်သောစိတ်ကို ပြည့်စုံစွာ ဖော်ပြ၍ ကာမစိတ် ၅၄–ပါးတို့တွင် အ–သင်္ခါရိက၊ သ–သင်္ခါရိကစိတ်၊ နှစ်မျိုးလုံး မဟုတ်သောစိတ်တို့ မည်မျှစီ ရှိသနည်း။ အရေအတွက်မျှ ဖော်ပြပါ။**

**သူတစ်ပါး အသက်ကို ထက်သန်စွာ သတ်လေ့ရှိသူ၏ သန္တာန်၌ဖြစ်သော စိတ်မှာ–**

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အ–သင်္ခါရိက ဒေါသမူစိတ် ဖြစ်ပါသည်။

**ကာမစိတ် ၅၄–ပါးတို့တွင် အ–သင်္ခါရိကစိတ်၊ သ–သင်္ခါရိကစိတ်၊ နှစ်မျိုးလုံးမဟုတ် သောစိတ်တို့ မည်မျှစီ ရှိသည်ကို အရေအတွက်မျှ ဖော်ပြရသော်–**

| | | |
|---|---|---|
| အ–သင်္ခါရိကစိတ် | = | ၁၇–ပါး |
| သ–သင်္ခါရိကစိတ် | = | ၁၇–ပါး |
| နှစ်မျိုးလုံး မဟုတ်သောစိတ် | = | ၂၀–ပါး |
| ပေါင်း– ကာမစိတ် | = | ၅၄–ပါး ဖြစ်ပါသည်။ |

**၂** **ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်န်း ဆက်ကပ်ပူဇော်ရာ၌ မည်သူမျှ မတိုက်တွန်း ရဘဲ ပျော်ရွှင်စွာဖြင့် ပါဝင်လှူဒါန်းသော ကံကျိုးမြင်သိ ပညာရှိသန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ဖော်ပြ၍ လောကဓာတ်တစ်ခွင်၌ အမှန်တကယ်ရှိသော တရားတို့တွင် ဖောက်ပြန်ခြင်း သဘောရှိသော တရားနှင့်ဖောက်ပြန်ခြင်းသဘောမရှိသော တရားတို့ကို ခွဲခြားထုတ်ဖော်ပြပါ။**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်န်း ဆက်ကပ်ပူဇော်ရာ၌ မည်သူမျှ မတိုက်တွန်းရဘဲ ပျော်ရွှင်စွာဖြင့် ပါဝင်လှူဒါန်းသော ကံကျိုးမြင်သိ ပညာရှိသန္တာန်၌ ဖြစ်နိုင်သောစိတ်မှာ–

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ–သင်္ခါရိက မဟာကုသိုလ် ပထမစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



လောကဓာတ်တစ်ခွင်၌ အမှန်တကယ်ရှိသော တရားတို့တွင် ...
ဖောက်ပြန်ခြင်းသဘောရှိသော တရားမှာ = "ရုပ်တရား" ဖြစ်၍၊
ဖောက်ပြန်ခြင်း သဘောမရှိသောတရားမှာ = "စိတ်၊ စေတသိက်၊ နိဗ္ဗာန်" တရားတို့ ဖြစ်ပါသည်။

❸ "ဈာန်ဝင်စားမှ လွန်တင့်တယ်" ဟု ဆိုရာ၌ ဝင်စားနိုင်သော ဈာန်တို့တွင် ပဥ္စမဈာန်စိတ်များကိုသာ ဇာတိဘေဒနည်းအားဖြင့်လည်းကောင်း၊ အကြောင်းအကျိုးအားဖြင့် လည်းကောင်း ဝေဖန်ပြ၍ ဘုရား၊ ရဟန္တာတို့၌သာ ဖြစ်နိုင်သော မတင့်တယ်သောစိတ်အမည်ကိုလည်း တိကျစွာ ဖော်ပြပါ။

ပဥ္စမဈာန်စိတ်ပေါင်း ၂၃-ပါး ရှိရာဝယ် ...

ဇာတိဘေဒနည်းအားဖြင့် ဝေဖန်ပြရသော်-

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | မရှိ |
| ကုသိုလ်စိတ် | = | ၉-ပါး |
| ဝိပါက်စိတ် | = | ၉-ပါး |
| ကြိယာစိတ် | = | ၅-ပါး |
| ပေါင်း- ပဥ္စမဈာန်စိတ် | = | ၂၃-ပါး |

အကြောင်းအကျိုးအားဖြင့် ခွဲခြားပြရသော်-

| | | |
|---|---|---|
| အကြောင်းစိတ် | = | ၉-ပါး |
| အကျိုးစိတ် | = | ၉-ပါး |
| အကြောင်းအကျိုးမှလွတ်သောစိတ် | = | ၅-ပါး |
| ပေါင်း- ပဥ္စမဈာန်စိတ် | = | ၂၃-ပါး တို့ဖြစ်ပါသည်။ |

ဘုရား၊ ရဟန္တာတို့၌သာ ဖြစ်နိုင်သော မတင့်တယ်သောစိတ်အမည်ကို တိကျစွာ ဖော်ပြရသော်-

"သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်" ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၉၉၉- ခုနှစ်

**၁** သံဃာတော်များ ကြွလာသည်ကို ဖူးမြင်ရသော မိခင်က "သားလေး ရှိခိုး ရှိခိုး"ဟုပြောဆို တိုက်တွန်းမှုကြောင့် ပျော်ရွှင်စွာ ရှိခိုးနေသော ကလေးငယ်၏သန္တာန်၌ဖြစ်သော ကုသိုလ် စိတ်ကို တိကျစွာ ဖော်ပြ၍ ပဥ္စမစျာန်စိတ် ၂၃-ပါး၌ လောကီ, လောကုတ္တရာ မည်မျှစီ ရှိသည်ကိုလည်း သချာမျှ ဖော်ပြပါ။

မိခင်၏ ပြောဆို **တိုက်တွန်းမှုကြောင့် ပျော်ရွှင်စွာ ရှိခိုးနေသော ကလေးငယ်၏** သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်မှာ-

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သ-သင်္ခါရိက မဟာကုသိုလ် စတုတ္ထစိတ် ဖြစ်ပါသည်။

**ပဥ္စမစျာန်စိတ် ၂၃-ပါး၌-**

| | | |
|---|---|---|
| လောကီစျာန်စိတ် | = | ၁၅-ပါး |
| လောကုတ္တရာစျာန်စိတ် | = | ၈-ပါး |
| ပေါင်း ပဥ္စမစျာန်စိတ် | = | ၂၃-ပါး ရှိပါသည်။ |

**၂** "ကြောင်းကျိုးသိမြင် ပညာရှင်"ဟု အမွှမ်းတင်ခံရအောင် အဘိဓမ္မာပညာရှင်ပီပီ အသောဘန စိတ် (၃၀)ကို အကြောင်း, အကျိုးအားဖြင့် သိသာရုံမျှ ခွဲခြားပြ၍ အကြောင်းစိတ်ကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။

**အသောဘနစိတ် (၃၀)ကို အကြောင်း, အကျိုးအားဖြင့် ခွဲခြားပြရသော်-**

| | | |
|---|---|---|
| အကြောင်းစိတ် | = | ၁၂-ပါး |
| အကျိုးစိတ် | = | ၁၅-ပါး |
| အကြောင်းအကျိုးမှ လွတ်သောစိတ် | = | ၃-ပါး |
| ပေါင်း- အသောဘနစိတ် | = | ၃၀-ပါး ဖြစ်ပါသည်။ |

**အကြောင်းစိတ် (အကုသိုလ်စိတ်) ၁၂-ပါးကို ဝေဒနာအားဖြင့် ဝေဖန်ပြရသော်-**

| | | |
|---|---|---|
| သောမနဿသဟဂုတ်စိတ် | = | ၄-ပါး |
| ဒေါမနဿသဟဂုတ်စိတ် | = | ၂-ပါး |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆-ပါး |
| ပေါင်း- (အသောဘန) အကြောင်းစိတ် | = | ၁၂-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❸ ကာမဘုံ၌ အဖြစ်များသည့် ကာမစိတ် ၅၄-ပါးကို ဇာတ်အားဖြင့် ခွဲခြားပြ၍ ကုသိုလ်စိတ် အကျယ်, ဝိပါက်စိတ်အကျယ်တို့၏ အရေအတွက်ကိုလည်း သချာမျှ ဖော်ပြပါ။

ကာမစိတ် ၅၄–ပါးကို ဇာတ်အားဖြင့် ခွဲခြားပြရသော်–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ကုသိုလ်စိတ် | = | ၈–ပါး |
| ဝိပါက်စိတ် | = | ၂၃–ပါး |
| ကြိယာစိတ် | = | ၁၁–ပါး |
| ပေါင်း– ကာမစိတ် | = | ၅၄–ပါး ဖြစ်ပါသည်။ |
| ကုသိုလ်စိတ်အကျယ် | = | ၃၇–ပါး |
| ဝိပါက်စိတ်အကျယ် | = | ၅၂–ပါး ဖြစ်ပါသည်။ |

---

## ၂၀၀၀–ခုနှစ်

❶ "သွားလည်း ဤစိတ်၊ စားလည်း ဤစိတ်"ဟူ၍ အသုံးများလှသောစိတ်ကို ဘုံစိတ်အနေ ဖြင့် ခွဲခြားက ရရှိမည့် အမည်များကို ဖော်ပြ၍ အမှန်တရားကို ဖုံးကွယ်၍ထားတတ်သော မောဟမူစိတ် နှစ်ပါးကိုလည်း တစ်ခုချင်း ရေတွက်ပြပါ။

"သွားလည်း ဤစိတ်၊ စားလည်း ဤစိတ်"ဟူ၍ အသုံးများလှသောစိတ်ကို ဘုံစိတ် (ဘူမိဘေဒ)အနေဖြင့် ခွဲခြားက ရရှိမည့် အမည်များကို ဖော်ပြရသော်–

| | | |
|---|---|---|
| ကာမာဝစရစိတ် | = | ၅၄–ပါး |
| ရူပါဝစရစိတ် | = | ၁၅–ပါး |
| အရူပါဝစရစိတ် | = | ၁၂–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး (အကျဉ်း) / ၄၀–ပါး (အကျယ်) |
| ပေါင်း | = | ၈၉–ပါး (အကျဉ်း) / ၁၂၁–ပါး (အကျယ်) |

အမှန်တရားကို ဖုံးကွယ်၍ထားတတ်သော မောဟမူစိတ် နှစ်ပါးကိုလည်း တစ်ခုချင်း ရေတွက်ပြရသော်–

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် = ၁–ပါး

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် = ၁–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❷ အသောဘနစိတ် (၃၀)တို့တွင် "အသင်္ခါရိက, သသင်္ခါရိက"ဟု သတ်မှတ်၍မရသော စိတ်တို့ကို သိသာရုံမျှ ဖော်ပြ၍ ယင်းစိတ်တို့တွင် "ကြောင်းကျိုးလွတ်စိတ်"တို့ မည်မျှ ရှိသည်ကိုလည်း ရေတွက်ပြပါ။

အသောဘနစိတ် ၃၀–တို့တွင် "အသင်္ခါရိက, သသင်္ခါရိက"ဟု သတ်မှတ်၍မရသော စိတ်တို့ကို သိသာရုံမျှ ဖော်ပြရသော်–

| | | | |
|---|---|---|---|
| မောဟမူစိတ် | = | ၂–ပါး | |
| အဟိတ်စိတ် | = | ၁၈–ပါး | တို့ဖြစ်ပါသည်။ |

ယင်းစိတ်တို့တွင် "ကြောင်းကျိုးလွတ်စိတ်"တို့ကို ရေတွက်ပြရသော်–

အဟိတ်ကြိယာစိတ် ၃–ပါးဖြစ်သော–

(၁) ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် တို့ဖြစ်ပါသည်။

❸ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၌ အပြစ်ရှိမှန်း မသိ၍ မိမိဘာသာ ပျော်ရွှင်စွာ ခိုးမှုလွန်ကျူးသူ၏ သန္တာန်၌ဖြစ်သော အကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာ ဖော်ပြ၍ စိတ်အကျယ် ၁၂၁–ပါးကိုလည်း ဇာတိဘေဒနည်းအရ ဝေဖန်ပြပါ။

သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၌ အပြစ်ရှိမှန်းမသိ၍ မိမိဘာသာ ပျော်ရွှင်စွာ ခိုးမှု လွန်ကျူးသူ၏သန္တာန်၌ဖြစ်သော အကုသိုလ်စိတ်ကို ပြည့်စုံ တိကျစွာဖော်ပြရသော်–

"သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူ ပထမစိတ်" ဖြစ်ပါသည်။

စိတ်အကျယ် ၁၂၁–ပါးကို ဇာတိဘေဒနည်းအရ ဝေဖန်ပြရသော်–

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး | |
| ကုသိုလ်စိတ် | = | ၃၇–ပါး | |
| ဝိပါက်စိတ် | = | ၅၂–ပါး | |
| ကြိယာစိတ် | = | ၂၀–ပါး | |
| ပေါင်း စိတ်အကျယ် | = | ၁၂၁–ပါး | တို့ ဖြစ်ပါသည်။ |

http://www.dhammadownload.com



၂၀၀၁–ခုနှစ်

**၁** "ရင်ထဲမှာ ဒွိဟစိတ်တွေနဲ့"ဟူသောစကား၌ ဒွိဟစိတ်ဟူသည် အဘယ်စိတ်ကို ခေါ်ပါသနည်း ဖြေဆို၍ အကုသိုလ်စိတ် ၁၂–ပါးကိုလည်း ဝေဒနာအားဖြင့် သိသာရုံမျှ ခွဲခြားပြပါ။

"ရင်ထဲမှာ ဒွိဟစိတ်တွေနဲ့"ဟူသောစကား၌ ဒွိဟစိတ်ဟူသည်မှာ–

"မောဟမူ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်" ဖြစ်ပါသည်။

အကုသိုလ်စိတ် ၁၂–ပါးကိုလည်း ဝေဒနာအားဖြင့် သိသာရုံမျှ ခွဲခြားပြရသော်–

အနုဘဝနလက္ခဏာဘေဒနည်းအရ

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | = | ၄–ပါး |
| ဒုက္ခသဟဂုတ်စိတ် | = | ၂–ပါး |
| အဒုက္ခ–မသုခသဟဂုတ်စိတ် | = | ၆–ပါး |
| ပေါင်း အကုသိုလ်စိတ် | = | ၁၂–ပါး |

ဣန္ဒြိယဘေဒနည်းအရ–

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | = | မရှိ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ |
| သောမနဿသဟဂုတ်စိတ် | = | ၄–ပါး |
| ဒေါမနဿသဟဂုတ်စိတ် | = | ၂–ပါး |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆–ပါး |
| ပေါင်း အကုသိုလ်စိတ် | = | ၁၂–ပါး |

**၂** လျှာတစ်ခုတည်း ရှိပါလျက် အဘယ့်ကြောင့် "ဇိဝှါဝိညာဏ်ဒွေး"ခေါ်ရသည်ကို ဖြေဆို၍ အဟိတ်စိတ် ၁၈–ပါးကိုလည်း ဇာတိဘေဒအားဖြင့် ဝေဖန်ပြပါ။

လျှာတစ်ခုတည်း ရှိပါလျက် 'ဇိဝှါဝိညာဏ်ဒွေး'ဟု ခေါ်ဆိုရခြင်းမှာ–

အနိဋ္ဌ ရသာရုံဖြစ်အံ့ = အကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ် ၁–ပါး
ဣဋ္ဌ ရသာရုံဖြစ်အံ့ = ကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ် ၁–ပါးဟူ၍
၂–ပါးဖြစ်သောကြောင့် ဇိဝှါဝိညာဏ်ဒွေးဟု ခေါ်ရခြင်း ဖြစ်ပါသည်။

အဟိတ်စိတ် (၁၈–ပါး)ကို ဇာတိဘေဒအားဖြင့် ဝေဖန်ပြရသော်–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | မရှိ |
| ကုသိုလ်စိတ် | = | မရှိ |
| ဝိပါက်စိတ် | = | ၁၅–ပါး |
| ကြိယာစိတ် | = | ၃–ပါး |
| ပေါင်း အဟိတ်စိတ် | = | ၁၈–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❸ အိုမင်းမစွမ်းဖြစ်သော ဘိုးဘွားများ၏ ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ကူညီဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်ကို ပြည့်စုံ တိကျစွာ ဖော်ပြ၍၊ ပထမဈာန်၌ပါဝင်သော ဈာန်အင်္ဂါ (၅)ပါးကိုလည်း ဖြေဆိုပါ။

အိုမင်းမစွမ်းဖြစ်သော ဘိုးဘွားများ၏ ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ကူညီ ဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်ကို ပြည့်စုံ တိကျစွာ ဖော်ပြရသော်–

"သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် ပထမစိတ်" ဖြစ်ပါသည်။

**ပထမဈာန်၌ပါဝင်သော ဈာန်အင်္ဂါ (၅)ပါးမှာ–**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တရားများ ဖြစ်ပါသည်။

❹ လောကုတ္တရာစိတ်အကျဉ်း ၈-ပါးမှ အကျယ်- ၄၀ ဖြစ်ပွားလာရပုံကို ဖြေဆို၍ စိတ်အကျယ် ၁၂၁-ပါးကိုလည်း အကြောင်းစိတ်, အကျိုးစိတ်, ကြောင်းကျိုးလွတ်စိတ်အားဖြင့် သချာမှု ဖော်ပြပါ။

**လောကုတ္တရာစိတ်အကျဉ်း ၈–ပါးမှ အကျယ်–၄၀ ဖြစ်ပွားလာရပုံမှာ–**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅–ပါးရှိရာဝယ် လောကုတ္တရာစိတ် ၁–ပါးစီ၌ ပထမဈာန်မှ ပဉ္စမဈာန်အထိ ဈာန်အင်္ဂါယှဉ်ပုံ ၅–မျိုးပြား သဖြင့် လောကုတ္တရာ စိတ်အကျဉ်း ၈–ပါးမှ အကျယ်–၄၀ ဖြစ်ပွားလာရပါသည်။

**စိတ်အကျယ် (၁၂၁)ပါးကိုလည်း အကြောင်းစိတ်, အကျိုးစိတ်, ကြောင်းကျိုးလွတ် စိတ်အားဖြင့် သချာမှု ဖော်ပြရသော်–**

| | | |
|---|---|---|
| အကြောင်းစိတ် | = | ၄၉–ပါး |
| အကျိုးစိတ် | = | ၅၂–ပါး |
| ကြောင်းကျိုးလွတ်စိတ် | = | ၂၀–ပါး |
| ပေါင်း စိတ်အကျယ် | = | ၁၂၁–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



၂၀၀၂-ခုနှစ်

**၁** "စိတ်ကောင်း၊ စေတနာကောင်းထားကြစမ်းပါ" ဟုပြောဆိုတိုက်တွန်းကြရာ (က) အဘယ်စိတ်သည် စိတ်ကောင်း၊ (ခ) အဘယ်စေတနာသည် စေတနာကောင်း မည်ပါသနည်း၊ ဖြေဆိုခဲ့ပါ။

"စိတ်ကောင်း၊ စေတနာကောင်း ထားကြစမ်းပါ"ဟု ပြောဆိုတိုက်တွန်းကြရာ-

(က) သောဘနစိတ် အကျဉ်း ၅၉-ပါး၊ အကျယ် ၉၁-ပါးသည် စိတ်ကောင်း ဖြစ်ပါသည်။

(ခ) သောဘနစိတ် အကျဉ်း ၅၉-ပါး၊ အကျယ် ၉၁-ပါးနှင့် ယှဉ်သော စေတနာသည် စေတနာကောင်း မည်ပါသည်။

**၂** "ကောင်းတာလုပ်က ကောင်းကျိုးရ"ဆိုရာ ကောင်းကြောင်းတရားနှင့် ကောင်းကျိုးတရားများကို အကျဉ်း,အကျယ် နည်းနှစ်သွယ်ဖြင့် စိတ်ပိုင်းကို ရှုမြင်သုံးသပ်လျက် သချာမှု ဖော်ပြပါ။

"ကောင်းတာလုပ်က ကောင်းကျိုးရ" ဆိုရာ ကောင်းကြောင်းတရား (ကုသိုလ်) နှင့် ကောင်းကျိုးတရား (ကုသလဝိပါက်)များကို အကျဉ်း, အကျယ် နည်းနှစ်သွယ်ဖြင့် စိတ်ပိုင်းကို ရှုမြင်သုံးသပ်လျက် သချာမှုဖော်ပြရသော်-

| ကောင်းကြောင်းတရား(ကုသိုလ်) | | ကောင်းကျိုးတရား(ကုသလဝိပါက်) | |
|---|---|---|---|
| (၁) မဟာကုသိုလ်စိတ် | = ၈-ပါး | အဟိတ်ကုသလဝိပါက်စိတ် | = ၈-ပါး |
| | | မဟာဝိပါက်စိတ် | = ၈-ပါး |
| (၂) ရူပါဝစရကုသိုလ်စိတ် | = ၅-ပါး | ရူပါဝစရဝိပါက်စိတ် | = ၅-ပါး |
| (၃) အရူပါဝစရကုသိုလ်စိတ် | = ၄-ပါး | အရူပါဝစရဝိပါက်စိတ် | = ၄-ပါး |
| (၄) လောကုတ္တရာကုသိုလ်စိတ်(ကျဉ်း) | = ၄-ပါး | လောကုတ္တရာဝိပါက်စိတ်(ကျဉ်း) | = ၄-ပါး |
| ။ ကုသိုလ်စိတ်(ကျယ်) | = ၂၀-ပါး | ။ ဝိပါက်စိတ်(ကျယ်) | = ၂၀-ပါး |
| ပေါင်း ကုသိုလ်စိတ်(ကျဉ်း) | = ၂၁-ပါး | ပေါင်း ကုသလဝိပါက်စိတ်(ကျဉ်း) | = ၂၉-ပါး |
| ။ (ကျယ်) | = ၃၇-ပါး | ။ (ကျယ်) | = ၄၅-ပါး |

http://www.dhammadownload.com



❷ "သေရည်သောက်စား ပြုတုံငြားလည်း၊ သူတစ်ပါးအား ပြစ်မှားမရှိ မထိပါးဘိက ငရဲမကြီး အပြစ်မရှိ"ဟု ပြောဆိုသူ၏ စကားကို ယုံကြည်လက်ခံကာ ပျော်ပျော်ကြီး ဝိုင်းဖွဲ့၍ သောက်စားနေသော သူတို့၏သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍၊ ၎င်းစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

"သေရည်သောက်စား ပြုတုံငြားလည်း၊ သူတစ်ပါးအား ပြစ်မှားမရှိ မထိပါးဘိက ငရဲမကြီး အပြစ်မရှိ"ဟု ပြောဆိုသူ၏စကားကို ယုံကြည် လက်ခံကာ ပျော်ပျော်ကြီး ဝိုင်းဖွဲ့၍ သောက်စားနေသော သူတို့၏သန္တာန်၌ ဖြစ်သောစိတ်မှာ–

"သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူ ဒုတိယစိတ်" ဖြစ်ပါသည်။

၎င်းစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်တရားများမှာ–

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃–ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄–ပါး |
| လောဘစေတသိက် | = | ၁–ပါး |
| ဒိဋ္ဌိစေတသိက် | = | ၁–ပါး |
| ပေါင်း | = | ၁၉–ပါး ဖြစ်ခွင့်ရှိပါသည်။ |

---

## ၂၀၀၃–ခုနှစ်

❶ ပရမတ္ထတရား(၄)ပါးတို့တွင် စိတ်သည် အကျဉ်းအားဖြင့် ၈၉–ပါး / အကျယ်အားဖြင့် ၁၂၁–ပါး ဟုလည်းကောင်း၊ သောဘနစိတ်သည် အကျဉ်းအားဖြင့် ၅၉–ပါး / အကျယ်အားဖြင့် ၉၁–ပါး ဟုလည်းကောင်း ရှိရာ၊ ထို အကျဉ်းအကျယ် စိတ်တို့၏ အလယ်တည့်တည့်စိတ်ကို ထုတ်ပြ၍၊ ပရမတ္ထတရား လေးပါးကိုလည်း ရေတွက်ပြခဲ့ပါ။

စိတ်အကျဉ်း ၈၉–ပါး၏ အလယ်တည့်တည့်စိတ်မှာ–

"ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာဝိပါက် သတ္တမစိတ်" ဖြစ်ပါသည်။

http://www.dhammadownload.com



**စိတ်အကျယ် ၁၂၁-ပါး၏ အလယ်တည့်တည့်စိတ်မှာ-**

"ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၄-ပါးနှင့်ယှဉ်သော ရူပါဝစရဝိပါက် ဒုတိယဈာန်စိတ်" ဖြစ်ပါသည်။

**သောဘနစိတ်အကျဉ်း ၅၉-ပါး၏ အလယ်တည့်တည့်စိတ်မှာ-**

"ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅-ပါးနှင့်ယှဉ်သော ရူပါဝစရဝိပါက် ပထမဈာန်စိတ်" ဖြစ်ပါသည်။

**သောဘနစိတ်အကျယ် ၉၁-ပါး၏ အလယ်တည့်တည့်စိတ်မှာ-**

"အာကိဉ္စညာယတန အရူပါဝစရဝိပါက်စိတ်" ဖြစ်ပါသည်။

**ပရမတ္ထတရား လေးပါးကို ရေတွက်ပြရသော်-**

| | | |
|---|---|---|
| စိတ် | = | ၈၉-ပါး / ၁၂၁-ပါး |
| စေတသိက် | = | ၅၂-ပါး |
| ရုပ် | = | ၂၈-ပါး |
| နိဗ္ဗာန် | = | ၁-ပါး တို့ဖြစ်ပါသည်။ |

၂ ဤကား ကုသိုလ်, အကုသိုလ်ဟု ခွဲခြားမသိ ဉာဏ်မရှိဘဲ ဒါနသီလ စသည်ဖြာဖြာ ကောင်းမှုကိုသာ သောမနဿဖြင့် ပြုလုပ်လေ့ရှိသောသူ၏ သန္တာန်၌ ဖြစ်သောစိတ်ကို ယှဉ်ဘက်တရားနှင့်တကွ ဖော်ပြ၍ ၎င်းစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ခွဲခြားပြပါ။

**ဤကားကုသိုလ်, အကုသိုလ်ဟု ခွဲခြားမသိဉာဏ်မရှိဘဲ ဒါန သီလ စသည်ဖြာဖြာ ကောင်းမှုကိုသာ သောမနဿဖြင့် ပြုလုပ်လေ့ရှိသောသူ၏ သန္တာန်၌ဖြစ်သောစိတ်မှာ-**

"သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် တတိယစိတ်" ဖြစ်ပါသည်။

**၎င်းစိတ်၏ယှဉ်ဘက်တရား (စေတသိက်)များမှာ-**

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃-ပါး |
| သောဘနသာဓာရဏစေတသိက် | = | ၁၉-ပါး |
| ပေါင်း စေတသိက် | = | ၃၂-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



၎င်းစိတ်၏ ဝေဒနာ = သောမနဿဝေဒနာ
ဟိတ် = ဒွိဟိတ်
ကိစ္စ = ဇောကိစ္စ
ဒွါရ = ၆-ဒွါရ (မြဲ)
အာရုံ = လောကီစိတ်-၈၁၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ ပညတ် ဟုဆိုအပ်သော အာရုံ ၆-ပါး
ဝတ္ထု = ဟဒယဝတ္ထု (ရံခါ) တို့ ဖြစ်ပါသည်။

---

## ၂၀၀၄-ခုနှစ်

❶ အဘိဓမ္မာဘာသာ ပထမဆင့် မေးခွန်းလွှာကို ဖတ်ရှုနေသော စာဖြေရှင် မောင်မယ်တို့၏ သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍၊ ထိုစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

အဘိဓမ္မာဘာသာ ပထမဆင့် မေးခွန်းလွှာကို ဖတ်ရှုနေသော စာဖြေရှင် မောင်မယ်တို့၏သန္တာန်၌ ဖြစ်သောစိတ်မှာ-

မြင်သိစိတ်ဖြစ်သည့် "အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်" ဖြစ်ပါသည်။

ထိုစိတ်၏ ဝေဒနာ = ဥပေက္ခာဝေဒနာ၊
ဟိတ် = အဟိတ်၊
ကိစ္စ = ဒဿနကိစ္စ၊
ဒွါရ = စက္ခုဒွါရ (မြဲ)၊
အာရုံ = ပစ္စုပ္ပန်ရူပါရုံ၊
ဝတ္ထု = စက္ခုဝတ္ထု တို့ဖြစ်ပါသည်။

❷ "ကောင်းမှုပြုလုပ်က ကောင်းကျိုး ခံစားရ၏၊ မကောင်းမှုပြုလုပ်က မကောင်းကျိုး ခံစားရ၏" ဟူသော စကား၌ ကောင်းကျိုး, မကောင်းကျိုးဟု ခေါ်ဆိုရသောစိတ်တို့ကို သိသာရုံမျှ ဖော်ပြပါ။

'ကောင်းမှုပြုလုပ်က ကောင်းကျိုး ခံစားရ၏၊ မကောင်းမှုပြုလုပ်က မကောင်းကျိုး ခံစားရ၏' ဟူသော စကား၌-

http://www.dhammadownload.com



ကောင်းကျိုးဟု ခေါ်ဆိုရသောစိတ်တို့မှာ–

| | | |
|---|---|---|
| အဟိတ်ကုသလဝိပါက်စိတ် | = | ၈–ပါး |
| မဟာဝိပါက်စိတ် | = | ၈–ပါး |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉–ပါး |
| လောကုတ္တရာဝိပါက်စိတ် | = | ၄–ပါး (အကျဉ်း) / ၂၀–ပါး (အကျယ်) |

မကောင်းကျိုးဟု ခေါ်ဆိုရသော စိတ်မှာ–

အကုသလဝိပါက်စိတ် = ၇–ပါး တို့ဖြစ်ပါသည်။

❸ "စိတ်ကောင်းရှိက ချမ်းသာရ"ဟူသော စကား၌ "စိတ်ကောင်း"ဟု ခေါ်ဆိုရသောတရားတို့ကို ရေတွက်ပြ၍ ဘဝတစ်ခု၏ အစဆုံးနှင့် နောက်ဆုံးဖြစ်သော စိတ်တို့ကို သိသာရုံမျှ ဖော်ပြပါ။

"စိတ်ကောင်းရှိက ချမ်းသာရ" ဟူသော စကား၌ 'စိတ်ကောင်း'ဟုခေါ်ဆိုရသော တရားတို့ကို ရေတွက်ပြရသော်–

သောဘနစိတ် ၅၉ / ၉၁–ပါးဖြစ်သော–

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄–ပါး |
| ရူပါဝစရစိတ် | = | ၁၅–ပါး |
| အရူပါဝစရစိတ် | = | ၁၂–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး / ၂၀–ပါး |
| ပေါင်း သောဘနစိတ် | = | ၅၉–ပါး / ၉၁–ပါး တို့ဖြစ်ပါသည်။ |

ဘဝတစ်ခု၏ အစဆုံးဖြစ်သောစိတ်မှာ–

ပဋိသန္ဓေစိတ် = ၁၉–ပါး ဖြစ်ပါသည်။

ဘဝတစ်ခု၏ နောက်ဆုံးဖြစ်သောစိတ်မှာ–

စုတိစိတ် = ၁၉–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၂၀၀၅–ခုနှစ်

❶ စိတ် ၈၉-ပါးတို့တွင် (က) အကျဉ်း, အကျယ် ရှိသောစိတ်၊ (ခ) အကျဉ်း, အကျယ် မရှိသော စိတ်တို့ကို သိသာရုံမျှ ဖော်ပြပြီးလျှင်၊ အမှီခံနာမ်နှင့် မှီတတ်ရာနာမ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

စိတ် ၈၉–ပါးတို့တွင်–

(က) အကျဉ်း , အကျယ် ရှိသောစိတ်မှာ – လောကုတ္တရာစိတ် ဖြစ်ပါသည်။

(ခ) အကျဉ်း , အကျယ် မရှိသောစိတ်မှာ – လောကီစိတ် ဖြစ်ပါသည်။

အမှီခံ နာမ် = စိတ်

မှီတတ်ရာ နာမ် = စေတသိက် တို့ဖြစ်ပါသည်။

❷ "လောကီထုပ္ပတ်၊ လူ့တို့ဇာတ်"ဟု ဆိုရာ လောကီစိတ် မည်မျှရှိသည်ကို သချာမျှဖော်ပြ၍၊ ၎င်းစိတ်တို့ကို (က) အကြောင်းစိတ်, (ခ) အကျိုးစိတ်, (ဂ) အကြောင်းအကျိုးလွတ်သောစိတ်တို့ကို ခွဲခြားပြပါ။

"လောကီထုပ္ပတ်၊ လူ့တို့ဇာတ်"ဟုဆိုရာ လောကီစိတ် = ၈၁–ပါး ရှိပါသည်။ ၎င်းစိတ်တို့တွင်–

| | | | |
|---|---|---|---|
| (က) အကြောင်းစိတ် | အကုသိုလ်စိတ် | = | ၁၂–ပါး |
| | မဟာကုသိုလ်စိတ် | = | ၈–ပါး |
| | ရူပါဝစရကုသိုလ်စိတ် | = | ၅–ပါး |
| | အရူပါဝစရကုသိုလ်စိတ် | = | ၄–ပါး |
| | အကြောင်းစိတ်ပေါင်း | = | ၂၉–ပါး |
| (ခ) အကျိုးစိတ် | အကုသလဝိပါက်စိတ် | = | ၇–ပါး |
| | အဟိတ်ကုသလဝိပါက်စိတ် | = | ၈–ပါး |
| | မဟာဝိပါက်စိတ် | = | ၈–ပါး |
| | ရူပါဝစရဝိပါက်စိတ် | = | ၅–ပါး |
| | အရူပါဝစရဝိပါက်စိတ် | = | ၄–ပါး |
| | အကျိုးစိတ်ပေါင်း | = | ၃၂–ပါး |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (ဂ) ကြောင်းကျိုးလွတ်သောစိတ် | အဟိတ်ကြိယာစိတ် | = | ၃–ပါး |
| | မဟာကြိယာစိတ် | = | ၈–ပါး |
| | ရူပါဝစရကြိယာစိတ် | = | ၅–ပါး |
| | အရူပါဝစရကြိယာစိတ် | = | ၄–ပါး |
| | ကြောင်းကျိုးလွတ်စိတ်ပေါင်း | = | ၂၀–ပါး |

တို့ဖြစ်ပါသည်။

❷ "အနစ်နာခံ ထိပ်မှာစံ" ဟူသော ဆိုစကားအရ အနစ်နာခံသောသူ၏ သန္တာန်၌ဖြစ်သော စေတသိကဓမ္မကိုဖော်ပြ၍ ယင်းနှင့် ယှဉ်သောစိတ်တို့ကို ဘူမိဘေဒအားဖြင့် ခွဲခြားဝေဖန်ပြပါ။

"အနစ်နာခံ ထိပ်မှာစံ"ဟူသော ဆိုစကားအရ အနစ်နာခံသောသူ၏ သန္တာန်၌ ဖြစ်သော စေတသိကဓမ္မမှာ–

"အဒေါသစေတသိက်" ဖြစ်ပါသည်။

ယင်းနှင့်ယှဉ်သောစိတ်တို့ကို ဘူမိဘေဒအားဖြင့် ခွဲခြားဝေဖန်ရသော်–

| | | | |
|---|---|---|---|
| ကာမာဝစရစိတ် | = | ၂၄–ပါး | |
| ရူပါဝစရစိတ် | = | ၁၅–ပါး | |
| အရူပါဝစရစိတ် | = | ၁၂–ပါး | |
| လောကုတ္တရာစိတ် | = | ၈–ပါး | (အကျဉ်း) / ၄၀–ပါး (အကျယ်) |
| ပေါင်း သောဘနစိတ် | = | ၅၉–ပါး | (အကျဉ်း) / ၉၁–ပါး (အကျယ်) နှင့် |

ယှဉ်ပါသည်။

http://www.dhammadownload.com



၂၀၀၆–ခုနှစ်

**၁** "မဟာကုသလ၊ မဟာဂ္ဂနှင့် မဂ္ဂကုသိုလ်၊ နိဗ္ဗာန်ဖိုလ်မှန်၊ ငါးတန်၌ ပဟာန်မည်ရ တဒင်" ဟူသော လင်္ကာ၌ပါသော (က) မဟာကုသိုလ်၊ (ခ) မဟဂ္ဂုတ်ကုသိုလ်၊ (ဂ) မဂ်ကုသိုလ်၊ (ဃ) ဖိုလ်ဝိပါက်တို့၏သရုပ်ကို သင်္ချာမျှသာ ဖော်ပြခဲ့ပါ။

"မဟာကုသလ၊ မဟာဂ္ဂနှင့် မဂ္ဂကုသိုလ်၊ နိဗ္ဗာန်ဖိုလ်မှန်၊ ငါးတန်၌ ပဟာန်မည်ရ တဒင်" ဟူသော လင်္ကာ၌ပါသော စိတ်တို့၏သရုပ်ကို သင်္ချာမျှသာ ဖော်ပြရသော်–

(က) မဟာကုသိုလ် = ၈–ပါး

(ခ) မဟဂ္ဂုတ်ကုသိုလ် = ၉–ပါး

(ဂ) မဂ်ကုသိုလ် = ၄–ပါး(ကျဉ်း) / ၂၀–ပါး(ကျယ်)

(ဃ) ဖိုလ်ဝိပါက် = ၄–ပါး(ကျဉ်း) / ၂၀–ပါး(ကျယ်) တို့ ဖြစ်ပါသည်။

**၂** "ပရမတ်ပြန် အကြောင်းသမားတို့ ထောင်လွှားကြ သူထက်ငါ"ဆိုရာ ပရမတ်ပြန်အကြောင်း သမားများ မဖြစ်ရလေအောင် ပရမတ္ထတရားများကို ရေတွက်ပြပြီးလျှင်၊ "အချစ်အဘိဓမ္မာ" ဆိုကြရာ အချစ်သည် အဘိဓမ္မာ မည့်မမည် ဆုံးဖြတ်ခဲ့ပါ။

"ပရမတ်ပြန် အကြောင်းသမားတို့ ထောင်လွှားကြ သူထက်ငါ"ဆိုရာ ပရမတ်ပြန် အကြောင်း သမားများ မဖြစ်ရလေအောင် ပရမတ္ထတရားများကို ရေတွက်ပြရသော်–

| | | |
|---|---|---|
| စိတ် | = | ၈၉–ပါး (ကျဉ်း) / ၁၂၁–ပါး (ကျယ်) |
| စေတသိက် | = | ၅၂–ပါး |
| ရုပ် | = | ၂၈–ပါး |
| နိဗ္ဗာန် | = | ၁–ပါး တို့ ဖြစ်ပါသည်။ |

'အချစ်အဘိဓမ္မာ' ဆိုကြရာ အချစ်(လောဘစေတသိက်)သည်– အဘိဓမ္မာ မည် ပါသည်။ အကြောင်းမှာ–

အဘိဓမ္မာဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်တရားများဖြစ်၍၊ အချစ်(လောဘစေတသိက်)သည် စေတသိက် (၅၂)ပါးတွင် ပါဝင်သောကြောင့် အဘိဓမ္မာ မည်ရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



**၂၀၀၇–ခုနှစ်**

❶ "စိတ်ထားလျှင် ပဓာန၊ စိတ်သာလျှင် အဓိက"ဟု လောကလူသားတို့ ပြောဆိုနေကြရာ ၎င်းစိတ် ၁၂၁–ပါးတွင် ဈာန်စိတ်တို့ကို သချာမျှ ဖော်ပြ၍ (က) အကြောင်းစိတ် (ခ) အကျိုးစိတ် (ဂ) အကြောင်းအကျိုး နှစ်မျိုးမှ လွတ်သောစိတ်တို့ကိုလည်း သချာမျှသာ ဖော်ပြခဲ့ပါ။

စိတ် ၁၂၁–ပါးတွင် ဈာန်စိတ်တို့ကို သချာမျှ ဖော်ပြရသော်–

ဈာန်စိတ် = ၆၇–ပါး ဖြစ်ပါသည်။

စိတ် ၁၂၁–ပါးတွင်–

(က) အကြောင်းစိတ် = ၄၉–ပါး
(ခ) အကျိုးစိတ် = ၅၂–ပါး
(ဂ) အကြောင်းအကျိုး နှစ်မျိုးမှ လွတ်သောစိတ် = ၂၀–ပါး

❷ ...... ဖိုလ်စိတ် လေးပါး ပြားရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။

ဖိုလ်စိတ်လေးပါး ပြားရခြင်းအကြောင်းမှာ–

မဂ်စိတ်လေးပါး ပြားခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်သည်လည်း လေးပါးပြားရခြင်း ဖြစ်ပါသည်။

---

**၂၀၀၈–ခုနှစ်**

❶ သမ္ပယုတ်အမျိုးအစားများကို ဖော်ပြ၍၊ အဟိတ်စိတ်တို့တွင် ယုဂဠအတွဲစိတ်တို့ကိုလည်း ရသမျှ ဖော်ပြပါ။

သမ္ပယုတ်အမျိုးအစားများကို ဖော်ပြရသော်–

(၁) ဒိဋ္ဌိဂတသမ္ပယုတ်စိတ်
(၂) ပဋိဃသမ္ပယုတ်စိတ်
(၃) ဝိစိကိစ္ဆာသမ္ပယုတ်စိတ်
(၄) ဥဒ္ဒစ္စသမ္ပယုတ်စိတ်
(၅) ဉာဏသမ္ပယုတ်စိတ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



အဟိတ်စိတ်တို့တွင် ယှဉ်အတွဲစိတ်တို့ကို ရသမျှ ဖော်ပြရသော်-

(၁) စက္ခုဝိညာဏ်ဒွေ
(၂) သောတဝိညာဏ်ဒွေ
(၃) ဃာနဝိညာဏ်ဒွေ
(၄) ဇိဝှါဝိညာဏ်ဒွေ
(၅) ကာယဝိညာဏ်ဒွေ
(၆) သမ္ပဋိစ္ဆိုင်းဒွေ
(၇) ဥပေက္ခာသန္တီရဏဒွေ
(၈) အာဝဇ္ဇန်းဒွေ တို့ ဖြစ်ပါသည်။

❷ စိတ် ၈၉-ပါးတွင် (က) လောကီကုသိုလ် (ခ)လောကုတ္တရာကုသိုလ်စိတ်တို့ကို သချာမျှ ဖော်ပြပြီး၊ ကာမစိတ် ၅၄-ပါးကို ယောဂဘေဒအားဖြင့် ခွဲခြားဝေဖန်ပြပါ။

စိတ် ၈၉-ပါးတွင်-

(က) လောကီကုသိုလ်စိတ် = ၁၇-ပါး
(ခ) လောကုတ္တရာကုသိုလ်စိတ် = ၄-ပါး (အကျဉ်း)

ကာမစိတ် (၅၄)ပါးကို ယောဂဘေဒအားဖြင့် ခွဲခြားဝေဖန်ပြရသော်-

| | | |
|---|---|---|
| သမ္ပယုတ်စိတ် | = | ၂၀-ပါး |
| ဝိပ္ပယုတ်စိတ် | = | ၁၆-ပါး |
| သမ္ပယုတ်-ဝိပ္ပယုတ်မဟုတ်သောစိတ် | = | ၁၈-ပါး |
| ပေါင်း ကာမစိတ် | = | ၅၄-ပါး ဖြစ်ပါသည်။ |

❸ "မဖောက်မပြန် မှန်ကန်တည့်မတ်"ဟူသည်နှင့်အညီ မဖောက်မပြန်သော နာမ်တရားများကို ဖော်ပြ၍ "လောကဓာတ်ခံ"ဟု ဆိုကြရာ ဓာတ်လေးမျိုးကိုလည်း ထုတ်ပြပါ။

မဖောက်မပြန်သော နာမ်တရားများမှာ- စိတ်၊ စေတသိက်၊ နိဗ္ဗာန်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



"လောကဓာတ်ခံ"အရ ဓာတ်လေးမျိုးမှာ–

(၁) အကုသိုလ်ဓာတ်၊
(၂) ကုသိုလ်ဓာတ်၊
(၃) ဝိပါက်ဓာတ်
(၄) ကြိယာဓာတ် တို့ ဖြစ်ပါသည်။

---

## ၂၀၀၉–ခုနှစ်

❶ လောကီဘုံသား လူအများသန္တာန်၌ဖြစ်သော အကျိုးဝိပါက်စိတ်ကို သင်္ချာမျှ ဖော်ပြ၍၊ ကာမဘုံ၌ဖြစ်သော စိတ်တို့ကိုလည်း အကျဉ်းချုပ် ရေတွက်ပြခဲ့ပါ။

လောကီဘုံသား လူအများသန္တာန်၌ဖြစ်သော အကျိုးဝိပါက်စိတ်ပေါင်း = ၂၃–ပါး ဖြစ်ပါသည်။

ကာမဘုံ၌ဖြစ်သော စိတ်တို့ကို အကျဉ်းချုပ် ရေတွက်ပြရသော်–

| | | |
|---|---|---|
| အသောဘနစိတ် | = | ၃၀–ပါး |
| ကာမသောဘနစိတ် | = | ၂၄–ပါး |
| ပေါင်း ကာမစိတ် | = | ၅၄–ပါး ဖြစ်ပါသည်။ |

❷ "အိပ်ပျော်ရာမှ နိုးခိုက် မျက်စိဖွင့်၍ ကြည့်လိုက်ပါ"ဟူသော စကားတို့တွင် ပါဝင်သော (က) အိပ်ပျော်ခြင်းနှင့်တူသောစိတ် (ခ) နိုးလာခြင်းနှင့်တူသော စိတ် (ဂ) မြင်သိစိတ်တို့၏ နာမည်တို့ကို ရေးသားပြပါ။

'အိပ်ပျော်ရာမှ နိုးခိုက် မျက်စိဖွင့်၍ ကြည့်လိုက်ပါ'ဟူသော စကားတို့တွင် ပါဝင်သော

(က) အိပ်ပျော်ခြင်းနှင့်တူသောစိတ် = ဘဝင်စိတ်
(ခ) နိုးလာခြင်းနှင့်တူသော စိတ် = အာဝဇ္ဇန်းစိတ်
(ဂ) မြင်သိစိတ် = စက္ခုဝိညာဏ်စိတ် တို့ဖြစ်ကြပါသည်။

---

http://www.dhammadownload.com



(၂၀၁၀–ခုနှစ်)

**❶** စိတ်သာရှင်စော ဘုရားဟောဟူရာ၌ ယင်းစိတ်တို့တွင် ကာမာဝစရစိတ် ၅၄–ပါးကို ဇာတိဘေဒအားဖြင့် ခွဲခြားပြ၍ ဇောအမည် မရရှာသော ကြိယာစိတ်တို့ကိုလည်း ဖော်ပြပါ။

ကာမာဝစရစိတ် ၅၄–ပါးကို ဇာတိဘေဒအားဖြင့် ခွဲခြားပြရသော်–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ကုသိုလ်စိတ် | = | ၈–ပါး |
| ဝိပါက်စိတ် | = | ၂၃–ပါး |
| ကြိယာစိတ် | = | ၁၁–ပါး |
| ပေါင်း– ကာမာဝစရစိတ် | = | ၅၄–ပါး |

ဇောအမည် မရရှာသော ကြိယာစိတ်တို့ကို ဖော်ပြရသော်–

| | | |
|---|---|---|
| အဟိတ်ကြိယာ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| အဟိတ်ကြိယာ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ပေါင်း– ဇောအမည် မရရှာသော ကြိယာစိတ် | = | ၂–ပါး ဖြစ်ပါသည်။ |

**❷** ဈာန်အင်္ဂါ ငါးပါးစုံရှိသော မဟဂ္ဂုတ်စိတ်တို့ကို ဖော်ပြ၍ ပဉ္စမဈာန်စိတ်၏ အင်္ဂါနှစ်ပါးနှင့် ကုသိုလ်၊ ဝိပါက်သာရှိ၍ ကြိယာမရှိသော စိတ်ကိုလည်း ဖော်ပြပါ။

| | | |
|---|---|---|
| ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅–ပါးနှင့်တကွဖြစ်သော ရူပါဝစရကုသိုလ် ပဌမဈာန်စိတ် | = | ၁–ပါး |
| ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅–ပါးနှင့်တကွဖြစ်သော ရူပါဝစရဝိပါက် ပဌမဈာန်စိတ် | = | ၁–ပါး |
| ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅–ပါးနှင့်တကွဖြစ်သော ရူပါဝစရကြိယာ ပဌမဈာန်စိတ် | = | ၁–ပါး |
| ပေါင်း– ဈာန်အင်္ဂါ ငါးပါးစုံရှိသော မဟဂ္ဂုတ်စိတ် | = | ၃–ပါး |

http://www.dhammadownload.com



ပဥ္စမဈာန်စိတ်၏ အင်္ဂါနှစ်ပါးမှာ–

(၁) ဥပေက္ခာ

(၂) ဧကဂ္ဂတာ တို့ ဖြစ်ကြပါသည်။

ကုသိုလ်၊ ဝိပါက်သာရှိ၍ ကြိယာမရှိသော စိတ်ကို ဖော်ပြရသော်–

လောကုတ္တရာစိတ် ၈–ပါး(ကျဉ်း) / ၄၀–ပါး (ကျယ်)တို့ဖြစ်ပါသည်။

❸ အကြောင်းအကျိုးကို ကြည့်ပြီး အကောင်းအဆိုးကို သိနိုင်ရာ စိတ်အကျယ်(၁၂၁)ပါးတို့တွင် အကြောင်း၊ အကျိုးဖြစ်သောစိတ်တို့ကို သချာမှု ပြဆို၍၊ ဝိပါက်ဖြစ်ပါလျက် ဇောအမည်ရသော စိတ်တို့ကိုလည်း ညွှန်ပြပါ။

စိတ်အကျယ် ၁၂၁–ပါးတို့တွင် အကြောင်းအကျိုး ဖြစ်သောစိတ်တို့ကို သချာမှု ဖော်ပြရသော်–

| | | | |
|---|---|---|---|
| (အကုသိုလ်+ကုသိုလ်) | အကြောင်းစိတ် | = | ၄၉–ပါး |
| | အကျိုးစိတ် | = | ၅၂–ပါး တို့ ဖြစ်ကြပါသည်။ |

ဝိပါက်ဖြစ်ပါလျက် ဇောအမည်ရသော စိတ်တို့ကို ညွှန်ပြရသော်–

လောကုတ္တရာဝိပါက်စိတ် = ၂၀–ပါး ဖြစ်ပါသည်။

---

စိတ်ပိုင်းပြီး၏

ꩠꩠꩠ ꩡꩡꩡ

http://www.dhammadownload.com



# အဘိဓမ္မာ (ပထမဆင့်)

# စေတသိက်ပိုင်း

## ( ၁၉၇၂–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၂–ခုနှစ်

၁။ အပ္ပမညာဒွေးနှင့် အကုသလ သာဓာရဏစေတသိက်တို့ကို ထုတ်ပြပါ။

၂။ စေတနာနှင့်သာယှဉ်၍ ဆန္ဒမယှဉ်သောစိတ်၊ ၂–ပါးစုံယှဉ်သောစိတ်တို့ကို ရေတွက်ပြပါ။

### ၁၉၇၃–ခုနှစ်

၁။ ကုသိုလ်စိတ်အားလုံးနှင့် အမြဲယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။

၂။ လောကုတ္တရာစိတ်အကျယ် ၄၀–နှင့် ယှဉ်နိုင်သော ပကိဏ်းစေတသိက်များကို ထုတ်ပြပါ။

၃။ နိယတယောဂီစေတသိက်များကို ရေတွက်ပြပါ။

၄။ မဟဂ္ဂုတ် ပထမဈာန်စိတ်၌–

(က) အမြဲယှဉ်နိုင်သော စေတသိက်များ၊

(ခ) အများဆုံး ယှဉ်နိုင်သောစေတသိက်များကို ရေတွက်ပြပါ။

### ၁၉၇၆–ခုနှစ်

၁။ သောဘဏစေတသိက် ၂၅–ပါးတို့တွင် ကုသိုလ်ပြုတိုင်း ယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၂။ (က) ဝိစာရနှင့်သာယှဉ်၍ ဝိတက်နှင့် မယှဉ်သောစိတ်၊

(ခ) ဝိတက်– ဝိစာရ နှစ်ပါးစုံ ယှဉ်သောစိတ်တို့ကို ရေတွက်ပြပါ။

၃။ အကုသိုလ်စေတသိက် ၁၄–ပါးတို့တွင် အကုသိုလ်ပြုလုပ်တိုင်း ယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၄။ မဟာကုသိုလ် ပထမစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။

http://www.dhammadownload.com



## ၁၉၇၇–ခုနှစ်

၁။ စိတ်အနည်းဆုံး ယှဉ်နိုင်သော စေတသိက်၊ စိတ်အများဆုံး ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။

၂။ အကုသိုလ်စေတသိက်ပေါင်း မည်မျှရှိသည်ဟု ရေတွက်ပြပြီးလျှင်၊ အကုသလသာဓာရဏ အမည်ရသော စေတသိက်တို့ကိုလည်း ဖော်ပြပါ။

၃။ ကရုဏာ– မုဒိတာ ပွားများသောအခါ ဖြစ်ပေါ်နိုင်သောစိတ်များကို ရေးသားဖော်ပြပါ။

၄။ စိတ်နှင့် အမြဲယှဉ်သော စေတသိက်– အမြဲမယှဉ်သောစေတသိက်များကို ခွဲခြားရေတွက်ပြပါ။

## ၁၉၇၈–ခုနှစ်

၁။ အောက်ပါစိတ်တို့၌ ယှဉ်နိုင်သည့် စေတသိက်များကို ရေတွက်ပြပါ။

(က) ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ (ခ) ကာယဝိညာဏ်စိတ်

၂။ ဒုစရိုက်မှုကို လက်တွေ့ ရှောင်ကြဉ်သောအခါ ဖြစ်ပေါ်သော ဝိရတီစေတသိက် ၃–ခု ၏ အဓိပ္ပာယ်ကို ၁–ခုစီ ရှင်းပြ၍ ဝေဒနာစေတသိက်နှင့် ယှဉ်နိုင်သောစိတ်များကို ဘူမိဘေဒနည်းဖြင့် ရေတွက်ပြပါ။

၃။ သူတစ်ပါး မတိုက်တွန်းဘဲ ဉာဏ်နှင့်ယှဉ်၍ ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားအား လှူသည့် ကျောင်းသူ၏ ကုသိုလ်စိတ်မှာ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။

၄။ သူတစ်ပါး မတိုက်တွန်းဘဲ အပြစ်မရှိဟု ထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာ စာမေးပွဲ ခိုးဖြေနေသည့် ကျောင်းသား၏ လောဘစိတ်မှာ ယှဉ်နိုင်သော စေတသိက်များကို ရေတွက်ပြပါ။

## ၁၉၇၉–ခုနှစ်

၁။ သင်္ဂြိုဟ်ကျမ်းလာ စေတသိက် ၅၂–ပါးတို့တွင် မည်သည့်စေတသိက်တို့ကို သဗ္ဗစိတ္တ သာဓာရဏစေတသိက်– ပကိဏ်းစေတသိက်ဟု ခေါ်ပါသနည်း၊ အသီးသီး ဖော်ပြပါ။

၂။ လူတို့၌ အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သောစေတသိက်များကို စုံလင်စွာ ရေးခဲ့ပါ။

၃။ ဆန္ဒ, ဝီရိယစေတသိက်သည် မည်မျှသောစိတ်တို့၌ ယှဉ်ပါသနည်း၊ ရေတွက်ပြပါ။

http://www.dhammadownload.com



**၁၉၈၀–ခုနှစ်**

၁။ အောက်ပါစေတသိက်များကို ဖော်ပြခဲ့ပါ။
(က) စိတ်ဖြစ်တိုင်း အမြဲတမ်းပါဝင်သော စေတသိက်၊
(ခ) အကုသိုလ်စိတ်ဖြစ်တိုင်း အမြဲတမ်း ပါဝင်သောစေတသိက်၊
(ဂ) ကုသိုလ်စိတ်ဖြစ်တိုင်း အမြဲတမ်း ပါဝင်သောစေတသိက်၊

၂။ သူတစ်ပါး ချမ်းသာသည်ကို မနာလိုသောသူ၏ စိတ်၌ စေတသိက် မည်မျှယှဉ်ကြောင်းကို တိကျစွာ ဖြေဆိုခဲ့ပါ။

**၁၉၈၁–ခုနှစ်**

၁။ အောက်ပါစေတသိက်များကို ဖော်ပြခဲ့ပါ။
(က) အာရုံကို နှစ်သက်ခြင်းသဘောရှိသော စေတသိက်၊
(ခ) များသောအားဖြင့် နှလုံးသွင်းသဘောရှိသော စေတသိက်၊
(ဂ) စိတ်၏ငြိမ်းချမ်းခြင်းသဘောရှိသော စေတသိက်၊

၂။ ဘုရားရှိခိုးသောအခါဖြစ်သော ကုသိုလ်စိတ်၌ စေတသိက်ပေါင်း မည်မျှယှဉ်နိုင်ပါသနည်း။

၃။ အမှား– အမှန် ဝေဖန် တွေးတော ယုံမှားသော ဝိစိကိစ္ဆာစိတ်၌ ယှဉ်နိုင်သောစေတသိက်များကို ဖော်ပြခဲ့ပါ။

၄။ ပန်းတစ်ပွင့်ကို မြင်သောအခါဖြစ်သော စက္ခုဝိညာဉ်စိတ်၌ ယှဉ်သော စေတသိက်တို့ကို ရေးခဲ့ပါ။

**၁၉၈၂–ခုနှစ်**

၁။ သဘောတရားတစ်ခုကို စေတသိက်ဟူ၍ သတ်မှတ်နိုင်လောက်အောင် လိုအပ်သော အင်္ဂါလက္ခဏာရပ် ၄–ပါးကို ရေးသားဖော်ပြပါ။

၂။ စေတသိက် ၅၂–ပါးတို့တွင် အကုသိုလ်မည်သော စေတသိက်များကို ပြည့်စုံအောင် ဖော်ပြပါ။

၃။ စားဝတ်နေရေး ပြည့်စုံ၍ ချမ်းသာသူကို တွေ့မြင်သောအခါ ဝမ်းမြောက်ခြင်း မုဒိတာဖြစ်၏၊ ထိုမုဒိတာနှင့်တကွ စေတသိက်ပေါင်း မည်မျှဖြစ်သနည်း၊ ရေတွက်ပြပါ။

**၁၉၈၃–ခုနှစ်**

၁။ စိတ်၌ဖြစ်၍ စိတ်ကို ခြယ်လှယ်တတ်သော သဘောတရားများကို မည်သို့ ခေါ်ပါသနည်း၊ ယင်းသဘောတရားပေါင်း မည်မျှရှိပါသနည်း၊ ဖော်ပြပါ။

http://www.dhammadownload.com



၂။ စကားပြောရာတွင် ပါဝင်တတ်သော "စေတနာ–မာန–ဒေါသ–သတိ–ပညာ"ဟူသော စကားလုံးတို့၏ မြန်မာလို အဓိပ္ပာယ်ကို ဖော်ပြပါ။
၃။ မနာလိုခြင်း– ဝန်တိုခြင်းလက္ခဏာရှိသော သဘောတရားများသည် မည်သည့်စေတသိက်များ ဖြစ်ပါသနည်း။ ယင်းစေတသိက်များသည် မည်သည့်စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း။ ဖော်ပြပါ။
၄။ မြတ်စွာဘုရားသခင် ပြုံးရွှင်တော်မူသောအခါ ဖြစ်ပေါ်သည့် ဟသိတုပ္ပါဒ်စိတ်၌ယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။

## ၁၉၈၄–ခုနှစ်

၁။ လူတို့ နေ့စဉ်ပြောဆိုရာတွင် ပါဝင်သော "ဝေဒနာ– ဝီရိယ– ဣဿာ– မစ္ဆရိယ– သဒ္ဓါ"ဟူသော စကား ၅–လုံး၏ ဆိုလိုရင်း အဓိပ္ပာယ်ကို မြန်မာလို ဖော်ပြပါ။
၂။ သူတစ်ပါး ဆင်းရဲဒုက္ခရောက်နေသည်ကို မြင်၍ သနားခြင်းလက္ခဏာရှိသော ကရုဏာ စေတသိက်သည် မည်သည့်စိတ်များနှင့်ယှဉ်၍ ဖြစ်နိုင်ပါသနည်း။ ရေတွက်ပြပါ။
၃။ သီချင်းသံကြားသောအခါ ဖြစ်သောစိတ်၌ ယှဉ်နိုင်သောစေတသိက်များကို ဖော်ပြပါ။

## ၁၉၈၅–ခုနှစ်

၁။ မိမိမိတ်ဆွေ၏ ပစ္စည်းကို ခိုးယူပြီးခါမှ "ငါ မှားလေစွ"ဟု နောင်တရမှုသည် မည်သည့် စေတသိက်ဖြစ်ပါသနည်း။ ၎င်းစေတသိက်သည် မည်သည့်စိတ်နှင့် ယှဉ်တွဲဖြစ်ပါသနည်း။
၂။ အောက်ပါ စကား ၅–လုံး၏ ဆိုလိုရင်း အဓိပ္ပာယ်ကို အဘိဓမ္မာသဘာဝဆိုက်အောင် ရေးသားပါ။
(က) အဟိရိက၊ (ခ) အနောတ္တပ္ပ၊ (ဂ) သဒ္ဓါ၊ (ဃ) ပီတိ၊ (င) သမ္မာဝါစာ
၃။ အဆင်းလှ၍ မာနကြီးသူတစ်ဦးအား မာနသည် အမြဲတမ်း ဖြစ်နေပါသလား။ ဖြစ်သော အခါ မည်သည့်စိတ်တွင် ယှဉ်၍ ဖြစ်ပါသနည်း။

## ၁၉၈၆–ခုနှစ်

၁။ ဖဿ– မနသိကာရ– အဓိမောက္ခ– ဆန္ဒ– သမ္မာအာဇီဝ စေတသိက်တို့၏ အဘိဓမ္မာ သဘောလက္ခဏာကို မြန်မာဘာသာဖြင့် ရေးပါ။
၂။ စာကျက်နေစဉ် ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း၊ တွေဝေထိုင်းမှိုင်းခြင်းတို့သည် အဘယ်စေတသိက်တို့၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း။ ယင်းစေတသိက်တို့သည် အဘယ်စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း။ အသီးသီး ဖြေဆိုပါ။

http://www.dhammadownload.com



၃။ မနာလိုခြင်း၊ ဝန်တိုခြင်းသဘောတရားတို့သည် လောဘမူစိတ်နှင့် သက်ဆိုင်ပါသလော၊ သို့မဟုတ် ဒေါသမူစိတ်နှင့် သက်ဆိုင်ပါသလော၊ စစ်ကြောဝေဖန်ပြီး မင်္ဂစိတ်နှင့် အတူဖြစ်ခွင့်ရသော စေတသိက်သရုပ်ကိုလည်း ထုတ်ပြပါ။

၄။ အောက်ပါစေတသိက်များကို ကုန်စင်အောင် ရေတွက်ပြပါ။

(က) သဗ္ဗာကုသလသာဓာရဏစေတသိက်၊

(ခ) သဗ္ဗာကုသလယောဂီစေတသိက်၊

## ၁၉၈၇–ခုနှစ်

၁။ စေတသိက်၏ လက္ခဏာများကို ဖော်ပြပြီးလျှင် စိတ်ဟူသမျှနှင့် ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။

၂။ စေတနာ–မာန–ဝိစိကိစ္ဆာ–သဒ္ဓါ–မုဒိတာစေတသိက်တို့၏ အဘိဓမ္မာသဘောလက္ခဏာကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၃။ အလိုရမ္မက်ကြီးသူနှင့် စိတ်တို စိတ်ဆတ်သူ နှစ်ဦးတို့တွင် မည်သူသည် မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်ပါသနည်း၊ သမ္ပယောဂနည်းအရ စိစစ်ပြပါ။

၄။ လိပ်ပြာကလေးတစ်ကောင်ကို ဖမ်းယူပြီး သနားသဖြင့် မသတ်ဘဲ လွှတ်လိုက်သူ၌ မည်သည့်စိတ် ဖြစ်ပါသနည်း၊ မည်သည့်စေတသိက်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ အသီးသီး ဖြေဆိုပါ။

## ၁၉၈၈–ခုနှစ်

၁။ "ပညာ– သညာ– ဝေဒနာ– စေတနာ– ကရုဏာ" ဟူသော စေတသိက်တို့၏ သဘောလက္ခဏာတို့ကို အသီးသီး ရေးသားခဲ့ပါ။

၂။ လိမ်ပြောမည် ကြံပြီးမှ မလိမ်တော့ဘဲ အမှန်ကို ပြောဆိုရာ၌ မည်သည့်စေတသိက်ဖြစ်ပါသနည်း၊ ယင်းစေတသိက်နှင့် ယှဉ်ဘက်စိတ်များကိုပါ ဖော်ပြပါ။

၃။ (က) ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ ဘုရားရှိခိုးသူ၊ (ခ) ကြောင်းကျိုးမမြင် ဉာဏ်မထင်ဘဲ ဘုရားရှိခိုးသူတို့ရသော မဟာကုသိုလ်တို့ကို ဖော်ပြပါ။

၄။ စိတ်တို့တွင် စေတသိက်အနည်းဆုံး ယှဉ်သောစိတ်ကို ၎င်းယှဉ်ရာစေတသိက်နှင့်တကွ ဖော်ပြပါ။

× × × × ×

http://www.dhammadownload.com



သာသနာရေးဦးစီးဌာန၏ း

# အဘိဓမ္မာ (ပထမဆင့်)

# စေတသိက်ပိုင်း

## ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ်ထိ )

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၈၉–ခုနှစ်

**၁** အောက်ပါ စေတသိက်များ၏ သဘောလက္ခဏာများကို မှန်ကန်အောင် ရေးပြပါ။

စေတနာ၊ သဒ္ဓါ၊ ပီတိ၊ သတိ၊ စိတ္တပဿဒ္ဓိ။

စေတနာ = ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ရန် စေ့ဆော်ခြင်း (တိုက်တွန်းနှိုးဆော်ခြင်း) သဘော၊

သဒ္ဓါ = မှန်ကန်သော ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် ကံ, ကံ၏အကျိုးစသည်ကို ကြည်ညိုလေးမြတ် ယုံကြည်တတ်သော သဘော၊

ပီတိ = အာရုံကို နှစ်သက်ခြင်းသဘော၊

သတိ = ဘုရား, တရား စသော ကောင်းသောအာရုံ၌ အောက်မေ့ အမှတ်ရခြင်း (မမေ့မလျော့ခြင်း) သဘော၊

စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးမှုသဘော၊

**၂** အောက်ပါတို့၌ မည်သည့် စေတသိက်များ ဖြစ်သည်ကို အမည်မျှ ညွှန်ပြခဲ့ပါ။

(က) ဆရာ၊ မိဘစကားဟူသော အာရုံကို နှလုံးသွင်းမှု၊
(ခ) အာရုံတစ်ပါး စိတ်မသွားဘဲ စိတ်တည်ကြည်မှု၊
(ဂ) အရာရာကို လိုလားတောင့်တခြင်း၊
(ဃ) ဘုရား၊ တရား၌ ယုံမှား သံသယဖြစ်ခြင်း၊
(င) တည်ငြိမ်မှု မရှိဘဲ စိတ်ပျံ့လွင့်ခြင်း၊

http://www.dhammadownload.com



(က) ဆရာ၊ မိဘစကားဟူသော အာရုံကို နှလုံးသွင်းမှု = မနသိကာရ
(ခ) အာရုံတစ်ပါး စိတ်မသွားဘဲ စိတ်တည်ကြည်မှု = ဧကဂ္ဂတာ
(ဂ) အရာရာကို လိုလားတောင့်တခြင်း = ဆန္ဒ
(ဃ) ဘုရား၊ တရား၌ ယုံမှား သံသယဖြစ်ခြင်း = ဝိစိကိစ္ဆာ
(င) တည်ငြိမ်မှု မရှိဘဲ စိတ်ပျံ့လွင့်ခြင်း = ဥဒ္ဓစ္စ

❷ လူတို့ ခေါ်ဝေါ်သုံးစွဲလေ့ရှိသော "ပညာ"ဟူသော စကားသည် အဘယ်စေတသိက်အမည် ဖြစ်ပါသနည်း။ ဖော်ပြ၍ ယင်းပညာနှင့် ယှဉ်သောစိတ်တို့ကိုလည်း အကျဉ်းသချ်ာသရုပ်မျှ ဖော်ထုတ်ရေးပြပါ။

လူတို့ ခေါ်ဝေါ်သုံးစွဲလေ့ရှိသော "ပညာ"ဟူသော စကားသည်–

ပညိန္ဒြေ (အမောဟ)စေတသိက်၏ အမည်ဖြစ်ပါသည်။

ယင်း ပညာနှင့် ယှဉ်သောစိတ်တို့ကို အကျဉ်းသချ်ာမျှ ဖော်ထုတ်ရေးပြရသော်–

| | | | |
|---|---|---|---|
| ကာမသောဘန | ဉာဏသမ္ပယုတ်စိတ် | = | ၁၂–ပါး |
| | မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး |
| | လောကုတ္တရာစိတ် | = | ၈–ပါး (ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း | ပညာယှဉ်သောစိတ် | = | ၄၇–ပါး (ကျဉ်း) / ၇၉–ပါး(ကျယ်) |

တို့ဖြစ်ကြပါသည်။

---

**၁၉၉၀–ခုနှစ်**

❶ ဆန္ဒ၊ ဥဒ္ဓစ္စ၊ ဟိရီ၊ စိတ္တုလဟုတာ၊ မုဒိတာ စေတသိက်များ၏ သဘောလက္ခဏာများကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

ဆန္ဒ = အာရုံကို လိုလားတောင့်တခြင်း၏သဘော၊
ဥဒ္ဓစ္စ = စိတ်မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းသဘော၊
ဟိရီ = မကောင်းမှု ဒုစရိုက်များ ပြုလုပ်ရမည်ကို ရှက်ခြင်းသဘော၊
စိတ္တုလဟုတာ = စိတ်၏ လျင်မြန်ပေါ့ပါးမှုသဘော၊
မုဒိတာ = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

http://www.dhammadownload.com



❷ "သူ့အပေါ်မှာ ကိုယ်မေတ္တာရှိလိုက်တာ"ဟူသောစကား၌ "မေတ္တာ"အစစ်အမှန် အရကောက်ပြ၍ ဝီရိယစေတသိက်နှင့် အတူတကွ မဖြစ်နိုင်သောစိတ်တို့ကိုလည်း သရုပ်ရေတွက်ပြပါ။

"မေတ္တာ" အစစ်အမှန် အရ–

"အဒေါသစေတသိက်" ကောက်ယူရမည် ဖြစ်ပါသည်။

ဝီရိယစေတသိက်နှင့် အတူတကွ မဖြစ်နိုင်သော စိတ်တို့မှာ–

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂–ပါး |
| သန္တီရဏစိတ် | = | ၃–ပါး |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ပေါင်း ဝီရိယမယှဉ်သောစိတ် | = | ၁၆–ပါး တို့ဖြစ်ကြပါသည်။ |

❸ မိမိတို့ သဘောအလျောက် တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံ အရှုံးမပေး ခွပ်နေကြသော ကြက်ကလေးနှစ်ကောင်၏ သန္တာန်၌ (ခွပ်နေခိုက်) ဖြစ်ပေါ်နေသော စိတ်, စေတသိက်တို့ကို ဖော်ပြပါ။

မိမိတို့ သဘောအလျောက် တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံ အရှုံးမပေး ခွပ်နေကြသော ကြက်ကလေးနှစ်ကောင်၏သန္တာန်၌ (ခွပ်နေခိုက်) ဖြစ်ပေါ်နေသော စိတ်မှာ–

"ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်" ဖြစ်ပါသည်။

ယင်း စိတ်နှင့်ယှဉ်သော စေတသိက်တို့မှာ–

| | | |
|---|---|---|
| သဗ္ဗစိတ္တ သာဓာရဏစေတသိက် | = | ၇–ပါး |
| ပီတိကြဉ်သော ပကိဏ်းစေတသိက် | = | ၅–ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄–ပါး |
| ဒေါသစေတသိက် | = | ၁–ပါး |
| ကုက္ကုစ္စစေတသိက် | = | ၁–ပါး |
| * (အနိုင်မခံ အရှုံးမပေးခွပ်နေခိုက်) | | |
| ပေါင်း စေတသိက် | = | ၁၈–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



၁၉၉၁–ခုနှစ်

❶ အမှုကိစ္စတို့၌ ကြံစည်၊ သုံးသပ်၊ ဆုံးဖြတ်၍၊ နှစ်သက်၊ လိုလားစွာ အားထုတ်မှုသည် အဘယ် စေတသိက်များ၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း။ မှန်ကန်အောင် ဖြေဆိုခဲ့ပါ။

အမှုကိစ္စတို့၌–

| | | |
|---|---|---|
| ကြံစည်မှု | = | ဝိတက်စေတသိက်၊ |
| သုံးသပ်မှု | = | ဝိစာရစေတသိက်၊ |
| ဆုံးဖြတ်မှု | = | အဓိမောက္ခစေတသိက်၊ |
| နှစ်သက်မှု | = | ပီတိစေတသိက်၊ |
| လိုလားမှု | = | ဆန္ဒစေတသိက်နှင့် |
| အားထုတ်မှု | = | ဝီရိယစေတသိက်တို့၏ သဘောလက္ခဏာများ ဖြစ်ကြပါသည်။ |

❷ "အသက် ဉာဏ်စောင့်"ဟူသော စကား၌ အသက်၊ ဉာဏ်ဟု ခေါ်ဆိုရသော စေတသိက် အမည်များကို ထုတ်ပြ၍ ဟိရီ, ဩတ္တပ္ပ, ဥဒ္ဓစ္စ, ကေဂ္ဂတာစေတသိက်တို့၏ သဘော လက္ခဏာများကိုလည်း ရေးသားခဲ့ပါ။

"အသက် ဉာဏ်စောင့်"ဟူသော စကား၌–

| | | |
|---|---|---|
| အသက် | = | ဇီဝိတိန္ဒြေစေတသိက်၊ |
| ဉာဏ် | = | ပညိန္ဒြေ (အမောဟ) စေတသိက်တို့ ဖြစ်ပါသည်။ |
| ဟိရီ | = | မကောင်းမှု ဒုစရိုက်များ ပြုလုပ်ရမည်ကို ရှက်ခြင်းသဘော၊ |
| ဩတ္တပ္ပ | = | မကောင်းမှု ဒုစရိုက်များ ပြုလုပ်ရမည်ကို ကြောက်ခြင်းသဘော၊ |
| ဥဒ္ဓစ္စ | = | စိတ်၏ မငြိမ်မသက်ခြင်း၊ ပျံ့လွင့်ခြင်းသဘော၊ |
| ကေဂ္ဂတာ | = | တစ်ခုတည်းသောအာရုံ၌ တည်တံ့ခြင်း၊ တည်ကြည်ခြင်းသဘော၊ |

❸ တပ်မက်ခြင်း (လောဘ)၊ ခက်ထန်ခြင်း (ဒေါသ)၊ တွေဝေခြင်း (မောဟ) စေတသိက်တို့နှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်တို့ကိုလည်း ခွဲခြား ဖြေဆိုခဲ့ပါ။

တပ်မက်ခြင်း (လောဘ)စေတသိက်နှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်မှာ–

"လောဘမူစိတ် ၈–ပါး" ဖြစ်ပါသည်။

http://www.dhammadownload.com



ခက်ထန်ခြင်း (ဒေါသ)စေတသိက်နှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်မှာ–
"ဒေါသမူစိတ် ၂–ပါး" ဖြစ်ပါသည်။

တွေဝေခြင်း (မောဟ)စေတသိက်နှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်မှာ–

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈–ပါး |
| ဒေါသမူစိတ် | = | ၂–ပါး |
| မောဟမူစိတ် | = | ၂–ပါး |
| ပေါင်း အကုသိုလ်စိတ် | = | ၁၂–ပါး လုံးဖြစ်ပါသည်။ |

❾ ဤမေးခွန်းသဘောကို အလေးမမူ၊ ဉာဏ်မကူဘဲ အလိုအလျောက် ထင်မြင်ရာကို ဖြေဆိုနေသော စာဖြေသူ၏ သန္တာန်၌ အဘယ်မည်သော စိတ်၊ စေတသိက်များ ဖြစ်ပေါ်နေပါသနည်း။ ရှင်းလင်းရေးသားခဲ့ပါ။

ဤမေးခွန်းသဘောကို အလေးမမူ၊ ဉာဏ်မကူဘဲ အလိုအလျောက် ထင်မြင်ရာကို ဖြေဆိုနေသော စာဖြေသူ၏ သန္တာန်၌–

"ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်" ဖြစ်ပေါ်နေပါသည်။

ထိုစိတ်နှင့်အတူ ဖြစ်ပေါ်နေသော စေတသိက်များမှာ–

| | | |
|---|---|---|
| ပီတိကြဉ်သော အညသမာန်းစေတသိက် | = | ၁၂–ပါး |
| သောဘနသာဓာရဏစေတသိက် | = | ၁၉–ပါး |
| ပေါင်း စေတသိက် | = | ၃၁–ပါး တို့ဖြစ်ကြပါသည်။ |

---

## ၁၉၉၂–ခုနှစ်

❶ "လှံ့လမမူ၊ နတ်မကူဘူး" ဟူသော စကား၌ လှံ့လဟု ခေါ်ဆိုထိုက်သည့် စေတသိက်အမည်ကိုဖော်ပြ၍ ယင်းစေတသိက်နှင့် အတူတကွဖြစ်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

"လှံ့လ မမူ၊ နတ် မကူဘူး" ဟူသော စကား၌ လှံ့လဟု ခေါ်ဆိုထိုက်သည့် စေတသိက် အမည်မှာ–

ဝီရိယစေတသိက်ဖြစ်ပါသည်။

http://www.dhammadownload.com



ယင်းစေတသိက်နှင့် အတူတကွဖြစ်သော စိတ်သရုပ်မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ကာမသောဘနစိတ် | = | ၂၄–ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး(ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း ဝီရိယယှဉ်သောစိတ် | = | ၇၃–ပါး(ကျဉ်း) / ၁၀၅–ပါး(ကျယ်)တို့ဖြစ်ကြပါသည်။ |

**၂** အငတ်ဘေးကြီး ဆိုက်ရောက်လျက်ရှိသော ဆိုမားလီးယားပြည်သူများအား သနားကြင်နာမှု ဖြစ်နေခြင်းသည် အဘယ်စေတသိက်၏ သဘောလက္ခဏာ ဖြစ်ပါသနည်း။ တိကျမှန်ကန်စွာ ဖော်ပြ၍ ယင်းစေတသိက်နှင့် ဆန့်ကျင်ဘက် စေတသိက်အမည်ကိုလည်း ညွှန်ပြပါ။

အငတ်ဘေးကြီး ဆိုက်ရောက်လျက်ရှိသော ဆိုမားလီးယားပြည်သူများအား သနားကြင်နာမှု ဖြစ်နေခြင်းသည်–

"ကရုဏာစေတသိက်"၏ သဘောလက္ခဏာ ဖြစ်ပါသည်။

ယင်းစေတသိက်နှင့် **ဆန့်ကျင်ဘက်စေတသိက်၏အမည်**မှာ–

"ဒေါသစေတသိက်" ဖြစ်ပါသည်။

**၃** "ရမ္မက်စံအိမ်" ဟူသော စကားဝယ် "ရမ္မက်"ဟူသော လောကဝေါဟာရ၏ ပရမတ္ထသဘာဝကို ညွှန်ပြ၍ ယင်းပရမတ္ထသဘာဝနှင့် အတူတကွဖြစ်သော စိတ်ကိုလည်း ဖော်ပြပါ။

"ရမ္မက်စံအိမ်"ဟူသော စကားဝယ် "ရမ္မက်"ဟူသော လောကဝေါဟာရ၏ ပရမတ္ထသဘာဝမှာ–

လောကီအာရုံ ကာမဂုဏ်စိတ်တို့၌ ငြိကပ် တွယ်တာ လိုချင်မှုသဘောရှိသော "လောဘစေတသိက်" ဖြစ်ပါသည်။

http://www.dhammadownload.com



ယင်း လောဘစေတသိက်နှင့် အတူတကွဖြစ်သောစိတ်မှာ–
လောဘမူစိတ် ၈–ပါး ဖြစ်ပါသည်။

---

၁၉၉၃–ခုနှစ်

❶ စေတသိက် ၅၂–ပါးတို့တွင် စိတ်အများဆုံး ယှဉ်နိုင်သောစေတသိက်နှင့် စိတ်အနည်းဆုံး ယှဉ်နိုင်သောစေတသိက်များကို ကောက်ပြ၍ ဝိရတီစေတသိက်၏ သဘောလက္ခဏာများကို လည်း ရှင်းလင်းရေးသားခဲ့ပါ။

စေတသိက် ၅၂–ပါးတို့တွင် ...

(က) **စိတ်အများဆုံး ယှဉ်နိုင်သောစေတသိက်များမှာ–**

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေနှင့် မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး တို့ဖြစ်ကြပါသည်။

(ခ) **စိတ်အနည်းဆုံး ယှဉ်နိုင်သောစေတသိက်မှာ–**

ဝိစိကိစ္ဆာစေတသိက် ၁–ပါး ဖြစ်ပါသည်။

**ဝိရတီစေတသိက်၏ သဘောလက္ခဏာများမှာ–**

**သမ္မာဝါစာ** = အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

**သမ္မာကမ္မန္တ**= အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

**သမ္မာအာဇီဝ** = အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးနှင့် ကာယ ဒုစရိုက် ၃–ပါးတို့မှ ရှောင်ကြဉ်ခြင်းသဘောတို့ အသီးသီးဖြစ်ကြပါသည်။

❷ "အသက် ဉာဏ်စောင့်၊ ဥစ္စာ ကံစောင့်" ဟူသော စကားရပ်၌ ကံ,ဉာဏ်ဟု ခေါ်ဆိုရသော စေတသိက်အမည်များကို ဖော်ပြ၍ ယင်းစေတသိက်တို့နှင့် အတူတကွဖြစ်သော စိတ်တို့ကို လည်း ထုတ်ဆောင်ပြပါ။

"အသက် ဉာဏ်စောင့်၊ ဥစ္စာ ကံစောင့်" ဟူသော စကားရပ်၌–

"ကံ"ဟုခေါ်ဆိုရသော စေတသိက် = စေတနာစေတသိက်၊

http://www.dhammadownload.com



"ဉာဏ်"ဟုခေါ်ဆိုရသော စေတသိက် = ပညိန္ဒြေ(အမောဟ)စေတသိက် တို့ဖြစ်ပါသည်။

ယင်း **စေတနာစေတသိက်နှင့် အတူတကွဖြစ်သော စိတ်တို့မှာ-**

= စိတ်အကျဉ်း (၈၉)ပါး / စိတ်အကျယ် (၁၂၁)ပါး တို့ဖြစ်ပါသည်။

**"ပညိန္ဒြေစေတသိက်"နှင့် အတူတကွဖြစ်သောစိတ်တို့မှာ-**

| | | | |
|---|---|---|---|
| ကာမသောဘန | ဉာဏသမ္ပယုတ်စိတ် | = | ၁၂-ပါး |
| | မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| | လောကုတ္တရာစိတ် | = | ၈-ပါး (ကျဉ်း) / ၄၀-ပါး(ကျယ်) |
| ပေါင်း | ပညာယှဉ်သောစိတ် | = | ၄၇-ပါး (ကျဉ်း) / ၇၉-ပါး(ကျယ်) |

တို့ဖြစ်ပါသည်။

**၃** **စိတ်ချင်းထူးအောင် ပြုတတ်သော စေတသိက်တို့တွင် မည်သည့် စေတသိက်က မည်သည့် စိတ်ကို မည်သို့ ထူးခြားအောင် ပြုပါသနည်း။ ပြည့်စုံအောင် ရှင်းလင်းရေးသားခဲ့ပါ။**

**စိတ်ချင်းထူးအောင် ပြုတတ်သော (ဝိသေသက) စေတသိက်တို့မှာ-**

| | | |
|---|---|---|
| ဝိတက်, ဝိစာရ, ပီတိ, သုခ(ဝေဒနာ) ဟူသော ဈာနင်တရား | = | ၄-ပါး |
| အပ္ပမညာ | = | ၂-ပါး |
| ဝိရတီ | = | ၃-ပါး |
| ဉာဏ်(ပညိန္ဒြေ) | = | ၁-ပါး |
| ပေါင်း | = | ၁၀-ပါး |

တို့ဖြစ်ကြပါသည်။

ယင်းစေတသိက်တို့၏ စိတ်တစ်မျိုးနှင့်တစ်မျိုး မတူကွဲပြား ထူးခြားအောင်ပြုပုံကို ပြည့်စုံစွာဖော်ပြရသော် **ဈာန်စိတ်တို့တွင်...**

၁။ **ဝိတက်သည်** = မဟဂ္ဂုတ်, လောကုတ္တရာ ပဌမဈာန်စိတ်၌သာ ယှဉ်၍ ဒုတိယဈာန် စသည်တို့၌ မယှဉ်သောကြောင့် ပဌမဈာန်စိတ်မှ ဒုတိယဈာန် စသည်ကို ထူးခြားအောင် ပြုပါသည်။

http://www.dhammadownload.com



၂။ **ဝိစာရသည်** = ပ,ဒုဈာန်စိတ်တို့၌သာ ယှဉ်၍ တတိယဈာန် စသည်တို့၌ မယှဉ်သောကြောင့် ပ,ဒုဈာန်စိတ်မှ တတိယဈာန်စိတ် စသည်ကို ထူးခြားအောင်ပြုပါသည်။

၃။ **ပီတိသည်** = ပ,ဒု,တဈာန်စိတ်တို့၌သာ ယှဉ်၍ စတုတ္ထဈာန် စသည်တို့၌ မယှဉ်သောကြောင့် ပ,ဒု,တဈာန်စိတ်မှ စတုတ္ထဈာန်စိတ် စသည်ကို ထူးခြားအောင် ပြုပါသည်။

၄။ **သုခသည်** = ပ,ဒု,တ,စ ဈာန်စိတ်တို့၌သာ ယှဉ်၍ ပဉ္စမဈာန် စသည်တို့၌ မယှဉ်သောကြောင့် ပ,ဒု,တ,စ ဈာန်စိတ်မှ ပဉ္စမဈာန်စိတ် စသည်ကို ထူးခြားအောင် ပြုပါသည်။

၅။ **အပ္ပမညာဒွေသည်** = မဟဂ္ဂုတ် ပ,ဒု,တ,စ ဈာန်စိတ်တို့၌သာ ယှဉ်၍ မဟဂ္ဂုတ် ပဉ္စမဈာန်စိတ် စသည်တို့၌ မယှဉ်သောကြောင့် မဟဂ္ဂုတ် ပ,ဒု,တ,စ ဈာန်စိတ်မှ မဟဂ္ဂုတ် ပဉ္စမဈာန်စိတ်ကို ထူးခြားအောင် ပြုပါသည်။

**ကာမာဝစရစိတ်တို့တွင်–**

၁။ **အပ္ပမညာဒွေသည်** = မဟာကုသိုလ်, ကြိယာစိတ်တို့၌ ယှဉ်၍ မဟာဝိပါက်စိတ်၌ မယှဉ်သောကြောင့် မဟာကုသိုလ်, ကြိယာစိတ်တို့မှ မဟာဝိပါက်စိတ်တို့ကို ထူးခြားအောင် ပြုပါသည်။

၂။ **ဝိရတီ ၃–ပါးသည်** = မဟာကုသိုလ်စိတ်တို့၌ ယှဉ်၍ မဟာဝိပါက်, ကြိယာစိတ်၌ မယှဉ်သောကြောင့် မဟာကုသိုလ်စိတ်တို့မှ မဟာဝိပါက်, ကြိယာစိတ်တို့ကို ထူးခြားအောင် ပြုပါသည်။

၃။ **ဉာဏ်(ပညိန္ဒြေ)သည်** = မဟာကုသိုလ်,ဝိပါက်,ကြိယာ ပထမဒွေနှင့် တတိယဒွေတို့၌သာ ယှဉ်၍၊ ဒုတိယဒွေနှင့် စတုတ္ထဒွေတို့၌ မယှဉ်သောကြောင့် (ပ)နှင့်(တ)ဒွေတို့မှ (ဒု)နှင့်(စ)ဒွေတို့ကို ထူးခြားအောင်ပြုပါသည်။

၄။ **ပီတိသည်** = မဟာကုသိုလ်, ဝိပါက်, ကြိယာ ပထမဒွေနှင့် ဒုတိယဒွေတို့၌ သာယှဉ်၍၊ တတိယဒွေနှင့် စတုတ္ထဒွေတို့၌ မယှဉ်သောကြောင့် (ပ)နှင့်(ဒု)ဒွေတို့မှ (တ)နှင့် (စ)ဒွေတို့ကို ထူးခြားအောင်ပြုပါသည်။

http://www.dhammadownload.com



၁၉၉၄–ခုနှစ်

❶ "ပစ္စည်းမသိ၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း"ဟူသော အဆုံးအမ၌ မသိ၊ မတိုဟု သုံးနှုန်းထိုက်သော စေတသိက်တို့၏ အမည်ကို ညွှန်ပြ၍ ယင်းစေတသိက်တို့နှင့် အတူတကွဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။

"ပစ္စည်းမသိ၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း" ဟူသော အဆုံးအမ၌–

"မသိ"ဟု သုံးနှုန်းထိုက်သော စေတသိက်မှာ = အလောဘစေတသိက်ဖြစ်ပြီး

"မတို"ဟု သုံးနှုန်းထိုက်သော စေတသိက်မှာ = အဒေါသစေတသိက် ဖြစ်ပါသည်။

ယင်း "အလောဘ"၊ "အဒေါသ" စေတသိက်တို့နှင့် အတူတကွ ဖြစ်သောစိတ်တို့မှာ–

| | | |
|---|---|---|
| ကာမသောဘန | = | ၂၄–ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး (ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း ကာမသောဘနစိတ် | = | ၅၉–ပါး (ကျဉ်း) / ၉၁–ပါး(ကျယ်) |

❷ "အကုသိုလ်ပြုရန် မရှက် မကြောက်သောသူသည် တရားတော်၌ ကြည်ညိုသူ မမည်" ဟူသော စကား၌ မရှက်၊ မကြောက်၊ ကြည်ညိုဟု ညွှန်ပြအပ်သော စေတသိက်တို့၏ သဘောလက္ခဏာကို ရေး၍ ဉာဏ်၊ ဝီရိယနှစ်ပါးလုံးနှင့် မယှဉ်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

| | | | |
|---|---|---|---|
| မရှက်ဟု | ညွှန်ပြအပ်သော | စေတသိက် | = အဟိရိက |
| မကြောက်ဟု | ညွှန်ပြအပ်သော | စေတသိက် | = အနောတ္တပ္ပ |
| ကြည်ညိုဟု | ညွှန်ပြအပ်သော | စေတသိက် | = သဒ္ဓါစေတသိက်တို့ ဖြစ်ပါသည်။ |

၎င်းတို့၏ သဘောလက္ခဏာများမှာ–

| | | |
|---|---|---|
| အဟိရိက | = | မကောင်းမှုဒုစရိုက် ပြုရမည်ကို မရှက်တတ်သောသဘော၊ |
| အနောတ္တပ္ပ | = | မကောင်းမှုဒုစရိုက် ပြုရမည်ကို မကြောက်တတ်သောသဘော၊ |
| သဒ္ဓါ | = | မှန်ကန်သော ဘုရား၊ တရား၊ သံဃာနှင့် ကံ–ကံ၏အကျိုး စသည်ကို ယုံကြည် လေးမြတ် ကြည်ညိုတတ်သောသဘော။ |

http://www.dhammadownload.com



**ဉာဏ်၊ ဝီရိယ နှစ်ပါးလုံးနှင့် မယှဉ်သော စိတ်သရုပ်မှာ–**

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ်စိတ် | = | ၁၀–ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂–ပါး |
| သန္တီရဏစိတ် | = | ၃–ပါး |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ပေါင်း မယှဉ်သောစိတ် | = | ၁၆–ပါး တို့ဖြစ်ပါသည်။ |

❸ ခြင်ကိုက်သည်ကို မသတ်ဘဲ ရှောင်ကြဉ်သူသန္တာန်၌ဖြစ်သော စေတသိက်အမည်ကို တိကျစွာ ညွှန်ပြ၍ ယင်းစေတသိက်နှင့် အတူတကွဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။

**ခြင်ကိုက်သည်ကို မသတ်ဘဲ ရှောင်ကြဉ်သူသန္တာန်၌ဖြစ်သော စေတသိက်မှာ–**

သမ္မာကမ္မန္တ (ဝိရတီ) စေတသိက် ဖြစ်ပါသည်။

**ယင်းစေတသိက်နှင့် အတူတကွဖြစ်သောစိတ်တို့မှာ–**

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် (ရုံခါ) | = | ၈–ပါး |
| လောကုတ္တရာစိတ် (အမြဲ) | = | ၈–ပါး(ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း စိတ် | = | ၁၆–ပါး(ကျဉ်း) / ၄၈–ပါး(ကျယ်)တို့ဖြစ်ပါသည်။ |

❹ စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ ယှဉ်သင့်မှသာ ယှဉ်သော စေတသိက်တို့ကို ရေတွက်ပြပြီး ဩကာသကန်တော့ခန်းကို ဆရာကျက်ခိုင်း၍ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပါပါဖြင့် ကျက်နေကြသော ကျောင်းသားကလေးများ၏ သန္တာန်ဝယ် ဖြစ်နိုင်သော စိတ်, စေတသိက်တို့ကို ဖော်ပြပါ။

**စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ ယှဉ်သင့်မှသာ ယှဉ်သော စေတသိက်တို့မှာ–**

မာန၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ထိန–မိဒ္ဓ၊ ဝိရတီစေတသိက် ၃–ပါး၊ အပ္ပမညာ ၂–ပါး = ပေါင်း အနိယတယောဂီစေတသိက် ၁၁–ပါးတို့ ဖြစ်ကြပါသည်။

**ဩကာသကန်တော့ခန်းကို ဆရာကျက်ခိုင်း၍ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပါပါဖြင့်**

http://www.dhammadownload.com



ကျက်နေကြသော ကျောင်းသားကလေးများ၏ သန္တာန်ဝယ် ဖြစ်နိုင်သောစိတ်မှာ–

"သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊ သသင်္ခါရိက မဟာကုသိုလ်စိတ်" ဖြစ်ပြီး၊

ယင်းစိတ်နှင့် အတူဖြစ်နေသော စေတသိက်တို့မှာ–

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃–ပါး |
| သောဘနသာဓာရဏစေတသိက် | = | ၁၉–ပါး |
| ပညိန္ဒြေစေတသိက် | = | ၁–ပါး |
| ပေါင်း စေတသိက် | = | ၃၃–ပါး တို့ဖြစ်ပါသည်။ |

---

၁၉၉၅–ခုနှစ်

❶ "လူမှန်လျှင် ကြံရင်း သေရသည်" ဟူသော စကား၌ အကြံအစည်ကို ညွှန်ပြသည့် စေတသိက်အမည်ကို ထုတ်ပြ၍ ယင်းစေတသိက်နှင့် အတူတကွဖြစ်သောစိတ်သရုပ်ကိုလည်း ဖော်ပြပါ။

အကြံအစည်ကို ညွှန်ပြသည့် စေတသိက်မှာ–

"ဝိတက်စေတသိက်" ဖြစ်ပါသည်။

ယင်း "ဝိတက်" စေတသိက်နှင့် အတူတကွဖြစ်သော စိတ်သရုပ်မှာ–

| | | | |
|---|---|---|---|
| (ဒွေပဉ္စဝိညာဉ် ၁၀–ကြဉ်သော) | ကာမစိတ် | = | ၄၄–ပါး |
| (မဟဂ္ဂုတ် + လောကုတ္တရာ) | ပထမဈာန်စိတ် | = | ၁၁–ပါး |
| | ပေါင်း စိတ် | = | ၅၅–ပါး တို့ဖြစ်ပါသည်။ |

❷ ဥစ္စာခေ ပေါ်ကြွယ်ဝ၍ ဘဝင်မြင့် စိတ်ကြီးဝင်နေသူသန္တာန်၌ ရှိနေသော စေတသိက်အမည်ကို ဖော်ပြ၍၊ ယင်းစေတသိက်နှင့် အတူယှဉ်တွဲ ဖြစ်လေ့ရှိသော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

ဥစ္စာခေ ပေါ်ကြွယ်ဝ၍ ဘဝင်မြင့် စိတ်ကြီးဝင်နေသူသန္တာန်၌ ရှိနေသော စေတသိက်မှာ–

"မာနစေတသိက်" ဖြစ်ပါသည်။

ယင်း မာနစေတသိက်နှင့် အတူယှဉ်တွဲ ဖြစ်လေ့ရှိသော စိတ်သရုပ်မှာ–

လောဘမူစိတ် ၈–ပါးမှ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❸ ရတနာသုံးပါးနှင့် ကံ- ကံ၏အကျိုးတရားကို အကြောင်းမရှိ ယုံကြည်ကြသော ပုဂ္ဂိုလ်များ၏ သန္တာန်ဝယ် ဖြစ်နိုင်သောစိတ်၊ စေတသိက်တို့ကို ဖော်ပြ၍ ကမ္မာစောင့်တရားများကိုလည်း ညွှန်ပြပါ။

ရတနာသုံးပါး၊ ကံ- ကံ၏အကျိုးတရားကို ယုံကြည်ခြင်းသည် သဒ္ဓါ စေတသိက် ဖြစ်သဖြင့် **သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်များ၌ ဖြစ်နိုင်သောစိတ်မှာ**–

သောဘနစိတ်အကျဉ်း ၅၉–ပါး / အကျယ် ၉၁–ပါး၊

**စေတသိက်မှာ**– အညသမာန်းစေတသိက် ၁၃–ပါး + သောဘနစေတသိက် ၂၅–ပါး တို့ (ထိုက်သည့်အားလျော်စွာ) ဖြစ်ပါသည်။

(တစ်နည်း)

ရတနာသုံးပါး၊ ကံ– ကံ၏အကျိုးတရားကို **အကြောင်းမရှိ ယုံကြည်သော ပုဂ္ဂိုလ်ဟု ယူလျှင်** သောတာပန်ပုဂ္ဂိုလ်အဆင့် ရောက်မှသာ ဖြစ်နိုင်ပါမည်၊ ဤသို့ အကြောင်းမရှိ ယုံကြည်ခိုက်တွင် ဖြစ်နိုင်သော စိတ်, စေတသိက်တို့မှာ–

သောတာပတ္တိမဂ်စိတ်, ဖိုလ်စိတ်များနှင့် ယှဉ်ဘက်စေတသိက် ၃၆–ပါး (အညသမာန်း စေတသိက် ၁၃–ပါး + အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး) တို့ဖြစ်ပါသည်။

**ကမ္ဘာစောင့်တရားများမှာ**–

(၁) **ဟိရီ** = မကောင်းမှုဒုစရိုက်များ ပြုလုပ်ရမည်ကို ရှက်ခြင်းသဘော၊
(၂) **ဩတ္တပ္ပ** = မကောင်းမှုဒုစရိုက်များ ပြုလုပ်ရမည်ကို ကြောက်ခြင်းသဘော၊
ဟူသော စေတသိက်တရား ၂–ပါးတို့ ဖြစ်ကြပါသည်။

---

**၁၉၉၆–ခုနှစ်**

❶ "နေရာတိုင်းမှာ သူ့မျက်နှာ" ဟုပြောရလောက်အောင် စိတ်တိုင်း စိတ်တိုင်းနှင့် ယှဉ်တွဲ ဖြစ်နိုင်သော စေတသိက်တို့တွင် နောက်ဆုံးသုံးခု၏ ပရမတ္ထသဘာဝတို့ကို ဖြေဆို၍ "စဉ်းစားပြီးမှ ဆုံးဖြတ်ပါ" ဟူသော စကား၌ ပါဝင်သော စေတသိက်တို့၏ အမည် နာမတို့ကိုလည်း ဖော်ပြပါ။

စိတ်တိုင်း စိတ်တိုင်းနှင့် ယှဉ်တွဲဖြစ်နိုင်သော (သဗ္ဗစိတ္တသာဓာရဏ) စေတသိက်တို့တွင်

http://www.dhammadownload.com



နောက်ဆုံး သုံးခု၏ ပရမတ္ထသဘာဝမှာ–

(၁) ကေဂ္ဂတာ = တစ်ခုတည်းသောအာရုံ၌ တည်တံ့ခြင်း၊ တည်ကြည်ခြင်း သဘော၊

(၂) ဇီဝိတိန္ဒြေ = မိမိနှင့်ယှဉ်ဘက် နာမ်တရားတို့ကို စောင့်ရှောက်ခြင်းသဘော၊

(၃) မနသိကာရ = စိတ်ထဲ၌ အာရုံပေါ်လာအောင် နှလုံးသွင်းပြုပေးခြင်းသဘော တို့ဖြစ်ကြပါသည်။

"စဉ်းစားပြီးမှ ဆုံးဖြတ်ပါ" ဟူသော စကား၌ ပါဝင်သော စေတသိက်တို့၏ အမည်ကို ဖော်ပြရသော်–

(၁) ဝိတက္ကစေတသိက် (စဉ်းစား) နှင့်

(၂) အဓိမောက္ခစေတသိက် (ဆုံးဖြတ်)တို့ ဖြစ်ပါသည်။

❷ ဆယ်သိန်းထီပေါက်သူတစ်ယောက်အား "ကြက်ကန်း ဆန်အိုးတိုးတာပါကွာ"ဟု မနာလိုသော စိတ်ထားဖြင့် ပြောဆိုသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို တိကျစွာ ဖော်ပြ၍ ယင်း စေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

ဆယ်သိန်းထီပေါက်သူတစ်ယောက်အား "ကြက်ကန်း ဆန်အိုးတိုးတာပါကွာ" ဟု မနာလိုသောစိတ်ထားဖြင့် ပြောဆိုသူ၏ သန္တာန်၌ဖြစ်သော စေတသိက်မှာ–

ဣဿာစေတသိက် ဖြစ်ပါသည်။

ယင်း စေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်နိုင်သော စိတ်တို့ကို ရေတွက်ပြရသော်–

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် = ပေါင်း ဒေါသမူစိတ် ၂–ပါး တို့ဖြစ်ကြပါသည်။

❸ "စိတ်မှန်သမျှ ကြံစည်မှုနှင့် မကင်းကြ"ဟု ပြောဆိုနေကြသော အဘိဓမ္မာ အသိမဲ့ကြား အချို့သောသူများ၏ စကားကို ချေပသောအားဖြင့် ကြံစည်မှုနှင့် ကင်း၍ ဖြစ်နိုင်သောစိတ် တို့ကို ဖော်ပြပြီးလျှင် မတင့်တယ်သောစိတ် ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သော စိတ်ကို ဖြေဆိုပါ။

ကြံစည်မှု(ဝိတက်)နှင့် ကင်း၍ ဖြစ်နိုင်သောစိတ်တို့ကို ဖော်ပြရသော်–

http://www.dhammadownload.com



| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| ဒုတိယစျာန်စိတ် | = | ၁၁–ပါး |
| တတိယစျာန်စိတ် | = | ၁၁–ပါး |
| စတုတ္ထစျာန်စိတ် | = | ၁၁–ပါး |
| ပဉ္စမစျာန်စိတ် | = | ၂၃–ပါး |
| ပေါင်း စိတ် | = | ၆၆–ပါး တို့ဖြစ်ပါသည်။ |

**မတင့်တယ်သောစိတ်ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်မှာ–**

အသောဘနစိတ် ၃၀–ပါးတွင် ပါဝင်သော အဟိတ်ကြိယာ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။ (ပကိဏ်းပိုင်းမှ မေးခွန်းဖြစ်ပါသည်။)

❾ "ရုပ်မြင်သံကြား ကြိုဟ်တုသတင်း၌ ဝတ်မွတ်ခေါင်းပါး ဒုက္ခသည်များကို တွေ့မြင်ရသော သနားကြင်နာမှုသည် ကုသိုလ် ရ,မရ ရှင်းပြ၍ ကိုယ်ပိုင် လှုံ့လမရှိသောစိတ်တို့ကိုလည်း ထုတ်ဖော်ရေးသားပြပါ။

"ရုပ်မြင်သံကြား ကြိုဟ်တုသတင်း၌ ဝတ်မွတ်ခေါင်းပါး ဒုက္ခသည်များကို တွေ့မြင်ရသော သနားကြင်နာမှုသည် – "ကုသိုလ်" ရပါသည်။

အကြောင်းမှာ– ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာမှုဖြစ်ခြင်းသည် "ကရုဏာ စေတသိက်"၏ သဘောလက္ခဏာဖြစ်ပါသည်။

**ထို ကရုဏာစေတသိက်သည်–**

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာကြိယာစိတ် | = | ၈–ပါး |
| ရူပကုသိုလ် (ပ,ဒု,တ,စ)စျာန်စိတ် | = | ၄–ပါး |
| ရူပဝိပါက် (ပ,ဒု,တ,စ)စျာန်စိတ် | = | ၄–ပါး |
| ရူပကြိယာ (ပ,ဒု,တ,စ)စျာန်စိတ် | = | ၄–ပါး |
| ပေါင်း စိတ် | = | ၂၈–ပါး နှင့် ယှဉ်နိုင်ပါသည်။ |

ဤသို့ကရုဏာစေတသိက်ယှဉ်သော စိတ်များတွင် ကုသိုလ်စိတ်များ ပါဝင်နေသော ကြောင့် သနားကြင်နာမှုသည် ကုသိုလ်ရနိုင်ပါသည်။

http://www.dhammadownload.com



ကိုယ်ပိုင်လုံ့လ မရှိသောစိတ်တို့မှာ–
ဝီရိယစေတသိက် မယှဉ်သောစိတ်များ ဖြစ်၍ ၎င်းစိတ်တို့မှာ–

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂–ပါး |
| သန္တီရဏစိတ် | = | ၃–ပါး |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ပေါင်း စိတ် | = | ၁၆–ပါး ဖြစ်ပါသည်။ |

**၁၉၉၇–ခုနှစ်**

❶ သူတစ်ပါး၏ စေခိုင်းခြင်းကြောင့် မလွှဲသာ၍ သူ့ အသက်သတ်မှုကို ပြုနေသူ၏ သန္တာန်၌ ဖြစ်နိုင်သော စိတ်၊ စေတသိက်တို့ကို ဖော်ပြပြီးလျှင် ပြုပြီးသော ကုသိုလ်ကောင်းမှုကို အဖန်ဖန် အမှတ်ရနေသော ပုဂ္ဂိုလ်၏သန္တာန်ဝယ် မိုတွယ်၍ဖြစ်သော စေတသိက်ကိုလည်း ဖော်ပြပါ။

သူတစ်ပါး၏ စေခိုင်းခြင်းကြောင့် မလွှဲသာ၍ သူ့အသက်သတ်မှုကို ပြုနေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်မှာ–

"ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်" ဖြစ်ပါသည်။

ယင်းစိတ်နှင့် အတူဖြစ်နိုင်သော စေတသိက်တို့မှာ–

| | | |
|---|---|---|
| ပီတိကြဉ်သော အညသမာန်းစေတသိက် | = | ၁၂–ပါး |
| သဗ္ဗာကုသလ သာဓာရဏစေတသိက် | = | ၄–ပါး |
| ဒေါသစေတသိက် | = | ၁–ပါး |
| ပေါင်း စေတသိက် | = | ၁၇–ပါး တို့ဖြစ်ပါသည်။ |

ပြုပြီးသော ကုသိုလ်ကောင်းမှုကို အဖန်ဖန် အမှတ်ရနေသော ပုဂ္ဂိုလ်၏သန္တာန်ဝယ် မိုတွယ်၍ဖြစ်သော စေတသိက်မှာ– "သတိစေတသိက်" ဖြစ်ပါသည်။

❷ "လုံ့လ မကျူ၊ ဉာဏ် မကူဘဲ" ဟူသော စကား၌ "လုံ့လ၊ ဉာဏ်"ဟု ညွှန်ပြအပ်သော စေတသိက် အမည်မှန်တို့ကို ဖော်ပြ၍ ယင်းစေတသိက်တို့၏ ယှဉ်နိုင်သော စိတ်သရုပ်တို့ကိုလည်း အသီးသီး ထုတ်ဖော်ပြပါ။

http://www.dhammadownload.com



"လုံ့လ မကျ၊ ဉာဏ် မကျဘဲ" ဟူသော စကား၌–

"လုံ့လ"ဟု ညွှန်ပြအပ်သော စေတသိက်အမည် = ဝီရိယစေတသိက်

"ဉာဏ်"ဟု ညွှန်ပြအပ်သော စေတသိက်အမည် = ပညိန္ဒြေ(အမောဟ)စေတသိက်

[**"ဝီရိယ" စေတသိက်ယှဉ်သောစိတ်** = ၁၉၉၂–ခုနှစ်၊ နံပါတ် (၁)အဖြေကို ကြည့်ပါ။]

[**"ပညိန္ဒြေ"စေတသိက်ယှဉ်သောစိတ်** = ၁၉၈၉–ခုနှစ်၊ နံပါတ် (၃)အဖြေကို ကြည့်ပါ။ ]

**❸ "အကုသိုလ်၏ အပေါင်းအဖော်"ဟုဆိုနိုင်သော အကုသိုလ်စိတ် ဖြစ်တိုင်းပါဝင်ကြသည့် စေတသိက်များကို ဖော်ပြ၍ (က) စိတ်အနည်းဆုံးနှင့် ယှဉ်နိုင်သောစေတသိက်၊ (ခ) စေတသိက် အနည်းဆုံးနှင့် ယှဉ်သောစိတ် တို့ကိုဖော်ပြပါ။**

"အကုသိုလ်၏ အပေါင်းအဖော်"ဟု ဆိုနိုင်သော **အကုသိုလ်စိတ် ဖြစ်တိုင်းပါဝင်ကြသည့် စေတသိက်များမှာ**–

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇–ပါး |
| ဝိတက်စေတသိက် | = | ၁–ပါး |
| ဝိစာရစေတသိက် | = | ၁–ပါး |
| ဝီရိယစေတသိက် | = | ၁–ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄–ပါး |
| ပေါင်း စေတသိက် | = | ၁၄–ပါး ဖြစ်ပါသည်။ |

(က) **စိတ်အနည်းဆုံးနှင့်ယှဉ်သော စေတသိက်–**
ဝိစိကိစ္ဆာစေတသိက် ဖြစ်ပါသည်။
(ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ပါးနှင့်သာ ယှဉ်၏။)

(ခ) **စေတသိက်အနည်းဆုံးနှင့်ယှဉ်သော စိတ်–**
ဒွေပဉ္စဝိညာဏ် ၁၀–ပါး ဖြစ်ပါသည်။
(ဒွေပဉ္စဝိညာဏ် ၁၀–ပါးသည် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးနှင့်သာ ယှဉ်၏။)

**❹ ဝိသေသက (စိတ်ချင်းမတူ ထူးခြားကွဲပြားအောင် ပြုတတ်ကုန်သော) စေတသိက်များကို မှားအောင် ရေတွက်ပြ၍ စိတ္တေန သမမုဒ္ဒိသေ (စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း)**

http://www.dhammadownload.com



နည်းအရ ပီတိနှင့်ကရုဏာစေတသိက်ပေါင်း မည်မျှစီ ရှိကြသည်ကိုလည်း အသီးသီး ဖြေဆိုပါ။

ဝိသေသက (စိတ်ချင်းမတူ ထူးခြားကွဲပြားအောင် ပြုတတ်ကုန်သော) စေတသိက်များမှာ–

| | | |
|---|---|---|
| ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ(စျာနင်တရားများ) | = | ၄–ပါး |
| ဝိရတီစေတသိက် | = | ၃–ပါး |
| အပ္ပမညာစေတသိက် | = | ၂–ပါး |
| (ပညိန္ဒြေ) ပညာစေတသိက် | = | ၁–ပါး |

ပေါင်း – ဝိသေသကစေတသိက် = ၁၀–ပါးတို့ဖြစ်ပါသည်။

**စိတ္တုပ္ပါဒ် သမ္ပယုတ္တဒိသော (စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း)နည်းအရ–**

ပီတိစေတသိက်သည် = သောမနဿသဟဂုတ်စိတ် ၅၁–ပါးနှင့် ယှဉ်သောကြောင့် ပီတိပေါင်း ၅၁–ပါး အပြားရှိပါသည်။

ကရုဏာစေတသိက်သည် = ၂၈–ပါးသောစိတ်တို့၌ ယှဉ်သောကြောင့် ကရုဏာပေါင်း ၂၈–ပါး အပြားရှိပါသည်။

---

**၁၉၉၈–ခုနှစ်**

**၁** "မှသား မပါ၊ လက်ာ မချော"ဟု ယူဆလျက် အခကြေးငွေယူ၍ မတရား သက်သေလိုက်မည်ဟု ကြံစည်ပြီးမှ ရှောင်ကြဉ်သူ၌ ဖြစ်နိုင်သော စေတသိက်, ယင်းစေတသိက်၏ ယှဉ်နိုင်သော စိတ်သရုပ်တို့ကို အသီးသီးဖြေဆိုပါ။

"မှသား မပါ လက်ာ မချော" ဟုယူဆလျက် အခကြေးငွေယူ၍ မတရား သက်သေလိုက်မည်ဟု ကြံစည်ပြီးမှ ရှောင်ကြဉ်သူ၌ ဖြစ်နိုင်သော စေတသိက်မှာ–

"သမ္မာအာဇီဝ စေတသိက်" ဖြစ်ပါသည်။

ယင်း သမ္မာအာဇီဝစေတသိက်၏ ယှဉ်နိုင်သောစိတ်သရုပ်မှာ–

| | | | |
|---|---|---|---|
| မဟာကုသိုလ်စိတ် (ရုံခါ) | | = | ၈–ပါး |
| လောကုတ္တရာစိတ် (အမြဲ) | | = | ၈–ပါး(ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း | စိတ် | = | ၁၆–ပါး(ကျဉ်း) / ၄၈–ပါး(ကျယ်) တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



❷ ကုသိုလ်ကောင်းမှုဖြစ်ရန် အခြေခံကျသော စေတသိက်တို့တွင် မခွဲမခွါ အစုံလိုက်သာ ဖြစ်ကြသော စေတသိက်များကို အမည်မျှ ဖော်ပြ၍ ဉာဏ်နှင့်ယှဉ်ပြီး မှန်ကန်သည့် ဆုံးဖြတ်ချက် ချရာ၌ ပါဝင်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။

ကုသိုလ်ကောင်းမှုဖြစ်ရန် အခြေခံကျသော စေတသိက်တို့တွင် မခွဲမခွါ အစုံလိုက်သာ ဖြစ်ကြသော စေတသိက်များမှာ–

(၁) ကာယပဿဒ္ဓိ – စိတ္တပဿဒ္ဓိ၊
(၂) ကာယလဟုတာ – စိတ္တလဟုတာ၊
(၃) ကာယမုဒုတာ – စိတ္တမုဒုတာ၊
(၄) ကာယကမ္မညတာ – စိတ္တကမ္မညတာ၊
(၅) ကာယပါဂုညတာ – စိတ္တပါဂုညတာ၊
(၆) ကာယုဇုကတာ – စိတ္တုဇုကတာ တို့ဖြစ်ပါသည်။

ဉာဏ်နှင့်ယှဉ်ပြီး မှန်ကန်သည့် ဆုံးဖြတ်ချက်ချရာ၌ ပါဝင်သောစိတ်တို့မှာ–

| | | | |
|---|---|---|---|
| ကာမသောဘန | ဉာဏသမ္ပယုတ်စိတ် | = | ၁၂–ပါး |
| | မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး |
| | လောကုတ္တရာစိတ် | = | ၈–ပါး (ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း | ပညာယှဉ်သောစိတ် | = | ၄၇–ပါး (ကျဉ်း) / ၇၉–ပါး(ကျယ်) |

၎င်းစိတ်တို့သည် ဉာဏ်တည်းဟူသော "ပညာ (ပညိန္ဒြေ)စေတသိက်"နှင့်ဆုံးဖြတ်ချက်ချခြင်းဟူသော "အဓိမောက္ခစေတသိက်" ၂–ပါးလုံး ယှဉ်ကြပါသည်။

❸ "အကောင်းအဆိုး" စိတ်နှစ်မျိုးလုံးနှင့် ဆက်ဆံသော "နှစ်ဘက်ချွန်" စေတသိက်အစုကို သိသာရုံ ဖော်ပြ၍ မတူခြားနား ကွဲပြားခြင်းသဘောများနှင့် မကောင်းသော လောက၌ ကာမသောဘနစိတ်ကို မတူခြားနား ကွဲပြားအောင် ပြုတတ်သော စေတသိက်များကို ဖော်ထုတ်ရေတွက်ပြပါ။

"အကောင်းအဆိုး" စိတ်နှစ်မျိုးလုံးနှင့် ဆက်ဆံသော"နှစ်ဘက်ချွန်"စေတသိက်အစုမှာ–

| | | | |
|---|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇–ပါး | |
| ပကိဏ်းစေတသိက် | = | ၆–ပါး | |
| ပေါင်း အညသမာန်းစေတသိက် | = | ၁၃–ပါး | တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



**ကာမသောဘနစိတ်ကို မတူထူးခြား ကွဲပြားအောင် ပြုတတ်သော စေတသိက်များမှာ-**

| | |
|---|---|
| ကရုဏာ, မုဒိတာ (အပ္ပမညာစေတသိက်) | = ၂-ပါး |
| သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (ဝိရတီစေတသိက်) | = ၃-ပါး |
| ဉာဏ် (ပညိန္ဒြေစေတသိက်) | = ၁-ပါး |
| ပီတိ | = ၁-ပါး |
| ပေါင်း- စေတသိက် | = ၇-ပါးတို့ဖြစ်ပါသည်။ |

❾ **"စေတနာကောင်းသည်၊ စေတနာယုတ်သည်"ဟူသော လောကသုံး စကား၌ အဘယ် စေတနာသည်ကောင်း၍ အဘယ်စေတနာသည် ယုတ်ပါသနည်း။ ဖြေဆိုပြီးလျှင် လောကုတ္တရာ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့၌ ယှဉ်သော စေတသိက်တို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။**

''စေတနာကောင်းသည်၊ စေတနာယုတ်သည်'' ဟူသော လောကသုံး၊ စကား၌ **စေတနာစေတသိက်**သည် အလုံးစုံသော စိတ်အကျဉ်း-၈၉၊ စိတ်အကျယ် ၁၂၁-ပါး၌ ယှဉ်သောကြောင့်-

| | | |
|---|---|---|
| ကုသိုလ်စိတ် (အကျဉ်း-၂၁၊ အကျယ် ၃၇)= တို့နှင့်ယှဉ်ခိုက် | = | စေတနာသည် ကောင်း၍၊ |
| အကုသိုလ်စိတ် ၁၂-ပါးနှင့်ယှဉ်ခိုက် | = | စေတနာသည် ယုတ်မည်ဖြစ်ပါသည်။ |
| လောကုတ္တရာစတုတ္ထဈာန်စိတ်၌ | = | စေတသိက် ၃၃-ပါး |
| ။ ပဉ္စမဈာန်စိတ်၌လည်း | = | စေတသိက် ၃၃-ပါး ယှဉ်ပါသည်။ |

**ယင်းစေတသိက်တို့၏ ထူးခြားဟန်**မှာ-

စတုတ္ထဈာန်စိတ်၌ယှဉ်သော စေတသိက် ၃၃-ပါးသည် = သုခဝေဒနာနှင့်တကွဖြစ်၏။

ပဉ္စမဈာန်စိတ်၌ယှဉ်သော စေတသိက် ၃၃-ပါးသည် = ဥပေက္ခာဝေဒနာနှင့် တကွဖြစ်၏။

ဤသို့ ထူးခြားမှုရှိပါသည်။

http://www.dhammadownload.com



**၁၉၉၉-ခုနှစ်**

**၁** "တစ်မိုးအောက်မှာ တစ်ယောက်ထဲ" ဆိုသကဲ့သို့ စိတ်အားလုံးတို့တွင် စိတ်တစ်ပါးနှင့်သာ ယှဉ်သည့်စေတသိက်ကို သဘောလက္ခဏာနှင့်တကွ ဖော်ပြ၍ စေတသိက်တိုင်း၌ ရှိရမည့် လက္ခဏာ လေးပါးကိုလည်း ရေးသားပါ။

**စိတ်တစ်ပါးနှင့်သာ ယှဉ်သည့်စေတသိက်မှာ**- "ဝိစိကိစ္ဆာစေတသိက်" ဖြစ်ပါသည်။

**ဝိစိကိစ္ဆာ၏ သဘောလက္ခဏာမှာ**- ဘုရား တရား စသည်များ၌ ယုံမှားခြင်းသဘော ဖြစ်ပါသည်။

**စေတသိက်တိုင်း၌ ရှိရမည့်လက္ခဏာလေးပါးမှာ**-

၁။ ဧကုပ္ပါဒ = စိတ်နှင့်တူသော ဖြစ်ခြင်း၊
၂။ ဧကနိရောဓ = စိတ်နှင့်တူသော ချုပ်ခြင်း၊
၃။ ဧကာရမ္မဏ = စိတ်နှင့်တူသော အာရုံရှိခြင်း၊
၄။ ဧကဝတ္ထုက = စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း တို့ဖြစ်ပါသည်။

**၂** ကိုယ့်ထက်သာသူ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ လုပ်ငန်းကျော်ကြားမှု သတင်းကို ကြားရ၍ မနာလို ဖြစ်သော "ဦးကွက်လောက်တော့ ငါ့ကို ပြောဆိုသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို ယှဉ်ရာစိတ်နှင့်တကွ ဖော်ပြ၍ ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိ (အစိမောက္ခ မယှဉ်)သောစိတ်တို့ကိုလည်း ဖော်ပြပါ။

ကိုယ့်ထက်သာသူ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ လုပ်ငန်းကျော်ကြားမှု သတင်းကို ကြားရ၍ မနာလို ဖြစ်သူ၏ သန္တာန်၌ဖြစ်သော **စေတသိက်မှာ**- "ဣဿာ" ဖြစ်ပါသည်။

ထိုစေတသိက်သည် "ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်"၌ယှဉ်ပါသည်။

**အဓိမောက္ခ မယှဉ်သောစိတ်တို့မှာ**-

| | | |
|---|---|---|
| ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | = | ၁-ပါး |
| ဒွေပဉ္စဝိညာဏ်စိတ် | = | ၁၀-ပါး |
| ပေါင်း စိတ် | = | ၁၁-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❸ ကြက်သားစားလို၍ ကြက်သတ်ရန် ပြုပြီးမှ မသတ်တော့ဘဲ ရှောင်ကြဉ်သောသူအား မည်သည့် ဝိရတီဖြစ်သည်ကို တိကျစွာ ဖြေဆို၍ ဝိရတီစေတသိက်သုံးပါးနှင့် ယှဉ်သည့်စိတ်တို့ကိုလည်း အမြဲ ယှဉ်, မယှဉ်အားဖြင့် ခွဲခြားပြီး ရေးသားပါ။

ကြက်သားစားလို၍ ကြက်သတ်ရန် ပြုပြီးမှ မသတ်တော့ဘဲ ရှောင်ကြဉ်သောသူအား–
"သမ္ပတ္တဝိရတိ" ဖြစ်ပါသည်။

**ဝိရတီစေတသိက်သုံးပါးနှင့် ယှဉ်သည့်စိတ်တို့မှာ–**

အမြဲယှဉ်သောစိတ်မှာ = လောကုတ္တရာစိတ် ၈–ပါး
အမြဲမယှဉ်(ရံခါသာယှဉ်)သောစိတ်မှာ = မဟာကုသိုလ်စိတ် ၈–ပါး တို့ဖြစ်ပါသည်။

❹ အမှန်တရားကို ကွယ်ဝှက်ထားတတ်သော မောဟမူစိတ်နှစ်ပါးနှင့် ယှဉ်တွဲ ဖြစ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြ၍ စိတ်အကျယ် ၁၂၁–ပါးတို့တွင် သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့၏ အရေအတွက်ကိုလည်း သချာမျှ ဖော်ပြပါ။

**မောဟမူစိတ်နှစ်ပါးနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်တို့မှာ–**

| | | |
|---|---|---|
| ပီတိ, ဆန္ဒကြဉ်သော အညသမာန်းစေတသိက် | = | ၁၁–ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄–ပါး |
| ဝိစိကိစ္ဆာစေတသိက် | = | ၁–ပါး |
| ပေါင်း စေတသိက် | = | ၁၆–ပါး |

**စိတ်အကျယ် ၁၂၁–ပါးတို့တွင် ဏ္ဍြိယသောနည်း**

| | | |
|---|---|---|
| သောမနဿဝေဒနာ | = | ၆၂–ပါး |
| ဥပေက္ခာဝေဒနာ | = | ၅၅–ပါး |

ဖြစ်ပါသည်။

(မှတ်ချက်။ ဒုတိယပိုင်း မေးခွန်း, အဖြေသည် ပကိဏ်းပိုင်းတွင် အကျုံးဝင်ပါသည်။)

http://www.dhammadownload.com



## ၂၀၀၀–ခုနှစ်

❶ "မနာလိုခြင်း, ဝန်တိုခြင်း ကင်းရှင်းကြပါစေ" ဟူသော မေတ္တာပို့ဝယ် မနာလိုခြင်း, ဝန်တိုခြင်း တို့၏ စေတသိက် အမည်မှန်ကို ဖော်ပြ၍ ဝီရိယစေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်ခွင့်မရှိသော စိတ်သရုပ်တို့ကိုလည်း တွက်ပြပါ။

"မနာလိုခြင်း, ဝန်တိုခြင်း ကင်းရှင်းကြပါစေ" ဟူသော မေတ္တာပို့ဝယ် မနာလိုခြင်း, ဝန်တိုခြင်းတို့၏ စေတသိက် အမည်မှန်မှာ–

မနာလိုခြင်း = ဣဿာစေတသိက်
ဝန်တိုခြင်း = မစ္ဆရိယစေတသိက် တို့ ဖြစ်ပါသည်။

ဝီရိယစေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်ခွင့်မရှိသော စိတ်သရုပ်တို့မှာ–

| | | |
|---|---|---|
| ဒွေပဥ္စဝိညာဏ် | = | ၁၀–ပါး |
| သမ္ပဋိစ္ဆိုင်း | = | ၂–ပါး |
| သန္တီရဏ | = | ၃–ပါး |
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁–ပါး |

ပေါင်း ဝီရိယမယှဉ်သောစိတ်= ၁၆–ပါး တို့ဖြစ်ပါသည်။

❷ နလုံးလေပင့်၍ ဘဝင်မြင့်နေသူ၏ သန္တာန်၌ ဖြစ်သောစေတသိက်ကို ယှဉ်ရာစိတ်နှင့်တကွ တိကျစွာဖော်ပြ၍ "လောကပါလ" အမည်ရသည့် ကမ္ဘာစောင့်တရား နှစ်ပါးကိုလည်း သဘော လက္ခဏာနှင့်တကွ ဖြေဆိုပါ။

နလုံးလေပင့်၍ ဘဝင်မြင့်နေသူ၏ သန္တာန်၌ ဖြစ်သောစေတသိက်မှာ– "မာနစေတသိက်" ဖြစ်ပါသည်။ မာနစေတသိက်သည် အနိယတယောဂီစေတသိက်ဖြစ်၍ ထောင်လွှား တက်ကြွခိုက်၌ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါးနှင့် ယှဉ်ပါသည်။

"လောကပါလ" အမည်ရသည့် ကမ္ဘာစောင့်တရား နှစ်ပါး (ဟိရီ, ဩတ္တပ္ပ)ကို သဘောလက္ခဏာနှင့် ဖြေဆိုရသော်–

ဟိရီ = မကောင်းမှုဒုစရိုက်မှ ရက်တတ်, စက်ဆုပ်တတ်သော သဘောလက္ခဏာ၊
ဩတ္တပ္ပ= မကောင်းမှုဒုစရိုက်မှ ကြောက်ရွံ့ ထိတ်လန့်တတ်သော သဘောလက္ခဏာ၊

http://www.dhammadownload.com



❸ လောကုတ္တရာစိတ်ကို မတူထူးခြား ကွဲပြားအောင်ပြုနိုင်သော ဈာန်တရားများကို ဖော်ပြ၍ ဒေါသမူ အသင်္ခါရိကစိတ်၌ယှဉ်သည့် စေတသိက်တို့ကိုလည်း ဖြေဆိုပါ။

**လောကုတ္တရာစိတ်ကို မတူထူးခြား ကွဲပြားအောင်ပြုနိုင်သော ဈာန်တရားများမှာ-**

ဝိတက်, ဝိစာရ, ပီတိ, သုခ (ဝေဒနာ) ဈာနင်တရားများ ဖြစ်ပါသည်။

**ဒေါသမူ အသင်္ခါရိကစိတ်၌ယှဉ်သည့် စေတသိက်တို့မှာ-**

| | | |
|---|---|---|
| ပီတိကြဉ်သော- အညသမာန်းစေတသိက် | = | ၁၂-ပါး |
| သဗ္ဗာကုသလ သာဓာရဏစေတသိက် | = | ၄-ပါး |
| ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက် | = | ၄-ပါး |
| ယှဉ်နိုင်သမျှ စေတသိက် | = | ၂၀-ပါး |

(ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် အနိယတယောဂီစေတသိက်များဖြစ်ပြီး ရံခါ အသီးသီး ယှဉ်ခြင်းကြောင့် အမြဲယှဉ်စေတသိက် ၁၇-ပါး၊ တစ်ပြိုင်နက် ယှဉ်နိုင်သော စေတသိက် ၁၈-ပါးဖြစ်၏။)

❹ ဓမ္မကထိကဆရာတော်များ တရားဟောကြားခြင်းသည် "သမ္မာဝါစာ" ဖြစ်/မဖြစ် သမ္မာဝါစာ၏ လက္ခဏာကိုရှုကာ စိစစ်ဆုံးဖြတ်၍ ဝေဒနာတို့သည် ဣန္ဒြိယဘေဒနည်းအရ ငါးမျိုး ကွဲပြားရာ ယင်းငါးမျိုးတို့၏ အမည်တို့ကိုလည်း ဖော်ပြပါ။

**ဓမ္မကထိကဆရာတော်များ တရားဟောကြားခြင်းသည် 'သမ္မာဝါစာ' ဝိရတီ စေတသိက် မဖြစ်ပါ။**

အကြောင်းမှာ- သမ္မာဝါစာဝိရတီ စေတသိက်ဆိုသည်မှာ အသက်မွေးဝမ်းကျောင်းခြင်းလျှင် အကြောင်း မရှိသော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်းသဘော ဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားဟောကြားခြင်းသည် ကောင်းသောစကား ပြောဆို ဟောကြားခြင်းဟူသော 'ကထာသမ္မာဝါစာ' သဘောသာ ဖြစ်ပါသည်၊ ဝိရတီ သမ္မာဝါစာ မဟုတ်ပါ။

**ဝေဒနာတို့သည် ဣန္ဒြိယဘေဒနည်းအရ ငါးမျိုးကွဲပြားရာ ယင်းငါးမျိုးတို့၏ အမည်များမှာ-**

(၁) သုခဝေဒနာ

http://www.dhammadownload.com



(၂) ဒုက္ခဝေဒနာ
(၃) သောမနဿဝေဒနာ
(၄) ဒေါမနဿဝေဒနာ
(၅) ဥပေက္ခာဝေဒနာ တို့ဖြစ်ပါသည်။

---

၂၀၀၁–ခုနှစ်

❶ "တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်"ဟု အထူးပြု ပြောရလောက်အောင် အကုသိုလ် ဒုစရိုက်မှု ပြုလုပ်တိုင်း ပါဝင်လေ့ရှိသော စေတသိက်များကို ဖော်ပြ၍ စိတ်အများဆုံးနှင့် ယှဉ်သော စေတသိက်၊ စိတ်အနည်းဆုံးနှင့်ယှဉ်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။

"တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်"ဟု အထူးပြု ပြောရလောက်အောင် အကုသိုလ် ဒုစရိုက်မှု ပြုလုပ်တိုင်း ပါဝင်လေ့ရှိသော စေတသိက်များမှာ–

သဗ္ဗာကုသလယောဂီစေတသိက် ၁၄–ပါး ဖြစ်ပါသည်။

၎င်းတို့မှာ–

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇–ပါး |
| ဝိတက်, ဝိစာရ, ဝီရိယ– ပကိဏ်းစေတသိက် | = | ၃–ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် (မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ) | = | ၄–ပါး |
| ပေါင်း | = | ၁၄–ပါး ဖြစ်ပါသည်။ |

**စိတ်အများဆုံးနှင့်ယှဉ်သော စေတသိက်မှာ–**

သဗ္ဗစိတ္တသာဓာရဏစေတသိက် = ၇–ပါး

**စိတ်အနည်းဆုံးနှင့်ယှဉ်သော စေတသိက်မှာ–** ဝိစိကိစ္ဆာစေတသိက် ဖြစ်ပါသည်။

❷ "အရှက်အကြောက် ကြီးလွန်းတယ်" ဟူသော အသုံးအနှုန်းဝယ် အရှက်, အကြောက်တို့၏ ပရမတ် အမည်မှန်ကို ဖော်ဆောင်၍၊ ဆန္ဒစေတသိက်နှင့်ယှဉ်တွဲ၍ ဖြစ်နိုင်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



အရှက်, အကြောက်တို့၏ ပရမတ်အမည်မှန်မှာ–

ဟိရီနှင့် ဩတ္တပ္ပတို့ ဖြစ်ပါသည်။

ဆန္ဒစေတသိက်နှင့်ယှဉ်တွဲ၍ ဖြစ်နိုင်သောစိတ်တို့မှာ–

မောဟမူ ၂၊ အဟိတ်စိတ် ၁၈–ပါး၊ ပေါင်း (၂၀)ပါးကြဉ်သော စိတ်အကျဉ်း (၆၉)ပါး၊ စိတ်အကျယ် (၁၀၁)ပါး တို့ဖြစ်နိုင်ပါသည်။

❸ "အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ"ဟု တလွဲယူဆသောသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို လက္ခဏာနှင့်တကွ ဖြေဆို၍၊ လောကုတ္တရာ ဒုတိယစျာန်၌ ယှဉ်ခွင့် ရသော စေတသိက်တို့ကိုလည်း ရေးသားပါ။

"အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ"ဟု တလွဲယူဆသောသူ၏ သန္တာန် ၌ဖြစ်သော စေတသိက်မှာ– "ဒိဋ္ဌိစေတသိက်" ဖြစ်ပါသည်၊ ၎င်း၏လက္ခဏာမှာ မှားမှား ယွင်းယွင်း သိမြင် အယူမှားခြင်းသဘော ဖြစ်ပါသည်။

လောကုတ္တရာ ဒုတိယစျာန်၌ ယှဉ်ခွင့်ရသော စေတသိက်တို့မှာ–

| | | |
|---|---|---|
| ဝိတက်ကြဉ်သော အညသမာန်းစေတသိက် | = | ၁၂–ပါး |
| သောဘနသာဓာရဏ စေတသိက် | = | ၁၉–ပါး |
| ဝိရတီ စေတသိက် | = | ၃–ပါး |
| ပညာ စေတသိက် | = | ၁–ပါး |
| ပေါင်း | = | ၃၅–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



၂၀၀၂–ခုနှစ်

၁ "စိတ်ရှည်ဖွဲ့သန် သည်းညည်းခံ ပြုရန်သာသနာ"ဟု သာသနာပြုလိုသူတို့အတွက် လက်ကိုင်ကျင့်သုံးရမည့် တရားတို့တွင် "ဖွဲ့" အရ ဖြစ်သင့်သော စေတသိက်တရား၊ "သည်းခံခြင်း" အရ ဖြစ်သင့်သော စေတသိက်တရားတို့ကို တိကျစွာ ကောက်ပြ၍ ယင်း စေတသိက်တရားတို့နှင့်တကွ ဖြစ်ဖက်စိတ်တရားတို့ကိုလည်း တွဲဖက်ဖော်ပြပါ။

"ဖွဲ့"အရ ဖြစ်သင့်သော စေတသိက်တရားမှာ – ''ဝီရိယ''စေတသိက် ဖြစ်ပါသည်။

"သည်းခံခြင်း'အရ ဖြစ်သင့်သော စေတသိက်တရားမှာ – ''အဒေါသစေတသိက်'' ဖြစ်ပါသည်။

**ယင်းစေတသိက်တရားတို့နှင့်တကွ ဖြစ်ဖက်စိတ်တရားတို့မှာ–**

**ဝီရိယစေတသိက်သည်** – (ဒွေပဉ္စဝိညာဏ်–၁၀၊ သမ္ပဋိစ္ဆိုင်း–၂၊ သန္တီရဏ–၃၊ ပဉ္စဒွါရာဝဇ္ဇန်း–၁ = ပေါင်း ၁၆–ပါးကြဉ်သော) စိတ်အကျဉ်း (၇၃)ပါး၊ စိတ်အကျယ် (၁၀၅)ပါး တို့နှင့်တကွ ဖြစ်ပါသည်။

**အဒေါသစေတသိက်သည်**– သောဘနစိတ်အကျဉ်း (၅၉)ပါး၊ အကျယ် (၉၁)ပါး တို့နှင့်တကွ ဖြစ်ပါသည်။

၂ လူသားစစ်စစ်ဖြစ်သော မိဘသည်ပင် "ဖြဟ္မာမည်ရ ခေါ်ထိုက်ရအောင် ပြုတတ်သော စေတသိက်တရား"တို့ကို သဘောလက္ခဏာနှင့်တကွ ဖြေဆိုခဲ့ပါ။

**လူသားစစ်စစ်ဖြစ်သောမိဘသည်ပင် 'ဖြဟ္မာ မည်ရ ခေါ်ထိုက်ရအောင်ပြုတတ်သော စေတသိက်'' တရားတို့မှာ–**

မေတ္တာ (အဒေါသ)၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ (တတြမဇ္ဈတ္တတာ) တို့ဖြစ်ပါသည်။

**၎င်း စေတသိက်တရားတို့၏ သဘောလက္ခဏာများမှာ–**

**အဒေါသ** = သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောအားဖြင့် ဖြစ်ခြင်း သဘောလက္ခဏာ၊

**ကရုဏာ** = သူတစ်ပါး၏ ဆင်းရဲကို ပယ်ခြင်းငှာအလိုရှိခြင်း သဘောလက္ခဏာ၊

**မုဒိတာ** = သူတစ်ပါး၏စည်းစိမ်ကို ဝမ်းမြောက်ခြင်း သဘောလက္ခဏာ၊

http://www.dhammadownload.com



တတြမဇ္ဈတ္တတာ= စိတ်, စေတသိက်တို့ကို မိမိတို့ကိစ္စ၌ အပိုအလွန် မရှိရအောင် အလယ်အလတ် တည့်မတ်တတ် လျစ်လျူရှုတတ်သော သဘောလက္ခဏာ၊

❸ "ငါလုပ်တာ အဟုတ်" ဟု နားထင်သွေးရောက် အထင်ပေါက်နေသောသူ၏ သန္တာန်၌ ဖြစ်သော စေတသိက်၊ ယင်းစေတသိက်၏ ယှဉ်ဘက်စိတ်တို့ကိုလည်း ဖော်ပြပါ။

"ငါလုပ်တာ အဟုတ်" ဟု နားထင်သွေးရောက် အထင်ပေါက်နေသောသူ၏ သန္တာန်၌ ဖြစ်သော စေတသိက်မှာ–

မာနစေတသိက် ဖြစ်ပါသည်။

၎င်းစေတသိက်၏ ယှဉ်ဘက်စိတ်မှာ– ထောင်လွှားမှုဖြစ်ခိုက်၌ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄–ပါးနှင့် ယှဉ်ပါသည်။

---

၂၀၀၃–ခုနှစ်

❶ "စေတနာသည်ပင် ကံ" ဟု ဆိုကြရာ "ကံ၏ အကျိုးတရား ရှိလေသလား/ မရှိလေသလား" ဟုဖြစ်သော လေ့နှံ့စ်ဖက်နိုင်းသော စေတသိက်နှင့် "ကံ၏ အကျိုးတရား မရှိ" ဟု ယတိပြတ် ဆုံးဖြတ်မှုဖြင့် အယူမှားဘက်သို့ရောက်သော စေတသိက်ကို သဘောလက္ခဏာ နှင့်တကွ ဖြေဆိုရေးသားခဲ့ပါ။

"ကံ၏ အကျိုးတရား ရှိလေသလား/ မရှိလေသလား" ဟုဖြစ်သော လေ့နှံ့စ်ဖက်နိုင်းသော စေတသိက်မှာ– "ဝိစိကိစ္ဆာစေတသိက်" ဖြစ်ပါသည်။

၎င်းစေတသိက်၏ သဘောလက္ခဏာမှာ– ရတနာ ၃–ပါး, ကံ, ကံ၏အကျိုးတို့၌ ယုံမှားသံသယ ဖြစ်ခြင်းသဘော ဖြစ်ပါသည်၊

"ကံ၏အကျိုးတရား မရှိ" ဟု ယတိပြတ် ဆုံးဖြတ်မှုဖြင့် အယူမှားဘက်သို့ ရောက်သော စေတသိက်မှာ – "ဒိဋ္ဌိစေတသိက်" ဖြစ်ပါသည်။

၎င်းစေတသိက်၏ သဘောလက္ခဏာမှာ–မှားမှားယွင်းယွင်း သိမြင်အယူမှားခြင်း သဘော လက္ခဏာ ဖြစ်ပါသည်။

http://www.dhammadownload.com



၂ "ကာကွယ်ရေးလည်း မဟုတ်၊ ရှာနယ်ရေးလည်း မဟုတ်၊ တိုင်းပြည်ဘဏ္ဍာ ဆုတ်အောင် ဒါန မလုပ်နဲ့"ဟု ပြောသူ၏သန္တာန်၌ ဖြစ်သောတရားကို သဘောလက္ခဏာနှင့်တကွ ရေး၍၊ အမြဲမယှဉ်သော စေတသိက်တို့ကို ရေတွက်ပြကာ၊ ကရုဏာ, မုဒိတာ တရားနှစ်ပါး၏ သဘောလက္ခဏာကိုလည်း ရေးသားခဲ့ပါ။

**"ကာကွယ်ရေးလည်း မဟုတ်၊ ရှာနယ်ရေးလည်း မဟုတ်၊ တိုင်းပြည်ဘဏ္ဍာ ဆုတ်အောင် ဒါန မလုပ်နဲ့" ဟု ပြောသူ၏သန္တာန်၌ ဖြစ်သောတရားမှာ–**

"ဒိဋ္ဌိစေတသိက်" ဖြစ်ပါသည်။ (အကြောင်းမှာ– အကျိုးမရှိ ဒါနလုပ်၍ တိုင်းပြည်ဘဏ္ဍာ ကုန်ရှုံးသာဖြစ်မည်ဟု မှားယွင်းသော အယူရှိသောကြောင့် ဖြစ်၏။)

**၎င်းစေတသိက်၏ သဘောလက္ခဏာမှာ–** မှားမှားယွင်းယွင်း သိမြင် အယူမှားခြင်း သဘော လက္ခဏာဖြစ်ပါသည်။

(တစ်နည်း)

"မစ္ဆရိယစေတသိက်" ဖြစ်ပါသည်။ (အကြောင်းမှာ– တွန့်တို ဆုတ်နစ်မှု အနေအားဖြင့် ပြောသောကြောင့် ဖြစ်၏။)

**၎င်းစေတသိက်၏ သဘောလက္ခဏာမှာ–** မိမိတိုင်းပြည်၏စည်းစိမ်ကို လှို့ဝှက် ဝန်တိုခြင်းသဘော လက္ခဏာ ဖြစ်ပါသည်။

**အမြဲမယှဉ်သော စေတသိက်မှာ–** အနိယတယောဂီစေတသိက် ၁၁–ပါးဖြစ်သော "မာန၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ထိန, မိဒ္ဓ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ ကရုဏာ, မုဒိတာ တို့ဖြစ်ပါသည်။

**ကရုဏာ, မုဒိတာ တရားနှစ်ပါး၏ သဘောလက္ခဏာများမှာ–**

ကရုဏာ = သူတစ်ပါး၏ ဆင်းရဲကို ပယ်ခြင်းငှာ အလိုရှိခြင်း သဘောလက္ခဏာ၊

မုဒိတာ = သူတစ်ပါး၏ စည်းစိမ်ပြည့်စုံမှုကို ဝမ်းမြောက်ခြင်း သဘောလက္ခဏာ၊

၃ မနောဓာတ် သုံးပါးကို ရေတွက်ပြပြီးလျှင် အခြေအမြစ် ဟိတ်မရှိသောစိတ်တို့ကို ကောက်ပြ၍၊ ယှဉ်ဘက်စေတသိက်တို့ကိုလည်း ရေတွက်ပြပါ။

**မနောဓာတ် သုံးပါး** = ပဉ္စဒွါရာဝဇ္ဇန်း–၁ နှင့် သမ္ပဋိစ္ဆိုင်း–၂ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



အခြေအမြစ် ဟိတ်မရှိသောစိတ်မှာ = အဟိတ်စိတ် ၁၈–ပါး ဖြစ်ပါသည်။
ယှဉ်ဘက်စေတသိက်များမှာ = ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး ဖြစ်ပါသည်။

❾ "ငါသာလျှင် မြတ်၏၊ ငါသာလျှင် တတ်၏၊ ငါလိုလူ ဇမ္ဗူတွင် မရှိ"ဟု မာန်ထောင်နေသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော စေတသိက်ကို သဘောလက္ခဏာနှင့်တကွ ရေး၍ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော စေတသိက်တို့ကိုလည်း အစဉ်လိုက် ရေတွက်ခဲ့ပါ။

"ငါသာလျှင် မြတ်၏၊ ငါသာလျှင် တတ်၏၊ ငါလိုလူ ဇမ္ဗူတွင် မရှိ"ဟု မာန်ထောင်နေသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော စေတသိက်မှာ–
"မာနစေတသိက်" ဖြစ်ပါသည်။

၎င်းစေတသိက်၏သဘောလက္ခဏာမှာ– ထောင်လွှားတက်ကြွခြင်း သဘောဖြစ်ပါသည်။

အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသော စေတသိက်မှာ– သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး ဖြစ်ပါသည်။

၎င်းတို့ကို အစဉ်လိုက် ရေတွက်ပြရသော်– ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ တို့ဖြစ်ပါသည်။

❿ "နှစ်သက်မှု နှင့် အချစ်ပျက်မှု၊ တဏှာချစ် နှင့် မေတ္တာချစ်"တို့၏ သဘောလက္ခဏာကို ရေးခဲ့ပါ။

နှစ်သက်မှု (ပီတိ)၏ သဘောလက္ခဏာ = အာရုံကို နှစ်သက်ခြင်းသဘော၊
အချစ်ပျက်မှု (ဒေါသ)၏ သဘောလက္ခဏာ = ခက်ထန် ကြမ်းတမ်းခြင်းသဘော၊
တဏှာချစ် (လောဘ)၏ သဘောလက္ခဏာ = အာရုံ၌ တွယ်တာကပ်ငြိခြင်းသဘော၊
မေတ္တာချစ် (အဒေါသ)၏ သဘောလက္ခဏာ = မခက်ထန် မကြမ်းတမ်း၊ အကျိုးလိုလား ချမ်းသာစေခြင်းသဘော၊

http://www.dhammadownload.com



၂၀၀၄–ခုနှစ်

**၁** "စိတ်သွားတိုင်း ကိုယ်ပါ"ဟူသော စကားကဲ့သို့ စိတ်ဖြစ်တိုင်း ပါဝင်လေ့ရှိသော စေတသိက် အမည်များကို ဖော်ပြ၍ ၎င်းစေတသိက်တို့တွင် ရှေ့သုံးပါးတို့၏ လက္ခဏာတို့ကို ရေးခဲ့ပါ။

"စိတ်သွားတိုင်း ကိုယ်ပါ"ဟူသော စကားကဲ့သို့ စိတ်ဖြစ်တိုင်း ပါဝင်လေ့ရှိသော စေတသိက် အမည်များမှာ–

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး ဖြစ်ပါသည်။

၎င်းစေတသိက်တို့တွင် ရှေ့သုံးပါးတို့၏ လက္ခဏာတို့ကို ရေးပြရသော်–

ဖဿ၏ သဘောလက္ခဏာ = အာရုံကို တွေ့ထိခြင်းသဘော၊
ဝေဒနာ၏ သဘောလက္ခဏာ = အာရုံ၏ အရသာကို ခံစားခြင်းသဘော၊
သညာ၏ သဘောလက္ခဏာ = အာရုံကို မှတ်သားခြင်းသဘော ဖြစ်ပါသည်။

**၂** အရပ်တစ်ပါးရှိ မိဘ, မောင်နှမ, ဆွေမျိုးများကို အောက်မေ့လွမ်းဆွတ်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်သည်–

(က) သတိစေတသိက် ဟုတ် / မဟုတ်၊
(ခ) မည်သည့်စေတသိက် ဖြစ်သည်၊
(ဂ) ၎င်းစေတသိက်၌ စိတ်မည်မျှ ယှဉ်သည်ကို ဖော်ပြပါ။

အရပ်တစ်ပါးရှိ မိဘ, မောင်နှမ, ဆွေမျိုးများကို အောက်မေ့လွမ်းဆွတ်သူ၏ သန္တာန်၌ ဖြစ်သော စေတသိက်သည်–

(က) သတိစေတသိက် မဟုတ်ပါ။
(ခ) သညာစေတသိက် ဖြစ်ပါသည်။
(ဂ) ၎င်းစေတသိက်၌ ယှဉ်နိုင်သမျှသောစိတ်မှာ– စိတ်အကျဉ်း (၈၉)ပါး၊ အကျယ် (၁၂၁)ပါး ဖြစ်၍၊ လွမ်းဆွတ်ခိုက် လောဘမူစိတ် (၈)ပါးနှင့် ဒေါသမူစိတ် (၂)ပါး အသီးသီး ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



❸ (က) ဝီရိယနှင့်သာ ယှဉ်၍ ပီတိနှင့် မယှဉ်သော အဟိတ်စိတ်၊
(ခ) ဝီရိယ, ပီတိ နှစ်ပါးစုံယှဉ်သော အဟိတ်စိတ်တို့ကို ဖော်ပြပါ။

(က) ဝီရိယနှင့် သာယှဉ်၍ ပီတိနှင့်မယှဉ်သော အဟိတ်စိတ်မှာ–
"မနောဒွါရာဝဇ္ဇန်းစိတ်" ဖြစ်ပါသည်။

(ခ) ဝီရိယ, ပီတိ နှစ်ပါးစုံယှဉ်သော အဟိတ်စိတ်မှာ–
"ဟသိတုပ္ပါဒ်စိတ်" ဖြစ်ပါသည်။

---

## ၂၀၀၄–ခုနှစ်

❶ "သဒ္ဓါ, ပညာ၊ သမာ, ဝီရိ၊ စောင်းနှယ်ညှိသို့"ဟူသော လင်္ကာ၌ ပါဝင်သော သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယစေတသိက်တို့၏ အသီးသီးသော သဘောလက္ခဏာတို့ကို ဖြေဆိုခဲ့ပါ။

သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယ စေတသိက်တို့၏ အသီးသီးသော သဘောလက္ခဏာများမှာ–

| | | |
|---|---|---|
| သဒ္ဓါ | = | ရတနာသုံးပါး၊ ကံ, ကံ၏အကျိုး စသည်ကို ကြည်ညို လေးမြတ်ယုံကြည်တတ်သော သဘောလက္ခဏာ၊ |
| ပညာ | = | အာရုံ၏ သဘောအမှန်ကို ထိုးထွင်း၍ သိခြင်း၊ အမှားအမှန်ကို ခွဲခြား ချင့်ချိန် သိမြင်နိုင်ခြင်း သဘောလက္ခဏာ၊ |
| သမာဓိ(ဧကဂ္ဂတာ) | = | အာရုံ၌ တည်တံ့ခြင်း၊ စူးစိုက်တည်ကြည်ခြင်း သဘောလက္ခဏာ၊ |
| ဝီရိယ | = | သမ္ပယုတ်တရားတို့ကို ထောက်ပံ့နိုင်စေခြင်း သဘောလက္ခဏာ၊ |

❷ "အချစ်ကြီးလျှင် အမျက်ကြီးသည်"ဟုဆိုကြရာ အချစ်ကြီးနှင့် အမျက်ကြီးခြင်းသည် အတူတကွ ဖြစ်နိုင်/မဖြစ်နိုင် ဖြေဆိုပြီးလျှင်၊ အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သော စေတသိက်တို့ကို ဖော်ပြပါ။

"အချစ်ကြီးလျှင် အမျက်ကြီးသည်" ဟုဆိုကြရာ အချစ်ကြီးနှင့် အမျက်ကြီးခြင်းသည် အတူတကွ မဖြစ်နိုင်ပါ။ အကြောင်းမှာ – အချစ်ကြီးခြင်း (လောဘစေတသိက်) သည်

http://www.dhammadownload.com



လောဘမူစိတ် ၈-ပါးနှင့်ယှဉ်၍ အမျက်ကြီးခြင်း (ဒေါသစေတသိက်)သည် ဒေါသမူစိတ် ၂-ပါးနှင့်သာ ယှဉ်သောကြောင့် ဖြစ်ပါသည်။

**အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သော စေတသိက်တို့မှာ-**

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇-ပါး |
| ဝိတက်, ဝိစာရ, ဝီရိယ-ပကိဏ်းစေတသိက် | = | ၃-ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄-ပါး |
| ပေါင်း သဗ္ဗာကုသလယောဂီစေတသိက် | = | ၁၄-ပါး ဖြစ်ပါသည်။ |

❸ "ကရုဏာဒေါသနှင့် ပြောမိတာပါ"ဟု လောက၌ လူအများ သုံးနှုန်းနေကြရာ ၎င်းကရုဏာ ဒေါသ ဟူသော စကားသည် အဘိဓမ္မာအမြင်ဖြင့် ရှိနိုင်/ မရှိနိုင်ကို စာဖြေရှင်တို့၏ စိတ်ကူးဉာဏ်ဖြင့် ကွန့်မြူးပြပါ။

**"ကရုဏာဒေါသနှင့် ပြောမိတာပါ"ဟု လောက၌ လူအများသုံးနှုန်းနေကြရာ ၎င်းကရုဏာ ဒေါသ ဟူသော စကားသည် အဘိဓမ္မာအမြင်ဖြင့် မရှိနိုင်ပါ။**

အကြောင်းမှာ-

**ကရုဏာ** ဟူသည်မှာ- သူတစ်ပါး၏ဆင်းရဲကို ပယ်ဖျောက်စေလိုခြင်း လက္ခဏာ ရှိ၏။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာတတ်သော သဘောရှိပါသည်။

**ဒေါသ**သည် ခက်ထန်ကြမ်းတမ်းခြင်း လက္ခဏာရှိ၏။ မိမိ,သူတစ်ပါး နှစ်ဦးသားလုံးကို ဖျက်ဆီးတတ်သော သဘောရှိပါသည်။

ထို့ကြောင့် အဘိဓမ္မာအမြင်အားဖြင့် ကရုဏာနှင့် ဒေါသသည် သဘောလက္ခဏာ အားဖြင့် ကွဲပြား၍ အတူတကွ မဖြစ်နိုင်သောကြောင့် ကရုဏာဒေါသဟူသော စကားသည် 'မရှိနိုင်'ဟု ဆိုရခြင်း ဖြစ်ပါသည်။

❹ "မကောင်းလည်း ကံ၊ ကောင်းလည်း ကံ" ဟု ဗုဒ္ဓဘာသာအများစု ပြောဆိုတတ်ကြရာ ၎င်း၌ပါသော "ကံ" ဟူသည် မည်သည့်တရားကို ခေါ်ပါသနည်း။ ယှဉ်ဖော်ယှဉ်ဘက်တရား နှင့်တကွ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



**'မကောင်းလည်း ကံ၊ ကောင်းလည်း ကံ' ဟု ဗုဒ္ဓဘာသာအများစု ပြောဆိုတတ်ကြရာ၎င်း၌ပါသော 'ကံ' ဟူသည်မှာ–**

"စေတနာ"တရားကို ခေါ်ပါသည်။

**၎င်းစေတနာစေတသိက်သည်–** စိတ်အကျဉ်း (၈၉)ပါး၊ စိတ်အကျယ် (၁၂၁)ပါးနှင့် ယှဉ်ပါသည်။

| | | |
|---|---|---|
| မကောင်းကံ | = | အကုသိုလ်စေတနာ ၁၂–ပါး၊ |
| ကောင်းကံ | = | ကုသိုလ်စေတနာ ၂၁/၃၇–ပါး၊ |

---

## ၂၀၀၆–ခုနှစ်

❶ "ဝန်တိုမှုကင်းလျှင် အချစ်မမည်" ဟုဆိုရာ ဝန်တိုမှုနှင့် ချစ်ခြင်းသည် အတူယှဉ်တွဲ၍ ဖြစ်နိုင်/မဖြစ်နိုင် ဖြေဆိုပြီးလျှင်၊ "အကြောက်ရှိမှ အရှက်ရှိသည်" ဟုဆိုရာ ကြောက်ခြင်းနှင့် ရှက်ခြင်းသည် အတူယှဉ်တွဲ၍ ဖြစ်နိုင်/မဖြစ်နိုင်ကိုလည်း ဖြေဆိုခဲ့ပါ။

**"ဝန်တိုမှုကင်းလျှင် အချစ်မမည်" ဟုဆိုရာ ဝန်တိုမှုနှင့် ချစ်ခြင်းသည် အတူယှဉ်တွဲ၍** 'မဖြစ်နိုင်ပါ'။

အကြောင်းမှာ– ဝန်တိုမှု (မစ္ဆရိယစေတသိက်)သည် ဒေါသမူစိတ် ၂–ပါးနှင့်ယှဉ်ပြီး ချစ်ခြင်း(လောဘစေတသိက်)သည် လောဘမူစိတ် ၈–ပါးနှင့် ယှဉ်သောကြောင့် ဖြစ်ပါသည်။

**"အကြောက်ရှိမှ အရှက်ရှိသည်"ဟုဆိုရာ ကြောက်ခြင်းနှင့် ရှက်ခြင်းသည် အတူယှဉ်တွဲ၍** ဖြစ်နိုင်ပါသည်။

အကြောင်းမှာ– ကြောက်ခြင်း(ဩတ္တပ္ပ) နှင့် ရှက်ခြင်း(ဟိရီ)တို့သည် သောဘနသာဓာရဏ စေတသိက်များဖြစ်၍ သောဘနစိတ်ဖြစ်တိုင်း အမြဲယှဉ်နိုင် ဆက်ဆံနိုင်သောကြောင့် ဖြစ်ပါသည်။

❷ "လုံ့လနှင့်ကံ၊ ကျိုးပေးသန်၊ အကြံမပေါ်နှင့်" ဟူသော ဆုံးမစာပါ (က) လုံ့လ (ခ) ကံ (ဂ) အကြံ ဟူသော စေတသိက်တို့၏ သဘောလက္ခဏာကို ဖြေဆို၍ စိတ်၌ တင့်တယ်သောစိတ် (သောဘနစိတ်), မတင့်တယ်သောစိတ်(အသောဘနစိတ်)ရှိသကဲ့သို့ စေတသိက်၌လည်း ရှိနိုင်/မရှိနိုင် ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



''လုံ့လနှင့်ကံ၊ ကျိုးပေးသန်၊ အကြံမပေါ့နှင့်''ဟူသော ဆုံးမစာပါ–

(က) လုံ့လ(ဝီရိယ)စေတသိက် = သမ္ပယုတ်တရားတို့ကို ထောက်ပံ့ နိုင်စေခြင်း သဘောလက္ခဏာ၊

(ခ) ကံ(စေတနာ)စေတသိက် = အာရုံ၌သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်းသဘော လက္ခဏာ၊

(ဂ) အကြံ (ဝိတက်)စေတသိက် = သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပေးခြင်းသဘော လက္ခဏာ၊

**စိတ်၌ တင့်တယ်သောစိတ် (သောဘနစိတ်), မတင့်တယ်သောစိတ် (အသောဘနစိတ်) ရှိသကဲ့သို့ စေတသိက်၌လည်း ရှိနိုင် / မရှိနိုင် ဖြေဆိုရသော်–**

စေတသိက် ၅၂–ပါး၌ သောဘနစေတသိက် ၂၅–ပါး အုပ်စုအားဖြင့် လာရှိသဖြင့် **တင့်တယ်သော (သောဘန)စေတသိက် ရှိပါသည်။**

**မတင့်တယ်သော (အသောဘန)စေတသိက်ဟူ၍ သီးခြားအုပ်စု ဖော်ပြထားခြင်း မရှိပါ။**

သို့သော် အသောဘနစိတ် ၃၀–ပါးဖြစ်သော– အကုသိုလ်စိတ် ၁၂–ပါး၊ အဟိတ်စိတ် ၁၈–ပါးတို့အနက် အဟိတ်စိတ် ၁၈–ပါး၌သာယှဉ်သော သီးခြားစေတသိက်များ မရှိသဖြင့် အကုသိုလ်စိတ်များနှင့်သာယှဉ်သော အကုသိုလ်စေတသိက် ၁၄–ပါးကို မတင့်တယ်သော (အသောဘန)စေတသိက်ဟု ပရိယာယ်အားဖြင့် ခေါ်ဆိုနိုင်မည် ဖြစ်ပါသည်။

**၃** **"ကိုယ်နှင့်မစာ လူတကာ မေတ္တာမတုံးနှင့်" ဟူ၍ ပြောဆိုဆုံးမကြရာ ၎င်းဆုံးမစကား၌ပါသော "တကယ့်မေတ္တာစစ် မေတ္တာမှန်၏ စေတသိကာစမ္မ" ကိုဖော်ပြ၍ ယင်းနှင့် ယှဉ်သော စိတ်ကို ဇာတိ,ဘူမိဘေဒအားဖြင့် ဖော်ပြပါ။**

**"ကိုယ်နှင့်မစာ လူတကာ မေတ္တာမတုံးနှင့်" ဟူ၍ ပြောဆို ဆုံးမကြရာ ၎င်း ဆုံးမစကား၌ပါသော "တကယ့်မေတ္တာစစ် မေတ္တာမှန်၏ စေတသိကာစမ္မ"မှာ–**

''အဒေါသစေတသိက်'' ဖြစ်ပါသည်။

http://www.dhammadownload.com



**ငင်းနှင့်ယှဉ်သောစိတ်မှာ–** သောဘနစိတ် အကျဉ်း (၅၉)ပါး၊
အကျယ် (၉၁)ပါး ဖြစ်ပါသည်။

**ငင်းစိတ်ကို ဇာတိဘေဒအားဖြင့် ဖော်ပြရသော်–**

| | | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|---|
| အကုသိုလ်စိတ် | = | မရှိပါ | မရှိပါ |
| ကုသိုလ်စိတ် | = | ၂၁–ပါး | ၃၇–ပါး |
| ဝိပါက်စိတ် | = | ၂၁–ပါး | ၃၇–ပါး |
| ကြိယာစိတ် | = | ၁၇–ပါး | ၁၇–ပါး |
| ပေါင်း သောဘနစိတ် | = | ၅၉–ပါး | ၉၁–ပါး |

**ဘူမိဘေဒအားဖြင့် ဖော်ပြရသော်–**

| | | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|---|
| ကာမာဝစရစိတ် | = | ၂၄–ပါး | ၂၄–ပါး |
| ရူပါဝစရစိတ် | = | ၁၅–ပါး | ၁၅–ပါး |
| အရူပါဝစရစိတ် | = | ၁၂–ပါး | ၁၂–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး | ၄၀–ပါး |
| ပေါင်း သောဘနစိတ် | = | ၅၉–ပါး | ၉၁–ပါး |

❾ "မျဉ်းပြိုင်နှစ်စင်း စိတ်စေခင်း" ဆိုသည့်အတိုင်း "ဖဿ" စိတ်, စေတသိက်ပေါင်း မည်မျှ ရှိသည်ကို သချာမျှဖော်ပြပြီးလျှင်၊ "ဌာနာဌာန ကောသလ္လ" ဆိုထားရာ ဌာနသရုပ်ကို လည်း ထုတ်ပြပါ။

**"မျဉ်းပြိုင်နှစ်စင်း စိတ်စေခင်း"ဆိုသည့်အတိုင်း 'ဖဿ' စိတ်, စေတသိက်ပေါင်းမှာ–**
၈၉ / ၁၂၁–ပါး ရှိပါသည်။

အကြောင်းမှာ– 'ဖဿ' စေတသိက်သည် စိတ် ၈၉/ ၁၂၁–ပါးနှင့် ယှဉ်နိုင်သော ကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**'ဈာနာဈာန ကောသလ္လ' ဆိုထားရာ ဈာန်(၁၀)ပါး သရုပ်မှာ-**

(၁) ပဋိသန္ဓေဈာန
(၂) ဘဝင်ဈာန
(၃) အာဝဇ္ဇန်းဈာန
(၄) ပဉ္စဝိညာဏ်ဈာန
(၅) သမ္ပဋိစ္ဆိုင်းဈာန
(၆) သန္တီရဏဈာန
(၇) ဝုဋ္ဌောဈာန
(၈) ဇောဈာန
(၉) တဒါရုံဈာန
(၁၀) စုတိဈာန တို့ဖြစ်ပါသည်။ (ပကိဏ်းပိုင်း၌ ပါဝင်ပါသည်။)

**❺ လူမှုနယ်ပယ်၌ အပယ်ခံအကျည်းတန်များရှိသလို ပရမတ်နယ်ပယ်၌လည်း အပယ်ခံ စေတသိက်များ ရှိနိုင်/မရှိနိုင် စိတ်အုပ်စုတို့အလိုက် ခွဲခြားဖြေဆိုပြီးလျှင်၊ စေတသိက် ၅၂-ပါးကိုလည်း ဈာန်အင်္ဂါအမည်ရသောစေတသိက်နှင့် ဈာန်အင်္ဂါအမည်မရသော စေတသိက်တို့ကိုလည်း သန်္ဂြဟမှု ခွဲခြားပြပါ။**

**လူမှုနယ်ပယ်၌ အပယ်ခံအကျည်းတန်များရှိသလို ပရမတ်နယ်ပယ်၌လည်း အပယ်ခံ စေတသိက်များ** (အကုသိုလ် စေတသိက် ၁၄-ပါး) ရှိနိုင်ပါသည်။

**ပယ်ရမည့် အကုသိုလ်စေတသိက်တို့ကို စိတ်အုပ်စုတို့အလိုက် ခွဲခြားဖြေဆို ရသော်-**

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ = အကုသိုလ်စိတ် ၁၂-ပါးလုံး၊
လောဘ = လောဘမူစိတ် ၈-ပါး၊
ဒိဋ္ဌိ = လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊
မာန = လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊

http://www.dhammadownload.com



| | | |
|---|---|---|
| ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | = | ဒေါသမူစိတ် ၂-ပါး၊ |
| ထိန-မိဒ္ဓ | = | အကုသိုလ် သ-သင်္ခါရိကစိတ် ၅-ပါး၊ |
| ဝိစိကိစ္ဆာ | = | ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ပါး၊ |
| စျာန်အင်္ဂါအမည်ရသော စေတသိက် | = | ၅-ပါး<br>ဝိတက်၊ ဝိစာရ၊ ပီတိ၊<br>ဝေဒနာ(သုခ၊ ဥပေက္ခာ)၊ ဧကဂ္ဂတာ |
| စျာန်အင်္ဂါအမည်မရသော စေတသိက် | = | ကြွင်း စေတသိက် ၄၇-ပါး |

---

**၂၀၀၇-ခုနှစ်**

**၁** **"မိဘအိုများ ချစ်သနား၊ ပစ်ထားစွန့်ခွါ၊ မသွားနှင့်"အညီ မိအို၊ ဖအိုတို့ကို ပြုစုစောင့်ရှောက်နေသော သားသမီးများ၏သန္တာန်၌ဖြစ်သော ပဓာနစေတသိကဓမ္မကို ဖော်ပြ၍ ၎င်းစေတသိက်နှင့် ယှဉ်တွဲဖြစ်သော စိတ်တို့ကို ကောက်ပြပါ။**

"မိဘအိုများ ချစ်သနား၊ ပစ်ထားစွန့်ခွါ၊ မသွားနှင့်'အညီ မိအို၊ ဖအိုတို့ကို ပြုစု စောင့်ရှောက်သော သားသမီးများ၏ သန္တာန်၌ဖြစ်သော ပဓာနစေတသိကဓမ္မမှာ- ကရုဏာစေတသိက် ဖြစ်ပါသည်။

၎င်း ကရုဏာစေတသိက်နှင့် ယှဉ်တွဲဖြစ်သော စိတ်တို့မှာ-

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| မဟဂ္ဂုတ် ပထမစျာန်စိတ် | = | ၃-ပါး |
| မဟဂ္ဂုတ် ဒုတိယစျာန်စိတ် | = | ၃-ပါး |
| မဟဂ္ဂုတ် တတိယစျာန်စိတ် | = | ၃-ပါး |
| မဟဂ္ဂုတ် စတုတ္ထစျာန်စိတ် | = | ၃-ပါး |
| ပေါင်း ကရုဏာယှဉ်သောစိတ် | = | ၂၈-ပါး ဖြစ်ပါသည်။ |

**၂** **"ကံကုန်၍ ဉာဏ်ထုံသည်"စကား၌ "ကံ ၊ ဉာဏ်"ဟူသော စေတသိက်အမည်မှန်တို့ကို ဖော်ပြပါ။**

http://www.dhammadownload.com



'ကံကုန်၍ ဉာဏ်ထုံသည်' စကား၌ 'ကံ ၊ ဉာဏ်'ဟူသော စေတသိက်အမည်မှန်တို့မှာ– ကံ = စေတနာ စေတသိက်
ဉာဏ် = ပညာ(အမောဟ)စေတသိက် တို့ ဖြစ်ပါသည်။

❸ "ငါ သူ့အပေါ်မှာ မေတ္တာမရှိပါဘူးကွာ"ဟူ၍ ပြောဆိုရာ၌ မေတ္တာတရား၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ်ကို သိသာရုံမျှ ဖော်ပြ၍ ၎င်းစိတ်တွင် တိုက်တွန်းမှုမရှိသော စိတ်၏ ယှဉ်ဘက်စေတသိက်တို့ကိုသာ ကောက်ပြပါ။

**မေတ္တာ(အဒေါသ)တရား၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်ကို သိသာရုံမျှ ဖော်ပြရသော်**
= ဒေါသမူစိတ် ၂–ပါး ဖြစ်ပါသည်။

၎င်းစိတ်တွင် **တိုက်တွန်းမှု မရှိသောစိတ်မှာ** – ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် 'အ'သင်္ခါရိက ဒေါသမူစိတ်တစ်ပါး ဖြစ်ပါသည်။

**ထိုတိုက်တွန်းမှုမရှိသောစိတ်၏ ယှဉ်ဘက်စေတသိက်တို့မှာ–**

| | | | |
|---|---|---|---|
| (ပီတိကြဉ်သော) | အညသမာန်းစေတသိက် | = | ၁၂–ပါး |
| | သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄–ပါး |
| | ဒေါသစေတသိက် | = | ၁–ပါး |
| ပေါင်း – | စေတသိက် | = | ၁၇–ပါး ဖြစ်ပါသည်။ |

(မနာလို၊ ဝန်တို၊ နှောင်တဖြစ်မှုအခိုက်များ မဟုတ်၍ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ စေတသိက်များ မယှဉ်နိုင်ပါ။)

❹ "ထကြွ နိုးကြား၊ သနား သည်းခံ၊ ဝေဖန် ကြည်ရှု၊ ဤခြောက်ခု ကြီးသူ့ကျင့်ရာ တရားတည်း"၌ ပါဝင်သော စေတသိကမ္မတို့၏ သဘောလက္ခဏာတို့ကို ရေးခဲ့ပါ။

**ထကြွ(ဝီရိယ)၏ သဘောလက္ခဏာ** = ယှဉ်ဘက်တရားတို့ကို ထောက်ပံ့နိုင်စေခြင်းသဘော၊ အားထုတ်ခြင်းသဘော၊

http://www.dhammadownload.com



| | | |
|---|---|---|
| နိုးကြား(သတိ)၏ သဘောလက္ခဏာ | = | ဘုရား၊ တရား စသော ကုသိုလ်ကောင်းမှု အာရုံကို အောက်မေ့ အမှတ်ရခြင်း သဘော၊ မမေ့မလျော့ခြင်းသဘော၊ |
| သနား(ကရုဏာ)၏ သဘောလက္ခဏာ | = | ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော၊ |
| သည်းခံ(အဒေါသ)၏ သဘောလက္ခဏာ | = | ဆန့်ကျင်ဘက် အာရုံများနှင့် တွေ့ကြုံသော်လည်း မခက်ထန် မကြမ်းတမ်းခြင်းသဘော၊ |
| ဝေဖန်(ဝိစာရ)၏ သဘောလက္ခဏာ | = | အာရုံကို သုံးသပ်ခြင်းသဘော၊ ထပ်၍ ထပ်၍ ယူခြင်းသဘော၊ |
| ကြည်ရွှ (ဇိဝိတိန္ဒြေ)၏ သဘောလက္ခဏာ | = | မိမိနှင့် ယှဉ်ဘက်နာမ်တရားတို့ကို စောင့်ရှောက်ခြင်းသဘော၊ |

---

## ၂၀၀၈–ခုနှစ်

❶ "ငါ မြတ်၏၊ ငါအမြတ်ဆုံး"ဟု မှတ်ထင်သော စေတသိကဓမ္မ၊ ယင်းဓမ္မ၏ ယှဉ်သောစိတ်ကို ဖော်ပြ၍ "မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာမည်"ဟု ဆိုကြရာ မနာလိုသောတရား၊ ဝန်တိုသောတရားတို့ကိုလည်း အမည်မှ ဖော်ပြခဲ့ပါ။

''ငါမြတ်၏၊ ငါအမြတ်ဆုံး'ဟု

| | | |
|---|---|---|
| မှတ်ထင်သော စေတသိကဓမ္မ | = | မာန စေတသိက် ဖြစ်ပါသည်။ |
| ယှဉ်သောစိတ် | = | လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ပါး |

'မနာလိုကင်း ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာမည်'ဟု ဆိုကြရာ–

| | | |
|---|---|---|
| မနာလိုသောတရား | = | ဣဿာ |
| ဝန်တိုသောတရား | = | မစ္ဆရိယ တို့ဖြစ်ပါသည်။ |

❷ ကိုယ်တိုင် မဆုံးဖြတ်နိုင်သော (အဓိမောက္ခ မယှဉ်သော) စိတ်တို့ကို ဖော်ပြ၍ စိတ်အနည်းဆုံး ယှဉ်သော စေတသိက်၏နာမည်ကိုလည်း ရေးပြပါ။

http://www.dhammadownload.com



**ကိုယ်တိုင် မဆုံးဖြတ်နိုင်သော အဝိမောက္ခ မယှဉ်သော စိတ်တို့မှာ–**

ဝိစိကိစ္ဆာသမ္ပယုတ်စိတ် = ၁–ပါး

ဒွေပဉ္စဝိညာဏ်စိတ် = ၁၀–ပါး

ပေါင်း = ၁၁–ပါး ဖြစ်ပါသည်။

**စိတ်အနည်းဆုံးယှဉ်သော စေတသိက်၏ နာမည်မှာ–** ဝိစိကိစ္ဆာစေတသိက် ဖြစ်ပါသည်။

❷ ဝိရတီ သုံးပါး ယှဉ်သောစိတ်တို့ကို နိယတ၊ အနိယတအားဖြင့် ခွဲခြားပြ၍ သနားမှုနှင့် ဝမ်းမြောက်မှု အတူတကွ ဖြစ်နိုင်၊ မဖြစ်နိုင်တို့ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပြပါ။

**ဝိရတီသုံးပါးယှဉ်သော စိတ်တို့ကို နိယတ၊ အနိယတအားဖြင့် ခွဲခြားပြရသော်–**

ဝိရတီစေတသိက် နိယတ(အမြဲ)ယှဉ်သောစိတ် = လောကုတ္တရာစိတ်အကျဉ်း ၈–ပါး၊ အကျယ် ၄၀–ပါး၊

〃 အနိယတ(ရံခါ) ယှဉ်သောစိတ် = မဟာကုသိုလ်စိတ် ၈–ပါး၊

**သနားမှု(ကရုဏာ)နှင့် ဝမ်းမြောက်မှု(မုဒိတာ)သည် အတူတကွ မဖြစ်နိုင်ပါ။ အကြောင်းပြ ဆုံးဖြတ်ရသော်–**

**သနားမှု** – ကရုဏာစေတသိက် = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော၊

**ဝမ်းမြောက်မှု** – မုဒိတာစေတသိက် = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

ဤသို့ သနားမှု(ကရုဏာ)နှင့် ဝမ်းမြောက်မှု(မုဒိတာ)တို့သည်– အာရုံပြုရာ ပညတ် အာရုံချင်း မတူညီသောကြောင့် တသီးတခြား တစ်ပါးစီသာ မိမိတို့ယှဉ်ရာစိတ်များနှင့် ယှဉ်နိုင်ပြီး အတူတကွ မဖြစ်နိုင်ပါ။

http://www.dhammadownload.com



## ၂၀၀၉-ခုနှစ်

❶ ရတနာသုံးပါးနှင့် ကံ၊ကံ၏အကျိုးတရားကို ယုံကြည်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်တို့ကို ဖော်ပြ၍ ၎င်းနှင့်ယှဉ်ဘက်စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားကို ယုံကြည်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်မှာ = သဒ္ဓါစေတသိက် ဖြစ်ပါသည်။

ယှဉ်ဘက်စိတ်တို့မှာ-

| | | | | |
|---|---|---|---|---|
| ကာမသောဘနစိတ် | = | ၂၄-ပါး ၊ | | |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး | | |
| လောကုတ္တရာစိတ်(အကျဉ်း) | = | ၈-ပါး ၊ | (အကျယ်) | ၄၀-ပါး |
| ပေါင်း - သောဘနစိတ်(အကျဉ်း) | = | ၅၉-ပါး ၊ | (အကျယ်) | ၉၁-ပါး |

❷ "မကောင်းမှုတွေ လုပ်ခဲ့တာ မှားလေခြင်း"ဟု နောင်တတွေ တလှလှ ရနေသူ၏ သန္တာန်၌ဖြစ်သော စေတသိက်အမည်ကို ဖော်ပြ၍ ကြင်နာမှုနှင့် ဝမ်းမြောက်မှု တစ်ပြိုင်နက်ဖြစ်နိုင်/ မဖြစ်နိုင်ကိုလည်း ဆုံးဖြတ်ပြပါ။

နောင်တတွေ တလှလှ ရနေသူ၏ သန္တာန်၌ဖြစ်သော စေတသိက်အမည်မှာ-
= ကုက္ကုစ္စစေတသိက် ဖြစ်ပါသည်။

ကြင်နာမှုနှင့် ဝမ်းမြောက်မှုတို့သည် တစ်ပြိုင်နက် မဖြစ်နိုင်ပါ။
အကြောင်းမှာ-

ကြင်နာမှု (ကရုဏာ)သည် - ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း သဘော၊

ဝမ်းမြောက်မှု (မုဒိတာ)သည် - သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း သဘော-ဖြစ်သောကြောင့် ...

အာရုံပြုရာ ပညတ်အာရုံချင်း မတူဘဲ တသီးတခြား တစ်ပါးစီသာ မိမိတို့ ယှဉ်ရာစိတ်များနှင့် အသီးသီး ယှဉ်ကြသောကြောင့် ကြင်နာမှု(ကရုဏာ)နှင့် ဝမ်းမြောက်မှု(မုဒိတာ)တို့သည် တစ်ပြိုင်နက် မဖြစ်နိုင်ပါ။

http://www.dhammadownload.com



❷ "စိတ်အကြံတွေက သိပ်မှန်နေလို့ ၊ လျှုဖြစ်အောင် လျှုမယ်လို့ ဆုံးဖြတ်ချက်ချကာ ဝမ်းမြောက်မှု ဖြစ်နေသူ"၏ သန္တာန်ဝယ် ဖြစ်ပေါ်နေသော စေတသိကဓမ္မတို့၏ သဘောလက္ခဏာတို့ကို ရေးသားပြပါ။

'စိတ်အကြံတွေက သိပ်မှန်နေလို့ လျှုဖြစ်အောင် လျှုမယ်'လို့ ဆုံးဖြတ်ချက်ချကာ ဝမ်းမြောက်မှု ဖြစ်နေသူ'၏ သန္တာန်ဝယ် ဖြစ်ပေါ်နေသော စေတသိကဓမ္မတို့၏ သဘော လက္ခဏာတို့မှာ–

| | |
|---|---|
| စိတ်အကြံ (ဝိတက်) | = အာရုံသို့ ယှဉ်ဖက်တရားတို့ကို တင်ပေးခြင်း သဘော၊ |
| လျှုဖြစ်အောင် လျှုမယ်(အလောဘ) | = လောကီအာရုံ ကာမဂုဏ်များကို မလိုချင်၊ မစုံမက်၊ စွန့်လွှတ်ခြင်းသဘော၊ |
| ဆုံးဖြတ်ချက်ချကာ (အဓိမောက္ခ) | = အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော၊ |
| ဝမ်းမြောက်မှု (ပီတိ) | = အာရုံကို နှစ်သက်ခြင်းသဘော၊ |

---

## ၂၀၁၀–ခုနှစ်

❶ ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက် ကြိုးကုတ်၊ အားမထုတ်ဘူး-ဟူရာ၌ ကြိုးကုတ် အားထုတ်သောတရား၏ သဘောကို သေချာစွာ ပြဆို၍၊ ၎င်းတရားနှင့် ယှဉ်/မယှဉ်သော စိတ်တို့ကိုလည်း မှန်ကန်စွာ ဖြေဆိုပြပါ။

ကြိုးကုတ် အားထုတ်သောတရား (ဝီရိယ)၏ သဘောကို သေချာစွာပြဆိုရသော်–

ဝီရိယ = ယှဉ်ဘက်တရားတို့ကို ထောက်ပံ့ ခိုင်ခံ့စေခြင်း၊ အားထုတ်ခြင်းသဘော ဖြစ်ပါသည်။

ဝီရိယတရားနှင့်ယှဉ်သော စိတ်တို့မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄–ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး (ကျဉ်း) / ၄၀–ပါး(ကျယ်) |
| ပေါင်း ဝီရိယယှဉ်သောစိတ် | = | ၇၃–ပါး (ကျဉ်း) / ၁၀၅–ပါး(ကျယ်) တို့ဖြစ်ကြပါသည်။ |

**ဝီရိယနှင့် မယှဉ်သော စိတ်တို့မှာ–**

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| သမ္ပဋိစ္ဆိုင်း | = | ၂–ပါး |
| သန္တီရဏ | = | ၃–ပါး |
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁–ပါး |
| ပေါင်း ဝီရိယမယှဉ်သောစိတ် | = | ၁၆–ပါး တို့ဖြစ်ပါသည်။ |

**၂** ရှောင်ကြဉ်ခြင်းက ဝိရတီဟုဆိုရာ ဝိရတီ၏ သဘာဝဓမ္မနှင့် ၎င်းဝိရတီ၏ယှဉ်ဘက်တရားများကို မှန်ကန်စွာ ဖြေဆိုပြပါ။

**ဝိရတီ၏ သဘာဝဓမ္မမှာ** – မကောင်းမှု ဒုစရိုက်၊ ဒုရာဇီဝများမှ ရှောင်ကြဉ်ခြင်း သဘော ဖြစ်ပါသည်။

ဝိရတီစေတသိက် (၃)ပါး ရှိပါသည်။ ၎င်းတို့ကို သဘာဝဓမ္မနှင့် ဖော်ပြရသော်–

**သမ္မာဝါစာ** = အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

**သမ္မာကမ္မန္တ** = အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

**သမ္မာအာဇီဝ** = အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သည့်တိုင် ဝစီဒုစရိုက် ၄–ပါး၊ ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

http://www.dhammadownload.com



ဝိရတီ၏ ယှဉ်ဘက်တရားတို့ကို မှန်ကန်စွာ ဖြေဆိုရသော်–

| | | အကျဉ်း | အကျယ် |
|---|---|---|---|
| မဟာကုသိုလ်စိတ် | = | ၈–ပါး(ရုံခါ) | ၈–ပါး (ရုံခါ) |
| လောကုတ္တရာစိတ် | = | ၈–ပါး(အမြဲတပေါင်းတည်း) | ၄၀–ပါး (အမြဲတပေါင်းတည်း) |
| ပေါင်း ဝိရတီ၏ယှဉ်ဘက်တရား | = | ၁၆–ပါး | ၄၈–ပါး |

❸ "တွယ်တာခြင်းက လွှမ်းဆွေးစရာ"ဟု စကားရှိရာ တွယ်တာတတ်သော စိတ်ဖြစ်တိုင်း ပါဝင် မပါဝင်သော အကုသိုလ်စေတသိက်တို့ကို ခွဲခြားပြ၍ မြင်သိစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်တို့ကိုလည်း ဖော်ပြပါ။

တွယ်တာတတ်သော (လောဘမူ)စိတ်ဖြစ်တိုင်း ပါဝင်သော အကုသိုလ်စေတသိက်များမှာ–

(၁) အမြဲပါဝင်သော အကုသိုလ်စေတသိက် = ၆–ပါး
သဗ္ဗာကုသလသာဓာရဏ စေတသိက် = ၄–ပါး
လောဘစေတသိက် = ၁–ပါး
ဒိဋ္ဌိစေတသိက် = ၁–ပါး

(၂) ရုံခါ ပါဝင်နိုင်သော အကုသိုလ်စေတသိက် = ၃–ပါး
မာန (ဆောင်လွှားခိုက်) = ၁–ပါး
ထိန–မိဒ္ဓ (ထိုင်းမှိုင်းခိုက်) = ၂–ပါး

(၃) လုံးဝ မပါဝင်နိုင်သော အကုသိုလ်စေတသိက် = ၅–ပါး
ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ = ၄–ပါး
ဝိစိကိစ္ဆာ = ၁–ပါး

မြင်သိစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်များမှာ–

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး ဖြစ်ပါသည်။

(စေတသိက်ပိုင်းပြီး၏)

http://www.dhammadownload.com



# အဘိဓမ္မာ (ပထမဆင့်)

# ပက်ိဏ်းပိုင်း

## ( ၁၉၇၂–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၂– ခုနှစ်

၁။ ဒေါသမူဒွေး၌ ရနိုင်သော ဝေဒနာ–ဟိတ်–ကိစ္စတို့ကို ဖော်ပြပါ။

၂။ ၅–ဒွါရ၌ဖြစ်သောစိတ်နှင့် ပညတ်ကို ကေန်အာရုံပြုသော စိတ်တို့ကို ထုတ်ပြပါ။

၃။ အလုံးစုံသော အာရုံကို အာရုံပြုနိုင်သော စိတ်တို့ကို ရေတွက်ပြ၍ ကာမဘုံ– ရူပဘုံ– အရူပဘုံတို့၌ဖြစ်သော ဝတ္ထုရုပ်များကို အသီးသီးဖော်ပြပါ။

### ၁၉၇၃–ခုနှစ်

၁။ ၅–ကိစ္စတပ်သောစိတ်များကို ထုတ်ပြ၍ ၎င်းကိစ္စများကိုလည်း ဖော်ပြပါ။

၂။ နိဗ္ဗာန်ကို (က) ကေန်အာရုံပြုသောစိတ်၊
(ခ) အနေကန်အာရုံပြုသောစိတ်တို့ကို ရေတွက်ပြပါ။

၃။ ဟဒယဝတ္ထုရုပ်ကို (က) အမြဲမှီသော လောကုတ္တရာစိတ်၊
(ခ) ရံခါမှီ– ရံခါမမှီသောစိတ်တို့ကို ထုတ်ပြပါ။

### ၁၉၇၆–ခုနှစ်

၁။ ပကိဏ်းပိုင်းလာ သင်္ဂဟ ၆–ပါးကို ရေတွက်ပြ၍ တိဟိတ်စိတ် ၄၇–ပါးကို ရေတွက်ပြပါ။

၂။ (က) လေးကိစ္စတပ်သောစိတ်နှင့် (ခ) ငါးဒွါရ၌ဖြစ်သောစိတ်တို့ကို ရေတွက်ပြပါ။

၃။ ဓမ္မာရုံ ၆–ပါးကို ရေတွက်ပြ၍ ဟဒယဝတ္ထုရုပ်ကို အမြဲမှီသောစိတ်တို့ကို ရေတွက်ပြပါ။

### ၁၉၇၇–ခုနှစ်

၁။ ဝေဒနာဘယ်နှစ်မျိုး ရှိပါသနည်း၊ မိမိခြေထောက်၌ ဆူးစူးခံရလျှင် မည်သည့် ဝေဒနာမျိုး ဖြစ်ပါသနည်း။

http://www.dhammadownload.com



၂။ လူတို့ ပင့်သနွှေနေသောအခါ– အိပ်ပျော်သောအခါ– သေသောအခါတို့၌ ဖြစ်နိုင်သော စိတ်တို့ ရေတွက်ဖော်ပြပါ။

၃။ လောကုတ္တရာစိတ် ၈–ပါးကို ဝေဒနာ–ဟိတ်–ကိစ္စ–ဒွါရ–အာရုံ–ဝတ္ထုအားဖြင့် ဝေဖန်ပြပါ။

**၁၉၇၈–ခုနှစ်**

၁။ အောက်ပါစိတ်များကို ရေတွက်ပြပါ။

(က) မျက်စိ–နား–နှာ–လျှာ–ကိုယ်ဟူသော ဒွါရ ၅–ပါး၌သာဖြစ်သောစိတ်၊

(ခ) မနောဒွါရ၌သာဖြစ်သောစိတ်၊

၂။ စိတ်–စေတသိက်များကို မှီ၍ဖြစ်ရသော လူကိုယ်ရှိ ဝတ္ထုရုပ် ၆–ပါးကို ရေတွက်ပြ၍ ဖောဋ္ဌဗ္ဗာရုံကို ကေန်အာရုံပြုနိုင်သည့် စိတ်များကို ရေတွက်ပြပါ။

၃။ ကျောင်းသားတစ်ယောက်သည် စာမေးပွဲဖြေရန် စာကျက်နေစဉ် အိပ်ပျော်သွားရာ အိပ်ပျော်နေစဉ် သူ၏စိတ်သည် မည်သည့်ဒွါရ၌ ဖြစ်ပြီး မည်သည့်အာရုံကို အာရုံပြုပါသနည်း။

**၁၉၇၉–ခုနှစ်**

၁။ သဟိတ်စိတ် မည်မျှရှိသည်ကို သင်္ချာမျှ ဖော်ပြ၍ ဧကဟိတ်စိတ်–ဒွိဟိတ်စိတ်– တိဟိတ်စိတ်များကို ခွဲခြားပြပါ။

၂။ လူ၌ ဒွါရ ၆–ပါးရှိရာ တစ်ဒွါရစီ၌သာဖြစ်သော စိတ်တို့ကို ဖော်ပြ၍ စိတ်နှင့် ဒွါရတို့ကို အသီးသီး ယှဉ်တွဲပြပါ။

၃။ အာရုံ ၆–ပါးတို့တွင် ဓမ္မာရုံဖြစ်ထိုက်သော တရားတို့ကို အဘိဓမ္မာသင်္ဂြိုဟ်လာအတိုင်း ကောက်ပြခဲ့ပါ။

၄။ လူ၏စိတ်ကို ဓာတ်အားဖြင့် ခွဲခြားရာ၌ ပဉ္စဝိညာဏဓာတ်–မနောဓာတ်–မနောဝိညာဏ ဓာတ်တို့သည် မည်သည့်ဝတ္ထုရုပ်တို့ကို မှီ၍ ဖြစ်ကြောင်း အသီးသီး ယှဉ်တွဲဖော်ပြခဲ့ပါ။

**၁၉၈၀–ခုနှစ်**

၁။ စိတ် ၈၉–ပါးတို့တွင် အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်တတ်သော ဇောစိတ်များ မည်မျှရှိ ပါသနည်း၊ ရေတွက်ပြပါ။

၂။ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို မည်သည့်စိတ်မျိုးဖြင့် မုချ သိမြင်နိုင်ပါသနည်း၊ ရှင်းလင်းဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၃။ ဤမေးခွန်းလွှာကို ကြည့်မြင်စဉ်ခဏ၌ ဖြစ်ပေါ်သောဝိညာဏဓာတ်နှင့် ၎င်း၏မှီရာဝတ္ထုကို ဖော်ပြခဲ့ပါ။

## ၁၉၈၁–ခုနှစ်

၁။ အောက်ပါအချိန်တို့၌ မည်သည့်ဝေဒနာများ ဖြစ်ပါသနည်း။

(က) ထန်းလျက်ကို စားသောအခါ၊ (ခ) လက်ကို မီးလောင်သောအခါ၊

၂။ လူ၌ရှိသော ဒွါရ ၆–ပါးတို့ကို ရေတွက်ဖော်ပြ၍ စက္ခုဒွါရ၌ဖြစ်သောစိတ်များကို သင်္ချာမျှ ဖော်ပြခဲ့ပါ။

၃။ လူ၌ရှိသော ဝိညာဏဓာတ် ၇–မျိုးကို ရေတွက်ဖော်ပြခဲ့ပါ။

## ၁၉၈၂–ခုနှစ်

၁။ ဧကဟိတ်–ဒွိဟိတ်–တိဟိတ်ဆိုသော စကား၌ အသီးသီး ပါဝင်နိုင်သော ဟိတ်တရားများကို ဖော်ပြပါ။

၂။ လူ၏ကိုယ်၌ရှိနေသော ဒွါရ ၆–ပါး၏အမည်ကို ဖော်ပြ၍ ၎င်းဒွါရ ၆–ပါးလုံး၌ မဖြစ်သော စိတ်များကို ဖော်ပြပါ။

၃။ အာရုံ ၆–ပါးရှိသည့်အနက် စက္ခုပသာဒသည် မည်သည့်အာရုံ၌ ပါဝင်သည်ကို ဖော်ပြပါ။

၄။ စိတ်တိုင်းသည် နှလုံးသား ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သလော၊ မှီ၍သာဖြစ်သောစိတ်၊ လုံးဝမှီ၍ မဖြစ်သောစိတ်တို့ကို ခွဲခြား ဖော်ပြပါ။

## ၁၉၈၃–ခုနှစ်

၁။ အောက်ပါအဘိဓမ္မာ သိဖွယ်ရာတို့ကို ဖော်ပြပါ။

(က) ခံစားချက် ဝေဒနာ ၃–မျိုး (ခ) အကုသိုလ်ဟိတ် ၃–မျိုး

(ဂ) အဗျာကတဟိတ် ၃–မျိုး

၂။ မနောဒွါရ၌ဖြစ်သော စိတ်များကို ရေတွက်ဖော်ပြပါ။

၃။ ဓမ္မာရုံဟူသည် မည်သည့်တရားမျိုး ဖြစ်ပါသနည်း၊ ရုပ်တိုင်းသည် ဓမ္မာရုံဖြစ်နိုင်ပါသလော၊ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com



## ၁၉၈၄–ခုနှစ်

၁။ "သောမနဿသဟဂုတ်–လှက်က သုံးလေးလုတ်–ကြက်သွန်ကြော်များများနှင့် မိုက်ကား အောင် တုတ်ပြီးလျှင်" ဆိုသော စာချိုးအရ စိတ် ၈၉–ပါးတို့တွင် သောမနဿသဟဂုတ် စိတ်ပေါင်း မည်မျှရှိသည်ကို ရေတွက်ပြပါ။

၂။ လျင်မြန်စွာပြေးသော ယောက်ျားကဲ့သို့ အရှိန်အဟုန် လျင်စွာဖြစ်သော ဇောစိတ်မည်မျှ ရှိသည်ကို ဖော်ပြပြီးလျှင် ကုသိုလ်–အကုသိုလ်–ကြိယာအားဖြင့်လည်း ခွဲခြားဖော်ပြပါ။

၃။ စက္ခုစသော ဒွါရ ၆–ပါးတို့၌ မဖြစ်သောစိတ်များကို ရေတွက်ဖော်ပြပါ။

၄။ အဆင်း–အသံ–အနံ့–အရသာ–အတွေ့အထိ ဟူသော အာရုံ ၅–ပါးလုံးကို အာရုံပြုနိုင် သောစိတ်များကို မှန်ကန်စွာ ဖော်ပြပါ။

## ၁၉၈၅–ခုနှစ်

၁။ လူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်နိုင်သောစိတ်တို့ကို ရနိုင်သမျှ ရေတွက်ဖော်ပြခဲ့ပါ။

၂။ လူသားတစ်ဦးအတွက် တစ်နေ့တာအတွင်း ခံစားရနိုင်သမျှသော ဝေဒနာတို့ကို ကုန်စင် အောင်ဖော်ပြပါ။

၃။ အလှူမင်္ဂလာပွဲတစ်ခုသို့သွားရန် အဝတ်အစားသစ်များကို ဝတ်ဆင်လိုက်ရာ၌ မိမိကိုယ် တွင် ထိတွေ့ခံစားမှုအရ ဖြစ်ပေါ်နိုင်သောစိတ်တို့ကို ရေတွက်ဖော်ပြခဲ့ပါ။

၄။ မနောဒွါရ၌ ဖြစ်နိုင်သမျှသော စိတ်တို့ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်နည်းအရ ပြည့်စုံစွာ ရေတွက် ဖော်ပြခဲ့ပါ။

## ၁၉၈၆–ခုနှစ်

၁။ အသည်းကွဲ သီချင်းသံကိုကြားသောအခါ ဖြစ်ပေါ်လာသော ကြားသိစိတ် (သောတ ဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကို ဖြေဆိုပြီးလျှင် ဌာနငါးခုတွင် ပါဝင်၍ ကိစ္စငါးမျိုးကို ထမ်းဆောင်နိုင်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၂။ ဓမ္မာရုံတွင် ပါဝင်သော တရားဓမ္မတို့ကို ထုတ်ပြပြီးလျှင် အာရုံ ၆–ပါးမှတစ်ပါး အခြား "ဆဋ္ဌမအာရုံ"ဟူ၍ ရှိနိုင်, မရှိနိုင် ဆုံးဖြတ်ပါ။

၃။ ဟဒယဝတ္ထုရုပ်ကို မှီသောစိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။

http://www.dhammadownload.com



## ၁၉၈၇–ခုနှစ်

၁။ သန့်စင်ပန်းအလှကို မြင်ရသောအခါ ဖြစ်ပေါ်လာသော မြင်သိစိတ် (စက္ခုဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကို ဖော်ပြပြီးလျှင် ကုသိုလ်ဒွိဟိတ်စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၂။ မနောဒွါရာဝဇ္ဇန်းစိတ်၏ ကိစ္စများကို ဖော်ပြပြီးလျှင် ယင်းစိတ်သည် အဘယ်ကိစ္စဖြင့် အဘယ်ဒွါရ၌ ဖြစ်ပါသနည်း၊ အသီးသီး ဖြေဆိုပါ။

၃။ အာရုံငါးပါးနှင့် ဝိညာဏ်ငါးမျိုးတို့ကို ယှဉ်တွဲဖော်ပြပြီးလျှင် အာရုံငါးပါးမှ လွတ်သော အခြားအာရုံ ရှိ, မရှိကိုလည်း ဖြေဆိုပါ။

## ၁၉၈၈–ခုနှစ်

၁။ အဟိတ်စိတ် ၁၈–ပါးတို့တွင် ဟိတ်တစ်ပါးသာရှိသော (ဧကဟိတ်)စိတ်ကို ဖော်ပြပါ။

၂။ "ကြည့်သောသူ မြင်၏"ဟု ဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါသနည်း။

၃။ အဘယ်ကို မနောဓာတ်ဟု ခေါ်ပါသနည်း၊ ဖော်ပြ၍ ယင်း မနောဓာတ်၏ မှီရာဝတ္ထုကိုလည်း ပြဆိုပါ။

http://www.dhammadownload.com



# အဘိဓမ္မာ (ပထမဆင့်)
# ပဏ္ဍိစ္စပိုင်း
## ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ်ထိ )
## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၈၉–ခုနှစ်

**၁** အကြောင်းတရားဖြစ်သော ဟိတ်ခြောက်ပါး သရုပ်ကို ဖော်ပြ၍၊ ယင်း ဟိတ်ခြောက်ပါးကို ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ်အားဖြင့် ဝေဖန်ပြပါ။

အကြောင်းတရားဖြစ်သော ဟိတ်ခြောက်ပါး သရုပ်ကို ဖော်ပြရသော်–

(၁) လောဘဟိတ်၊
(၂) ဒေါသဟိတ်၊
(၃) မောဟဟိတ်၊
(၄) အလောဘဟိတ်၊
(၅) အဒေါသဟိတ်၊
(၆) အမောဟဟိတ် တို့ဖြစ်ကြပါသည်။

ဟိတ်ခြောက်ပါးကို ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ်အားဖြင့် ဝေဖန်ပြရသော်–

ကုသိုလ်ဟိတ် = (၁) အလောဘဟိတ်၊
(၂) အဒေါသဟိတ်၊
(၃) အမောဟဟိတ် – ပေါင်း ၃–ပါး၊

အကုသိုလ်ဟိတ် = (၁) လောဘဟိတ်၊
(၂) ဒေါသဟိတ်၊
(၃) မောဟဟိတ် – ပေါင်း ၃–ပါး၊

အဗျာကတဟိတ် = (၁) အလောဘဟိတ်၊
(၂) အဒေါသဟိတ်
(၃) အမောဟဟိတ် – ပေါင်း ၃–ပါး

ဟူ၍ အသီးသီး ဖြစ်ကြပါသည်။

http://www.dhammadownload.com



**၂ လူတို့၌ ချမ်းသာမှု (သုခ)၊ ဆင်းရဲမှု (ဒုက္ခ)ဝေဒနာတို့ကို ခံစားရသည့်အခါ ယင်းဝေဒနာတို့နှင့်တကွ ဖြစ်သောစိတ်တို့ကို ခွဲခြားရေးပြပါ။**

လူတို့၌ ချမ်းသာမှု(သုခ)၊ ဆင်းရဲမှု (ဒုက္ခ)ဝေဒနာတို့ကို ခံစားရသည့်အခါ ယင်းဝေဒနာတို့နှင့်တကွ ဖြစ်သောစိတ်တို့မှာ–

(က) **ဣန္ဒြိယဘေဒနည်းအရ–**

| ဝေဒနာ | | ဝေဒနာနှင့်တကွ ဖြစ်သောစိတ် | |
|---|---|---|---|
| ချမ်းသာမှု(သုခ) | = | သုခသဟဂုတ် ကာယဝိညာဏ် | ၁–ပါး |
| ဆင်းရဲမှု (ဒုက္ခ) | = | ဒုက္ခသဟဂုတ် ကာယဝိညာဏ် | ၁–ပါး |

(ခ) **အနုဘဝနနည်းအရ–**

| ဝေဒနာ | | ဝေဒနာနှင့်တကွ ဖြစ်သောစိတ် | |
|---|---|---|---|
| ချမ်းသာမှု(သုခ) | = | သောမနဿသဟဂုတ်စိတ် | ၆၂–ပါး |
| | | သုခသဟဂုတ် ကာယဝိညာဏ် | ၁–ပါး |
| | | ပေါင်း | ၆၃–ပါး |
| ဆင်းရဲမှု (ဒုက္ခ) | = | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| | | ဒုက္ခသဟဂုတ် ကာယဝိညာဏ် | ၁–ပါး |
| | | ပေါင်း | ၃–ပါး |

**၃ သင်၏ခန္ဓာကိုယ်၌ရှိသော ဒွါရခြောက်ခုတို့တွင် "မနောဒွါရ"ဟူသည် အဘယ်အရာကို ခေါ်ဆိုသနည်း။ ဖော်ပြ၍ ယင်း မနောဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း အကျဉ်းသချုပ်မျှ ရေးပြပါ။**

ကျွန်ုပ်၏ခန္ဓာကိုယ်၌ရှိသော ဒွါရခြောက်ခုတို့တွင် "မနောဒွါရ"ဟူသည်မှာ–

ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဘဝင်စိတ် (တစ်နည်း) ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉–ပါးကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



မနောဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း အကျဉ်းသင်္ချာသရုပ်မျှ ရေးပြရသော်–

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ဇောစိတ် | = | ၅၅–ပါး |
| တဒါရုံ | = | ၁၁–ပါး |
| ပေါင်း စိတ် | = | ၆၇–ပါး တို့ဖြစ်ပါသည်။ |

❾ ကာမဘုံသား လူသားတိုင်း၌ရသော ဝတ္ထုရုပ်များကို ရေတွက်ပြ၍၊ အရူပဗြဟ္မာများ၌ မည်သည့် ဝတ္ထုရုပ်များ ရှိသည်၊ မရှိသည်ကို ရှင်းလင်း ရေးသားခဲ့ပါ။

ကာမဘုံသား လူသားတိုင်း၌ ရရှိသော ဝတ္ထုရုပ်များမှာ–

(၁) စက္ခုဝတ္ထု၊
(၂) သောတဝတ္ထု၊
(၃) ဃာနဝတ္ထု၊
(၄) ဇိဝှါဝတ္ထု၊
(၅) ကာယဝတ္ထု၊
(၆) ဟဒယဝတ္ထု၊ ဟူသော ဝတ္ထုရုပ် ၆–ပါးလုံး ဖြစ်ပါသည်။

အရူပဗြဟ္မာများ၌ ရုပ်တရားမှန်သမျှကို စက်ဆုပ်သော ဘာဝနာ၏ အစွမ်းကြောင့် ရုပ်တရားဟူသမျှ လုံးဝမရှိ၊ စိတ်– စေတသိက် အစဉ်သာရှိသော အရူပဘုံ၌ ဖြစ်ကြရသည့်အတွက် မှီရာဝတ္ထုရုပ် ၆–ပါးလုံး မရှိပါ။

---

## ၁၉၉၀–ခုနှစ်

❶ ဝေဒနာ ၃–ပါး၊ ဝေဒနာ ၅–ပါးဟု ပြောဆိုကြရာ၌ ၃–ပါး၊ ၅–ပါးတို့၏ သရုပ်ကို ထုတ်ပြ၍၊ သုခဝေဒနာနှင့်တကွဖြစ်သောစိတ်ကိုလည်း ညွှန်ကြားပြပါ။

ဝေဒနာ ၃–ပါး၏သရုပ်မှာ (အာရမ္မဏာနုဘဝနနည်းအရ)–

(၁) သုခဝေဒနာ၊
(၂) ဒုက္ခဝေဒနာ၊
(၃) အဒုက္ခ– မသုခဝေဒနာ ဟူ၍ ဝေဒနာ ၃–ပါးဖြစ်၏။

http://www.dhammadownload.com



ဝေဒနာ ၅–ပါး၏သရုပ်မှာ (ဣန္ဒြိယဘေဒနည်းအရ)–

(၁) သုခဝေဒနာ၊
(၂) ဒုက္ခဝေဒနာ၊
(၃) သောမနဿဝေဒနာ၊
(၄) ဒေါမနဿဝေဒနာ၊
(၅) ဥပေက္ခာဝေဒနာ ဟူ၍ ဝေဒနာ ၅–ပါးဖြစ်၏။

သုခဝေဒနာနှင့်တကွဖြစ်သော စိတ်တို့ကို ညွှန်ပြရသော်–

(က) အာရမ္မဏာနုဘဝနနည်းအရ ...

သုခဝေဒနာနှင့်တကွဖြစ်သော စိတ်များမှာ–

| | | | |
|---|---|---|---|
| အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် | | = | ၁–ပါး |
| | သောမနဿသဟဂုတ်စိတ် | = | ၆၂–ပါး |
| | ပေါင်း စိတ် | = | ၆၃–ပါး |

(ခ) ဣန္ဒြိယဘေဒနည်းအရ ...

သုခဝေဒနာနှင့်တကွဖြစ်သောစိတ်မှာ–

အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁–ပါး ဖြစ်ပါသည်။

**၂** ကိစ္စ ၁၄–ပါးကို မမှားအောင် ရေတွက်ပြပါ။

ကိစ္စ ၁၄–ပါးကို မမှားအောင် ရေတွက်ပြရသော်–

(၁) ပဋိသန္ဓေကိစ္စ၊
(၂) ဘဝင်ကိစ္စ၊
(၃) အာဝဇ္ဇန်းကိစ္စ၊
(၄) ဒဿနကိစ္စ၊
(၅) သဝနကိစ္စ၊
(၆) ဃာယနကိစ္စ၊
(၇) သာယနကိစ္စ၊
(၈) ဖုသနကိစ္စ၊
(၉) သမ္ပဋိစ္ဆိုင်းကိစ္စ၊

http://www.dhammadownload.com



(၁၀) သန္တီရဏကိစ္စ၊
(၁၁) ဝုဋ္ဌောကိစ္စ၊
(၁၂) ဇောကိစ္စ၊
(၁၃) တဒါရုံကိစ္စ နှင့်
(၁၄) စုတိကိစ္စ တို့ဖြစ်ကြပါသည်။

❸ **စိတ် ၈၉-ပါးအနက် အခါခပ်သိမ်း ဒွါရမြောက်ပါးမှ လွတ်သောစိတ်များကို ညွှန်ကြားပြပါ။**

စိတ် ၈၉-ပါးအနက် **အခါခပ်သိမ်း** ဒွါရမြောက်ပါးမှ လွတ်သောစိတ်များမှာ-

"မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတို့ ဖြစ်ပါသည်။

အကြောင်းမှာ- ဤစိတ် ၉-ပါးတို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကိုသာ ဆောင်ရွက်ကြသောကြောင့် ဖြစ်ပါသည်။

❹ **စိတ် ၈၉-ပါးအနက် လောကုတ္တရာအာရုံမှတစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင်သော စိတ်များကို သိသာရုံမျှ ဖော်ပြပါ။**

**စိတ် ၈၉-ပါးအနက် လောကုတ္တရာအာရုံမှတစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင်သော စိတ်များမှာ-**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် | = | ၄-ပါး |
| မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် | = | ၄-ပါး |
| ပေါင်း စိတ် | = | ၂၀-ပါး တို့ဖြစ်ပါသည်။ |

(၎င်းစိတ် ၂၀-ပါးတို့သည် လောကီစိတ်- ၈၁၊ စေတသိက်- ၅၂၊ ရုပ်- ၂၈၊ ပညတ် တည်းဟူသော လောကီအာရုံ ၆-ပါးကို အာရုံပြုကြ၏။)

http://www.dhammadownload.com



၁၉၉၁–ခုနှစ်

❶ ပကိဏ်းပိုင်းလာ ဟိတ်ခြောက်ပါးသရုပ်ကို ထုတ်ပြ၍ စိတ် ၈၉-ပါးကို ဧကဟိတ်၊ ဒွိဟိတ်၊ တိဟိတ်စိတ်တို့ဖြင့် အကျဉ်းသင်္ချာမျှ ဝေဖန်ခဲ့ပါ။

ပကိဏ်းပိုင်းလာ ဟိတ် ၆–ပါးသရုပ်မှာ–

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ် နှင့်

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် တို့ဖြစ်ကြပါသည်။

စိတ် ၈၉–ပါးတို့တွင်–

ဧကဟိတ်စိတ် = ၂–ပါး
ဒွိဟိတ်စိတ် = ၂၂–ပါး
တိဟိတ်စိတ် = ၄၇–ပါး အသီးသီး ဖြစ်ကြပါသည်။

❷ ဌာန ၁၀-ပါးကို မှန်ကန်အောင် ဖြေဆို၍ သုံးကိစ္စ, သုံးဌာနတပ်သော စိတ်များကိုလည်း အကျဉ်းချုပ် ဖော်ပြခဲ့ပါ။

ဌာန ၁၀–ပါးမှာ–

(၁) ပဋိသန္ဓေဌာန၊
(၂) ဘဝင်ဌာန၊
(၃) အာဝဇ္ဇန်းဌာန၊
(၄) ပဉ္စဝိညာဉ်ဌာန၊
(၅) သမ္ပဋိစ္ဆိုင်းဌာန၊
(၆) သန္တီရဏဌာန၊
(၇) ဝုဋ္ဌောဌာန၊
(၈) ဇောဌာန၊
(၉) တဒါရုံဌာန နှင့်
(၁၀) စုတိဌာန တို့ဖြစ်ကြပါသည်။

သုံးကိစ္စ၊ သုံးဌာနတပ်သောစိတ်တို့မှာ– မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါးတို့ဖြစ်ပြီး၊

http://www.dhammadownload.com



ယင်းစိတ်တို့သည် ...
(၁) ပဋိသန္ဓေကိစ္စကို – ပဋိသန္ဓေဌာန၌လည်းကောင်း၊
(၂) ဘဝင်ကိစ္စကို – ဘဝင်ဌာန၌လည်းကောင်း၊
(၃) စုတိကိစ္စကို – စုတိဌာန၌လည်းကောင်း ဆောင်ရွက်ကြပါသည်။

❸ လောကတွင် "မနောဓာတ်ဖြင့် အတတ်ဟောသည်" ဆိုရာ၌ အဘယ်အရာကို မနောဓာတ် ခေါ်ဆိုပါသနည်း။ ဖြေဆို၍ ယင်းမနောဓာတ်၏ တည်ရာ, မှီရာ, ဒွါရ, အာရုံဝတ္ထုတို့ကိုလည်း ညွှန်ပြရေးသားခဲ့ပါ။

မနောဓာတ်ဆိုသည်မှာ–

ပဥ္စဒွါရာဝဇ္ဇန်းစိတ် ၁–ပါးနှင့် သမ္ပဋိစ္ဆိုင်းစိတ် ၂–ပါးတို့ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

ယင်း မနောဓာတ် ၃–ပါးတို့၏–

(က) ဖြစ်ရာဒွါရ = (စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ နှင့် ကာယဒွါရ ဟူသော) ပဥ္စဒွါရ၊
(ခ) အာရုံ = (ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံဟူသော) ပစ္စုပ္ပန် ပဥ္စာရုံ၊
(ဂ) မှီရာဝတ္ထု = ဟဒယဝတ္ထု(မြဲ)တို့ ဖြစ်ကြပါသည်။

---

## ၁၉၉၂–ခုနှစ်

❶ စိတ်, စေတသိက်တို့သည် စာဖြေသူတို့၏ ခန္ဓာအိမ်သို့ မည်သည့် တံခါးပေါက်များမှ ဝင်ရောက်လာကြပါသနည်း။ ဝင်ရောက်လာသည့် တံခါးပေါက်၏ အမည်များကို ဖော်ပြ၍ ယင်း တံခါးပေါက်များမှ ဝင်ရောက် မလာနိုင်သည့်စိတ်တို့ကိုလည်း ညွှန်ပြပါ။

စိတ်, စေတသိက်တို့သည် စာဖြေသူတို့၏ ခန္ဓာအိမ်သို့–

ဒွါရ ၆–ပါးတည်းဟူသော တံခါးပေါက်များမှ ဝင်ရောက်လာကြပါသည်။

ယင်းတံခါးပေါက် (ဒွါရ ၆–ပါး)တို့မှာ–

စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ, ကာယဒွါရနှင့် မနောဒွါရတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



ယင်းတံခါးပေါက်များမှ ဝင်ရောက်မလာနိုင်သည့် စိတ်များမှာ–

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ် ၁၉–ပါး (ဒွါရဝိမုတ်စိတ် ၁၉–ပါး) ဖြစ်သည့်–

| | | | |
|---|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂–ပါး | } (ရုံခါလွတ်) |
| မဟာဝိပါက်စိတ် | = | ၈–ပါး | |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉–ပါး | – (မြဲလွတ်) |
| ပေါင်း စိတ် | = | ၁၉–ပါး | တို့ဖြစ်ပါသည်။ |

❷ "ရှာန်အဘိညာဉ်" ဟူသော စကားဝယ် "အဘိညာဉ်" ၏ ပရမတ္ထတရားကိုယ်ကို ဖော်ပြ၍ ယင်းအဘိညာဉ်ဖြင့် ထူးထူးခြားခြား အာရုံပြု သိရှိနိုင်သည့်အရာများကိုလည်း ဖြေဆိုပါ။

"ရှာန်အဘိညာဉ်"ဟူသော စကားဝယ် "အဘိညာဉ်"၏ ပရမတ္ထတရားကိုယ်ကို ဖော်ပြရသော်–

(၁) အထူးသိစွမ်းနိုင်သော (ဝါ) အဘိညာဉ်ကိစ္စတပ်သော, ရူပပဉ္စမဈာန် ကုသိုလ်စိတ်နှင့် ယှဉ်သော "ပညာစေတသိက်" နှင့်၊

(၂) အထူးသိစွမ်းနိုင်သော (ဝါ) အဘိညာဉ်ကိစ္စတပ်သော, ရူပပဉ္စမဈာန် ကြိယာစိတ်နှင့် ယှဉ်သော "ပညာစေတသိက်" တို့ကို မုချအားဖြင့် ရပါသည်။

**(တစ်နည်း)**

အထူးသိစွမ်းနိုင်သော ရူပပဉ္စမဈာန် ကုသိုလ်ဇောစိတ်နှင့် ကြိယာဇောစိတ်တို့ကို (တကွ ဖြစ်ဖက်နည်းအရ) "အဘိညာဉ်" ဟု ယူရ၏။

၎င်းတို့တွင်–

(၁) ကုသိုလ်အဘိညာဉ်ဖြင့်–

အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံသော အာရုံ (စိတ်–၈၇၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်)တို့ကို ထူးထူးခြားခြား အာရုံပြု သိရှိနိုင်ပြီး၊

(၂) ကြိယာအဘိညာဉ်ဖြင့်–

စိတ်–၈၉၊ စေတသိက် ၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ် (ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်)ဟူသော အာရုံအလုံးစုံကို ထူးထူးခြားခြား အာရုံပြု သိရှိနိုင်ပါသည်။

http://www.dhammadownload.com



❸ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း "နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းသည်"ဆိုရာ၌ နိဗ္ဗာန်ကို ကောင်း အာရုံပြုနိုင်သော စိတ်သရုပ်ကို ထုတ်ပြ၍၊ လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

**နိဗ္ဗာန်ကို ကောင်းအာရုံပြုနိုင်သော စိတ်သရုပ်မှာ–**

မဂ်စိတ် ၄–ပါးနှင့် ဖိုလ်စိတ် ၄–ပါးဟူသော လောကုတ္တရာစိတ် ၈–ပါး ဖြစ်ပါသည်။

**လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသော စိတ်တို့မှာ–**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် | = | ၄–ပါး |
| မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် | = | ၄–ပါး |
| ပေါင်း စိတ် | = | ၂၀–ပါး တို့ဖြစ်ပါသည်။ |

❹ စိတ်, စေတသိက်တို့၏ တည်ရာ၊ မှီရာ ဝတ္ထု ၆-ပါးကို ရေတွက်ပြ၍၊ ယင်း ဝတ္ထုရုပ်များကို လုံးဝ မမှီဘဲဖြစ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

**စိတ်, စေတသိက်တို့၏ တည်ရာ၊ မှီရာ ဝတ္ထု ၆–ပါးမှာ–**

(၁) စက္ခုဝတ္ထု၊
(၂) သောတဝတ္ထု၊
(၃) ဃာနဝတ္ထု၊
(၄) ဇိဝှါဝတ္ထု၊
(၅) ကာယဝတ္ထု၊
(၆) ဟဒယဝတ္ထု တို့ဖြစ်ပါသည်။

**ဝတ္ထုရုပ်ကို လုံးဝမမှီဘဲ ဖြစ်သောစိတ်မှာ–** အရူပဝိပါက်စိတ် ၄–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၁၉၉၃-ခုနှစ်

❶ "ကိစ္စများပြောင်း၊ ဌာလှုံ့ဘောင်ဝယ်" ဟူသည်နှင့်အညီ လူသားတစ်ယောက်အတွက် မွေးသည်မှ သေသည်အထိ မလွဲမဖယ် ပြုဖွယ်ကိစ္စများကို ထုတ်ဆောင်ပြ၍ ယင်းကိစ္စတို့၏ ဖြစ်ရာဌာနများကိုလည်း ညွှန်ပြခဲ့ပါ။

လူသားတစ်ယောက်အတွက် မွေးသည်မှ သေသည်အထိ မလွဲမဖယ် ပြုဖွယ်ကိစ္စများနှင့် ယင်းကိစ္စတို့၏ ဖြစ်ရာဌာနများမှာ-

| ကိစ္စ | ဌာန |
|---|---|
| (၁) ပဋိသန္ဓေကိစ္စ | (၁) ပဋိသန္ဓေဌာန၊ |
| (၂) ဘဝင်ကိစ္စ | (၂) ဘဝင်ဌာန၊ |
| (၃) အာဝဇ္ဇန်းကိစ္စ | (၃) အာဝဇ္ဇန်းဌာန၊ |
| (၄) ဒဿနကိစ္စ | (၄) ပဉ္စဝိညာဉ်ဌာန၊ |
| (၅) သဝနကိစ္စ၊ | |
| (၆) ဃာယနကိစ္စ၊ | |
| (၇) သာယနကိစ္စ၊ | |
| (၈) ဖုသနကိစ္စ၊ | |
| (၉) သမ္ပဋိစ္ဆိုင်းကိစ္စ | (၅) သမ္ပဋိစ္ဆိုင်းဌာန၊ |
| (၁၀) သန္တီရဏကိစ္စ | (၆) သန္တီရဏဌာန၊ |
| (၁၁) ဝုဋ္ဌောကိစ္စ | (၇) ဝုဋ္ဌောဌာန၊ |
| (၁၂) ဇောကိစ္စ | (၈) ဇောဌာန၊ |
| (၁၃) တဒါရုံကိစ္စ | (၉) တဒါရုံဌာန၊ |
| (၁၄) စုတိကိစ္စ | (၁၀) စုတိဌာန |

❷ ဒွါရခြောက်ပါးတို့တွင် အဘယ်စိတ်ကို မနောဒွါရ ခေါ်ဆိုပါသနည်း။ ဖော်ပြ၍ ဒွါရအားလုံး၌ ဖြစ်သောစိတ်နှင့် ဒွါရအားလုံးမှ လွတ်သောစိတ်တို့ကိုလည်း ကွဲပြားအောင် ဖြေဆိုခဲ့ပါ။

ဒွါရခြောက်ပါးတို့တွင် မနောဒွါရဟု ခေါ်ဆိုရသော စိတ်မှာ-

ဝီထိစိတ်တို့၏ဖြစ်ကြောင်းဖြစ်သော ဘဝင်စိတ် ၁၉-ပါး (တစ်နည်း) ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



ဒွါရအားလုံး ၆–ဒွါရ၌ဖြစ်သောစိတ်များမှာ–

(က) ၆–ဒွါရ၌ အမြဲဖြစ်သောစိတ်

| | | |
|---|---|---|
| သောမနဿသန္တီရဏစိတ် | = | ၁–ပါး |
| မနောဒွါရဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ကာမဇောစိတ် | = | ၂၉–ပါး |
| ပေါင်း | = | ၃၁–ပါး |

(ခ) ၆–ဒွါရ၌ ရံခါဖြစ်သောစိတ်

| | | | |
|---|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂–ပါး | (သန္တီရဏကိစ္စနှင့်တဒါရုံကိစ္စတပ်ခိုက်) |
| မဟာဝိပါက်စိတ် | = | ၈–ပါး | (တဒါရုံကိစ္စတပ်ခိုက်) |
| ပေါင်း | = | ၁၀–ပါး | |

ဒွါရအားလုံး (၆–ဒွါရ)မှ လွတ်သောစိတ်များမှာ–

(က) ၆–ဒွါရမှ အမြဲလွတ်သောစိတ်

| | | |
|---|---|---|
| မဟဂ္ဂုတ်စိတ် | = | ၉–ပါး |

(ခ) ၆–ဒွါရမှ ရံခါလွတ်သောစိတ်

| | | | |
|---|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂–ပါး | (ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်ခိုက်) |
| မဟာဝိပါက်စိတ် | = | ၈–ပါး | ( ။ ။ ) |
| ပေါင်း | = | ၁၀–ပါး | |

❸ ဓမ္မာရမ္မဏဟူသည် အဘယ်တရားများကို ခေါ်ဆိုပါသနည်း။ ယင်းသရုပ်ကို ထုတ်ပြ၍ အာရုံတိုင်း အာရုံပြုသောစိတ်တို့ကိုလည်း မှန်ကန်အောင် ဖြေဆိုခဲ့ပါ။

ဓမ္မာရမ္မဏ (ဓမ္မာရုံ) ဟူသည်မှာ–

| | | |
|---|---|---|
| (၁) စိတ် | = | ၈၉–ပါး |
| (၂) စေတသိက် | = | ၅၂–ပါး |
| (၃) ပသာဒရုပ် | = | ၅–ပါး |
| (၄) သုခုမရုပ် | = | ၁၆–ပါး |
| (၅) နိဗ္ဗာန် | = | ၁–ပါး |
| (၆) ပညတ် | = | ၁–ပါး |

http://www.dhammadownload.com



ဟူသော ၆–မျိုးသော တရားတို့ကို ခေါ်ပါသည်။

**အာရုံတိုင်း အာရုံပြုနိုင်သောစိတ်တို့မှာ–**

| | | | |
|---|---|---|---|
| (၁) | ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) | = | ၁–ပါး |
| (၂) | မဟာကြိယာဉာဏသမ္ပယုတ်စိတ် | = | ၄–ပါး |
| (၃) | ကြိယာအဘိညာဉ်စိတ် | = | ၁–ပါး |
| | ပေါင်း စိတ် | = | ၆–ပါး တို့ဖြစ်ပါသည်။ |

---

**၁၉၉၄–ခုနှစ်**

**၁** “ခလုတ်ထိမှ အမိတ” ဟုပြောဆိုလေ့ရှိကြရာ ခလုတ်ထိစဉ် နာကျင်မှု ဝေဒနာနှင့်အတူ တကွဖြစ်သော စိတ်ကို ညွှန်ပြ၍ ဟိတ်နှစ်ပါးနှင့် ယှဉ်သောစိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့် ယှဉ်တွဲဖော်ပြပါ။

ခလုတ်ထိစဉ် နာကျင်မှု (ဒုက္ခ)ဝေဒနာနှင့် အတူတကွဖြစ်သောစိတ်မှာ–

အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။

ဟိတ်နှစ်ပါးနှင့်ယှဉ်သော (ဒွိဟိတ်)စိတ်တို့ကို ယှဉ်ရာဟိတ်နှင့် ယှဉ်တွဲပြရသော်–

| | ဒွိဟိတ်စိတ် | | | ယှဉ်ရာဟိတ် |
|---|---|---|---|---|
| (၁) | လောဘမူစိတ် | ၈–ပါး | = | လောဘဟိတ်၊ မောဟဟိတ် |
| (၂) | ဒေါသမူစိတ် | ၂–ပါး | = | ဒေါသဟိတ်၊ မောဟဟိတ် |
| (၃) | ဉာဏဝိပ္ပယုတ်စိတ် | ၁၂–ပါး | = | အလောဘဟိတ်၊ အဒေါသဟိတ် |

ဟူ၍ ဒွိဟိတ်စိတ် ၂၂–ပါး ဖြစ်ပါသည်။

**၂** လူမှာ လူ့ကိစ္စရှိသကဲ့သို့ စိတ်မှာလည်း လုပ်ငန်းကိစ္စရှိရာ လုပ်ငန်းကိစ္စ အများဆုံးသော စိတ်တို့ကို ဆိုင်ရာကိစ္စနှင့်တကွ ဖော်ပြ၍၊ ဒွါရငါးပါး၌ဖြစ်သောစိတ်တို့ကိုလည်း ညွှန်ပြပါ။

လုပ်ငန်းကိစ္စအများဆုံးသော စိတ်တို့မှာ– ဥပေက္ခာသန္တီရဏစိတ် ၂–ပါး ဖြစ်ပါသည်။

ယင်းစိတ် ၂–ပါး၏ ကိစ္စများမှာ– (၁) ပဋိသန္ဓေကိစ္စ၊
(၂) ဘဝင်ကိစ္စ၊

http://www.dhammadownload.com



(၃) သန္တီရဏကိစ္စ၊
(၄) တဒါရုံကိစ္စ၊
(၅) စုတိကိစ္စ ဟူ၍ ၅–ကိစ္စဖြစ်ပါသည်။

ဒွါရငါးပါး၌သာ ဖြစ်သောစိတ်တို့မှာ–

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂–ပါး |
| ပေါင်း မနောဓာတ် | = | ၃–ပါး တို့ဖြစ်ပါသည်။ |

❷ ကာမဂုဏ်အာရုံများ၌သာ မွေ့လျော်ပျော်ပိုက်သောစိတ်သရုပ်ကို ဖော်ထုတ်ပြီးလျှင် ရူပဘုံ၌ ရနိုင်သော ဝတ္ထုသရုပ်နှင့် ဝိညာဏဓာတ်တို့ကိုလည်း အကျဉ်းချုပ် တင်ပြပါ။

ကာမဂုဏ်အာရုံများ၌သာ မွေ့လျော်ပျော်ပိုက်သော (ကာမကေန်)စိတ်သရုပ်မှာ–

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| မနောဓာတ် | = | ၃–ပါး |
| တဒါရုံ | = | ၁၁–ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| ပေါင်း (ကာမကေန်)စိတ် | = | ၂၅–ပါး တို့ဖြစ်ပါသည်။ |

ရူပဘုံ၌ရနိုင်သော ဝတ္ထုသရုပ်နှင့် ဝိညာဏဓာတ်မှာ–

(က) အသညသတ်ကြဉ် ရူပ ၁၅–ဘုံ၌–

| | ဝတ္ထု | | ဝိညာဏဓာတ် |
|---|---|---|---|
| (၁) | စက္ခုဝတ္ထု | = | စက္ခုဝိညာဏဓာတ် |
| (၂) | သောတဝတ္ထု | = | သောတဝိညာဏဓာတ် |
| (၃) | ဟဒယဝတ္ထု | = | မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ ရနိုင်ပါသည်။ |

(ခ) အသညသတ်ဘုံ၌–

ရနိုင်သော ဝတ္ထုရုပ်လည်း မရှိ၊ ဝိညာဏဓာတ်လည်း မရှိပါ။

http://www.dhammadownload.com



၁၉၉၅-ခုနှစ်

❶ "သိပ်ဘဝင်မကျဘူး"ဟူသော လူသုံးများလှသည့် စကား၌ "ဘဝင်"အရကို ဖော်ပြ၍၊ စက္ခုဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

"ဘဝင်"အရမှာ-

| | | | |
|---|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂-ပါး | |
| မဟာဝိပါက်စိတ် | = | ၈-ပါး | |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉-ပါး | |
| ပေါင်း ဘဝင်စိတ် | = | ၁၉-ပါး | ဖြစ်ပါသည်။ |

စက္ခုဒွါရ၌ ဖြစ်သောစိတ်တို့မှာ-

| | | | |
|---|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁-ပါး | |
| စက္ခုဝိညာဉ်စိတ် | = | ၂-ပါး | |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး | |
| သန္တီရဏစိတ် | = | ၃-ပါး | |
| ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း) | = | ၁-ပါး | |
| ကာမဇော | = | ၂၉-ပါး | |
| တဒါရုံ (မဟာဝိပါက်) | = | ၈-ပါး | |
| ပေါင်း စိတ် | = | ၄၆-ပါး | တို့ဖြစ်ပါသည်။ |

❷ ရုပ်မြင်သံကြား ကြည့်ရှုနေစဉ်ခဏ၌ အရုပ်ကိုမြင်ရသောအခါ, အသံကိုကြားရသောအခါ တို့ဝယ် ဖြစ်သောစိတ်များကို ဖော်ပြ၍၊ ဉာဏဝိပ္ပယုတ်စိတ် လေးပါးတို့၏ အာရုံများကို လည်း ညွှန်ပြပါ။

ရုပ်မြင်သံကြား ကြည့်ရှုနေစဉ်ခဏ၌

(က) အရုပ်ကို မြင်သောအခါ-

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်

ပေါင်း ၂-ပါးတို့မှ တစ်ပါးပါး ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



(ခ) အသံကိုကြားသောအခါ–

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်၊

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ပေါင်း ၂–ပါးတို့မှ တစ်ပါးပါး ဖြစ်နိုင်ပါသည်။

ဉာဏဝိပ္ပယုတ် (ကာမာဝစရဇော)စိတ်လေးပါးတို့၏ အာရုံမှာ–

လောကုတ္တရာကြဉ် အလုံးစုံသောအာရုံ (တစ်နည်း) လောကီစိတ် ၈၁, စေတသိက်– ၅၂၊ ရုပ်– ၂၈၊ ပညတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး ဖြစ်ပါသည်။

❷ "သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်"ဟုဆိုရာ၌ စိတ်ဟူသော ဝိညာဏ်သည် မည်သည့်အရာ၌ တည်ရှိသည်ကို မှန်ကန်စွာ ညွှန်ပြ၍ ပသာဒဝတ္ထုရုပ် ငါးပါးကို မှီသော စိတ်သရုပ်တို့ကိုလည်း ဖော်ပြပါ။

**စိတ်ဟူသော ဝိညာဏ်သည်**– စိတ်, စေတသိက်တို့၏ တည်ရာ မှီရာ ဝတ္ထုရုပ် ၆–ပါး တို့၌ တည်ရှိပါသည်။

ဝတ္ထုရုပ် ၆–ပါးမှာ–

(၁) စက္ခုဝတ္ထု = စက္ခုပသာဒရုပ်
(၂) သောတဝတ္ထု = သောတပသာဒရုပ်
(၃) ဃာနဝတ္ထု = ဃာနပသာဒရုပ်
(၄) ဇိဝှါဝတ္ထု = ဇိဝှါပသာဒရုပ်
(၅) ကာယဝတ္ထု = ကာယပသာဒရုပ်
(၆) ဟဒယဝတ္ထု = ဟဒယရုပ် တို့ဖြစ်ပါသည်။

ပသာဒဝတ္ထုရုပ် ၅–ပါးကို မှီသောစိတ်သရုပ်မှာ–

(၁) စက္ခုဝိညာဏ်ဒွေးသည် = စက္ခုဝတ္ထုကို မှီ၏။
(၂) သောတဝိညာဏ်ဒွေးသည် = သောတဝတ္ထုကို မှီ၏။
(၃) ဃာနဝိညာဏ်ဒွေးသည် = ဃာနဝတ္ထုကို မှီ၏။
(၄) ဇိဝှါဝိညာဏ်ဒွေးသည် = ဇိဝှါဝတ္ထုကို မှီ၏။
(၅) ကာယဝိညာဏ်ဒွေးသည် = ကာယဝတ္ထုကို မှီ၏။

http://www.dhammadownload.com



၁၉၉၆–ခုနှစ်

❶ အလုပ်ကိစ္စ အများဆုံး တာဝန်ယူ ဆောင်ရွက်နေသော စိတ်တို့ကို တစ်ခုချင်း ဖော်ပြ၍၊ စာဖြေသူတို့ ပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ် တည်ရှိသည့် တံခါးခြောက်ပေါက်၌ အစဉ်ထာဝရ ဝင်ထွက်သွားလာနိုင်သော စိတ်တို့ကိုလည်း ရေတွက် ဖော်ပြပါ။

အလုပ်ကိစ္စ အများဆုံး တာဝန်ယူဆောင်ရွက်နေသော စိတ်တို့မှာ–

(၁) အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့်

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တို့ဖြစ်ပါသည်။

ခန္ဓာအိမ်ဝယ် တည်ရှိသည့် တံခါးခြောက်ပေါက်၌ အစဉ်ထာဝရ ဝင်ထွက်သွားလာနိုင်သော စိတ်တို့မှာ–

| | | |
|---|---|---|
| သောမနဿ သန္တီရဏစိတ် | = | ၁–ပါး |
| ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း) | = | ၁–ပါး |
| ကာမဇော | = | ၂၉–ပါး |
| ပေါင်း စိတ် | = | ၃၁–ပါး တို့ဖြစ်ပါသည်။ |

❷ ဤမေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏဝယ် ဖြစ်ပေါ်လာသော ဝိညာဏဓာတ်ကို မှီရာဝတ္ထုနှင့် ယှဉ်တွဲဖော်ပြပြီးလျှင် နှလုံးသား(ဟဒယဝတ္ထု)ကို လုံးဝမမှီသောစိတ်တို့ကိုလည်း ပြည့်စုံစွာ ရေးသားပါ။

ဤမေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏဝယ် ဖြစ်ပေါ်လာသော ဝိညာဏဓာတ်မှာ–

စက္ခုဝိညာဏဓာတ် ဖြစ်ပြီး၊

စက္ခုဝတ္ထုကို မှီမည်ဖြစ်ပါသည်။

နှလုံးသား (ဟဒယဝတ္ထု)ကို လုံးဝမမှီသောစိတ်တို့မှာ–

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| အရူပဝိပါက်စိတ် | = | ၄–ပါး |
| ပေါင်း စိတ် | = | ၁၄–ပါး တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



❸ "အာရုံတွေ သိပ်များနေတယ်"ဟူသော လူသုံးများလှသည့် စကား၌ အာရုံတို့၏ သရုပ်ကို ထုတ်ပြ၍ သောမနဿသန္တီရဏစိတ်၏ ဆောင်ရွက်သည့် ကိစ္စ၊ မွေ့လျော်ရာအာရုံတို့ကို လည်း တိကျစွာ ဖြေဆိုပါ။

"အာရုံတွေ သိပ်များနေတယ်" ဟူသော လူသုံးများလှသည့် စကား၌ အာရုံတို့၏ သရုပ်ကို ထုတ်ပြရသော်–

(၁) ရူပါရုံ (ရူပါရုံရုပ် ၁–ပါး)
(၂) သဒ္ဒါရုံ (သဒ္ဒါရုံရုပ် ၁–ပါး)
(၃) ဂန္ဓာရုံ (ဂန္ဓာရုံရုပ် ၁–ပါး)
(၄) ရသာရုံ (ရသာရုံရုပ် ၁–ပါး)
(၅) ဖောဋ္ဌဗ္ဗာရုံ (ဖောဋ္ဌဗ္ဗာရုံရုပ် ၃–ပါး)
(၆) ဓမ္မာရုံ (စိတ်– ၈၉၊ စေတသိက်– ၅၂၊ ပသာဒရုပ်– ၅၊ သုခုမရုပ်– ၁၆၊ နိဗ္ဗာန်၊ ပညတ်) ဟူ၍ အာရုံ ၆–ပါး ဖြစ်ပါသည်။

**သောမနဿ သန္တီရဏစိတ်၏–**

(က) **ဆောင်ရွက်သည့်ကိစ္စ** = သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ တို့ဖြစ်ပါသည်။
(ခ) **မွေ့လျော်ရာအာရုံ** = ကာမစိတ်–၅၄၊ စေတသိက်–၅၂၊ ရုပ်–၂၈ ဟုဆိုအပ်သော ကာမအာရုံ ၆–ပါးကို (ကောန်)အာရုံပြုပါသည်။

---

**၁၉၉၇–ခုနှစ်**

❶ ဝေဒနာတို့သည် အာရမ္မဏာနုဘဝနနည်းအားဖြင့် သုံးပါးပြားရာ ယင်းနည်းဖြင့် စိတ်အကျယ် ၁၂၁-ပါးကို ဝေဖန်ပြ၍ ဟိတ် ၃-ပါးနှင့် ယှဉ်သောစိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့်တကွ ဖော်ပြပါ။

**စိတ်အကျယ် ၁၂၁–ပါးကို အာရမ္မဏာနုဘဝနနည်းအရ ဝေဒနာ ၃–ပါး အပြား အားဖြင့် ဝေဖန်ပြရသော်–**

(၁) သုခသဟဂုတ်စိတ် = ၆၃–ပါး
(၂) ဒုက္ခသဟဂုတ်စိတ် = ၃–ပါး
(၃) အဒုက္ခ–မသုခ(ဥပေက္ခာ)သဟဂုတ်စိတ် = ၅၅–ပါး ဟူ၍ ဖြစ်ပါသည်။

http://www.dhammadownload.com



ဟိတ် ၃-ပါးနှင့် ယှဉ်သော (တိဟိတ်)စိတ်တို့ကို ယှဉ်ရာဟိတ်နှင့်တကွ ဖော်ပြရသော်-

| တိဟိတ်စိတ် | | ယှဉ်ရာစိတ် |
|---|---|---|
| ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂-ပါး | = | အလောဘဟိတ် |
| | | အဒေါသဟိတ် |
| | | အမောဟဟိတ် |
| မဟဂ္ဂုတ်စိတ် ၂၇-ပါး | = | အလောဘဟိတ် |
| | | အဒေါသဟိတ် |
| | | အမောဟိတ် |
| လောကုတ္တရာစိတ်(အကျဉ်း-၈၊ အကျယ် ၄၀-ပါး) | = | အလောဘဟိတ် |
| | | အဒေါသဟိတ် |
| | | အမောဟိတ် |

ဟူ၍ တိဟိတ်စိတ် အကျဉ်း ၄၇-ပါး/ အကျယ် ၇၉-ပါး ဖြစ်ပါသည်။

**၂** စိတ်တို့၏ လုပ်ငန်းကိစ္စများစွာရှိရာတွင် နှစ်ကိစ္စကိုသာ ဆောင်ရွက်သော စိတ်တို့ကို ဆိုင်ရာ ကိစ္စနှင့် တွဲစပ်ဖော်ပြ၍၊ ဒွါရခြောက်ပါး၌ ရံခါဖြစ်၍၊ ရံခါမဖြစ်သော စိတ်များကိုလည်း ညွှန်ပြပါ။

**နှစ်ကိစ္စကိုသာ ဆောင်ရွက်သော စိတ်တို့ကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ဖော်ပြရသော်-**

(၁) အဟိတ်ကုသလဝိပါက်
သောမနဿသန္တီရဏစိတ် = သန္တီရဏကိစ္စ + တဒါရုံကိစ္စ
(၂) မနောဒွါရာဝဇ္ဇန်းစိတ် = ဝုဋ္ဌောကိစ္စ + အာဝဇ္ဇန်းကိစ္စ

**ဒွါရခြောက်ပါး၌ ရံခါဖြစ်၍၊ ရံခါမဖြစ်သောစိတ်များမှာ-**

(၁) ဥပေက္ခာသန္တီရဏစိတ် = ၂-ပါး
(၂) မဟာဝိပါက်စိတ် = ၈-ပါး တို့ဖြစ်ပါသည်။

(၁) **ဥပေက္ခာသန္တီရဏစိတ် ၂-ပါးသည်-**
(သန္တီရဏကိစ္စနှင့် တဒါရုံကိစ္စ)တပ်ခိုက် ဒွါရခြောက်ပါး၌ဖြစ်ပြီး၊
(ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ)တပ်ခိုက် ဒွါရခြောက်ပါးမှ လွတ်ပါသည်။

http://www.dhammadownload.com



(၂) မဟာဝိပါက်စိတ် ၈–ပါးသည်–
(တဒါရုံကိစ္စ)တပ်ခိုက် ဒွါရခြောက်ပါး၌ဖြစ်ပြီး၊
(ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ)တပ်ခိုက် ဒွါရခြောက်ပါးမှ လွတ်ပါသည်။

❸ အကောင်းအဆိုး အာရုံမျိုးစုံကို တွေ့မရှောင်ဘဲ အာရုံပြုနိုင်သောစိတ်များကို ထုတ်ဖော်ပြ၍ "မနောဓာတ်" အမည်တပ်ရသော စိတ်တို့ကိုလည်း မှီရာဝတ္ထုနှင့်တကွ ဖော်ပြပါ။

အကောင်းအဆိုး အာရုံမျိုးစုံကို တွေ့မရှောင်ဘဲ အာရုံပြုနိုင်သော စိတ်များမှာ အလုံးစုံကို အာရုံပြုနိုင်သောစိတ် ၆–ပါးဖြစ်သည့် ...

(၁) မနောဒွါရာဝဇ္ဇန်း = ၁–ပါး
(၂) မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် = ၄–ပါး
(၃) ကြိယာအဘိညာဉ်စိတ် = ၁–ပါး တို့ဖြစ်ပါသည်။

"မနောဓာတ်" အမည်တပ်ရသောစိတ်တို့ကို မှီရာဝတ္ထုနှင့်တကွ ဖော်ပြရသော်–
(၁) ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ဟဒယဝတ္ထုကို အမြဲမှီ၏။
(၂) သမ္ပဋိစ္ဆိုင်းဒွေး = ဟဒယဝတ္ထုကို အမြဲမှီ၏။

---

**၁၉၉၈–ခုနှစ်**

❶ ဝေဒနာအပြားကို ဣန္ဒြိယဘေဒနည်းအားဖြင့် ဖော်ပြ၍ (က) စိတ်အကျယ် ၁၂၁–ပါးတို့တွင် သောမနဿသဟဂုတ်စိတ်ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားရေတွက်ပြပြီးလျှင် (ခ) ဒွိဟိတ် စိတ်များကိုလည်း ယှဉ်ရာဟိတ်နှင့် တွဲစပ်ပြပါ။

ဝေဒနာအပြားကို ဣန္ဒြိယဘေဒနည်းအားဖြင့် ဖော်ပြရသော်–
(၁) သုခဝေဒနာ၊
(၂) ဒုက္ခဝေဒနာ၊
(၃) သောမနဿဝေဒနာ၊
(၄) ဒေါမနဿဝေဒနာ၊
(၅) ဥပေက္ခာဝေဒနာ ဟူ၍ ၅–ပါးပြားပါသည်။

http://www.dhammadownload.com



(က) စိတ်အကျယ် ၁၂၁–ပါးတွင် သောမနဿသဟဂုတ်စိတ်ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားရေတွက်ပြရသော်–

| | | | |
|---|---|---|---|
| (၁) ကာမာဝစရ | သောမနဿသဟဂုတ်စိတ် | = | ၁၈–ပါး |
| (၂) ရူပါဝစရ | ။ | = | ၁၂–ပါး |
| (၃) အရူပါဝစရ | ။ | = | မရှိ |
| (၄) လောကုတ္တရာ | ။ | = | ၃၂–ပါး |
| | သောမနဿသဟဂုတ်စိတ်ပေါင်း | = | ၆၂–ပါး ဖြစ်ပါသည် |

(ခ) [ ၁၉၉၄–ခုနှစ်၊ နံပါတ် (၁)အဖြေ ပြန်ကြည့်ပါ။ ]

❷ ကိစ္စ ၁၄–ပါးရှိလျက် ကိစ္စဖြစ်ရာဌာနမှာ အဘယ်ကြောင့် ၁၀–ပါးသာ ဖြစ်ရသနည်း။ ဖြေဆို၍ အလုပ်ကိစ္စ အနည်းဆုံးစိတ်များကိုလည်း ဆိုင်ရာကိစ္စနှင့်အသီးသီး တွဲစပ် ဖော်ပြပါ။

ကိစ္စ ၁၄–ပါးရှိပါလျက် ကိစ္စဖြစ်ရာ ဌာန ၁၀–ပါးသာ ဖြစ်ရခြင်းမှာ–

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြား၌ ဖြစ်ရာ ဌာနချင်းတူ၍ စက္ခုဝိညာဏ် စသော ဝိညာဏ် ၅–ပါး၏ ဖြစ်ရာဌာနကို "ပဉ္စဝိညာဏ်ဌာန"ဟု တစ်ဌာနတည်း ပေါင်း ယူရသောကြောင့် ကိစ္စ ၁၄–ပါးရှိသော်လည်း ဌာနမှာ ၁၀–ပါးသာ ဖြစ်ရပါသည်။

အလုပ်ကိစ္စအနည်းဆုံးသော စိတ်များကို ဆိုင်ရာကိစ္စနှင့် အသီးသီး တွဲစပ်ပြရသော်–

| တစ်ကိစ္စသာတပ်သောစိတ် ၆၈–ပါး | | ဆိုင်ရာကိစ္စ |
|---|---|---|
| (က) ဒွေပဉ္စဝိညာဉ် ၁၀–ပါးတို့တွင် | | |
| စက္ခုဝိညာဉ်ဒွေးသည် | = | ဒဿနကိစ္စ၊ |
| သောတဝိညာဉ်ဒွေးသည် | = | သဝနကိစ္စ၊ |
| ဃာနဝိညာဉ်ဒွေးသည် | = | ဃာယနကိစ္စ၊ |
| ဇိဝှါဝိညာဉ်ဒွေးသည် | = | သာယနကိစ္စ၊ |
| ကာယဝိညာဉ်ဒွေးသည် | = | ဖုသနကိစ္စ၊ |
| (ခ) မနောဓာတ် ၃–ပါးတွင် | | |
| ပဉ္စဒွါရာဝဇ္ဇန်းသည် | = | အာဝဇ္ဇန်းကိစ္စ၊ |
| သမ္ပဋိစ္ဆိုင်းဒွေးသည် | = | သမ္ပဋိစ္ဆိုင်းကိစ္စ၊ |

http://www.dhammadownload.com



(ဂ) ဇော ၅၅–ပါးသည် = ဇောကိစ္စ ဟူ၍

= ပေါင်း ၆၈–ပါးသော စိတ်တို့သည် အသီးသီး ၁–ကိစ္စစီသာ တပ်ကြပါသည်။

**၃** လောက၌ ရှိသမျှသော အလုံးစုံသော အာရုံတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော အာရုံကို သရုပ်နှင့်တကွ ဖော်ပြ၍ ယင်းအာရုံကို ယူနိုင်သော စိတ်များကို ဖြစ်ရာ ဒွါရ၊ မှီရာဝတ္ထု တို့နှင့် တွဲစပ်ဖြေဆိုပါ။

လောက၌ ရှိသမျှသော အလုံးစုံသောအာရုံတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော အာရုံမှာ– "ဓမ္မာရုံ" ဖြစ်ပါသည်။

**အကြောင်းမှာ–** အာရုံ ၆–ပါးတွင် ရူပါရုံ စသော အာရုံငါးပါးတို့မှာ ရုပ်ပရမတ် တစ်မျိုးတည်းသာ ဖြစ်ကြပြီး၊ ဓမ္မာရုံ၌ကား ရုပ်၊ နာမ် ပရမတ်အပြင် ပညတ်လည်း ပါဝင်သောကြောင့် ဖြစ်ပါသည်။

**ဓမ္မာရုံသရုပ်မှာ–**

စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ပသာဒရုပ် ၅–ပါး၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်နှင့် ပညတ်တို့ ဖြစ်ပါသည်။

**ဓမ္မာရုံကို ယူနိုင်သော စိတ်မှာ–**

မနောဒွါရိကစိတ် ၆၇–ပါးဖြစ်သော

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| ဇောစိတ် | = | ၅၅–ပါး |
| တဒါရုံစိတ် | = | ၁၁–ပါး တို့ဖြစ်ပါသည်။ |

**ယင်းစိတ်တို့၏ ဖြစ်ရာဒွါရမှာ–**

မနောဒွါရ ဖြစ်ပါသည်။

**ယင်းစိတ်တို့၏ မှီရာဝတ္ထုမှာ–**

ဖြစ်သင့်သည့်အားလျော်စွာ ...

ပဥ္စဝေါကာရဘုံ၌ဖြစ်ခိုက် – ဟဒယဝတ္ထုရုပ်ကို မှီပြီး၊

စတုဝေါကာရဘုံ၌ဖြစ်ခိုက် – မည်သည့်ဝတ္ထုရုပ်ကိုမှ မမှီပါ။

http://www.dhammadownload.com



၁၉၉၉–ခုနှစ်

❶ စိတ်၏ဆောင်ရွက်ဖွယ်ကိစ္စ ၁၄–ပါးရှိရာဝယ် ကိစ္စအများကို မဆောင်ရွက်ဘဲ တစ်ကိစ္စတည်းကိုသာ ဆောင်ရွက်သည့်စိတ်တို့ကို ရေတွက်ပြ၍၊ ဟိတ်ခြောက်ပါးတို့တွင် ကုသိုလ်ဟိတ် သုံးပါးကိုလည်း ဖော်ပြပါ။

တစ်ကိစ္စသာ ဆောင်ရွက်သောစိတ်တို့မှာ–

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀–ပါး |
| မနောဓာတ် | = | ၃–ပါး (ပဉ္စဒွါရာဝဇ္ဇန်း–၁+ သမ္ပဋိစ္ဆိုင်းဒွေး) |
| ဇောစိတ် | = | ၅၅–ပါး |
| ပေါင်း ၁–ကိစ္စတပ်သောစိတ် | = | ၆၈–ပါး |

ကုသိုလ်ဟိတ်သုံးပါးမှာ– အလောဘဟိတ်
အဒေါသဟိတ်
အမောဟဟိတ်တို့ ဖြစ်ပါသည်။

❷ စာဖြေသူများ ပိုင်ဆိုင်ထားသည့် ဒွါရခြောက်ပါး၌ လုံး၀ ဝင်ထွက်သွားလာခွင့် မရသောစိတ်တို့ကို ရေးသား၍၊ ဟသိတုပ္ပါဒ်စိတ်၏ ဆောင်ရွက်သည့် ကိစ္စ, ပျော်မွေ့သည့် အာရုံတို့ကိုလည်း ဖြေဆိုပါ။

ဒွါရခြောက်ပါး၌ လုံး၀ ဝင်ထွက်သွားလာခွင့် မရသောစိတ်တို့မှာ–

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကိုသာ ဆောင်ရွက်ကြသော မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါးဖြစ်ပါသည်။

ဟသိတုပ္ပါဒ်စိတ်၏

(က) ဆောင်ရွက်သည့်ကိစ္စ = ဇောကိစ္စ
(ခ) ပျော်မွေ့သည့်အာရုံ = ကာမအာရုံတို့ ဖြစ်ပါသည်။

❸ ရုပ်မြင်သံကြားကို ကြည့်ရှုနေစဉ်ခဏ၌ ဖြစ်ပေါ်နေသော မြင်သိစိတ်၊ ကြားသိစိတ်တို့၏ မိုရာဝတ္ထုတို့ကို ဖော်ပြ၍၊ ဝတ္ထုရုပ်ခြောက်ပါးကိုလည်း ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံအားဖြင့်

http://www.dhammadownload.com



ဝေဖန်ပြပါ။

ရုပ်မြင်သံကြား ကြည့်ရှုနေစဉ်ခဏဝယ် ...

| ဖြစ်ပေါ်နေသောစိတ် | | မှီရာဝတ္ထု |
|---|---|---|
| မြင်သိစိတ် = | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် | စက္ခုဝတ္ထု |
| | အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် | |
| ကြားသိစိတ် = | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် | သောတဝတ္ထု |
| | အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် | |

ဝတ္ထုရုပ် ၆–ပါးကို ဘုံအလိုက် ဝေဖန်ရသော်–

| ဘုံ | ရနိုင်သောဝတ္ထုရုပ် |
|---|---|
| ၁။ ကာမဘုံ | ဝတ္ထုရုပ် ၆–ပါးလုံး |
| ၂။ ရူပဘုံ | |
| (က) အသညသတ်ကြဉ် ရူပ ၁၅–ဘုံ | စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု |
| (ခ) အသညသတ်ဘုံ | မရှိပါ |
| ၃။ အရူပဘုံ | မရှိပါ |

## ၂၀၀၀–ခုနှစ်

**❶ မနောဒွါရာဝဇ္ဇန်းကို "ဝုဋ္ဌော" ဟု ခေါ်ဆိုနိုင်သည့်အခါကို ဖြေဆို၍၊ စက္ခုဒွါရ၌ ဖြစ်သော စိတ် (၄၆)ပါးကိုလည်း မများအောင် ရေတွက်ဖော်ပြပါ။**

မနောဒွါရာဝဇ္ဇန်းကို "ဝုဋ္ဌော"ဟု ခေါ်ဆိုနိုင်သည့်အခါမှာ– ပဥ္စဒွါရ၌ထင်လာသော ပဥ္စာရုံကို သာယာဖွယ်, မသာယာဖွယ် ဟု ပိုင်းခြားမှတ်သား ဆုံးဖြတ်ခြင်းကိစ္စ ဖြစ်ရာ အခါ၌ ဖြစ်ပါသည်။

**စက္ခုဒွါရ၌ဖြစ်သော စိတ် (၄၆)ပါးမှာ–**

| | | |
|---|---|---|
| ပဥ္စဒွါရာဝဇ္ဇန်း | = | ၁–ပါး |
| စက္ခုဝိညာဏ် | = | ၂–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| သမ္ပဋိစ္ဆိုင်း | = | ၂–ပါး |
| သန္တီရဏ | = | ၃–ပါး |
| ဝုဋ္ဌော | = | ၁–ပါး |
| ကာမဇော | = | ၂၉–ပါး |
| တဒါရုံ (မဟာဝိပါက်) | = | ၈–ပါး |
| ပေါင်း စိတ် | = | ၄၆–ပါး ဖြစ်ပါသည်။ |

၂ စာဖြေသူများ ပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ် တည်ရှိသော ဒွါရခြောက်ပါး၌ အစဉ်ထာဝရ ဝင်ထွက်ခွင့်ရသော စိတ်တို့ကို ဖော်ပြ၍ အာရုံ ၆–ပါးတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော ဓမ္မာရုံသရုပ်ကိုလည်း ထုတ်ဖော်တင်ပြပါ။

ဒွါရခြောက်ပါး၌ အစဉ်ထာဝရ ဝင်ထွက်ခွင့်ရသော စိတ်တို့မှာ–

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | = | ၁–ပါး |
| သောမနဿသန္တီရဏ | = | ၁–ပါး |
| ကာမဇော | = | ၂၉–ပါး |
| ပေါင်း စိတ် | = | ၃၁–ပါး ဖြစ်ပါသည်။ |

အာရုံ ၆–ပါးတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော ဓမ္မာရုံသရုပ်မှာ–

| | | |
|---|---|---|
| ၁. စိတ် | = | ၈၉–ပါး |
| ၂. စေတသိက် | = | ၅၂–ပါး |
| ၃. ပသာဒရုပ် | = | ၅–ပါး |
| ၄. သုခုမရုပ် | = | ၁၆–ပါး |
| ၅. နိဗ္ဗာန် | = | ၁–ပါး |
| ၆. ပညတ် | = | ၁–ပါး |

ပေါင်း ဓမ္မာရုံထိုက်သောတရား = ၁၆၄–ပါး [အကျဉ်း (၆)ပါး၊ အကျယ် (၁၆၄)ပါး]

http://www.dhammadownload.com



❸ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် "နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏"ဟု ဆုတောင်း တတ်ကြရာ နိဗ္ဗာန်ကို မျက်မှောက် (ကေန်အာရုံ) ပြုနိုင်သည့် စိတ်ကိုလည်း တိကျစွာ ဖြေဆို၍ အသည်းသတ်ကြည်သော ရုပ(၁၅)ဘုံ၌ ရနိုင်သည့်ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ် တို့ကိုလည်း ဖြေဆိုပါ။

နိဗ္ဗာန်ကို မျက်မှောက် (ကေန်အာရုံ) ပြုနိုင်သည့် စိတ်မှာ–

"လောကုတ္တရာစိတ် ၈–ပါး" ဖြစ်ပါသည်။

အသည်းသတ်ကြည်သော ရုပ (၁၅)ဘုံ၌ ရနိုင်သည့် ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့မှာ–

| ဝတ္ထုရုပ် ၃–ပါး | | ဝိညာဏဓာတ် ၄–ပါး |
|---|---|---|
| စက္ခုဝတ္ထု | = | စက္ခုဝိညာဏဓာတ် |
| သောတဝတ္ထု | = | သောတဝိညာဏဓာတ် |
| ဟဒယဝတ္ထု | = | မနောဓာတ် |
| | | မနောဝိညာဏဓာတ် |

---

## ၂၀၀၁–ခုနှစ်

❶ ဒုစရိုက်လုပ်ငန်း လုပ်ဆောင်ရန် အခြေခံ အမြစ်ရင်းသဖွယ်ဖြစ်သော အကုသိုလ်ဟိတ် တို့ကို ဖြေဆို၍၊ ဒွိဟိတ်စိတ် ၂၂–ပါးကိုလည်း ရေတွက်ပြပါ။

ဒုစရိုက်လုပ်ငန်း လုပ်ဆောင်ရန် အခြေခံ အမြစ်ရင်းသဖွယ်ဖြစ်သော အကုသိုလ်ဟိတ် တို့မှာ–

လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ် တို့ဖြစ်ပါသည်။

ဒွိဟိတ်စိတ် ၂၂–ပါးကိုလည်း ရေတွက်ပြရသော်–

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈–ပါး |
| ဒေါသမူစိတ် | = | ၂–ပါး |
| ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် | = | ၁၂–ပါး |
| ပေါင်း ဒွိဟိတ်စိတ် | = | ၂၂–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❷ လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို အစဉ်တကျ ရေတွက်ပြ၍ ယင်း တံခါးခြောက်ပေါက် ဝယ် လုံးဝ ဝင်ထွက်ခွင့် မရသောစိတ်ကိုလည်း ဖော်ပြပါ။

လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို အစဉ်တကျ ရေတွက်ပြရသော်–

(၁) စက္ခုဒွါရ
(၂) သောတဒွါရ
(၃) ဃာနဒွါရ
(၄) ဇိဝှါဒွါရ
(၅) ကာယဒွါရ
(၆) မနောဒွါရ တို့ဖြစ်ပါသည်။

ယင်း တံခါးခြောက်ပေါက်ဝယ် လုံးဝ ဝင်ထွက်ခွင့် မရသောစိတ်မှာ–

"မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါး" ဖြစ်ပါသည်။

❸ ရုပ်မြင်သံကြားကို ကြည့်ရှု နားထောင်နေစဉ်ခဏ၌ ဖြစ်ပေါ်နေသော ဝိညာဏဓာတ်နှစ်ပါးကို မှီရာဝတ္ထုနှင့်တကွ တွဲစပ်ဖော်ပြ၍ ဟဒယဝတ္ထုရုပ်ကို အမြဲမှီသောစိတ်များကို ဖော်ပြပါ။

ရုပ်မြင်သံကြားကို ကြည့်ရှု နားထောင်နေစဉ်ခဏ၌ ဖြစ်ပေါ်နေသော ဝိညာဏဓာတ် နှစ်ပါးနှင့် မှီရာဝတ္ထုတို့မှာ–

| | ဝိညာဏဓာတ် | | မှီရာဝတ္ထု |
|---|---|---|---|
| (ကြည့်ရှုစဉ်) | စက္ခုဝိညာဏဓာတ် | = | စက္ခုဝတ္ထု |
| (နားထောင်စဉ်) | သောတဝိညာဏဓာတ် | = | သောတဝတ္ထု |

ဟဒယဝတ္ထုရုပ်ကို အမြဲမှီသောစိတ်များမှာ–

| | | |
|---|---|---|
| ဒေါသမူစိတ် | = | ၂–ပါး |
| မနောဓာတ် | = | ၃–ပါး |
| သန္တီရဏ | = | ၃–ပါး |
| ဟသိတုပ္ပါဒ် | = | ၁–ပါး |
| မဟာဝိပါက် | = | ၈–ပါး |
| ရူပစိတ် | = | ၁၅–ပါး |
| သောတာပတ္တိမဂ် | = | ၁–ပါး |

ပေါင်း ဟဒယဝတ္ထုရုပ်ကို အမြဲမှီသောစိတ် = ၃၃–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၂၀၀၂-ခုနှစ်

❶ "တာဝန်ကိုယ်စီ ရှိကြသည်" ဆိုသည့်အတိုင်း ပကိဏ်းက တာဝန်ယူလုပ်ဆောင်မည့် အကျဉ်းချုပ်ခေါင်းစဉ် ၆-ခုကို ဖော်ပြ၍ အဗျာကတဟိတ် ၃-ပါးကိုလည်း ရေးသားပြီး "ကိစ္စများမြောင် လူတို့ဘောင်"ဟုဆိုသော်လည်း အဘိဓမ္မာအမြင်ဖြင့် ကြည့်ပါက ကိစ္စ မည်မျှ ရှိသည်ကို ရေတွက်ပြခဲ့ပါ။

"တာဝန်ကိုယ်စီ ရှိကြသည်" ဆိုသည့်အတိုင်း ပကိဏ်းက တာဝန်ယူလုပ်ဆောင်မည့် အကျဉ်းချုပ်ခေါင်းစဉ် ၆-ခုမှာ-

(၁) ဝေဒနာသင်္ဂဟ
(၂) ဟေတုသင်္ဂဟ
(၃) ကိစ္စသင်္ဂဟ
(၄) ဒွါရသင်္ဂဟ
(၅) အာရမ္မဏသင်္ဂဟ
(၆) ဝတ္ထုသင်္ဂဟ တို့ဖြစ်ပါသည်။

အဗျာကတဟိတ် ၃-ပါးမှာ-

အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် တို့ဖြစ်ပါသည်။

"ကိစ္စများမြောင် လူတို့ဘောင်"ဟုဆိုသော်လည်း အဘိဓမ္မာအမြင်ဖြင့် ကြည့်ပါက-

ကိစ္စ ၁၄-ပါးသာ ရှိပါသည်။

၎င်းတို့ကို ရေတွက်ပြရသော်-

(၁) ပဋိသန္ဓေကိစ္စ
(၂) ဘဝင်ကိစ္စ
(၃) အာဝဇ္ဇန်းကိစ္စ
(၄) ဒဿနကိစ္စ
(၅) သဝနကိစ္စ
(၆) ဃာယနကိစ္စ
(၇) သာယနကိစ္စ
(၈) ဖုသနကိစ္စ
(၉) သမ္ပဋိစ္ဆိုင်းကိစ္စ
(၁၀) သန္တီရဏကိစ္စ
(၁၁) ဝုဋ္ဌောကိစ္စ
(၁၂) ဇောကိစ္စ
(၁၃) တဒါရုံကိစ္စ
(၁၄) စုတိကိစ္စ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



❷ “ဘဝင်ခိုက်သွားပြီ ဘဝင်ခိုက်သွားပြီ” ဟု ပြောဆိုတတ်ကြရာ ၎င်းဘဝင်ကို အဘယ်ဒွါရ ဟုခေါ်၍၊ ယင်း ဒွါရ၌ ဖြစ်သော စိတ်သရုပ်ကိုလည်း ရေတွက်ပြခဲ့ပါ။

“ဘဝင်ခိုက်သွားပြီ ဘဝင်ခိုက်သွားပြီ”ဟု ပြောဆိုတတ်ကြရာ–

ဘဝင်စိတ်တို့၏ အဆုံးဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉–ပါးကို မနောဒွါရ ဟု ခေါ်ဆိုပါသည်။

၎င်း မနောဒွါရ၌ဖြစ်သော စိတ်သရုပ်တို့မှာ–

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | = | ၁–ပါး |
| ကာမဇော | = | ၂၉–ပါး |
| အပ္ပနာဇော | = | ၂၆–ပါး |
| တဒါရုံ | = | ၁၁–ပါး |
| ပေါင်း စိတ် | = | ၆၇–ပါး ဖြစ်ပါသည်။ |

❸ “နိဗ္ဗာန်ကို အာရုံပြု၍ လူကြ တမ်းကြ ကုသိုလ်ကောင်းမှုပြုကြ” ဟု တိုက်တွန်းကြရာ နိဗ္ဗာန်ကို အာရုံပြုနိုင်သော စိတ်တို့ကို ကုန်စင်အောင် ဖော်ပြခဲ့ပါ။

“နိဗ္ဗာန်ကို အာရုံပြု၍ လှူကြ တမ်းကြ ကုသိုလ်ကောင်းမှုပြုကြ”ဟု တိုက်တွန်းကြရာ နိဗ္ဗာန်ကို အာရုံပြုနိုင်သော စိတ်များမှာ–

နိဗ္ဗာန် (ကေန်) အာရုံပြုစိတ် = လောကုတ္တရာစိတ် = ၈–ပါး

| | | | | |
|---|---|---|---|---|
| နိဗ္ဗာန် (အနေကန်) အာရုံပြုစိတ် | = | မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| | | မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် | = | ၄–ပါး |
| | | မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် | = | ၄–ပါး |
| | | အဘိညာဉ်စိတ် | = | ၂–ပါး |
| | | ပေါင်း (အနေကန်) အာရုံပြုစိတ် | = | ၁၁–ပါး |

တို့ဖြစ်ပါသည်။

http://www.dhammadownload.com



❾ "ဒေါသရှေ့ထား မှားတတ်သည်ဖြစ်ရာ" ၎င်းဒေါသနှင့် ယှဉ်သောစိတ်ကို ဖော်ပြ၍ ယင်းစိတ်ကို ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုဖြင့် ဝေဖန်ပြပါ။

"ဒေါသရှေ့ထား မှားတတ်သည်ဖြစ်ရာ" ၎င်းဒေါသနှင့် ယှဉ်သောစိတ်မှာ–

ဒေါသမူစိတ် ၂–ပါး ဖြစ်ပါသည်။

၎င်းဒေါသမူစိတ်၏ ကိစ္စ = ဇောကိစ္စ၊

ဒွါရ = ၆–ဒွါရမြဲ၊

အာရုံ = လောကီစိတ် (၈၁)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပညတ်ဟူသော အာရုံ ၆–ပါး၊

ဝတ္ထု = ဟဒယဝတ္ထု။

---

(၂၀၀၃–ခုနှစ်)

❶ "ခံစားမှုဝေဒနာ ကိုယ်စီရှိကြသည်" ဟုဆိုရာ ထိုဝေဒနာသည် အဘာယ်ဘေဒဖြင့် မည်မျှ များပြားသည်ကို ဖြေဆို၍ ကိစ္စ (၁၄)ပါး၊ ဌာန (၁၀)ပါးဟုရှိရာ ကိစ္စ နှင့် ဌာနတို့ကို အသီးသီး တွဲစပ်ပြပါ။

"ခံစားမှုဝေဒနာ ကိုယ်စီရှိကြသည်" ဟုဆိုရာ ထိုဝေဒနာသည်–

**အာရမ္မဏာနုဘဝနလက္ခဏဘေဒနည်း**

(၁) သုခဝေဒနာ
(၂) ဒုက္ခဝေဒနာ
(၃) အဒုက္ခ– မသုခဝေဒနာ

**ဣန္ဒြိယဘေဒနည်း**

(၁) သုခဝေဒနာ
(၂) ဒုက္ခဝေဒနာ
(၃) သောမနဿဝေဒနာ
(၄) ဒေါမနဿဝေဒနာ
(၅) ဥပေက္ခာဝေဒနာ

ကိစ္စနှင့်ဌာနတို့ကို အသီးသီး တွဲစပ်ပြရသော်–

[ ၁၉၉၃–ခုနှစ်၊ နံပါတ် (၁)အဖြေ ပြန်ကြည့်ပါ။ ]

http://www.dhammadownload.com



❷ ဇောက်စွထိုက်သော အဟိတ်စိတ်ကို ဖော်ပြပြီး၊ ပဥ္စဝတ္ထုကို အမြဲမှီသော စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဇောကိစ္စထိုက်သော အဟိတ်စိတ်မှာ- "ဟသိတုပ္ပါဒ်စိတ်" ဖြစ်ပါသည်။
ပဥ္စဝတ္ထုကို အမြဲမှီသော စိတ်တို့မှာ - "ဒွေပဥ္စဝိညာဏ် ၁၀-ပါး" ဖြစ်ပါသည်။

❸ သဗ္ဗာကုသလယောဂီစေတသိက်များကို ဖော်ပြ၍ ဟဒယဝတ္ထုကို အမြဲမှီသောစိတ်နှင့် လုံးဝ မမှီသောစိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

သဗ္ဗာကုသလယောဂီစေတသိက်များမှာ-

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | = | ၇-ပါး |
| (ဝိတက်, ဝိစာရ, ဝီရိယ)ပကိဏ်းစေတသိက် | = | ၃-ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄-ပါး (မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ) |
| ပေါင်း | = | ၁၄-ပါး ဖြစ်ပါသည်။ |

ဟဒယဝတ္ထုကို အမြဲမှီသောစိတ်မှာ -

| | | |
|---|---|---|
| ဒေါသမူစိတ် | = | ၂-ပါး |
| မနောဓာတ် | = | ၃-ပါး |
| သန္တီရဏစိတ် | = | ၃-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| ရူပစိတ် | = | ၁၅-ပါး |
| သောတာပတ္တိမဂ်စိတ် | = | ၁-ပါး |
| ပေါင်း | = | ၃၃-ပါး ဖြစ်ပါသည်။ |

ဟဒယဝတ္ထုကို လုံးဝမမှီသောစိတ်မှာ-

| | | |
|---|---|---|
| အရူပဝိပါက်စိတ် | = | ၄-ပါး |
| ဒွေပဥ္စဝိညာဏ် | = | ၁၀-ပါး |
| ပေါင်း | = | ၁၄-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



## ၂၀၀၄–ခုနှစ်

**❶** "ခံစားမှု ကိုယ်စီရှိကြသည်" ဟူသောစကား၌ "ခံစားမှု" ဟူသည် မည်သည့်တရားကို ခေါ်ပါသနည်း။ ထိုတရားသည် အဘယ်နည်းအားဖြင့် ဘယ်နှစ်ပါး ပြားပါသနည်း။ ပြည့်စုံစွာ ဖော်ပြပါ။

"ခံစားမှု ကိုယ်စီရှိကြသည်' ဟူသောစကား၌ 'ခံစားမှု' ဟူသည်–
''ဝေဒနာစေတသိက်''တရားကို ခေါ်ပါသည်။

ထို ဝေဒနာသည်–

| အာရမ္မဏာနုဘဝနလက္ခဏာဘေဒနည်း | ဣန္ဒြိယဘေဒနည်း |
|---|---|
| (၁) သုခဝေဒနာ | (၁) သုခဝေဒနာ |
| (၂) ဒုက္ခဝေဒနာ | (၂) ဒုက္ခဝေဒနာ |
| (၃) အဒုက္ခ– မသုခဝေဒနာ | (၃) သောမနဿဝေဒနာ |
| | (၄) ဒေါမနဿဝေဒနာ |
| | (၅) ဥပေက္ခာဝေဒနာ –ဟူ၍ |

အာရမ္မဏာနုဘဝနလက္ခဏာဘေဒနည်းအရ– (၃)ပါး၊ ဣန္ဒြိယဘေဒနည်းအရ– (၅)ပါး ပြားပါသည်။

**❷** ဟိတ်နှင့်တကွဖြစ်သောတရားတို့ကို ဇာတိဘေဒ (ဇာတ်အပြား)၊ ဘူမိဘေဒ (ဘုံအပြား) တို့ဖြင့် ဝေဖန်ပြပါ။

ဟိတ်နှင့်တကွဖြစ်သောတရား (သဟိတ်စိတ် ၇၁/၁၀၃–ပါး)တို့ကို ဇာတိဘေဒ(ဇာတ်အပြား)အားဖြင့် ဝေဖန်ပြရသော်–

| | | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး | ၁၂–ပါး |
| ကုသိုလ်စိတ် | = | ၂၁–ပါး | ၃၇–ပါး |
| ဝိပါက်စိတ် | = | ၂၁–ပါး | ၃၇–ပါး |
| ကြိယာစိတ် | = | ၁၇–ပါး | ၁၇–ပါး |
| | = | ၇၁–ပါး | ၁၀၃–ပါး |

http://www.dhammadownload.com



ဘူမိဘေဒ (ဘုံအပြား)အားဖြင့် ဝေဖန်ပြရသော်–

| | | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|---|
| ကာမာဝစရစိတ် | = | ၅၄–ပါး | ၅၄–ပါး |
| ရူပါဝစရစိတ် | = | ၁၅–ပါး | ၁၅–ပါး |
| အရူပါဝစရစိတ် | = | ၁၂–ပါး | ၁၂–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး | ၄၀–ပါး |
| | = | ၈၉–ပါး | ၁၂၁–ပါး |

❸ "လူတိုင်းမှာ တာဝန်(ကိစ္စ) ကိုယ်စီနဲ့" ဟူသည်နှင့်အညီ စိတ်တိုင်းမှာလည်း တာဝန်ကိုယ်စီ ရှိကြရာ အခြေအမြစ်မရှိသောစိတ်တို့ကို ၎င်းတို့ပြုလုပ်သော တာဝန်နှင့်တကွ ဖော်ပြပါ။

"လူတိုင်းမှာ တာဝန် (ကိစ္စ)ကိုယ်စီနဲ့" ဟူသည်နှင့်အညီ စိတ်တိုင်းမှာလည်း တာဝန်ကိုယ်စီ ရှိကြရာ အခြေအမြစ်မရှိသောစိတ် (အဟိတ်စိတ် ၁၈–ပါး)တို့ကို ပြုလုပ်သော တာဝန်နှင့်တကွ ဖော်ပြရသော်–

| အဟိတ်စိတ် ၁၈–ပါး | တာဝန် (ကိစ္စ) |
|---|---|
| (၁) စက္ခုဝိညာဉ်ဒွေ | (၁) ဒဿနကိစ္စ |
| (၂) သောတဝိညာဉ်ဒွေ | (၂) သဝနကိစ္စ |
| (၃) ဃာနဝိညာဉ်ဒွေ | (၃) ဃာယနကိစ္စ |
| (၄) ဇိဝှါဝိညာဉ်ဒွေ | (၄) သာယနကိစ္စ |
| (၅) ကာယဝိညာဉ်ဒွေ | (၅) ဖုသနကိစ္စ |
| (၆) သမ္ပဋိစ္ဆိုင်းဒွေ | (၆) သမ္ပဋိစ္ဆိုင်းကိစ္စ |
| (၇) ဥပေက္ခာသန္တီရဏ–၂ | (၇) ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စ |
| (၈) သောမနဿသန္တီရဏ–၁ | (၈) သန္တီရဏကိစ္စ, တဒါရုံကိစ္စ |
| (၉) မနောဒွါရာဝဇ္ဇန်း | (၉) အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌောကိစ္စ |
| (၁၀) ပဉ္စဒွါရာဝဇ္ဇန်း | (၁၀) အာဝဇ္ဇန်းကိစ္စ |
| (၁၁) ဟသိတုပ္ပါဒ်စိတ် | (၁၁) ဇောကိစ္စ |

http://www.dhammadownload.com



❻ စာဖြေရှင် မောင်တို့မယ်တို့ ယခုရောက်ရှိနေသောဘုံကို မည်သည့်ဘုံဟု ခေါ်ပါသနည်း၊ ထိုဘုံ၌ ရရှိနိုင်သော ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့ကို ဖော်ပြပါ။

**အကျွန်ုပ်တို့ ယခုရောက်ရှိနေသောဘုံမှာ – လူ့ဘုံ (ကာမသုဂတိဘုံ) ဖြစ်ပါသည်။**

**ထိုလူ့ဘုံ (ကာမသုဂတိဘုံ)၌ ရရှိနိုင်သော ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့မှာ–**

| ဝတ္ထု | ဝိညာဏဓာတ် |
|---|---|
| (၁) စက္ခုဝတ္ထု | (၁) စက္ခုဝိညာဏဓာတ် |
| (၂) သောတဝတ္ထု | (၂) သောတဝိညာဏဓာတ် |
| (၃) ဃာနဝတ္ထု | (၃) ဃာနဝိညာဏဓာတ် |
| (၄) ဇိဝှါဝတ္ထု | (၄) ဇိဝှါဝိညာဏဓာတ် |
| (၅) ကာယဝတ္ထု | (၅) ကာယဝိညာဏဓာတ် |
| (၆) ဟဒယဝတ္ထု | (၆) မနောဓာတ် |
| | (၇) မနောဝိညာဏဓာတ် |

---

## ၂၀၀၅–ခုနှစ်

❶ လူတို့နေရာ အိမ်ဂေဟာကို လက်သမားဆရာသည် တံခါးပေါက်ဖောက်သကဲ့သို့ တထွာ ယောက်ျား လက်သမားသည် ခန္ဓာအိမ်အား တံခါးပေါက် မည်မျှဖောက်ခဲ့ကြောင်းကို ထင်ရှား ပေါ်လွင်စေရန် သရုပ်သကန်ဖြင့် အဟုတ်အမှန် ထုတ်ပြခဲ့ပါ။

**လူတို့နေရာ အိမ်ဂေဟာကို လက်သမားဆရာသည် တံခါးပေါက်ဖောက်သကဲ့သို့ တထွာ ယောက်ျား လက်သမားသည် ခန္ဓာအိမ်အား** တံခါးပေါက် ၆–ပေါက် ဖောက်ခဲ့ ပါသည်။

ပကတိတံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ ခန္ဓာအိမ်၌ စက္ခု ပသာဒ စသော တံခါးပေါက်များသည်လည်း စက္ခုဒွါရိကဝီထိစိတ် စသည်တို့၏ ဖြစ် ကြောင်း ဖြစ်သောကြောင့် ဒွါရ မည်၏–ဟု ဒွါရသင်္ဂဟ၌ ဆိုထားသောကြောင့် ဖြစ်ပါ သည်။

**ဒွါရအပြား ၆–ပါး ရှိပါသည်၊ သရုပ်သကန် (တရားကိုယ်)ဖြင့် ပြရသော်–**

(၁) စက္ခုဒွါရ = စက္ခုပသာဒရုပ်

http://www.dhammadownload.com



(၂) သောတဒွါရ = သောတပသာဒရုပ်
(၃) ဃာနဒွါရ = ဃာနပသာဒရုပ်
(၄) ဇိဝှါဒွါရ = ဇိဝှါပသာဒရုပ်
(၅) ကာယဒွါရ = ကာယပသာဒရုပ်
(၆) မနောဒွါရ = ဘဝင်စိတ်တို့၏အဆုံးဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါး

**၂** "အလုပ်မှန်သမျှ ဂုဏ်ရှိစွ" ဆိုသည့်အတိုင်း အလုပ်မှန်သမျှ ဂုဏ်ရှိသည်ဖြစ်ရာ အလုပ်အများဆုံးလုပ်သောစိတ်ကို ဖော်ပြ၍ ၎င်းစိတ်ကို ဝေဒနာ, ဟိတ်, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

"အလုပ်မှန်သမျှ ဂုဏ်ရှိစွ" ဆိုသည့်အတိုင်း အလုပ်မှန်သမျှ ဂုဏ်ရှိသည်ဖြစ်ရာ အလုပ်အများဆုံး လုပ်သောစိတ်မှာ-

"ဥပေက္ခာ သန္တီရဏစိတ် ၂-ပါး" ဖြစ်ပါသည်။

၎င်းစိတ်၏ ဝေဒနာ = ဥပေက္ခာဝေဒနာ၊
ဟိတ် = အဟိတ်၊
ဒွါရ = ၆-ဒွါရ (ရံခါ)
အာရုံ = ကာမစိတ် (၅၄)၊ စေတသိက် (၅၂)၊ ရုပ် (၂၈) ဟူသော ကာမအာရုံ ၆-ပါး၊
ဝတ္ထု = ဟဒယဝတ္ထု (မြဲ)၊

**၃** "အာရုံတွေ သိပ်မများနဲ့"ဟု ပြောဆိုကြရာ အာရုံ များ/မများ သိနိုင်ရန် အာရုံတရားများကို ရေတွက်ပြပြီးလျှင်၊ "၎က်ပျံ့ရှင်းသေ၊ လူကြံ့ရှင်းသေ" ဟူသော စကားအရ လူမှန်သမျှ ကြံ့စည်မှုနှင့် မကင်းနိုင်ရကား ၎င်းကြံ့စည်မှုနှင့်တကွဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

'အာရုံတွေ သိပ်မများနဲ့'ဟု ပြောဆိုကြရာ အာရုံ များ/မများ သိနိုင်ရန် အာရုံတရားများကို ရေတွက်ပြရသော်-

(၁) ရူပါရုံ
(၂) သဒ္ဒါရုံ

http://www.dhammadownload.com



(၃) ဃာနာရုံ
(၄) ရသာရုံ
(၅) ဖောဋ္ဌဗ္ဗာရုံ
(၆) ဓမ္မာရုံ တို့ ဖြစ်ပါသည်။

"ငှက်ပျံရင်းသေး၊ လူကြုံရင်းသေး" ဟူသော စကားအရ လူမှန်သမျှ ကြံစည်မှုနှင့် မကင်းနိုင်ရကား ငုံးကြံစည်မှု (ဝိတက်စေတသိက်)နှင့် တကွဖြစ်သောစိတ်တို့မှာ–

(ဒွေပဉ္စဝိညာဏ်–၁၀ ကြဉ်သော) ကာမစိတ် ၄၄–ပါး၊ ပထမဈာန်စိတ် ၁၁–ပါး ပေါင်း ၅၅–ပါးသော စိတ်တို့နှင့်တကွ ဖြစ်ပါသည်။

---

## ၂၀၀၆–ခုနှစ်

**၁** "ဝတ္ထုအာရုံ ကာမဂုဏ်" ဟုဆိုကြရာ ဝတ္ထု (၆)ပါး၊ အာရုံ (၆)ပါး၊ ကာမဂုဏ်တရား (ကာမစိတ် ၅၄-ပါး)တို့ကို ရေတွက်ပြပြီးလျှင်၊ စေတသိက် အနည်းဆုံးယှဉ်သောစိတ်ကိုလည်း ဖော်ပြခဲ့ပါ။

"ဝတ္ထုအာရုံ ကာမဂုဏ်" ဟုဆိုကြရာ ဝတ္ထု (၆)ပါး၊ အာရုံ (၆)ပါး၊ ကာမဂုဏ်တရား (ကာမစိတ် ၅၄–ပါး)တို့မှာ–

| ဝတ္ထု (၆)ပါး | အာရုံ (၆)ပါး | ကာမစိတ် ၅၄–ပါး | |
|---|---|---|---|
| (၁) စက္ခုဝတ္ထု | (၁) ရူပါရုံ | အကုသိုလ်စိတ် | = ၁၂–ပါး |
| (၂) သောတဝတ္ထု | (၂) သဒ္ဒါရုံ | အဟိတ်စိတ် | = ၁၈–ပါး |
| (၃) ဃာနဝတ္ထု | (၃) ဂန္ဓာရုံ | ကာမသောဘနစိတ် | = ၂၄–ပါး |
| (၄) ဇိဝှါဝတ္ထု | (၄) ရသာရုံ | ပေါင်း | = ၅၄–ပါး |
| (၅) ကာယဝတ္ထု | (၅) ဖောဋ္ဌဗ္ဗာရုံ | | |
| (၆) ဟဒယဝတ္ထု | (၆) ဓမ္မာရုံ | | |

စေတသိက် အနည်းဆုံးယှဉ်သောစိတ်မှာ – ဒွေပဉ္စဝိညာဏ် ၁၀–ပါး ဖြစ်ပါသည်။

**၂** "ကာမနတ်နား အဟိတ်တရား" ဖြစ်ပါလျက် ဘုရားရှင်ကိုယ်တော်မြတ်ကိုမှ ဖြစ်ရသောစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

http://www.dhammadownload.com



"ကာမနတ်နား အဟိတ်တရား"ဖြစ်ပါလျက် ဘုရားရှင်ကိုယ်တော်မြတ်ကိုမှ ဖြစ်ရသော စိတ်မှာ– "ဟသိတုပ္ပါဒ်စိတ်" ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ထို ဟသိတုပ္ပါဒ်စိတ်၏ | ဝေဒနာ | = | သောမနဿဝေဒနာ၊ |
| | ဟိတ် | = | အဟိတ်၊ |
| | ကိစ္စ | = | ဇောကိစ္စ၊ |
| | ဒွါရ | = | ၆–ဒွါရ (ရံခါ) |
| | အာရုံ | = | ကာလ ၃–ပါး၌ဖြစ်သော ကာမစိတ်(၅၄)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ဟူသော ကာမအာရုံ ၆–ပါး၊ |
| | ဝတ္ထု | = | ဟဒယဝတ္ထု (မြဲ)၊ |

❸ "စိတ်ဇောယာဉ်ပျံ လွန်လျင်မြန်" ဟုဆိုထားရာ "ဇော" အမည်ရသော စိတ်တို့ကို ရေတွက်ပြပြီးလျှင်၊ ကြံစည်မှုမှန်သမျှ၌ သုံးသပ်၍ ရနိုင်/မရနိုင် အကြောင်းသွင်း၍ ရှင်းလင်းခဲ့ပါ။

"စိတ်ဇောယာဉ်ပျံ လွန်လျင်မြန်"ဟုဆိုထားရာ 'ဇော' အမည်ရသော စိတ်တို့မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| မဟာကုသိုလ်/ ကြိယာစိတ် | = | ၁၆–ပါး |
| မဟဂ္ဂုတ်ကုသိုလ် / ကြိယာစိတ် | = | ၁၈–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး / ၄၀–ပါး |
| ဇောစိတ်ပေါင်း | = | ၅၅–ပါး / ၈၇–ပါး |

ကြံစည်မှု (ဝိတက်)မှန်သမျှ၌ သုံးသပ်မှု (ဝိစာရ) ရနိုင်ပါသည်။

အကြောင်းမှာ–

ကြံစည်မှု (ဝိတက်)သည် – ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော ကာမစိတ် (၄၄), ပထမဈာန်စိတ် (၁၁)၌ ယှဉ်၍၊

သုံးသပ်မှု (ဝိစာရ)သည် – ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော ကာမစိတ် (၄၄), ပထမဈာန်စိတ် (၁၁), ဒုတိယဈာန်စိတ် (၁၁)၌ ယှဉ်သောကြောင့်

http://www.dhammadownload.com



ကြံစည်မှု(ဝိတက်) ဖြစ်သမျှစိတ်တိုင်းတွင် သုံးသပ်မှု(ဝိစာရ) သည် ရနိုင်ခြင်း ဖြစ်ပါသည်။

## ၂၀၀၇-ခုနှစ်

**၁** "ကိစ္စများမြောင် လူတို့ဘောင်"ဟူသည်နှင့်အညီ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မွေးဖွား လာသည့် အချိန်မှ သေသည့်အချိန်ထိ မလွဲမသွေ လုပ်ဆောင်ရမည့် ကိစ္စများကို ဆိုင်ရာ ဌာနနှင့် တွဲစပ်ပြပါ။

[ ၁၉၉၃-ခုနှစ်၊ နံပါတ်-၁ အဖြေနှင့်တူ။ ]

**၂** တဏှာယောကျ်ား ဆောက်လုပ်ခဲ့သော ခန္ဓာအိမ်၏ တံခါးပေါက်(ဒွါရ)သို့

(က) ရံခါ ဝင်ထွက်ခွင့်ရသောစိတ်၊

(ခ) လုံးဝ ဝင်ထွက်ခွင့်မရသောစိတ်တို့ကို ဖော်ပြပါ။

တဏှာယောကျ်ား ဆောက်လုပ်ခဲ့သော ခန္ဓာအိမ်၏ တံခါးပေါက် (ဒွါရ)သို့

| | | | |
|---|---|---|---|
| (က) ရံခါ ဝင်ထွက်ခွင့်ရသောစိတ် – | ဥပေက္ခာသန္တီရဏစိတ် | = | ၂-ပါး |
| | မဟာဝိပါက်စိတ် | = | ၈-ပါး |
| | ပေါင်း | = | ၁၀-ပါး |
| (ခ) လုံးဝ ဝင်ထွက်ခွင့် မရသောစိတ်– | မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉-ပါး |

**၃** "ကြည့်သောသူ မြင်၏"ဟု ဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေး ပါသနည်း။ ဖြေဆို၍ ယင်းစိတ်၏ အာရုံကိုလည်း သိသာရုံ ဖော်ပြပါ။

မြင်မှု(ဒဿနကိစ္စ)ကို ဆောင်ရွက်သောစိတ်မှာ–

စက္ခုဝိညာဏ်စိတ် ၂-ပါး ဖြစ်ပါသည်။

**ယင်းစိတ်၏အာရုံတို့မှာ–**

(၁) အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၏ အာရုံ = ပစ္စုပ္ပန် (အနိဋ္ဌ) ရူပါရုံ

(၂) အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၏အာရုံ = ပစ္စုပ္ပန် (ဣဋ္ဌ) ရူပါရုံ

http://www.dhammadownload.com



❻ "ဒုက္ခမျိုးစေ့ဖြစ်သော သုခကို ငါ ရှောင်ရှားမည်"၌ ပါဝင်သော "ဒုက္ခ၊ သုခ"တို့ကို အကျိုးဝိပါက်စိတ်နှင့် တွဲစပ်ပြပါ။

ဝေဒနာ – အကျိုးဝိပါက်စိတ်

(၁) ဒုက္ခ(ကိုယ်ဆင်းရဲ) = အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်

(၂) သုခ(ကိုယ်ချမ်းသာ) = အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်

❼ လောကတွင် မနောဓာတ်ဖြင့် အတတ်ဟောသည်"ဟု ဆိုရာ၌ မနောဓာတ်အမည်ရသော စိတ်တို့ကို ရေတွက်ပြပြီး၊ ယင်း မနောဓာတ်များသည် အဘယ်ကို အာရုံပြုပါသနည်း၊ ဖြေဆိုခဲ့ပါ။

| | | | |
|---|---|---|---|
| မနောဓာတ်အမည်ရသောစိတ် = | ပဥ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| | သမ္ပဋိစ္ဆိုင်းစိတ် | = | ၂–ပါး |
| | ပေါင်း – မနောဓာတ် | = | ၃–ပါး |

ယင်း မနောဓာတ်များ၏အာရုံမှာ–

ပဉ္စဒွါရ၌ ပဉ္စာရုံဟုဆိုအပ်သော ကာမအာရုံ ၅–ပါးကို ကေန် အာရုံပြုပါသည်။

---

## ၂၀၀၈–ခုနှစ်

❶ ဝေဒနာတို့ကို ခံစားမှု အနုဘဝနနည်း၊ အစိုးရမှု ဣန္ဒြိယဘေဒနည်းအားဖြင့် ခွဲခြားပြ၍ (က) ဟိတ်မရှိသောစိတ် (ခ) ဟိတ်တစ်ပါးတည်းသာ ရှိသောစိတ် (ဂ) ဟိတ်နှစ်ပါး ရှိသောစိတ် (ဃ) ဟိတ်သုံးပါး ရှိသောစိတ်တို့ကိုလည်း သချ်ာမျှ ဖော်ပြပါ။

ဝေဒနာတို့ကို ခံစားမှု အနုဘဝနနည်းအားဖြင့် ခွဲခြားရသော်–

(၁) သုခဝေဒနာ

(၂) ဒုက္ခဝေဒနာ

(၃) အဒုက္ခ–မသုခဝေဒနာ ဟူ၍ ဝေဒနာ ၃–ပါး ပြားပါသည်။

ဝေဒနာတို့ကို အစိုးရမှု ဣန္ဒြိယဘေဒနည်းအားဖြင့် ခွဲခြားရသော်–

(၁) သုခဝေဒနာ

http://www.dhammadownload.com



(၂) ဒုက္ခဝေဒနာ
(၃) သောမနဿဝေဒနာ
(၄) ဒေါမနဿဝေဒနာ
(၅) ဥပေက္ခာဝေဒနာဟူ၍ ဝေဒနာ ၅-ပါး ပြားပါသည်။

| | | |
|---|---|---|
| (က) ဟိတ်မရှိသော စိတ် | = | ၁၈-ပါး |
| (ခ) ဟိတ်တစ်ပါးသာ ရှိသောစိတ် | = | ၂-ပါး |
| (ဂ) ဟိတ်နှစ်ပါး ရှိသောစိတ် | = | ၂၂-ပါး |
| (ဃ) ဟိတ်သုံးပါး ရှိသောစိတ်(အကျဉ်း) | = | ၄၇-ပါး၊ (အကျယ်) ၇၉-ပါး |

❷ "အလုပ်လုပ်မှ လူကြီး၊ အလုပ်မလုပ်လျှင် လူအို"ဟု ဆိုကြရာ အလုပ်အများဆုံးလုပ်သော စုံတွဲကို ဖော်ပြ၍၊ ထိုစိတ်ကို ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ခွဲဝေပြပါ။

အလုပ် အများဆုံး လုပ်သော စုံတွဲမှာ-

ဥပေက္ခာသန္တီရဏစိတ် ၂-ပါး ဖြစ်ပါသည်။

**ယင်းစိတ်နှစ်ပါး၏-**

**ဒွါရ** = ၆-ဒွါရ (ရံခါ)ဖြစ် ၊ (ရံခါ)လွတ်၏။
**အာရုံ** = ကာမစိတ်-၅၄၊ စေတသိက်-၅၂၊ ရုပ်-၂၈ ဟုဆိုအပ်သော ကာမအာရုံ ၆-ပါးကို ကေန် အာရုံပြု၏။
**ဝတ္ထု** = ဟဒယဝတ္ထု (ကေန်)

❸ "တံခါးမရှိ ဓားမရှိ"ဟု ဆိုကြရာ တံခါးမရှိသော (ဒွါရမှလွတ်သော)စိတ်တို့ကို ဖော်ပြ၍၊ နိဗ္ဗာန်ကိုသာ အာရုံပြုသော စိတ်ကိုလည်း ရေးပြပါ။

'တံခါးမရှိ ဓားမရှိ'ဟုဆိုကြရာ တံခါးမရှိသော (ဒွါရမှလွတ်သော)စိတ်တို့မှာ-

**၆-ဒွါရမှ ရံခါလွတ်သောစိတ်** = ဥပေက္ခာသန္တီရဏစိတ် = ၂-ပါး
မဟာဝိပါက်စိတ် = ၈-ပါး
ပေါင်း = ၁၀-ပါး

**၆-ဒွါရမှ အမြဲလွတ်သောစိတ်** = မဟဂ္ဂုတ်ဝိပါက်စိတ် = ၉-ပါး

http://www.dhammadownload.com



နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ် = လောကုတ္တရာစိတ်(ကျဉ်း) = ၈–ပါး၊(ကျယ်)၄၀–ပါး

❹ မနောဓာတ် အမည်ရသော စိတ်တို့ကို ရေးသားပြ၍ နှလုံးသား မရှိသော ဟဒယဝတ္ထုကို မမှီသော စိတ်ကိုလည်း ရေးပြပါ။

မနောဓာတ်အမည်ရသော စိတ်–

ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ပါး + သမ္ပဋိစ္ဆိုင်းစိတ် (၂)ပါး = ၃–ပါး

နှလုံးသားမရှိသော ဟဒယဝတ္ထုကို မမှီသောစိတ်–

= ဒွေပဉ္စဝိညာဏ် (၁၀)ပါး + အရူပ (၄)ပါး = ၁၄–ပါး

---

၂၀၀၉–ခုနှစ်

❶ "ဘဝပြောင်းကောင်းဖို့ ဟိတ်အကြောင်းကောင်းဖို့ လိုတယ်"ဟု ဆိုကြရာ လိုအပ်သော အကြောင်းဟိတ်တို့ကို ဖော်ပြ၍ ကေဟိတ်စိတ်တို့ကိုလည်း ရေးသားပြပါ။

လိုအပ်သော အကြောင်းဟိတ်= အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ပေါင်း – ကုသိုလ်ဟိတ် ၃–ပါး

ကေဟိတ်စိတ်မှာ = မောဟမူစိတ် ၂–ပါး ဖြစ်ပါသည်။

❷ ခန္ဓာအိမ်၌ ရနိုင်သော တံခါးပေါက် ဒွါရတို့တွင် မနောဒွါရမည်သော စိတ်ကို ဖော်ပြ၍၊ မနောဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။

မနောဒွါရ မည်သောစိတ် = ဘဝင်စိတ်တို့၏အဆုံးဖြစ်သော ဘဝင်ုပစ္ဆေဒစိတ် ၁၉–ပါး ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| မနောဒွါရ၌ ဖြစ်သောစိတ်တို့မှာ – | မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| | ကာမဇောစိတ် | = | ၂၉–ပါး |
| | အပ္ပနာဇောစိတ် | = | ၂၆–ပါး |
| | တဒါရုံစိတ် | = | ၁၁–ပါး |
| | စိတ်ပေါင်း | = | ၆၇–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❸ "အာရုံတွေ ထွေပြား များလှသည်"ဟု ဆိုကြရာ အထွေပြားဆုံး အများဆုံး အာရုံ၏ အပြားကို ရေတွက်ပြပါ။

အထွေပြားဆုံး အများဆုံးအာရုံ = ဓမ္မာရုံ

| ဓမ္မာရုံအပြား = | အကျဉ်း | အကျယ် |
|---|---|---|
| | (၁) စိတ် | ၈၉–ပါး |
| | (၂) စေတသိက် | ၅၂–ပါး |
| | (၃) ပသာဒရုပ် | ၅–ပါး |
| | (၄) သုခုမရုပ် | ၁၆–ပါး |
| | (၅) နိဗ္ဗာန် | ၁–ပါး |
| | (၆) ပညတ် | ၁–ပါး |
| ပေါင်း | ၆–ပါး | ၁၆၄–ပါး |

❹ "ဤကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေ"ဟု ပေးလှူကြရာ၌ ၎င်းနိဗ္ဗာန်ကို ကေန်၊ အနေကန် အာရုံပြုနိုင်သော တရားတို့ကို ဖော်ပြခဲ့ပါ။

နိဗ္ဗာန်ကို ကေန် အာရုံပြုနိုင်သောတရားမှာ = လောကုတ္တရာစိတ် ၈–ပါး

နိဗ္ဗာန်ကို အနေကန် အာရုံပြုနိုင်သောတရား–

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် | = | ၄–ပါး |
| မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် | = | ၄–ပါး |
| အဘိညာဉ် | = | ၂–ပါး |
| ပေါင်း | = | ၁၁–ပါး |

❺ လောက၌ အမိုက်မှ ကြီးပွားသည်ဟု ဆိုကြသော်လည်း နှလုံးသားကို မမိုက်ဘဲ ဖြစ်သောစိတ်ကို ထုတ်ပြ၍၊ စိတ်ဓာတ်ကျသည်ဟု ဆိုကြရာတွင် စိတ်ဓာတ်များစွာမှ ဝိညာဏဓာတ်မဖက် သက်သက်သောစိတ်ဓာတ်ကိုလည်း အသေးစိတ် ရေတွက်ပြပါ။

http://www.dhammadownload.com



နှလုံးသား (ဟဒယဝတ္ထုရုပ်)ကို အမြဲမမှီတဲ ဖြစ်သောစိတ် –

| | | |
|---|---|---|
| ဒွေပဥ္စဝိညာဏ် | = | ၁၀–ပါး |
| အရူပဝိပါက်စိတ် | = | ၄–ပါး |
| ပေါင်း | = | ၁၄–ပါး |

နှလုံးသား (ဟဒယဝတ္ထုရုပ်)ကို ရံခါ မမှီသောစိတ်မှာ–

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈–ပါး |
| မောဟမူစိတ် | = | ၂–ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာကြိယာစိတ် | = | ၈–ပါး |
| အရူပ ကုသိုလ်စိတ် | = | ၄–ပါး |
| အရူပ ကြိယာစိတ် | = | ၄–ပါး |
| အထက်လောကုတ္တရာစိတ် | = | ၇–ပါး |
| ပေါင်း | = | ၄၂–ပါး |

ဝိညာဏဓာတ်မဖက် သက်သက်သော စိတ်ဓာတ်ကို အသေးစိတ် ရေတွက်ပြရသော်–

| | | |
|---|---|---|
| အဟိတ်ကြိယာ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် | = | ၁–ပါး |
| အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် | = | ၁–ပါး |
| ပေါင်း – မနောဓာတ် | = | ၃–ပါး |

http://www.dhammadownload.com



၂၀၁၀–ခုနှစ်

❶ ကိစ္စများခြောင်း လူတို့ဘောင်ဟူသော စကားအရ ကိစ္စအများဆုံးရှိသော စိတ်နှင့် ထိုစိတ်၏ ကိစ္စတို့ကို ဌာနနှင့်တကွ တွဲစပ်ပြပါ။

**ကိစ္စအများဆုံးစိတ်မှာ–** ဥပေက္ခာသန္တီရဏစိတ် ၂–ပါး ဖြစ်ပါသည်။

ထိုစိတ်၏ ကိစ္စတို့ကို ဌာနနှင့်တကွ တွဲစပ်ဖော်ပြရသော်–

| စိတ် | ကိစ္စ | ဌာန |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် ၂–ပါး | (၁) ပဋိသန္ဓေကိစ္စ | (၁) ပဋိသန္ဓေဌာန |
| | (၂) ဘဝင်ကိစ္စ | (၂) ဘဝင်ဌာန |
| | (၃) စုတိကိစ္စ | (၃) စုတိဌာန |
| | (၄) သန္တီရဏကိစ္စ | (၄) သန္တီရဏဌာန |
| | (၅) တဒါရုံကိစ္စ | (၅) တဒါရုံဌာန |

❷ "မမြင်ရရာ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်"ဟု ဆိုသည့်စကား မှန်/မမှန် ရှင်းပြ၍ ၊ ၎င်းမြင်သိစိတ်နှင့်အတူ ဖြစ်ပေါ်လာသော စိတ်တို့ကိုလည်း ဒွါရသင်္ဂဟအရ ဖော်ပြပါ။

**မမြင်ရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်–ဟူသောစကား မှန်ပါသည်။**

အကြောင်းမှာ–

| | | | | | |
|---|---|---|---|---|---|
| လောဘ | ဖြစ်စရာ | အာရုံကို | မြင်ပါက | – | လောဘ ဖြစ်မည်။ |
| ဒေါသ | ။ | ။ | ။ | – | ဒေါသ ဖြစ်မည်။ |
| မောဟ | ။ | ။ | ။ | – | မောဟ ဖြစ်မည်။ |

ဤသို့ စသည်ဖြင့် ကိလေသာ(အကုသိုလ်များ) ဖြစ်ပါမည်၊ ထိုအာရုံများကို မမြင်ခဲ့ပါမူ ကိလေသာများ မဖြစ် (ငြိမ်း)ပါသည်။

**မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့်အတူ ဖြစ်ပေါ်လာသော စိတ်တို့ကို ဒွါရသင်္ဂဟအရ ဖော်ပြရသော်–**

http://www.dhammadownload.com



| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂–ပါး |
| သန္တီရဏစိတ် | = | ၃–ပါး |
| ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်းစိတ်) | = | ၁–ပါး |
| ကာမဇော | = | ၂၉–ပါး |
| တဒါရုံ(မဟာဝိပါက်စိတ်) | = | ၈–ပါး |
| ပေါင်း မြင်သိစိတ်နှင့်အတူဖြစ်သောစိတ် | = | ၄၄–ပါး |

❸ အာရုံတွေက များလိုက်တာ ဟူရာဝယ် အကျယ်ပြန့်ဆုံး အာရုံ၏အပြားတို့ကို ဖော်ထုတ်၍၊ ပညတ်နှင့် ပရမတ် ကွဲဖို့လိုသည်ဟူသော စကားအရ နောက်ဆုံးပရမတ်တရားကို အာရုံပြုသည့်တရားနှင့် ယှဉ်တွဲဖော်ပြပါ။

အကျယ်ပြန့်ဆုံး အာရုံမှာ – ဓမ္မာရုံ ဖြစ်ပါသည်။

ဓမ္မာရုံ အပြားတို့ကို ဖော်ထုတ်ပြရသော်–

| | | | |
|---|---|---|---|
| (၁) | စိတ် | = | ၈၉–ပါး |
| (၂) | စေတသိက် | = | ၅၂–ပါး |
| (၃) | ပသာဒရုပ် | = | ၅–ပါး |
| (၄) | သုခုမရုပ် | = | ၁၆–ပါး |
| (၅) | နိဗ္ဗာန် | = | ၁–ပါး |
| (၆) | ပညတ် | = | ၁–ပါး |
| ပေါင်း ဓမ္မာရုံ (ကျဉ်း) ၆–ပါး | = (ကျယ်) ၁၆၄–ပါး | | |

နောက်ဆုံးပရမတ်တရားကို အာရုံပြုသည့်တရားနှင့် ယှဉ်တွဲဖော်ပြရသော်–

| နောက်ဆုံးပရမတ်တရား | အာရုံပြုသည့်တရား |
|---|---|
| နိဗ္ဗာန် | ၁။ လောကုတ္တရာ ၈–ပါးဖြင့် ကောန်အာရုံပြုပါသည်။<br>၂။ မနောဒွါရာဝဇ္ဇန်း ၁–ပါး၊ မဟာကုသိုလ်–ကြိယာ ဉာဏသမ္ပယုတ်စိတ် ၈–ပါး၊ အဘိညာဉ်ဒွေ ပေါင်း ၁၁–ပါးဖြင့် အနေကန်အာရုံပြုပါသည်။ |

http://www.dhammadownload.com



၆ အပါယ်ဘုံနှင့် ရူပဘုံတို့၌ ရနိုင်သော ဝတ္ထုအမျိုးအစားတို့ကို ညွှန်ပြ၍ နှလုံးသား(ခေါ်) ဟဒယဝတ္ထု ရုံဖန်ရုံခါမှီသော တရားတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

အပါယ်ဘုံ၌ ရနိုင်သော ဝတ္ထုအမျိုးအစားများမှာ–

(၁) စက္ခုဝတ္ထု
(၂) သောတဝတ္ထု
(၃) ဃာနဝတ္ထု
(၄) ဇိဝှါဝတ္ထု
(၅) ကာယဝတ္ထု
(၆) ဟဒယဝတ္ထု ဟူ၍ ဝတ္ထုရုပ် ၆–ပါးလုံး ရရှိပါသည်။

ရူပဘုံ၌ ရနိုင်သော ဝတ္ထုအမျိုးအစားတို့မှာ–

(၁) စက္ခုဝတ္ထု
(၂) သောတဝတ္ထု
(၃) ဟဒယဝတ္ထု ဟူ၍ ဝတ္ထုရုပ် ၃–ပါးသာ ရရှိပါသည်။

(နှလုံးသားခေါ်) ဟဒယဝတ္ထု၌ ရုံဖန်ရုံခါမှီသော တရားတို့ကို ပြည့်စုံစွာ ဖော်ပြရသော်–

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈–ပါး |
| မောဟမူစိတ် | = | ၂–ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာကြိယာစိတ် | = | ၈–ပါး |
| အရူပ ကုသိုလ်စိတ် | = | ၄–ပါး |
| အရူပ ကြိယာစိတ် | = | ၄–ပါး |
| သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် | = | ၇–ပါး |
| ပေါင်း ဟဒယဝတ္ထု၌ ရုံခါမှီသောစိတ် | = | ၄၂–ပါး |

ပကိဏ်းပိုင်း ပြီး၏။

ဿဿဿ ဧဧဧ

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန

# အဘိဓမ္မာ( ပထမဆင့် )

၂၀၁၁-ခုနှစ်မှစ၍

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

၂၀၁၁-ခုနှစ်

၁ သုံးလူထွဋ်ထား ရှင်တော်ဘုရားအား ကျမ်းဦးအစ၌ အတုလျှစရာ ရှိခိုးသွားသော ကျမ်းဆရာ၏ ရည်ရွယ်ချက်ကို ရေးပြ၍၊ မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သော စိတ်သရုပ်ကိုလည်း ဖော်ထုတ်ပြပါ။

**သုံးလူထွဋ်ထား ရှင်တော်ဘုရားအား ကျမ်းဦးအစ၌ အတုလျှစရာ ရှိခိုးသွားသော ကျမ်းဆရာ၏ ရည်ရွယ်ချက်မှာ-**

အန္တရာယ်ကင်းရှင်းစေရန်နှင့် မိမိရေးသားမည့် ကျမ်းစာအဆုံးတိုင် ပြီးမြောက်အောင်မြင်စွာ ရေးသားစီရင်နိုင်ရေးအတွက် ဖြစ်ပါသည်။

**မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သောစိတ်မှာ-**

| | | |
|---|---|---|
| အကုသလဝိပါက်စိတ် | = | ၇-ပါး |
| အဟိတ်ကုသလဝိပါက်စိတ် | = | ၈-ပါး |
| အဟိတ်ကြိယာစိတ် | = | ၃-ပါး |
| ပေါင်း- အဟိတ်စိတ် | = | ၁၈-ပါး ဖြစ်ပါသည်။ |

၂ မျက်စိနှစ်လုံးရှိသောကြောင့် "စက္ခုဝိညာဉ်ခွေ"ဟု ပြောဆိုသောစကားသည် အဘိဓမ္မာအမြင်အရ လက်ခံနိုင်ဖွယ် ရှိ/မရှိ သရုပ်ကိုးကား ဖြေရှင်းပြ၍ ကာမသောဘနစိတ် ၂၄-ပါးကိုလည်း ဝေဒနာ, ဉာဏ်, သင်္ခါရတို့ဖြင့် မြောက်ပွားပြပါ။

မျက်စိနှစ်လုံး ရှိသောကြောင့် 'စက္ခုဝိညာဉ်ခွေ'ဟု ပြောဆိုသောစကားသည် အဘိဓမ္မာအမြင်အရ လက်ခံနိုင်ဖွယ် **မရှိပါ။** အကြောင်းမှာ-

(အနိဋ္ဌာရုံဖြစ်အံ့) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် = ၁-ပါး

(ဣဋ္ဌာရုံဖြစ်အံ့) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် = ၁-ပါး

ဟူ၍ စက္ခုဝိညာဏ်စိတ် နှစ်မျိုးရှိသောကြောင့် စက္ခုဝိညာဉ်ခွေဟု ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



**ကာမသောဘနစိတ် ၂၄-ပါးကို ဝေဒနာ၊ ဉာဏ်၊ သင်္ခါရတို့ဖြင့် မြှောက်ပွားပုံ-**

(၁) ကာမာဝစရ ကုသိုလ်၊ ကာမာဝစရ ဝိပါက်၊ ကာမာဝစရ ကြိယာ ၃-ပါးသည် သောမနဿ-ဥပေက္ခာအားဖြင့် နှစ်ပါးစီ ပြားသောကြောင့် ထိုကုသိုလ်၊ ဝိပါက်၊ ကြိယာ ၃-ပါးကို တည်၍ ၂-ဖြင့် မြှောက်လျှင် (၃ × ၂)= ၆-ပါး ဖြစ်၏။

(၂) ထိုတွင် တစ်ပါးပါး၌ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်အားဖြင့် ၂-ပါးစီ ပြားပြန်သောကြောင့် ၂-ဖြင့် ထပ်၍မြှောက်လျှင် (၆ × ၂) = ၁၂-ပါး ဖြစ်၏။

(၃) ထိုတွင် တစ်ပါးပါး၌ အသင်္ခါရိက၊ သသင်္ခါရိကအားဖြင့် ၂-ပါးစီ ပြားပြန်သောကြောင့် ၂-ဖြင့် ထပ်၍မြှောက်လျှင် (၁၂ × ၂) = ၂၄-ပါး ပင်ဖြစ်ပါသည်။

**❸ အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသောစိတ်သည် "ဇာတ်ဆရာ အလိုကျအားဖြင့်" ဘယ်နှစ်ခုမျှ ဖြစ်ပေါ်လာရသည်ကို စိတ်အကျဉ်းမျှဖြင့် ဖြေရှင်းပြပါ။**

**အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသောစိတ်သည် ဇာတ်ဆရာ အလိုကျအားဖြင့် လေးမျိုးဖြစ်ပေါ်လာရသည်ကို ဖြေရှင်းပြရသော်-**

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | ၁၂-ပါး | = | အကုသိုလ်ဇာတ် |
| ကုသိုလ်စိတ်(အကျဉ်း) | ၂၁-ပါး | = | ကုသိုလ်ဇာတ် |
| ဝိပါက်စိတ် (အကျဉ်း) | ၃၆-ပါး | = | ဝိပါက်ဇာတ် |
| ကြိယာစိတ် | ၂၀-ပါး | = | ကြိယာဇာတ်ဟူ၍ လေးမျိုးကွဲပြားပါသည်။ |

---

**စေတသိက်ပိုင်း**

**❹ ပုစ္ဆာ၏အနက်အဓိပ္ပာယ်ကို မသိ၍ သို့လော-သို့လော တွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာ ဟုတ်, မဟုတ်နှင့် "စေတနာဆိုတာ လူတိုင်းနှင့် မတန်ပေမယ့် စိတ်တိုင်းနှင့်တော့ ဆိုင်ပါတယ်"ဟုဆိုလျှင် မှန်,မမှန် အဘိဓမ္မာအမြင်ဖြင့် တင်ပြပါ။**

ပုစ္ဆာ၏အနက်အဓိပ္ပာယ်ကို မသိ၍ သို့လော-သို့လော တွေးတော ယုံမှားခြင်းသည် ဝိစိကိစ္ဆာ မဟုတ်ပါ။

http://www.dhammadownload.com



**ဝိစိကိစ္ဆာဆိုသည်မှာ**- ဘုရား၊ တရား၊ သံဃာနှင့် ကံ၊ ကံ၏အကျိုးတရား စသည်တို့၌ ယုံမှားသံသယ ရှိမှုသာ ဖြစ်ပါသည်။ ပုဂ္ဂိုလ်၏အနက်အဓိပ္ပာယ်ကို မသိ၍ ယုံမှားခြင်းသည် ဝိစိကိစ္ဆာ မဟုတ်ပါ။

"စေတနာဆိုတာ လူတိုင်းနှင့် မတန်ပေမယ့် စိတ်တိုင်းနှင့်တော့ ဆိုင်ပါတယ်" ဟုဆိုလျှင် **မှန်ပါသည်။ အဘိဓမ္မာအမြင်ဖြင့် တင်ပြရသော်-**

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတွင် ပါဝင်သော စေတနာစေတသိက်သည် စိတ်အကျဉ်း ၈၉-ပါး၊ စိတ်အကျယ် ၁၂၁-ပါးနှင့် ယှဉ်သောကြောင့် စေတနာစေတသိက်သည် "စိတ်တိုင်းနှင့်တော့ ဆိုင်ပါတယ်"ဟူသော စကားသည် မှန်ပါသည်။

❾ သဘာဝဘေးဒဏ်တို့ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခသည်တို့အား တွေ့မြင်ရာ၌ ဖြစ်ပေါ်လာသော လူသားချင်း စာနာထောက်ထားမှု ကရုဏာနှင့် ယှဉ်တွဲဖြစ်နိုင်သော စိတ်တို့ကို ဝါဒနှစ်ရပ်အရ မရောယှက်ရအောင် ရှင်းလင်း ဖြေဆိုပါ။

**သဘာဝဘေးဒဏ်တို့ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခသည်တို့အား တွေ့မြင်ရာ၌ ဖြစ်ပေါ်လာသော လူသားချင်း စာနာထောက်ထားမှု ကရုဏာနှင့် ယှဉ်တွဲဖြစ်နိုင်သော စိတ်တို့ကို ဝါဒနှစ်ရပ်အရ မရောယှက်ရအောင် ရှင်းလင်းဖြေဆိုရသော်-**

**သမာနဝါဒအလိုအရ** - ကရုဏာစေတသိက်နှင့် ယှဉ်တွဲဖြစ်ပေါ်နိုင်သော စိတ်တို့မှာ-

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် | = | ၁၂-ပါး |
| ပေါင်း | = | ၂၈-ပါး ဖြစ်ပါသည်။ |

**ကေစိဝါဒအလိုအရ** - ကရုဏာစေတသိက်နှင့် ယှဉ်တွဲဖြစ်ပေါ်နိုင်သော စိတ်တို့မှာ-

| | | |
|---|---|---|
| မဟာကုသိုလ် သောမနဿစိတ် | = | ၄-ပါး |
| မဟာကြိယာ သောမနဿစိတ် | = | ၄-ပါး |
| ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် | = | ၁၂-ပါး |
| ပေါင်း | = | ၂၀-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



**၆ လူတွင်ကျော်ကြား လူစတားများ ရှိသကဲ့သို့ စိတ်ချင်းမတူ တမူထူးအောင် ပြုလုပ်ပေးနိုင်သော စေတသိက်များကို အထူးပြုရာစိတ်နှင့် တွဲစပ်ဖော်ပြ၍**

**စိတ်ချင်းမတူ တမူထူးအောင် ပြုလုပ်ပေးနိုင်သော စေတသိက်များကို အထူးပြုရာစိတ်နှင့် တွဲစပ်ဖော်ပြရသော်-**

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဟူသော ဈာနင်တရား(ဈာန်အင်္ဂါထိုက်သော စေတသိက်)တို့သည်-

လောကုတ္တရာစိတ်များကိုလည်းကောင်း၊

(၂) အပ္ပမညာစေတသိက် ၂-ပါးနှင့် ဝိတက်စသော ဈာနင်တရားတို့သည်-

မဟဂ္ဂုတ်စိတ်များကိုလည်းကောင်း၊

(၃) ဝိရတီစေတသိက် ၃-ပါး၊ အပ္ပမညာစေတသိက် ၂-ပါး၊ ပညာနှင့် ပီတိစေတသိက်တို့သည်-

ကာမသောဘနစိတ်များကိုလည်းကောင်း-

စိတ်ချင်းမတူ တစ်မူထူးအောင် ပြုလုပ်ပေးပါသည်။

---

**ပကိဏ်းပိုင်း**

**၆ ဟိတ်ခြောက်ပါးကိုလည်း ဇာတ်အားဖြင့် ခွဲခြားပြပါ။**

**ဟိတ် ၆-ပါးကို ဇာတ်အားဖြင့် ခွဲခြားပြရသော်-**

(၁) အကုသိုလ်ဇာတ် = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်။

(၂) ကုသိုလ်ဇာတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

(၃) ဝိပါက်ဇာတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

(၂) ကြိယာဇာတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

**၇ တစ်ကိစ္စ-တစ်ဒွါရ၌ ဖြစ်နိုင်သောစိတ်တို့ကို ၎င်းတို့၏ ဖြစ်ရာကိစ္စ၊ ဖြစ်ရာဒွါရ အားလျော်စွာ ထိုက်သင့်သလို တွဲစပ်ဖြေဆိုပါ။**

တစ်ကိစ္စ-တစ်ဒွါရ၌ ဖြစ်နိုင်သောစိတ်တို့ကို ၎င်းတို့၏ ဖြစ်ရာကိစ္စ၊ ဖြစ်ရာဒွါရ

http://www.dhammadownload.com



အားလျော်စွာ တွဲစပ်ဖြေဆိုပေးရသော်-

| တစ်ကိစ္စ-တစ်ဒွါရ၌ ဖြစ်နိုင်သောစိတ် | | = | ဖြစ်ရာကိစ္စ | ဖြစ်ရာဒွါရ |
|---|---|---|---|---|
| စက္ခုဝိညာဏ်စိတ် | ၂-ပါး | = | ဒဿနကိစ္စ | စက္ခုဒွါရ |
| သောတဝိညာဏ်စိတ် | ၂-ပါး | = | သဝနကိစ္စ | သောတဒွါရ |
| ဃာနဝိညာဏ်စိတ် | ၂-ပါး | = | ဃာယနကိစ္စ | ဇိဝှါဒွါရ |
| ဇိဝှါဝိညာဏ်စိတ် | ၂-ပါး | = | သာယနကိစ္စ | ဃာနဒွါရ |
| ကာယဝိညာဏ်စိတ် | ၂-ပါး | = | ဖုသနကိစ္စ | ကာယဒွါရ |
| အပွနာဇောစိတ် | ၂-ပါး | = | ဇောကိစ္စ | မနောဒွါရ |

**၈** လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို ရုပ်နှင့်နာမ် မလွဲရအောင် ခွဲခြားဝေဖန်မှုပြုပြီး လူ့ခန္ဓာ အိမ် တံခါးခြောက်ပေါက်မှ လွတ်မြောက်သွားသော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး ၏ လုပ်ဆောင်နိုင်သောကိစ္စ၊ လိုက်စားနိုင်သောအာရုံ၊ မှီရာဝတ္ထုတို့ကို ဖြေဆိုပါ။

**လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို ရုပ်နှင့်နာမ် မလွဲရအောင် ခွဲခြားဝေဖန်မှု ပြုရသော်-**

| ဒွါရအပြား | = | တရားကိုယ် | = | ရုပ်/နာမ် ဒွါရ |
|---|---|---|---|---|
| (၁) စက္ခုဒွါရ | = | စက္ခုပသာဒရုပ် | = | ရုပ်ဒွါရ |
| (၂) သောတဒွါရ | = | သောတပသာဒရုပ် | = | ရုပ်ဒွါရ |
| (၃) ဃာနဒွါရ | = | ဃာနပသာဒရုပ် | = | ရုပ်ဒွါရ |
| (၄) ဇိဝှါဒွါရ | = | ဇိဝှါပသာဒရုပ် | = | ရုပ်ဒွါရ |
| (၅) ကာယဒွါရ | = | ကာယပသာဒရုပ် | = | ရုပ်ဒွါရ |
| (၆) မနောဒွါရ | = | ဘဝင်္ဂုပစ္ဆေဒစိတ် ၉-ပါး | = | နာမ်ဒွါရ |

**လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်မှ လွတ်မြောက်သွားသော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၏-**

(၁) **လုပ်ဆောင်နိုင်သောကိစ္စ** = ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ။

(၂) **လိုက်စားနိုင်သော အာရုံ** = ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါးတို့မှ တစ်ပါးပါး။

(၃) **မှီရာဝတ္ထု** = ဟဒယဝတ္ထု (အမြဲ)

http://www.dhammadownload.com



(၉) ဈာန်,အဘိညာဉ်ဟူသောစကား၌ အဘယ်တရားတို့ကို အဘိညာဉ်ဟု ခေါ်ဆိုသည်ကို တိကျစွာ ဖော်ပြ၍၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံရှိသော သုံးပါးသောဝတ္ထုတို့ကို ၄-ပါးသော ဝိညာဏဓာတ်တို့နှင့် တွဲစပ်ပြပါ။

**အဘိညာဉ်ဟု ခေါ်ဆိုနိုင်သောတရားမှာ-**

အလွန်အကျူး အထူးသိတတ်သော သိစွမ်းနိုင်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်၊ ရူပါဝစရကြိယာ ပဉ္စမဈာန်စိတ်နှင့် ယှဉ်သောဉာဏ်(ပညာစေတသိက်)ကို အဘိညာဉ်ဟု ခေါ်၏၊ ထိုဉာဏ်နှင့်ယှဉ်သော ရူပါဝစရကုသိုလ်၊ ကြိယာ ပဉ္စမဈာန်စိတ်ကိုလည်း တကွဖြစ်ဖက်နည်းအားဖြင့် အဘိညာဉ်ဟုပင် ခေါ်ဆိုရပါသည်။

**အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ရှိသော သုံးပါးသောဝတ္ထုရုပ်တို့ကို လေးပါးသော ဝိညာဏဓာတ်တို့နှင့် တွဲစပ်ပြရသော်-**

| **ဝတ္ထုရုပ် ၃-ပါး** | | **ဝိညာဏဓာတ် ၄-ပါး** |
|---|---|---|
| (၁) စက္ခုဝတ္ထု | = | စက္ခုဝိညာဏဓာတ် |
| (၂) သောတဝတ္ထု | = | သောတဝိညာဏဓာတ် |
| (၃) ဟဒယဝတ္ထု | = | မနောဓာတ်၊ မနောဝိညာဏဓာတ် ဖြစ်ပါသည်။ |

(၁၀) စိတ်တိုင်းသည် နှလုံးသားဟု ဆိုအပ်သော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်နိုင်/မဖြစ်နိုင် အဘိဓမ္မာသရုပ္ပတ္တအားဖြင့် ဝေဖန် ခွဲခြားပြပါ။

**စိတ်တိုင်းသည် နှလုံးသားဟုဆိုအပ်သော ဟဒယဝတ္ထုကို မှီ၍ ဖြစ်နိုင်-မဖြစ်နိုင် ခွဲခြား ဝေဖန်ပြရသော်-**

နှလုံးသားဟု ဆိုအပ်သော **ဟဒယဝတ္ထုကို အမြဲမှီသောစိတ် ၃၃-ပါးမှာ-**

| | | |
|---|---|---|
| ဒေါသမူစိတ် | = | ၂-ပါး |
| မနောဓာတ် | = | ၃-ပါး |
| သန္တီရဏစိတ် | = | ၃-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ရူပစိတ် | = | ၁၅-ပါး | |
| သောတာပတ္တိမဂ်စိတ် | = | ၁-ပါး | |
| ပေါင်း စိတ် | = | ၃၃-ပါး | ဖြစ်ပါသည်။ |

**ဟဒယဝတ္ထုကို ရံခါမှီ-ရံခါမမှီသော စိတ်ပေါင်း ၄၂-ပါးမှာ**

| | | | |
|---|---|---|---|
| လောဘမူစိတ် | = | ၂-ပါး | |
| မောဟမူစိတ် | = | ၂-ပါး | |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး | |
| မဟာကုသိုလ်စိတ် | = | ၈-ပါး | |
| မဟာကြိယာစိတ် | = | ၈-ပါး | |
| အရူပ ကုသိုလ်စိတ် | = | ၄-ပါး | |
| အရူပ ကြိယာစိတ် | = | ၄-ပါး | |
| အထက်လောကုတ္တရာစိတ် | = | ၇-ပါး | |
| ပေါင်း စိတ် | = | ၄၂-ပါး | ဖြစ်ပါသည်။ |

**ဟဒယဝတ္ထုကို လုံးဝမမှီသောစိတ်မှာ**= အရူပါဝစရဝိပါက် ၄-ပါး ဖြစ်ပါသည်။ (ထို့ပြင် ဒွေပဉ္စဝိညာဏ် ၁၀-ပါးသည်လည်း ဟဒယဝတ္ထုကို မမှီဘဲ ပဉ္စဝတ္ထုဌ်သာ အသီးသီး အမြဲမှီကြပါသည်။)

သို့ဖြစ်ပါ၍ စိတ်တိုင်းသည် နှလုံးသားဟုဆိုအပ်သော ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်နိုင်သော စိတ်များရှိသလို၊ ရံခါမှီ၍ ဖြစ်သောစိတ်၊ လုံးဝ မမှီသောစိတ်များလည်း ရှိနိုင်ပါသည်။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ (ရှိုးရှိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

၂၀၁၂-ခုနှစ်

❶ "ကောင်းဆိုးနှစ်တန် လောကခံ"ဟူသောစကား၌ ကောင်းသောသုခနှင့် ဆိုးသောဒုက္ခတို့သည် မည်သည့်ပရမတ်တရားအစုတွင် ပါဝင်သည်ကို အကျိုးပေး ကွာခြားပုံနည်းအားဖြင့် ဖော်ပြ၍ သမ္ပယုတ်အမျိုးအစားကိုလည်း အရေအတွက်နှင့်တကွ ဖော်ပြပါ။

**ကောင်းသောသုခနှင့် ဆိုးသောဒုက္ခတို့သည် မည်သည့်ပရမတ်တရားအစုတွင် ပါဝင်သည်ကို အကျိုးပေး ကွာခြားပုံနည်းအားဖြင့် ဖော်ပြရသော်-**

ကောင်းသော သုခသည် - အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်တွင် ပါဝင်၍၊

ဆိုးသော ဒုက္ခသည် - အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တွင် ပါဝင်ပါသည်။

**သမ္ပယုတ်အမျိုးအစားများကို အရေအတွက်နှင့်တကွ ဖော်ပြရသော်-**

ဒိဋ္ဌိဂတသမ္ပယုတ် = ၄-ပါး
ပဋိဃသမ္ပယုတ် = ၂-ပါး
ဝိစိကိစ္ဆာသမ္ပယုတ် = ၁-ပါး
ဥဒ္ဓစ္စသမ္ပယုတ် = ၁-ပါး
ဉာဏသမ္ပယုတ် = ၁၂-ပါး တို့ဖြစ်ကြပါသည်။

❷ အလယ်အလတ် စိတ်ဓာတ်ခေါ်ကြား ဈာန်ငါးပါးတွင် တရားအများဆုံးဖြစ်သော ဈာန်စိတ်ကို အကျဉ်းမျှ ရေတွက်ပြ၍ အရေအတွက်များရခြင်း၏ အကြောင်းကိုလည်း ရေးသားပြပါ။

**ဈာန်ငါးပါးတွင် တရားအများဆုံးဖြစ်သော ဈာန်စိတ်မှာ-**

ပဌမဈာန်စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



**ထိုပဉ္စမဈာန်စိတ်ကို အကျဉ်းမျှ ရေတွက်ပြရသော်-**

| | | | |
|---|---|---|---|
| ရူပါဝစရ | ပဉ္စမဈာန်စိတ် | = | ၃-ပါး |
| အရူပါဝစရ | ပဉ္စမဈာန်စိတ် | = | ၁၂-ပါး |
| လောကုတ္တရာ | ပဉ္စမဈာန်စိတ် | = | ၈-ပါး |
| ပေါင်း | ပဉ္စမဈာန်စိတ် | = | ၂၃-ပါး ဖြစ်ပါသည်။ |

**ထိုသို့ အရေအတွက် များရခြင်းအကြောင်းမှာ-**

ပဉ္စမဈာန်စိတ်တိုင်းသည် ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂-ပါးရှိကြ၍ အာရုံအားဖြင့်ပြားသော အရူပဈာန်စိတ်တို့သည်လည်း ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂-ပါးသာ ရှိသဖြင့် ပဉ္စမဈာန်စိတ်၌ အကျုံးဝင်ကြပါသည်။ ၄င်းအပြင်- ပ၊ဒု၊တ၊စ ဈာန်စိတ်တို့မှာ ရူပါဝစရစိတ်၌သာ ရှိကြသော်လည်း ပဉ္စမဈာန်စိတ်မှာမူ ရူပါဝစရစိတ်၌သာမက အရူပါဝစရစိတ်နှင့် လောကုတ္တရာစိတ်များ၌ပါ ပါဝင်နေခြင်းကြောင့် ဖြစ်ပါသည်။

❷ **အကြောင်းအကျိုး ဤနှစ်မျိုးတွင် အကျိုးမဖက် အကြောင်းသက်သက်ဖြစ်သော စိတ်တို့ကို အကျယ်နည်းအားဖြင့် ဝေဖန်ပြ၍ လောကမှ လွတ်မြောက်သော လောကုတ္တရာစိတ်ကို လည်း ဖြစ်ရာဘုံအားဖြင့် တိကျစွာ ဖြေပြပါ။**

**အကျိုးမဖက် အကြောင်းသက်သက် ဖြစ်သောစိတ်တို့ကို အကျယ်နည်းအားဖြင့် ဝေဖန်ပြရသော်-**

(မကောင်းသော အကြောင်း) အကုသိုလ်စိတ် = ၁၂-ပါး နှင့်
( ကောင်းသော အကြောင်း) ကုသိုလ်စိတ်အကျယ်=၃၇-ပါး တို့ဖြစ်ပါသည်။

**လောကမှ လွတ်မြောက်သော လောကုတ္တရာစိတ်၏ ဖြစ်ရာဘုံမှာ-**

လောကုတ္တရာ အဝတ္ထာဘုံ ဖြစ်ပါသည်။

မှတ်ချက်။ ။ (တဏှာ ၃-ရပ်မှ လွတ်သော နယ်ပယ်တစ်ရပ်ဟု သဘ်မှတ်အပ် သောကြောင့် ဖြစ်ပါသည်။)

http://www.dhammadownload.com



## စေတသိက်ပိုင်း

၄ စိတ်၌ မှီတွယ်၊ စိတ်ကို ခြယ်လှယ်တတ်သော စေတသိက်ဟု သိနိုင်ရန် ပြည့်စုံရမည့် အချက်တို့ကို ဖော်ပြ၍ ပူမှု ဒေါသနှင့် အေးမှု အဒေါသတို့ ဖြစ်ရာစိတ်ချင်း တူ-မတူကို ပရမတ္ထသရုပ်ဖြင့် အဖြေထုတ်ပြပါ။

**စိတ်၌ မှီတွယ်၊ စိတ်ကို ခြယ်လှယ်တတ်သော စေတသိက်ဟု သိနိုင်ရန် ပြည့်စုံရမည့်အချက်တို့မှာ-**

ဧကုပ္ပါဒ = စိတ်နှင့်အတူ ဖြစ်ခြင်း၊
ဧကနိရောဓ = စိတ်နှင့်အတူ ချုပ်ခြင်း၊
ဧကာရမ္မဏ = စိတ်နှင့် အာရုံတူခြင်း၊
ဧကဝတ္ထုက = စိတ်နှင့် မှီရာတူခြင်း တို့ဖြစ်ပါသည်။

**ပူမှု 'ဒေါသ'နှင့် အေးမှု 'အဒေါသ'တို့** ဖြစ်ရာစိတ်ချင်း မတူပါ။

**မတူကြောင်း ပရမတ္ထသရုပ်ဖြင့် အဖြေထုတ်ရသော်-**

ပူမှု ဒေါသသည် - ဒေါသစေတသိက်ဖြစ်၍ ဒေါသမူစိတ် ၂-ပါးနှင့် ယှဉ်ပါသည်။
အေးမှု အဒေါသသည် - အဒေါသစေတသိက်ဖြစ်၍ သောဘနစိတ်(အကျဉ်း) ၅၉-ပါး၊ (အကျယ်) ၉၁-ပါးနှင့် ယှဉ်ပါသည်။

**ထို့ကြောင့် ဖြစ်ရာစိတ်ချင်း မတူညီကြပါ။**

၅ ပညာရဲရင့် ပွဲလယ်တင့်သူနှင့် မာနတံခွန်ထူသူတို့၏သန္တာန်ဝယ် ဖြစ်သောစိတ်တို့ကို ပြဆို၍ "လူမိုက်က ကျွန်တော်၊ အဖော်က ပါပ"ဟု ဆိုရလောက်အောင် အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ရေတွက်ပြပါ။

**ပညာရဲရင့် ပွဲလယ်တင့်သူနှင့် မာနတံခွန်ထူသူတို့၏သန္တာန်ဝယ် ဖြစ်သောစိတ်တို့မှာ-**

**ပညာရဲရင့် ပွဲလယ်တင့်သူ၏သန္တာန်ဝယ်**- ပညာစေတသိက်နှင့် ယှဉ်တွဲ၍

http://www.dhammadownload.com



| | | |
|---|---|---|
| ကာမသောဘန ဉာဏသမ္ပယုတ်စိတ် | = | ၁၂-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး(ကျဉ်း)/၄၀-ပါး(ကျယ်) |
| ပေါင်း ပညာယှဉ်သောစိတ် | = | ၄၇-ပါး(ကျဉ်း)/၇၉-ပါး(ကျယ်)တို့ဖြစ်ပါသည်။ |

**မာနတံခွန်ထူသူ၏သန္တာန်ဝယ်-**

မာနစေတသိက်နှင့် ယှဉ်တွဲ၍ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး ဖြစ်ပေါ်လာပါသည်။

**အကုသိုလ်စိတ်အားလုံးနှင့် ယှဉ်နိုင်သော စေတသိက်တို့မှာ-**

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | = | ၇-ပါး |
| (ဝိတက်၊ ဝိစာရ၊ ဝီရိယ) ပကိဏ်းစေတသိက် | = | ၃-ပါး |
| သဗ္ဗာကုသလသာဓာရဏ စေတသိက် (မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ) | = | ၄-ပါး |
| ပေါင်း သဗ္ဗာကုသလယောဂီ စေတသိက် | = | ၁၄-ပါး တို့ဖြစ်ကြပါသည်။ |

၅ အဟိတ်စိတ်၌ **လုံးဝမယှဉ်သော အညသမာန်းစေတသိက်**ကို ၎င်းတို့၏ယှဉ်ရာစိတ်နှင့် တွဲစပ် ဖြေဆို၍ (က) မနောဓာတ်သုံးပါး (ခ) အဟိတ်ပဋိသန္ဓေအစုံ အမည်ရသော စိတ်တို့ကိုလည်း ဖြေဆိုပါ။

**အဟိတ်စိတ်၌ လုံးဝမယှဉ်သော အညသမာန်း စေတသိက်မှာ-**
ဆန္ဒစေတသိက် ဖြစ်ပါသည်။

**၎င်းစေတသိက်နှင့် ယှဉ်ရာစိတ်တို့မှာ-**

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈-ပါး |
| ဒေါသမူစိတ် | = | ၂-ပါး |
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး (ကျဉ်း) / ၄၀-ပါး (ကျယ်) |
| ပေါင်း ဆန္ဒယှဉ်သော စိတ်အကျဉ်း | = | ၆၉-ပါး (ကျဉ်း) / ၁၀၁-ပါး (ကျယ်) |

http://www.dhammadownload.com



(က) မနောဓာတ်သုံးပါး အမည်ရသောစိတ်တို့မှာ-

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး |
| ပေါင်း မနောဓာတ် | = | ၃-ပါး ဖြစ်ပါသည်။ |

(ခ) အဟိတ်ပဋိသန္ဓေအစုံ အမည်ရသောစိတ်တို့မှာ-

| | | |
|---|---|---|
| အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | = | ၁-ပါး |
| အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | = | ၁-ပါး |
| ပေါင်း ဥပေက္ခာ သန္တီရဏစိတ် | = | ၂-ပါး ဖြစ်ပါသည်။ |

---

**ပဏ္ဏာသ်မေးပိုင်း**

❼ ကိစ္စ(၁၄)ပါးနှင့် ဌာန(၁၀)ပါးကို တွဲစပ်ပြ၍ လူ့ဘဝ၏အစဖြစ်သော ပဋိသန္ဓေနေမှုကိစ္စနှင့် အဆုံးဖြစ်သော စုတိကိစ္စတို့ တပ်ရာစိတ်ချင်း တူ-မတူ အဘိဓမ္မာသရုပ်သဘော နှီးနှော ဝေဖန်ပြပါ။

**ကိစ္စ(၁၄)ပါးနှင့် ဌာန(၁၀)ပါးကို တွဲစပ်ပြရသော်-**

[ ၁၉၉၃-ခုနှစ် - မေးခွန်းနံပါတ် ၁-အဖြေကို ကြည့်ပါ။ ]

**လူ့ဘဝ၏အစဖြစ်သော ပဋိသန္ဓေနေမှုကိစ္စနှင့် အဆုံးဖြစ်သော စုတိကိစ္စတို့တပ်ရာ စိတ်ချင်း တူ-မတူ ဝေဖန်ရသော်-**

လူ့ဘဝအစ ပဋိသန္ဓေစိတ်နှင့် အဆုံးဖြစ်သော စုတိစိတ်တို့ တပ်ရာစိတ်ချင်း တူညီမှု ရှိပါသည်။

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၁-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| ပေါင်း | = | ၉-ပါး |

၎င်းစိတ်တို့သည် ဘဝအစ ပဋိသန္ဓေကိစ္စ ဆောင်ရွက်ပြီးနောက် ကံအရှိန် ကုန်သော

http://www.dhammadownload.com



အခါ စုတိကိစ္စကို နောက်ဆုံး ဆောင်ရွက်သွားနိုင်ကြသောကြောင့် တပ်ရာစိတ်ချင်း တူညီကြခြင်း ဖြစ်ပါသည်။

❶ မနောဒွါရ၌ဖြစ်သောစိတ်တို့ကို ဖော်ပြ၍ ၎င်းမနောဒွါရိကစိတ်တို့၏ အာရုံနှင့် ကာလ တို့ကိုလည်း ပြည့်စုံစွာ ဖြေဆိုပြပါ။

**မနောဒွါရ၌ဖြစ်သော စိတ်တို့မှာ-**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| ဇောစိတ် | = | ၅၅-ပါး |
| တဒါရုံ | = | ၁၁-ပါး |
| ပေါင်း | = | ၆၇-ပါး တို့ဖြစ်ပါသည်။ |

**ထိုမနောဒွါရိကစိတ်တို့၏ အာရုံနှင့်ကာလတို့မှာ-**

မနောဒွါရိကစိတ် ၆၇-ပါးသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသော ကာလ ၃-ပါးနှင့် ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါး (ကာမ၊ မဟဂ္ဂုတ်၊ နိဗ္ဗာန်၊ ပညတ်အစုံ)တို့ကို ထိုက်သည့်အားလျော်စွာ အာရုံပြုပါသည်။

❷ အရူပစိတ်ချင်း တူပါလျက် ပြုရာအာရုံချင်း မတူပုံကို ခွဲခြားပြ၍ ရူပဘုံသား ဖြဟ္မာများ၌ ရနိုင်သော ဝတ္ထုရုပ်နှင့် မရနိုင်သော ဝတ္ထုရုပ်တို့ကိုလည်း ဖော်ပြပါ။

**အရူပစိတ်ချင်း တူပါလျက် ပြုရာအာရုံချင်း မတူပုံကို ခွဲခြားပြရသော်-**

| စိတ် | | အာရုံ |
|---|---|---|
| အာကာသာနဉ္စာယတနစိတ် | ၃-ပါး = | ကောင်းကင်ပညတ် (ဓမ္မာရုံ) |
| ဝိညာဏဉ္စာယတနစိတ် | ၃-ပါး = | အာကာသာနဉ္စာယတန ကုသိုလ်၊ ကြိယာ စိတ် (မဟဂ္ဂုတ် ဓမ္မာရုံ) |
| အာကိဉ္စညာယတနစိတ် | ၃-ပါး = | နတ္ထိဘာဝပညတ် (ဓမ္မာရုံ) |
| နေဝသညာနာသညာယတနစိတ် | ၃-ပါး = | အာကိဉ္စညာယတန ကုသိုလ်၊ ကြိယာစိတ် (မဟဂ္ဂုတ် ဓမ္မာရုံ) |

http://www.dhammadownload.com



**ရူပဘုံသားပြဟ္မာများ ရနိုင်သောဝတ္ထုရုပ်တို့မှာ-**

စက္ခုဝတ္ထု၊ သောတဝတ္ထုနှင့် ဟဒယဝတ္ထုရုပ် ပေါင်း ဝတ္ထုရုပ် ၃-ပါး ရနိုင်ပါသည်။

**ရူပဘုံသားပြဟ္မာများ မရနိုင်သောဝတ္ထုရုပ်တို့မှာ-**

ဃာနဝတ္ထု၊ ဇိဝှါဝတ္ထုနှင့် ကာယဝတ္ထုရုပ် ပေါင်း ဝတ္ထုရုပ် ၃-ပါး ဖြစ်ပါသည်။

**(၁၀) မနောဒွါရာဝဇ္ဇန်းဟူသော ဝုဋ္ဌောစိတ်ကို ခံစားမှု ဝေဒနာ၊ ဖြစ်ရာဒွါရ၊ လိုက်စားရာအာရုံ၊ မှီရာဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။**

**မနောဒွါရာဝဇ္ဇန်းဟူသော ဝုဋ္ဌောစိတ်ကို ခံစားမှုဝေဒနာ၊ ဖြစ်ရာဒွါရ၊ လိုက်စားရာအာရုံ၊ မှီရာဝတ္ထုတို့ဖြင့် ဝေဖန်ရသော်-**

| | | |
|---|---|---|
| ခံစားမှု ဝေဒနာ | = | ဥပေက္ခာဝေဒနာ |
| ဖြစ်ရာဒွါရ | = | ၆-ဒွါရ (မြဲ) |
| လိုက်စားရာအာရုံ | = | အလုံးစုံသော (စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်၊ ပညတ်) အာရုံ ၆-ပါး |
| မှီရာဝတ္ထု | = | ဟဒယဝတ္ထုရုပ်ကို ရံခါမှီ- ရံခါမမှီပါ။ |

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရှီးရှီး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

(၂၀၁၃-ခုနှစ်)

၁ "အရင်းစစ်သော် အမြစ်မြေက"ဟု ဆိုရလောက်အောင် တောတောင်, ရေမြေ, သတ္တဝါ အထွေထွေ ကွဲပြားနေသော်လည်း အရင်းစစ်က မည်သည့်ပရမတ်တရားတို့ကိုသာ ရှိပါသနည်း ဖြေဆို၍ မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သော စိတ်အမျိုးအစားကိုလည်း သဘောတူရာ ပေါင်းစပ်၍ ရေတွက်ပြပါ။

'အရင်းစစ်သော် အမြစ်မြေက'ဟု ဆိုရလောက်အောင် တောတောင်, ရေမြေ, သတ္တဝါ အထွေထွေ ကွဲပြားနေသော်လည်း လိုရင်းအချုပ် စစ်၍ထုတ်လျှင်-

စိတ်၊ စေတသိက်၊ ရုပ်ဟူသော ပရမတ္ထတရား (၃)ပါးတို့ကိုသာ ရှိပါသည်။

မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သော စိတ်အမျိုးအစားကို သဘောတူရာ ပေါင်းစပ်၍ ရေတွက်ပြရသော်-

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ်စိတ် | = | ၁၀-ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး |
| သန္တီရဏစိတ် | = | ၃-ပါး |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| ပေါင်း- အဟိတ်စိတ် | = | ၁၈-ပါး |

(သို့မဟုတ်)

| | | |
|---|---|---|
| အကုသလ ဝိပါက်စိတ် | = | ၇-ပါး |
| အဟိတ်ကုသလဝိပါက်စိတ် | = | ၈-ပါး |
| အဟိတ် ကြိယာစိတ် | = | ၃-ပါး |
| ပေါင်း- အဟိတ်စိတ် | = | ၁၈-ပါး |

http://www.dhammadownload.com



**၂ "အာရုံပွား၍ စိတ်များသည်"ဟူသောအဆိုသည် အရူပစိတ်သဘောအရ လက်ခံနိုင်ဖွယ် ရှိ,မရှိ စိစစ်ဝေဖန်ပြ၍ အကျဉ်းကို အကျယ်ချဲ့ ပိုထွက်မလာသောစိတ်တို့ကိုလည်း အဘိဓမ္မာသရုပ်ဖြင့် အဖြေထုတ်ပြပါ။**

'အာရုံပွား၍ စိတ်များသည်'ဟူသောအဆိုသည် အရူပစိတ်သဘောအရ လက်ခံနိုင်ဖွယ် ရှိပါသည်။

**စိစစ်ဝေဖန်ပြရသော်-** အရူပစိတ်တို့သည်

၁။ ကောင်းကင်ပညတ်ကို အာရုံပြုသော အာကာသာနဉ္စာယတနစိတ်၊

၂။ ပထမ အရူပစိတ်ဖြစ်သော (အာကာသာနဉ္စာယတနစိတ်)ကို အာရုံပြုသော ဝိညာဏဉ္စာယတနစိတ်၊

၃။ ပထမ အရူပစိတ်၏ မရှိခြင်း (နတ္ထိဘာဝပညတ်)ကို အာရုံပြုသော အာကိဉ္စညာယတနစိတ်၊

၄။ နေဝသညာ နာသညာယတနစိတ်- ဟူ၍ အာရုံ (၄)မျိုး ပြားသောကြောင့် ထိုအာရုံ (၄)ပါးကို အာရုံပြုသော အရူပဈာန်စိတ်သည်လည်း (၄)မျိုးပြားရပါသည်။

ထို အရူပဈာန်စိတ် (၄)မျိုးကို ကုသိုလ်၊ ဝိပါက်၊ ကြိယာ (၃)မျိုးဖြင့် တစ်ဖန် မြှောက်ပွားလျှင် အရူပစိတ် (၁၂)ပါးဟူ၍ ဖြစ်လာသောကြောင့် အာရုံပွား၍ စိတ်များသည်ဟူသော အဆိုသည် အရူပစိတ်သဘောအရ လက်ခံနိုင်ဖွယ် ရှိပါသည်။

**အကျဉ်းကို အကျယ်ချဲ့ ပိုထွက်မလာသောစိတ်တို့မှာ-**

အကျဉ်း-အကျယ် ကွဲပြားမှု လုံးဝမရှိသော-

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| ကြိယာစိတ် | = | ၂၀-ပါး တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



❸ ရောင်စုံခြယ်သ စိတ်အလှကို လှပတင့်တယ်အောင် (က) ခြယ်သနိုင်သော စေတသိကအုပ်စု၊ (ခ) မခြယ်သနိုင်သော စေတသိကအုပ်စု၊ (ဂ) နှစ်မျိုးစုံပြုလုပ်နိုင်သော စေတသိကအုပ်စု တို့ကို ဖြေဆိုပြ၍၊ စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်သော စိတ်၏ ငြိမ်းအေးမှု၊ လျင်မြန်မှု၊ နူးညံ့မှု၊ ဖြောင့်မတ်မှု စိတ်စွမ်းအင်များသည် မည်သည့်စေတသိက်တို့၏ သဘောလက္ခဏာ များ ဖြစ်သည်ကိုလည်း ဖြေဆိုပြပါ။

ရောင်စုံခြယ်သ စိတ်အလှကို လှပတင့်တယ်အောင်-

(က) ခြယ်သနိုင်သော စေတသိကအုပ်စုမှာ - သောဘနစေတသိက် (၂၅)ပါး ဖြစ်ပါသည်။

(ခ) မခြယ်သနိုင်သော စေတသိကအုပ်စုမှာ - အကုသိုလ်စေတသိက် (၁၄)ပါး ဖြစ်ပါသည်။

(ဂ) နှစ်မျိုးစုံပြုလုပ်နိုင်သော စေတသိကအုပ်စုမှာ- အညသမာန်းစေတသိက် (၁၃)ပါး ဖြစ်ပါသည်။

စိတ်ကိုမှီတွယ် စိတ်ကိုခြယ်လှယ်သော-

| | | | |
|---|---|---|---|
| စိတ်၏ ငြိမ်းအေးမှု | = | စိတ္တပဿဒ္ဓိ | စေတသိက်၏သဘောလက္ခဏာ။ |
| စိတ်၏ လျင်မြန်မှု | = | စိတ္တလဟုတာ | စေတသိက်၏သဘောလက္ခဏာ။ |
| စိတ်၏ နူးညံ့မှု | = | စိတ္တမုဒုတာ | စေတသိက်၏သဘောလက္ခဏာ။ |
| စိတ်၏ ဖြောင့်မတ်မှု | = | စိတ္တုဇုကတာ | စေတသိက်၏သဘောလက္ခဏာ။ |

❹ လေးလံထိုင်းမှိုင်းနေသူတစ်ယောက်သည် တစ်စုံတစ်ယောက်၏ တိုက်တွန်း နှိုးဆော်မှုမပါဘဲ ဆိုင်ရာအလုပ်ကို ပြုလုပ်နိုင်စွမ်း ရှိ,မရှိ အဘိဓမ္မာရှုထောင့်မှ ဆုံးဖြတ်ပြ၍ သုံးပါးမတွဲ တကွဲတပြားသော ယှဉ်ခွင့်ရရှာသော ဝိရတီစေတသိက်၏ ယှဉ်ရာလောကီစိတ်အမျိုးအစား ကိုလည်း ညွှန်ပြပါ။

လေးလံ ထိုင်းမှိုင်းနေသူတစ်ယောက်သည် တစ်စုံတစ်ယောက်၏ တိုက်တွန်း နှိုးဆော်မှု မပါဘဲ ဆိုင်ရာအလုပ်ကို ပြုလုပ်နိုင်စွမ်း မရှိပါ။

http://www.dhammadownload.com



**အဘိဓမ္မာရှုထောင့်မှ ဆုံးဖြတ်ပြရသော်-**

လေးလံထိုင်းမှိုင်းနေသူ၌ ထိန-မိဒ္ဓစေတသိက်များဖြစ်၍ ထိုစေတသိက်တို့သည် စေနိုင်းခြင်း၊ တိုက်တွန်းခြင်းဟု ဆိုအပ်သော သ-သင်္ခါရိကစိတ် (၅)ပါး၌သာ ယှဉ်နိုင်-ဖြစ်နိုင်ပြီး တိုက်တွန်းနှိုးဆော်မှု မပါသော အ-သင်္ခါရိကစိတ်၌ မယှဉ်နိုင်-မဖြစ်နိုင်သော ကြောင့် ဖြစ်ပါသည်။

**သုံးပါးမတွဲ တကွဲတပြားသာ ယှဉ်ခွင့်ရရှာသော ဝိရတီစေတသိက်၏ ယှဉ်ရာ လောကီစိတ်အမျိုးအစားမှာ-**

မဟာကုသိုလ်စိတ် = ၈-ပါး ဖြစ်ပါသည်။

**❺ အများ-အမြဲ-တစ်ပြိုင်နက် ကွဲပြားမှုမရှိ၊ သင်္ချာအရေအတွက် တစ်သမတ်တည်းရှိသော မဟဂ္ဂုတ်ဈာန်စိတ်နှင့် ယှဉ်ရာပရမတ္ထဓမ္မတို့ကို ဖြေဆိုပြ၍ အကုသိုလ်စိတ် သင်္ဂဟနည်း (၇)ပါးကို ဒုက-ဂဏ ထိုနှစ်ဝတွင် အဘယ်နည်းဖြင့် ရေတွက်မှ အမှန်ရမည်ကိုလည်း ဖြေဆိုပြပါ။**

**အများ-အမြဲ-တစ်ပြိုင်နက် ကွဲပြားမှု မရှိ၊ သင်္ချာအရေအတွက် တစ်သမတ်တည်းရှိသော မဟဂ္ဂုတ်ဈာန်စိတ်မှာ-**

မဟဂ္ဂုတ် ပဥ္စမဈာန်စိတ် (၁၅)ပါး။

**ယှဉ်ရာ ပရမတ္ထဓမ္မတို့မှာ-**

| | | |
|---|---|---|
| (ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သော်) အညသမာန်းစေတသိက် | = | ၁၀-ပါး |
| (ဝိရတီ-၃၊ အပ္ပမညာ-၂ ကြဉ်သော်) သောဘနစေတသိက် | = | ၂၀-ပါး |
| ပေါင်း ယှဉ်ရာစေတသိက် | = | ၃၀-ပါး |

**အကုသိုလ်စိတ် သင်္ဂဟနည်း(၇)ပါးကို ဒုက-ဂဏ ထိုနှစ်ဝတွင်-**

သင်္ချာတူ-အရေအတွက်တူ ပေါင်းကာ ရေတွက်ရသော- ဂဏန်းသင်္ချာတူရာ ပေါင်း၍ ရေတွက်သောနည်းဖြင့်သာ ရေတွက်မှ အမှန်ရနိုင်ပါသည်။

http://www.dhammadownload.com



❻ စိတ်ပျံ့လွင့်နေသော အားကစားသမားတစ်ယောက်သည် အောင်မြင်လိုမှုဆန္ဒ၊ အောင်မြင်မှု ပီတိ တရားအသီးအပွင့်များကို အမှန်တကယ် ခံစားနိုင်ပါမည်လော၊ သရုပ်သဘောဖြင့် ရှင်းပြ၍ တစ်လုံးသာရှိသော ဖဿစေတသိက်သည် "ယှဉ်ရာစိတ်များသလောက် စေတသိက် လည်း များနိုင်သည်"ဟူသော ဆိုမိန့်ချက်အရ ဖဿစေတသိက်ပေါင်း မည်မျှရှိလာနိုင် သည်ကိုလည်း ဖြေဆိုပါ။

**စိတ်ပျံ့လွင့်နေသော အားကစားသမားတစ်ယောက်သည် အောင်မြင်လိုမှု ဆန္ဒ၊ အောင်မြင်မှုပီတိတရား အသီးအပွင့်များကို-**

အမှန်တကယ် မခံစားနိုင်ပါ။

**သရုပ်သဘောဖြင့် ရှင်းပြရသော်-**

ဥဒ္ဓစ္စသမ္ပယုတ်စိတ် (၁)ပါးသည်-

| | | |
|---|---|---|
| (ဆန္ဒ,ပီတိကြဉ်သော်) အညသမာန်း စေတသိက် | = | ၁၁-ပါး |
| သဗ္ဗာကုသလသာဓာရဏ စေတသိက် | = | ၄-ပါး |
| ပေါင်း | = | ၁၅-ပါးသော |

စေတသိက်တို့သာ ယှဉ်နိုင်သောကြောင့် စိတ်ပျံ့လွင့်နေသောသူမှာ ဆန္ဒ-ပီတိ အမှန် တကယ် မခံစားနိုင်ပါ။

**"ယှဉ်ရာစိတ်များသလောက် စေတသိက်လည်း များနိုင်သည်"ဟူသော ဆိုမိန့် ချက်အရ-**

ဖဿစေတသိက်သည် စိတ်အကျဉ်း (၈၉)ပါး၊ စိတ်အကျယ် (၁၂၁)ပါးနှင့် ယှဉ်သောကြောင့် ယှဉ်စိတ်နှင့်အမျှ ဖဿစေတသိက်ပေါင်း အကျဉ်း (၈၉)ပါး၊ အကျယ် (၁၂၁)ပါး ရှိလာနိုင်ပါသည်။

http://www.dhammadownload.com



## ပင်္ကိဏ်းပိုင်း

၇ ကိုယ်ပိုင်လက္ခဏာ သီးခြားစီ ပိုင်ဆိုင်ကြသည့် (၅၃)ပါး နာမ်တရားတို့ကို ရေတွက်ပြ၍၊ နည်းအလိုက် နာမည်သာကွဲ တစ်မျိုးတည်းဖြစ်သော ဝေဒနာကိုလည်း ဖြေဆိုပြပါ။

**ကိုယ်ပိုင်လက္ခဏာ သီးခြားစီ ပိုင်ဆိုင်ကြသည့် (၅၃)ပါး နာမ်တရားတို့မှာ-**

| | | | |
|---|---|---|---|
| အာရုံကို သိခြင်းသဘောလက္ခဏာအားဖြင့် | စိတ် | = | ၁-ပါး |
| မိမိသဘောလက္ခဏာအားဖြင့် | စေတသိက် | = | ၅၂-ပါး |
| ပေါင်း | နာမ်တရား | = | ၅၃-ပါး ဖြစ်ပါသည်။ |

**နည်းအလိုက် နာမည်သာကွဲ တစ်မျိုးတည်းဖြစ်သော ဝေဒနာမှာ-**

**အနုဘဝနလက္ခဏာဘေဒနည်းအရ**-ဝေဒနာ (၃)ပါး၌-

အဒုက္ခ-မသုခဝေဒနာသည် ဥပေက္ခာဝေဒနာဖြစ်၍၊

**ဣန္ဒြိယဘေဒနည်းအရ**- ဝေဒနာ(၅)ပါး၌ ဥပေက္ခာဝေဒနာဟု ဆိုထားသောကြောင့် နည်းအလိုက် နာမည်သာကွဲ တစ်မျိုးတည်းဖြစ်သော ဝေဒနာမှာ- ဥပေက္ခာဝေဒနာ ဖြစ်ပါသည်။

၈ ဒွိဟိတ်စိတ် (၂၂)ပါးကို ဆိုင်ရာဟိတ်များနှင့် တွဲစပ်ပြ၍၊ ဇောမထိုက်သောကြိယာ၊ ဇော ထိုက်သော ဝိပါက်စိတ်တို့ကိုလည်း ဖြေဆိုပြပါ။

**ဒွိဟိတ်စိတ် (၂၂)ပါးကို ဆိုင်ရာဟိတ်များနှင့် တွဲစပ်ပြရသော်-**

| | | | |
|---|---|---|---|
| လောဘမူစိတ် | (၈)ပါး | = | လောဘဟိတ်၊ မောဟဟိတ်၊ |
| ဒေါသမူစိတ် | (၂)ပါး | = | ဒေါသဟိတ်၊ မောဟဟိတ်၊ |
| ဉာဏဝိပ္ပယုတ်စိတ် | (၁၂)ပါး | = | အလောဘဟိတ်၊ အဒေါသဟိတ်၊ |

**ဇောမထိုက်သော ကြိယာစိတ်မှာ-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| ပေါင်း | = | ၂-ပါး |

http://www.dhammadownload.com



**ဈာနထိုက်သော ဝိပါက်စိတ်မှာ-**

လောကုတ္တရာ ဝိပါက်စိတ်အကျဉ်း = ၄-ပါး
(တစ်နည်း) ဖိုလ်စိတ်အကျဉ်း = ၄-ပါး ဖြစ်ပါသည်။

❾ ကိစ္စ (၅)ခုကို တစ်ဈာနပေါင်းယူထားသော ဈာနအမည်ကို ဖြေဆိုပြ၍ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၏ (၆)ဒွါရမှ လွတ်မြောက်နိုင်သော အရေးကိစ္စ၊ မလွတ်မြောက်နိုင်သော အရေးကိစ္စတို့ကိုလည်း ဖြေဆိုပြပါ။

**ကိစ္စ(၅)ခုကို တစ်ဈာနတည်း ပေါင်းယူထားသော ဈာနအမည်မှာ-**

ပဉ္စဝိညာဏ်ဈာန ဖြစ်ပါသည်။

**ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၏ (၆)ဒွါရမှ လွတ်မြောက်နိုင်သောအရေးကိစ္စမှာ-**

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ ဖြစ်ပါသည်။

**မလွတ်မြောက်နိုင်သော အရေးကိစ္စမှာ-** တဒါရုံကိစ္စ
သန္တီရဏကိစ္စ ဖြစ်ပါသည်။

❿ ကာမဘုံသား လူအများ ပိုင်ဆိုင်ရသည့် ရုပ်ဝတ္ထုများကို ရေတွက်ပြ၍ (၅)ဒွါရ (၅)အာရုံ အမြဲမှီငြား ဝတ္ထုတစ်ပါးသာရှိသော စိတ်ကိုလည်း ဖြေဆိုပြပါ။

**ကာမဘုံသား လူအများ ပိုင်ဆိုင်ရသည့် ရုပ်ဝတ္ထုများမှာ-**

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ဟူသော ဝတ္ထုရုပ် (၆)ပါးဖြစ်ပါသည်။

**(၅)ဒွါရ (၅)အာရုံ အမြဲမှီငြား ဝတ္ထု(၁)ပါးသာရှိသော စိတ်မှာ-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး |
| ပေါင်း- မနောဓာတ် | = | ၃-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

၂၀၁၄-ခုနှစ်

**၁** မေခ, မလိခမြစ်နှစ်ဖြာ၏ ပေါင်းဆုံမှုကြောင့် ရောဝတီ ဖြစ်ပေါ်လာသကဲ့သို့ ယုံမှားမှုစိတ် (ဝိစိကိစ္ဆာ)နှင့် ပျံ့လွင့်မှုစိတ် (ဥဒ္ဓစ္စ)နှစ်ခု ပေါင်းမိသောအခါ ဖြစ်လာသည့် စိတ်အမည်နှင့် ၎င်းစိတ်၏ ခံစားမှုဝေဒနာအမည်တို့ကို ဖြေဆိုပြပါ။

**ယုံမှားမှု (ဝိစိကိစ္ဆာ)နှင့် ပျံ့လွင့်မှုစိတ် (ဥဒ္ဓစ္စ)နှစ်ခု ပေါင်းမိသောအခါ ဖြစ်လာသည့် စိတ်အမည်မှာ-**

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်
(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်-ဟူသော
မောဟမူစိတ် ၂-ပါး ဖြစ်ပါသည်။

**၎င်းစိတ်နှစ်ပါး၏ ခံစားမှုဝေဒနာအမည်မှာ-** ဥပေက္ခာဝေဒနာ ဖြစ်ပါသည်။

**၂** ကုသိုလ်၊ ဝိပါက်၊ ကြိယာ တူညီသော်လည်း ခံစားမှုဝေဒနာ၊ ထက်မြက်မှုဉာဏ်ပညာ၊ တိုက်တွန်းမှုသင်္ခါရ စသည်တို့ ကွဲပြားမှုကြောင့် တိုးပွားလာသော စိတ်သရုပ်ကို ဖော်ပြ၍ ချမ်းသာမှုသုခနှင့် နှစ်သက်မှုပီတိ နှစ်မျိုးစုံ ရရှိနိုင်သော ဈာန်အမျိုးအစားတို့ကိုလည်း ဖြေဆို ပြပါ။

**ကုသိုလ်၊ ဝိပါက်၊ ကြိယာ တူညီသော်လည်း ခံစားမှုဝေဒနာ၊ ထက်မြက်မှု ဉာဏ်ပညာ၊ တိုက်တွန်းမှုသင်္ခါရ စသည်တို့ ကွဲပြားမှုကြောင့် တိုးပွားလာသော စိတ်သရုပ်မှာ-**

[ ၂၀၁၁-ခုနှစ်၊ နံပါတ် ၂-အဖြေ၌ ကြည့်ပါ။ ]

**ချမ်းသာမှုသုခ နှင့် နှစ်သက်မှုပီတိ နှစ်မျိုးစုံ ရရှိနိုင်သော ဈာန်အမျိုးအစားတို့မှာ-**
ဈာန်စိတ် ၆၇-ပါးမှ-
(ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ပထမဈာန်စိတ် = ၁၁-ပါး

http://www.dhammadownload.com



(ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ဒုတိယဈာန်စိတ် = ၁၁-ပါး
( ပီတိ၊ သုခ၊ ဧကဂ္ဂတာ) တတိယဈာန်စိတ် = ၁၁-ပါး
တို့ဖြစ်ကြပါသည်။

❸ အောက်ပါစိတ်တို့ကို ခွဲခြားဖြေဆိုပြပါ။

(က) ပထမစိတ်ကို အာရုံပြုသော ဒုတိယစိတ်၊
(ခ) တတိယစိတ်ကို အာရုံပြုသော စတုတ္ထစိတ်၊
(ဂ) ဈာနဘုံ, အဝတ္ထာဘုံ နှစ်မျိုးနှစ်စားတို့တွင် အဝတ္ထာဘုံ တစ်မျိုးသာ ရကောင်းသောစိတ်၊

(က) ဝိညာဏဉ္စာယတနစိတ် = ၃-ပါး
(ခ) နေဝသညာနာသညာယတနစိတ် = ၃-ပါး
(ဂ) လောကုတ္တရာစိတ် = (ကျဉ်း)၈-ပါး၊ (ကျယ်) ၄၀-ပါး

---

**စေတသိက်ပိုင်း**

❹ စိတ်နေစိတ်ထား နူးညံ့ပြီး မေတ္တာတရားထားကာ ဒုက္ခရောက်နေသော လူနာအပေါ် ထောင်လွှားမှု မပါ။ သနားမှုသက်သက်ဖြင့်သာ ကြိုးစားအားထုတ်၍ ကုသမှုပြုပေးနေသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦး၌ ရရှိနိုင်သော ပရမတ္ထစေတသိက်အမည်တို့ကိုသာ ရွေးချယ် ဖြေဆိုပြပါ။

**စိတ်နေစိတ်ထား နူးညံ့ပြီး မေတ္တာတရားထားကာ ဒုက္ခရောက်နေသော လူနာအပေါ် ထောင်လွှားမှုမပါ သနားမှုသက်သက်ဖြင့်သာ ကြိုးစားအားထုတ်၍ ကုသမှုပြုပေးနေသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦး၌ ရရှိနိုင်သော ပရမတ္ထစေတသိက်အမည်တို့မှာ-**

(၁) **စိတ်နေစိတ်ထား နူးညံ့ခြင်းမှာ** - စိတ္တမုဒုတာ စေတသိက်
(၂) **မေတ္တာတရားထားခြင်းမှာ** - အဒေါသ စေတသိက်
(၃) **ထောင်လွှားမှုမပါခြင်းမှာ** - မာန စေတသိက်
(၄) **သနားမှုသက်သက်မှာ** - ကရုဏာ စေတသိက်
(၅) **ကြိုးစားအားထုတ်ခြင်းမှာ** - ဝီရိယ စေတသိက်တို့ ရရှိနိုင်ပါသည်။

http://www.dhammadownload.com



❺ စိတ်ကောင်းစေတနာနှင့် ပြောဆိုမိရာမှ တစ်ဖက်လူ့အတွက် ဝေဒနာဖြစ်သွားတတ်ရာ ထိုစေတနာ, ဝေဒနာစေတသိက်နှင့်အတူ ဖြစ်ခွင့်ရသောစိတ်တို့ကို ဖော်ပြ၍ လူ့ဘုံလောက လူ့ဘဝဝယ် စိတ်သဘောထားခြင်း မတိုက်ဆိုင်မှုကြောင့် ကွဲကွာမှုများရှိသကဲ့သို့ ပီတိစေတသိက်နှင့် သဘောထားခြင်း မတိုက်ဆိုင်မှုကြောင့် ယှဉ်ခွင့်မရရှာသော စိတ်တို့ကိုလည်း သရုပ်ထုတ်ကာ ဖြေဆိုပြပါ။

**စေတနာ၊ ဝေဒနာ စေတသိက်တို့နှင့်အတူ ဖြစ်ခွင့်ရသောစိတ်တို့မှာ-**

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတွင် ပါဝင်သော စေတနာစေတသိက်နှင့် ဝေဒနာစေတသိက်တို့သည် စိတ်အားလုံးနှင့် ယှဉ်နိုင်သောကြောင့် အတူဖြစ်ခွင့်ရသော စိတ်တို့မှာ- စိတ်အကျဉ်း ၈၉-ပါး၊
စိတ်အကျယ် ၁၂၁-ပါးလုံးပင် ဖြစ်ပါသည်။

**ပီတိစေတသိက်နှင့် သဘောခြင်း မတိုက်ဆိုင်မှုကြောင့် ယှဉ်ခွင့်မရရှာသော စိတ်တို့မှာ-**

| | | | |
|---|---|---|---|
| | သုခသဟဂုတ်စိတ် | = | ၁-ပါး |
| | ဒုက္ခသဟဂုတ်စိတ် | = | ၁-ပါး |
| စတုတ္ထဈာန် | သောမနဿသဟဂုတ်စိတ် | = | ၁၁-ပါး |
| | ဒေါမနဿသဟဂုတ်စိတ် | = | ၂-ပါး |
| | ဥပေက္ခာသဟဂုတ်စိတ် | = | ၅၅-ပါး |
| ပေါင်း | ပီတိမယှဉ်သောစိတ် | = | ၇၀-ပါးတို့ ဖြစ်ကြပါသည်။ |

❻ သ-သင်္ခါရိက စိတ်ငါးပါး၌ ယှဉ်တိုက်သမျှသော စေတသိက်တို့ကို ရေတွက်ရာ၌ အ-သင်္ခါရိကနှင့် မတူ တမူထူးခြား ထည့်သွင်းရေတွက်ရမည့် စေတသိက်တရားတို့ကို ရွေးချယ်၍၊ လောကုတ္တရာ စတုတ္ထဈာန်၊ ပဉ္စမဈာန်စိတ်တို့၌ ယှဉ်သော စေတသိက်တို့၏ တူညီသော ဂဏန်းသင်္ချာ အရေအတွက်နှင့် ကွဲလွဲသော ဝေဒနာတို့ကိုလည်း ဖြေဆိုပြပါ။

**သ-သင်္ခါရိက စိတ်ငါးပါး၌ ယှဉ်တိုက်သမျှသော စေတသိက်တို့တွင် အ-သင်္ခါရိကနှင့်မတူ တမူထူးခြား ထည့်သွင်းရေတွက်ရမည့် စေတသိက်တို့မှာ-**

ထိန စေတသိက် နှင့် မိဒ္ဓ စေတသိက် ၂-ပါးတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



**လောကုတ္တရာ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်စိတ်တို့၌ ယှဉ်သောစေတသိက်တို့၏ တူညီသော ဂဏန်းသင်္ချာအရေအတွက်မှာ-**

| | | |
|---|---|---|
| (ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သော) အညသမာန်း စေတသိက် | = | ၁၀-ပါး |
| သောဘနသာဓာရဏ စေတသိက် | = | ၁၉-ပါး |
| ဝိရတီ စေတသိက် | = | ၃-ပါး |
| ပညာ စေတသိက် | = | ၁-ပါး |
| ပေါင်း | = | ၃၃-ပါး ဖြစ်ပါသည်။ |

**ကွဲလွဲသော ဝေဒနာတို့မှာ-**

လောကုတ္တရာ စတုတ္ထဈာန်၌ယှဉ်သော စေတသိက် ၃၃-ပါး = သောမနဿဝေဒနာ

လောကုတ္တရာ ပဉ္စမဈာန်၌ယှဉ်သော စေတသိက် ၃၃-ပါး = ဥပေက္ခာဝေဒနာ

---

## ပကိဏ်းပိုင်း

**၇** ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ပကိဏ်းပိုင်းကို အပိုင်းအခန်းမည်မျှ ပိုင်းခြား ခွဲပြတော်မူသွားသည်ကို ဖြေဆို၍ ထိုပကိဏ်းပိုင်း၌ စိတ်ကိုသာ တိုက်ရိုက်ပြဆိုထားသော်လည်း ရှားရှားပါးပါး ပြဆိုထားသည့် သုခဝေဒနာနှင့်တကွ ဖြစ်သောစိတ်၌ စေတသိက် အဘယ်မျှ ယှဉ်နိုင်သည်ကိုလည်း သိသာရုံ ဖြေဆိုပြပါ။

**ကျမ်းပြုဆရာတော် အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ပကိဏ်းပိုင်းကို-**

(၁) ဝေဒနာသင်္ဂဟ၊

(၂) ဟေတုသင်္ဂဟ၊

(၃) ကိစ္စသင်္ဂဟ၊

(၄) ဒွါရသင်္ဂဟ၊

(၅) အာရမ္မဏသင်္ဂဟ၊

(၆) ဝတ္ထုသင်္ဂဟ-ဟု အခန်း ၆-ခန်းဖြင့် ပိုင်းခြား ခွဲပြတော်မူပါသည်။

http://www.dhammadownload.com



**သုခဝေဒနာနှင့်တကွ ဖြစ်သောစိတ်၌ ယှဉ်နိုင်သော စေတသိက်တို့ကို ဖော်ပြရသော်-**

သုခဝေဒနာနှင့်တကွဖြစ်သောစိတ်မှာ- သုခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။ ထိုစိတ်သည် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးနှင့်ယှဉ်၍ ထို ၇-ပါးထဲမှ အရင်းခံဖြစ်သော သုခဝေဒနာကြဉ်သော ဖဿစသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆-ပါးနှင့် ယှဉ်ပါသည်။

ထို့ကြောင့် သုခဝေဒနာနှင့်တကွဖြစ်သောစိတ်၌ ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆-ပါးတို့ ယှဉ်နိုင်ပါသည်။

**(၈) စိတ်အားဖြင့် ကုသိုလ်၊ အကုသိုလ် အနေအထား ကွဲပြားခြားနားသော်လည်း ကိစ္စ ဌာနတို့ အနေအားဖြင့် ကွဲပြားမှု ရှိနိုင်၊ မရှိနိုင် အဘိဓမ္မာ သရုပ်ခြင်း အဖြေထုတ်ပြ၍ ရုပ်နာမ်ပညတ် စုံစွာ ကောက်ယူရသော အာရုံအမျိုးအစားကိုလည်း တိကျစွာ ဖြေဆိုပြပါ။**

| | | | ကိစ္စ | ဌာန |
|---|---|---|---|---|
| အကုသိုလ်စိတ် | | = ၁၂-ပါး | ဇောကိစ္စ | ဇောဌာန |
| ကုသိုလ်စိတ် | (ကျဉ်း) | = ၂၁-ပါး | ဇောကိစ္စ | ဇောဌာန |
| | (ကျယ်) | = ၃၇-ပါး | | |

သို့ဖြစ်ပါ၍- ကုသိုလ်၊ အကုသိုလ် အနေအထားအားဖြင့် ကွဲပြားခြားနားသော်လည်း ကိစ္စအားဖြင့်- ဇောကိစ္စ၊ ဌာနအားဖြင့်- ဇောဌာနဟု တူညီကြပြီး ကွဲပြားမှု မရှိပါ။

**ရုပ် နာမ် ပညတ် စုံစွာ ကောက်ယူရသော အာရုံအမျိုးအစားမှာ-** ဓမ္မာရုံ ဖြစ်ပါသည်။

ဓမ္မာရုံသည် စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်နှင့် ပညတ်များဖြစ်သော သိဖွယ်တရားအမျိုးမျိုးကို အာရုံပြုနိုင်ပါသည်။

**(၉) ဇောဒွါရ၌ ဖြစ်သောစိတ်နှင့် မနောဒွါရ၌ ဖြစ်သောစိတ်တို့ အာရုံပြုနိုင်သည့် စွမ်းဆောင်ရည် သတ္တိချင်း ကွဲပြားပုံကို ဖြေဆို၍ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော အာရုံ ငါးပါးလုံးကို ခံစားနိုင် အာရုံပြုနိုင်သော စိတ်တို့ကိုလည်း ဖြေဆိုပြပါ။**

http://www.dhammadownload.com



**စက္ခုဒွါရ၌ ဖြစ်သောစိတ်နှင့် မနောဒွါရ၌ ဖြစ်သောစိတ်တို့ အာရုံပြုနိုင်သည့် စွမ်းဆောင်ရည် သတ္တိချင်း ကွဲပြားပုံမှာ-**

**စက္ခုဒွါရ၌ဖြစ်သောစိတ်မှာ-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| စက္ခုဝိညာဏ်စိတ် | = | ၂-ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး |
| သန္တီရဏစိတ် | = | ၃-ပါး |
| ဝုဋ္ဌော | = | ၁-ပါး |
| ကာမဇော | = | ၂၉-ပါး |
| တဒါရုံ(မဟာဝိပါက်) | = | ၈-ပါး |
| ပေါင်း | = | ၄၆-ပါးဖြစ်၍ |

**မနောဒွါရ၌ဖြစ်သောစိတ်မှာ-**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | = | ၁-ပါး |
| ကာမဇော | = | ၂၉-ပါး |
| အပ္ပနာဇော | = | ၂၆-ပါး |
| တဒါရုံ | = | ၁၁-ပါး |
| ပေါင်း | = | ၆၇-ပါး ဖြစ်ပါသည်။ |

ထိုစက္ခုဒွါရ၌ဖြစ်သော၄၆-ပါးသော စိတ် = ပစ္စုပ္ပန်ရူပါရုံ၊

မနောဒွါရ၌ဖြစ်သော ၆၇-ပါးသောစိတ် = ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော ကာလ ၃-ပါးနှင့် ကာလဝိမုတ်ဟူသော အာရုံ ၆-ပါးတို့ကို ထိုက်သည့်အားလျော်စွာ အာရုံပြုပါသည်။

ထိုသို့ အာရုံပြုနိုင်သည့် စွမ်းဆောင်ရည်သတ္တိချင်း ကွဲပြားမှုရှိပါသည်။

**အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံငါးပါးလုံးကို ခံစားနိုင်၊ အာရုံပြုနိုင်သော စိတ်တို့မှာ-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး |
| ပေါင်း မနောဓာတ် | = | ၃-ပါးတို့ ဖြစ်ကြပါသည်။ |

http://www.dhammadownload.com



**၁၀ လူသားတို့၏ နှလုံးအိမ်တည်းဟူသော ဟဒယဝတ္ထု၌ လောဘ၊ ဒေါသ၊ မောဟ တရားဆိုးသုံးပါးတို့ အမြဲတမ်း မှီတွယ်မှု ရှိနိုင်/မရှိနိုင် ဆုံးဖြတ်ပြ၍ ဒွါရခြောက်ပါးမှ လွတ်မြောက်သော မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးသည် ဝတ္ထုခြောက်ပါးမှ လွတ်မြောက်ခွင့် ရ/မရ ဖြေဆိုပြပါ။**

**ဟဒယဝတ္ထု၌ လောဘ၊ ဒေါသ၊ မောဟ တရားဆိုးသုံးပါးတို့ အမြဲတမ်း မှီတွယ်မှု ရှိနိုင်/မရှိနိုင် ဆုံးဖြတ်ပြရသော်-**

ကာမဘုံသားတို့သည် ဝတ္ထုရုပ် ၆-ပါးလုံး ရနိုင်သည့်သတ္တဝါများ ဖြစ်ကြပါသည်။ **လောဘနှင့် မောဟ** တရားဆိုးတို့သည် **ကာမနှင့် ရူပ ၁၅-ဘုံသားတို့၌** ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို အမြဲမှီနိုင်ကြသော်လည်း **အရူပဘုံသားများ၌** ဖြစ်လျှင်မူ ဝတ္ထုရုပ် လုံးဝမရှိကြသဖြင့် မမှီနိုင်ကြပါ။

ဒေါသတရားဆိုးမှာမူ- ရူပနှင့် အရူပဘုံသားများ၌ လုံးဝ မဖြစ်နိုင်ကြဘဲ ကာမဘုံသားများ၌သာ ဖြစ်နိုင်ပြီး ဖြစ်သောအခါ၌ ဟဒယဝတ္ထုကိုသာ အမြဲတမ်းမှီရပါသည်။

သို့ဖြစ်ပါ၍- လူသား (ကာမဘုံသား)တို့၏ နှလုံးအိမ်တည်းဟူသော ဟဒယဝတ္ထု၌မူ လောဘ၊ ဒေါသ၊ မောဟ တရားဆိုး သုံးပါးတို့သည် အမြဲတမ်း မှီတွယ်ပြီး ဖြစ်နိုင်ပါသည်။

**ဒွါရခြောက်ပါးမှ လွတ်မြောက်သော မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးသည် ဝတ္ထုခြောက်ပါးမှ လွတ်မြောက်ခွင့် ရ/မရ ဖြေဆိုပြရသော်-**

ဒွါရခြောက်ပါးမှ လွတ်မြောက်သော မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတွင် ရူပဝိပါက်စိတ် ၅-ပါးသည် ဟဒယဝတ္ထုရုပ်ရှိသော ရူပဗြဟ္မာကြီး၏ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်ဖြစ်၍ ဟဒယဝတ္ထုကို အမြဲမှီနိုင်ပါသည်။ အရူပဝိပါက်စိတ် ၄-ပါးမှာမူ ဝတ္ထုရုပ်မရှိသော အရူပဗြဟ္မာကြီး၏ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်များဖြစ်၍ မည်သည့် ဝတ္ထုရုပ်ကိုမျှ မမှီနိုင်ပါ။

ထို့ကြောင့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတွင် ရူပဝိပါက်စိတ် ၅-ပါးသည် ဝတ္ထုရုပ် ခြောက်ပါးမှ လွတ်မြောက်ခွင့်မရဘဲ အရူပဝိပါက်စိတ် ၄-ပါးသည်သာလျှင် ဝတ္ထုရုပ် ခြောက်ပါးမှ အမြဲလွတ်မြောက်ခွင့်ရပါသည်။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

## ၂၀၁၅-ခုနှစ်

**၁** ပြောင်းလဲမှု မရှိသော ပရမတ်တရားများကို အရေအတွက်များနှင့်အတူ ဖော်ပြ၍၊ ပါပ အမည်ရသော စိတ်ကိုလည်း တိုက်တွန်းမှု/ မတိုက်တွန်းမှု စသည့်သရုပ်များဖြင့် ဖော်ထုတ်ပြခဲ့ပါ။

**ပြောင်းလဲမှုမရှိသော ပရမတ်တရားများကို အရေအတွက်များနှင့်အတူ ဖော်ပြရသော်-**

| | | |
|---|---|---|
| စိတ် | = | ၈၉-ပါး(အကျဉ်း) / ၁၂၁-ပါး(အကျယ်) |
| စေတသိက် | = | ၅၂-ပါး |
| ရုပ် | = | ၂၈-ပါး |
| နိဗ္ဗာန် | = | ၁-ပါး |

**ပါပ-အမည်ရသော အကုသိုလ်စိတ် (၁၂)ပါးကို တိုက်တွန်းမှု-မတိုက်တွန်းမှု စသည့် သရုပ်အားဖြင့် ဖော်ထုတ်ပြရသော်-**

| | | | | |
|---|---|---|---|---|
| တိုက်တွန်းမှုနှင့်တကွ | ဖြစ်သော | သ-သင်္ခါရိကစိတ် | = | ၅-ပါး |
| တိုက်တွန်းမှုမပါဘဲ | ဖြစ်သော | အ-သင်္ခါရိကစိတ် | = | ၅-ပါး |
| နှစ်မျိုးလုံး မဟုတ်သော | | သင်္ခါရဝိမုတ်စိတ် | = | ၂-ပါး |
| ပေါင်း | | အကုသိုလ်စိတ် | = | ၁၂-ပါး တို့ဖြစ်ပါသည်။ |

**၂** တရားစခန်းဝယ် ဝက်သားတုံးကြီးကို အငမ်းမရစားသော ယောဂီနှင့် တရားမှတ်၍ စားသော ယောဂီတို့ သန္တာန်၌ဖြစ်သော စိတ်တို့ကို ဖော်ထုတ်၍၊ ခံစားမှုအားဖြင့် ကွဲပြားမှု ရှိ/မရှိ ကိုလည်း အကြောင်းပြ ဖြေဆိုခဲ့ပါ။

**တရားစခန်းဝယ် ဝက်သားတုံးကြီးကို အငမ်းမရစားနေသော ယောဂီ၏ သန္တာန်၌ ဖြစ်သောစိတ်မှာ-**

http://www.dhammadownload.com



**အငမ်းမရစားခြင်း**သည် အပြစ်ရှိမှန်း သိပါသော်လည်း ကြိုက်နှစ်သက်မှု လောဘနှင့်ယှဉ်နေသော လောဘမူအကုသိုလ်စိတ်၏ သဘောဖြစ်၍

"သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အ-သင်္ခါရိကလောဘမူစိတ်" ဖြစ်ပါသည်။

**တရားမှတ်၍ စားသော ယောဂီ၏သန္တာန်၌ ဖြစ်သောစိတ်မှာ-**

**တရားမှတ်၍ စားခြင်း**သည် ဝိပဿနာဉာဏ်ပညာနှင့်ယှဉ်သော မဟာကုသိုလ် စိတ်၏ သဘောဖြစ်၍-

"ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်" ဖြစ်ပါသည်။

ခံစားမှု ဝေဒနာအားဖြင့်လည်း-

အငမ်းမရ စားနေခြင်း၌ = သောမနဿဝေဒနာ၊

တရားမှတ်၍ စားနေခြင်း၌ = ဥပေက္ခာဝေဒနာ-ဟူ၍ ကွဲပြားမှု ရှိပါသည်။

(တစ်နည်း)

ယောဂီနှစ်ဦးလုံး၌ ဝက်သားစားသုံးခိုက်ဖြစ်မှု-

ဝက်သားတည်းဟူသော ဣဋ္ဌအာရုံဖြစ်၍-

ဥပေက္ခာသဟဂုတ် အဟိတ်ကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ်ချည်း သာဖြစ်၍ ဝေဒနာ ကွဲပြားမှု မရှိပါ။

❷ ဈာန်ဝင်စားသည်ဟု ဆိုနေကြရာ၌ ဈာန်စိတ်ပေါင်း မည်မျှရှိသည်ကို လောကီ-လော ကုတ္တရာ အမြင်အားဖြင့်လည်းကောင်း၊ ဈာန်အပြားအားဖြင့်လည်းကောင်း ရှင်းလင်းစွာ ကောက်ပြခဲ့ပါ။

**ဈာန်စိတ်များကို လောကီ-လောကုတ္တရာ အမြင်အားဖြင့် ကောက်ပြရသော်-**

| | | |
|---|---|---|
| လောကီဈာန်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာဈာန်စိတ် | = | ၄၀-ပါး |
| ပေါင်း ဈာန်စိတ် | = | ၆၇-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



ထိုစိတ်များကို ဈာန်အပြားအားဖြင့် ကောက်ပြရသော်-

| | | |
|---|---|---|
| ပထမဈာန်စိတ် | = | ၁၁-ပါး |
| ဒုတိယဈာန်စိတ် | = | ၁၁-ပါး |
| တတိယဈာန်စိတ် | = | ၁၁-ပါး |
| စတုတ္ထဈာန်စိတ် | = | ၁၁-ပါး |
| ပဉ္စမဈာန်စိတ် | = | ၂၃-ပါး |
| ပေါင်း ဈာန်စိတ် | = | ၆၇-ပါး ဖြစ်ပါသည်။ |

## စေတသိက်ပိုင်း

**၄** အင်္ကျီလည်ပင်းကိုက် တက်တူးရိုက်၍ ကာလသားများ သဘောကျအောင် ဖလန်းဖလန်းထနေသော ခေတ်လွန်မိန်းမပျိုတို့၏ သန္တာန်၌ဖြစ်သော စေတသိက်တို့နှင့် ယှဉ်ဘက်စိတ်တို့ကို ဖော်ပြပါ။

အင်္ကျီလည်ပင်းကိုက် တက်တူးရိုက်၍ ကာလသားများ သဘောကျအောင် ဖလန်းဖလန်းထနေသော ခေတ်လွန်မိန်းမပျိုတို့၏ သန္တာန်၌ဖြစ်သော-

စေတသိက်တို့မှာ = အဟိရိက နှင့် အနော်တ္တပ္ပစေတသိက် ၂-ပါး ဖြစ်၍၊
ယှဉ်ဘက်စိတ်မှာ = အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ကြပါသည်။

**၅** အောက်ပါ စေတသိက်တို့ကို မှန်ကန်စွာ ဖြေဆိုခဲ့ပါ။

(က) ချဉ်သီးစားသူအား မြင်တွေ့ခိုက်၌ဖြစ်သော စေတသိက်၊
(ခ) အမှန်နှင့် အမှားကို ဝေဖန်သုံးသပ်တတ်သော စေတသိက်၊
(ဂ) အမှားအတွက် နောင်တရနေသူ၌ဖြစ်သော စေတသိက်၊
(ဃ) အမှန်ကို သိသူ၌ဖြစ်သော စေတသိက်၊
(င) အမှန်ကို သိရသဖြင့် ကျေနပ်နေသူ၌ဖြစ်သော စေတသိက်
(က) ဖဿစေတသိက်၊
(ခ) ဝိစာရစေတသိက်၊
(ဂ) ကုက္ကုစ္စစေတသိက်၊

http://www.dhammadownload.com



(ဃ) ပညာစေတသိက်၊

(င) ပီတိစေတသိက်

၆ "လူချင်းတူသော်လည်း စိတ်ဓာတ်ချင်းကတော့ မတူနိုင်"ဟုဆိုရာ၌ ပုထုဇဉ်တို့၏စိတ်ကို တစ်ယောက်နှင့်တစ်ယောက် မတူထူးခြား ကွဲပြားအောင် ပြုလုပ်နေသော စေတသိက်တို့ကို ပြုရာစိတ်အလိုက် ခွဲခြား၍ တင်ပြပါ။

[ ၂၀၁၁-ခုနှစ်၊ နံပါတ် ၆-၌ ကြည့်ပါ။ ]

## ပကိဏ်းပိုင်း

၇ အဘယ့်ကြောင့် ပကိဏ်းပိုင်းဟု ခေါ်ပါသနည်း။ ဖြေဆို၍ ၎င်းပကိဏ်းပိုင်းကို အနှစ်ချုပ်၍ သရုပ်ထုတ်ခဲ့ပါ။

စိတ်၊ စေတသိက်တို့ကို ဝေဒနာစသော သင်္ဂဟ(၆)ပါးဖြင့် ရောပြွမ်း၍ ပြဆိုသောအပိုင်းဖြစ်သောကြောင့် ပကိဏ်းပိုင်းဟုခေါ်ဆိုရခြင်းဖြစ်ပါသည်။

**၎င်းပကိဏ်းပိုင်းကို အနှစ်ချုပ်၍ သရုပ်ထုတ်ပြရသော်-**

(က) ဝေဒနာသင်္ဂဟ (ဝေဒနာအပြား ၃-ပါး/၅-ပါး)

(ခ) ဟေတုသင်္ဂဟ (ဟိတ် ၆-ပါး)

(ဂ) ကိစ္စသင်္ဂဟ (ကိစ္စအပြား ၁၄-ပါး၊ ဌာနအပြား ၁၀-ပါး)

(ဃ) ဒွါရသင်္ဂဟ (ဒွါရ ၆-ပါး)

(င) အာရမ္မဏသင်္ဂဟ (အာရုံ ၆-ပါး)

(စ) ဝတ္ထုသင်္ဂဟ (ဝတ္ထုရုပ် ၆-ပါး) တို့ဖြစ်ပါသည်။

၈ စာမေးပွဲဖြေဆိုရန် စာကျက်စဉ် အိပ်ပျော်သွားရာ၌ ဖြစ်သောစိတ်ကို ကောက်ပြ၍ ၎င်းစိတ်၏ ဖြစ်ရာဒွါရ၊ ပြုရာအာရုံတို့ကိုလည်း ဖြေဆိုခဲ့ပါ။

စာမေးပွဲဖြေဆိုရန် စာကျက်စဉ် အိပ်ပျော်သွားရာ၌ ဖြစ်သောစိတ်မှာ- ဘဝင်စိတ် ဖြစ်ပါ၏။ (လူတို့၏ ဘဝင်စိတ်သရုပ်မှာ- အဟိတ်ကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏစိတ် ၁-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။)

http://www.dhammadownload.com



ဘဝင်စိတ်၏ **ဖြစ်ရာဒွါရ** = ဒွါရဝိမုတ် (မည်သည့်ဒွါရ၌မှ မဖြစ်ပါ)
ဘဝင်စိတ်၏ **ပြုရာအာရုံ** = ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူသော အာရုံ ၃-ပါးမှ တစ်ပါးပါး။

**(၉) စာဖြေသူတို့၏ ခန္ဓာကိုယ်ကို အစဉ်မပြတ် ဝင်ထွက်ခွင့်ရသောစိတ်တို့ကို ဖော်ပြ၍ မန်နေဂျာနှင့်တူသော စိတ်တို့ကိုလည်း အလုပ်ကိစ္စများနှင့် ယှဉ်တွဲကာ ဖော်ပြခဲ့ပါ။**

စာဖြေသူတို့၏ ခန္ဓာကိုယ်ကို အစဉ်မပြတ် ဝင်ထွက်ခွင့်ရသော စိတ်တို့မှာ-

| | | |
|---|---|---|
| သောမနဿသန္တီရဏစိတ် | = | ၁-ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| ကာမဇောစိတ် | = | ၂၉-ပါး |

ပေါင်း ၆-ဒွါရလုံး၌ အမြဲဖြစ်နိုင်သောစိတ်= ၃၁-ပါး ဖြစ်ပါသည်။

**မန်နေဂျာနှင့်တူသောစိတ်** = ဥပေက္ခာသန္တီရဏစိတ် (၂)ပါး
**ဆောင်ရွက်သည့်အလုပ်ကိစ္စများ** = ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ။
= ၅-ကိစ္စ

**(၁၀) အမြဲတမ်း အလုံးစုံကို အာရုံပြုနိုင်သောစိတ်တို့ကို ဖော်ပြ၍ ခွေးတစ်ကောင်၏ သန္တာန်၌ ရနိုင်သော ဝတ္ထုရုပ်တို့ကိုလည်း ရေတွက်ခဲ့ပါ။**

**အမြဲတမ်း အလုံးစုံကို အာရုံပြုနိုင်သောစိတ်တို့မှာ-**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| မဟာကြိယာဉာဏသမ္ပယုတ် | = | ၄-ပါး |
| ရူပါဝစရ ကြိယာ ပဉ္စမဈာန်အဘိညာဉ်စိတ် | = | ၁-ပါး |

ပေါင်း = ၆-ပါး ဖြစ်ပါသည်။

**ခွေးတစ်ကောင်၏သန္တာန်၌ ရနိုင်သော ဝတ္ထုရုပ်တို့မှာ-** စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ပေါင်း ၆-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရှိုးရှိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

၂၀၁၆-ခုနှစ်

❶ **အဘိဓမ္မာကို စတင်လေ့လာသူပုဂ္ဂိုလ်များ သိသင့်သိထိုက်သော အဘိဓမ္မာ၏အဓိပ္ပာယ်နှင့် အဘိဓမ္မာကျမ်းသရုပ်တို့ကို အစဉ်တကျ ဖော်ထုတ်ပြခဲ့ပါ။**

**အဘိဓမ္မာကို စတင်လေ့လာသူပုဂ္ဂိုလ်များ သိသင့်သိထိုက်သော အဘိဓမ္မာ၏ အဓိပ္ပာယ်မှာ**- သုတ္တန္တဓမ္မထက် သာလွန် ထူးခြားသည့် ဓမ္မဖြစ်သောကြောင့် အဘိဓမ္မ (ဓမ္မထူး-ဓမ္မလွန်)ဟု ခေါ်ပါသည်။

အဘိဓမ္မာကျမ်းသရုပ်တို့ကို အစဉ်တကျ ဖော်ထုတ်ပြရသော်-

(၁) ဓမ္မသင်္ဂဏီကျမ်း
(၂) ဝိဘင်းကျမ်း
(၃) ဓာတုကထာကျမ်း
(၄) ပုဂ္ဂလပညတ်ကျမ်း
(၅) ကထာဝတ္ထုကျမ်း
(၆) ယမိုက်ကျမ်း
(၇) ပဋ္ဌာန်းကျမ်း ဟူသော ၇-ကျမ်းဖြစ်ပါသည်။

❷ **"စိတ်သည် လောကကြီးကို ဆောင်၏"ဟု ဆိုသည့်စကားအတိုင်း ပြိတ္တာဘုံ ပြိတ္တာဘဝသို့ ကျရောက်စေတတ်သော စိတ်တို့ကို ဖော်ပြ၍ ၎င်းစိတ်တို့ကို သခါရ/အသင်္ခါရအပြားအားဖြင့် နှစ်ပုံနှစ်စုပြုကာ ခွဲခြားဝေဖန်ခဲ့ပါ။**

**'စိတ်သည် လောကကြီးကို ဆောင်၏'ဟု ဆိုသည့်စကားအတိုင်း ပြိတ္တာဘုံ ပြိတ္တာဘဝသို့ ကျရောက်စေတတ်သော စိတ်တို့ကို ဖော်ပြရသော်**-

လောဘမူစိတ် ၈-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



ငှင်းစိတ်တို့ကို သင်္ခါရ၊ အသင်္ခါရ အပြားအားဖြင့် နှစ်ဖို့ နှစ်စုပြုကာ ခွဲခြား ဝေဖန်ရသော်-

| | | | | | |
|---|---|---|---|---|---|
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |

❸ ဗုဒ္ဓဘာသာဝင်သူတော်စင်များ လက်ခံယုံကြည်ထားသော "ကောင်းတာလုပ်က ကောင်းကျိုး ရ၏"ဟူသောစကား၌ ကောင်းကြောင်းတရားနှင့် ကောင်းကျိုးတရားများကို အကျဉ်းအကျယ် နည်းနှစ်သွယ်ဖြင့် စိတ်ပိုင်းကို ရှုမြင် သုံးသပ်လျက် ဖော်ပြပါ။

[ ၂၀၀၂-ခုနှစ်၊ နံပါတ် ၂-အဖြေ၌ ကြည့်ပါ။ ]

❹ "သေရည်သောက်စား ပြုတုံခြားလည်း တစ်ပါးသူအား ထိပါးမငြိ ပြစ်မရှိ"ဟု ပြောဆိုသူ၏ စကားကို ယုံကြည်လက်ခံကာ ပျော်ပျော်ကြီး ဝိုင်းဖွဲ့၍ သောက်စားယစ်မူး နှစ်သစ်ကူးနေ ကြသောသူတို့၏သန္တာန်၌ ဖြစ်ပေါ်သောစိတ်ကို အတိအကျ ဖော်ထုတ်ပြ၍ တကွဖြစ်ဖက် စေတသိက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

[ ၂၀၀၂-ခုနှစ်၊ နံပါတ် ၃-အဖြေ၌ ကြည့်ပါ။ ]

http://www.dhammadownload.com



## စေတသိက်ပိုင်း

၅။ အကောင်းအဆိုး စိတ်နှစ်မျိုးလုံးနှင့် ဆက်ဆံနေသော နှစ်ဖက်ချွန်စေတသိက်များကို သရုပ်ထုတ်ဖော်ပြ၍ ဝေးမြေရပ်ခြား မိဘဆွေမျိုးများကို အောက်မေ့ လွမ်းဆွတ်နေခြင်းသည် မည်သည့် စေတသိက်ဖြစ်ပါသနည်း။ အကြောင်းပြကာ ဖြေဆိုခဲ့ပါ။

**အကောင်းအဆိုး စိတ်နှစ်မျိုးလုံးနှင့် ဆက်ဆံနေသော နှစ်ဖက်ချွန်စေတသိက်များကို သရုပ်ထုတ် ဖော်ပြရသော်-**

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ) | = | ၇-ပါး |
| ပကိဏ်းစေတသိက် (ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ) | = | ၆-ပါး |
| အညသမာန်းစေတသိက် | = | ၁၃-ပါး |

**ဝေးရပ်မြေခြား မိဘဆွေမျိုးများကို အောက်မေ့လွမ်းဆွတ်နေခြင်းသည်-**
လောဘမူ၊ ဒေါသမူ၊ အကုသိုလ်စိတ်တို့နှင့်ယှဉ်သော 'သညာ' စေတသိက် ဖြစ်ပါသည်။

**အကြောင်းမှာ-** မိဘဆွေမျိုးများဟူသော ချစ်ခင်တွယ်တာဖွယ်အာရုံကို မှတ်သားခြင်းသဘော ဖြစ်သောကြောင့် ဖြစ်ပါသည်။

၆။ အဘိဓမ္မာစာမေးပွဲ အောင်စာရင်း၌ မိမိအမည်ကို တွေ့ရာဝယ် စာအောင်သူ၏သန္တာန်၌ ဖြစ်ပေါ်နေသောစေတသိက်ကို ဖော်ပြ၍ အတူဖြစ်ခွင့်ရှိသော စိတ်သရုပ်တို့ကိုလည်း ဆိုရိုးကျ ကောက်ပြခဲ့ပါ။

**အဘိဓမ္မာစာမေးပွဲ အောင်စာရင်း၌ မိမိအမည်ကို တွေ့ရာဝယ် စာအောင်သူ၏ သန္တာန်၌ ဖြစ်ပေါ်နေသောစေတသိက်မှာ-**

ပီတိစေတသိက်ဖြစ်ပါသည်။

http://www.dhammadownload.com



**ပီတိစေတသိက်နှင့်အတူ ဖြစ်ခွင့်ရှိသော စိတ်သရုပ်တို့ကိုလည်း ဆိုရိုးကျ ကောက်ပြရသော်-**

ပီတိစေတသိက်သည် စတုတ္ထစျာန်(၁၁)ပါးကြဉ်သော သောမနဿသဟဂုတ်စိတ် (၅၁)ပါးနှင့် ယှဉ်ပါသည်။

(စာအောင်ရာ အခိုက်ဖြစ်မှု- မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄-ပါးမှ တစ်ပါးပါးနှင့် ယှဉ်နိုင်ပါသည်။)

**❼ သူ့နေရာနှင့်သူ အသီးသီး မင်းမူနေကြသဖြင့် ပေါင်းစပ်လို့မရသော စေတသိက်စာရင်းကို ရှင်းလင်းတင်ပြ၍ အဘယ့်ကြောင့် အနိယတယောဂီစေတသိက်မည်ပါသနည်း။ ဖြေဆိုခဲ့ပါ။**

သူ့နေရာနှင့်သူ အသီးသီး မင်းမူနေကြသဖြင့် ပေါင်းစပ်လို့မရသော စေတသိက် စာရင်းကို ရှင်းလင်းတင်ပြရသော်-

**အနိယတယောဂီစေတသိက်တို့မှ ရံခါအသီးသီး ယှဉ်ကြသော-**

| | |
|---|---|
| ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စစေတသိက် | = ၃-ပါး |
| သမ္မာကမ္မန္တ၊ သမ္မာဝါစာ၊ သမ္မာအာဇီဝဟူသော ဝိရတီစေတသိက် | = ၃-ပါး |
| ကရုဏာ၊ မုဒိတာ ဟူသော အပ္ပမညာစေတသိက် | = ၂-ပါး |
| | ၈-ပါး |

**အနိယတယောဂီစေတသိက်မည်ပုံမှာ-**

မိမိယှဉ်သောစိတ်နှင့် အမြဲမယှဉ်သောကြောင့် အနိယတယောဂီစေတသိက် မည်ပါသည်။

http://www.dhammadownload.com



## ပဏ္ဏာဇ်ံးပိုင်း

❶ ကုသိုလ်စိတ်ဖြင့် ကွဲပြားသော ဝေဒနာအပြားကို ဖော်ပြ၍ "ခံစားရတာတွေ များလွန်းလို့ ဥပေက္ခာ ပြုလိုက်ပြီ"ဟု ပြောဆိုသူ၏သန္တာန်၌ဖြစ်သော ဥပေက္ခာသရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

ကုသိုလ်အားဖြင့် ကွဲပြားသော ဝေဒနာအပြားမှာ- ၅-ပါး ဖြစ်ပါသည်။

ငင်းတို့မှာ- (၁) သုခဝေဒနာ
(၂) ဒုက္ခဝေဒနာ
(၃) သောမနဿဝေဒနာ
(၄) ဒေါမနဿဝေဒနာ
(၅) ဥပေက္ခာဝေဒနာ တို့ဖြစ်ပါသည်။

'ခံစားရတာတွေ များလွန်းလို့ ဥပေက္ခာ ပြုလိုက်ပြီ'ဟု ပြောဆိုသူ၏သန္တာန်၌ဖြစ်သော ဥပေက္ခာသရုပ်ကိုလည်း ဖော်ထုတ်ပြရသော်-

| စိတ်အမည် | | ဥပေက္ခာဝေဒနာ |
|---|---|---|
| အကုသိုလ်စိတ် | = | ၆-ပါး |
| အဟိတ်စိတ် | = | ၁၄-ပါး |
| ကာမသောဘနစိတ် | = | ၁၂-ပါး |
| ရူပါဝစရစိတ် | = | ၃-ပါး |
| အရူပါဝစရစိတ် | = | ၁၂-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း ဥပေက္ခာဝေဒနာ | = | ၅၅-ပါး |

❷ ကောင်းမှုကုသိုလ်များဖြစ်စေဖို့ရန် အဓိက တွန်းအားပေးနေသော အကြောင်းတရားများကို ဖော်ပြပြီး၊ အကြောင်းနှစ်ပါးကြောင့် ဖြစ်ပေါ်နေရသော စိတ်တို့ကိုလည်း ဆိုင်ရာအကြောင်းတရားတို့နှင့်အတူ တွဲစပ်၍ပြခဲ့ပါ။

ကောင်းမှုကုသိုလ်များဖြစ်စေဖို့ရန် အဓိက တွန်းအားပေးနေသော အကြောင်းတရားများမှာ-

http://www.dhammadownload.com



အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟိတ်ဟူသော ကုသိုလ်ဟိတ် ၃-ပါး ဖြစ်ပါသည်။

**အကြောင်းနှစ်ပါးကြောင့် ဖြစ်ပေါ်နေရသော စိတ်တို့ကိုလည်း ဆိုင်ရာအကြောင်းတရားတို့နှင့်အတူ တွဲစပ်ပြရသော်-**

| **ဒွိဟိတ်စိတ်** | | | | **ဆိုင်ရာအကြောင်းတရား** |
|---|---|---|---|---|
| လောဘမူစိတ် | = | ၈-ပါး | = | (လောဘဟိတ်၊ မောဟဟိတ်) |
| ဒေါသမူစိတ် | = | ၂-ပါး | = | (ဒေါသဟိတ်၊ မောဟဟိတ်) |
| ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် | = | ၁၂-ပါး | = | (အလောဘဟိတ်၊ အဒေါသဟိတ်) |
| ပေါင်း ဒွိဟိတ်စိတ် | = | ၂၂-ပါး | | |

**(၁၀) ဝုဋ္ဌောအမည်ရသောစိတ်ကို အမည်ရရာအခါနှင့် တွဲစပ်ကာ ဖော်ပြပြီးလျှင်၊ သမ္ပဋိစ္ဆိုင်းကိစ္စ၊ သန္တီရဏကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စတို့၏ အလုပ်သဘောတို့ကိုလည်း စစ်ကြောကာ အဖြေထုတ်ခဲ့ပါ။**

**ဝုဋ္ဌောအမည်ရသောစိတ်ကို အမည်ရရာအခါနှင့် တွဲစပ်ကာ ဖော်ပြရသော်-**

**ဝုဋ္ဌောအမည်ရသောစိတ်** = မနောဒွါရာဝဇ္ဇန်းစိတ်၊

**အမည်ရရာအခါ** = ပဉ္စဒွါရ၌ ပဉ္စာရုံတို့ အသီးသီး တိုက်ဆိုင်သောအခါ တိုက်ဆိုင်သောအာရုံတို့၏ သဘောကို ဆုံးဖြတ်ခြင်း (ဝုဋ္ဌော)ကိစ္စ ဆောင်ရွက်ရာအခါ၊

**သမ္ပဋိစ္ဆိုင်းကိစ္စ** = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို လက်ခံခြင်းကိစ္စ။

**သန္တီရဏကိစ္စ** = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို စုံစမ်းခြင်းကိစ္စ။

**ဇောကိစ္စ** = အရှိန်အဟုန်ပြင်းပြင်းဖြင့် အာရုံ၏ အရသာကို ခံစားခြင်းကိစ္စ။

**တဒါရုံကိစ္စ** = ဇောခံစားပြီးသော အာရုံကို ထပ်မံ ခံစားခြင်းကိစ္စ။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

## ၂၀၁၇-ခုနှစ်

**၁** အဘိဓမ္မာသုတေသီများ လေ့လာသင်ယူနေကြသည့် သင်္ဂြိုဟ်ကျမ်းကို အဘယ့်ကြောင့် "အဘိဓမ္မတ္ထသင်္ဂဟကျမ်း"ဟု ခေါ်ဆိုရပါသနည်း။ ရှင်းပြ၍ (က) အဘိဓမ္မတ္ထနှင့် (ခ) ပရမတ္ထ တို့၏အရကိုလည်း ကွဲပြားအောင် ကောက်ပြခဲ့ပါ။

**"အဘိဓမ္မတ္ထသင်္ဂဟကျမ်း"ဟု ခေါ်ဆိုရသည်မှာ-**

အဘိဓမ္မာ(၇)ကျမ်း၏ အနက်အဓိပ္ပာယ်တို့ကို အကျဉ်းချုံး၍ ယူရာယူကြောင်း ကျမ်း ဖြစ်ပါသည်။

(က) **အဘိဓမ္မတ္ထ** = ပရမတ္ထအားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု လေးပါးသာ ရှိသော်လည်း ရထိုက်သမျှ ရေတွက်လျှင် ပညတ်နှင့် တကွ ၅-ပါး ရှိပါသည်။

(ခ) **ပရမတ္ထ** = စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်အားဖြင့် ၄-ပါးသာ ရှိပါသည်။

**၂** မည်သူမျှမစေခိုင်းဘဲ လူသားတစ်ဦးအသက်ကို ရက်ရက်စက်စက် သတ်သူသန္တာန်၌ ဖြစ်သောစိတ်ကို အတိအကျဖော်ပြ၍၊ ယင်းလူသတ်မှု ကျူးလွန်မိအောင် မြစ်ဖျားခံသော မူလအခြေခံ အကြောင်းတရား(၂)ပါးကိုလည်း ထုတ်ပြခဲ့ပါ။

**မည်သူမျှမစေခိုင်းဘဲ လူသားတစ်ဦးအသက်ကို ရက်ရက်စက်စက် သတ်သူ သန္တာန်၌ ဖြစ်သောစိတ်ကို အတိအကျဖော်ပြရသော်-**

ဒေါမနဿသဟဂုတ်၊ ပဋိဃသမ္ပယုတ်၊ အ-သင်္ခါရိက ဒေါသမူစိတ် ဖြစ်ပါသည်။

**ယင်းလူသတ်မှု ကျူးလွန်မိအောင် မြစ်ဖျားခံသော မူလအခြေခံ အကြောင်းတရား (၂)ပါးမှာ-** ဒေါသစေတသိက်နှင့် မောဟစေတသိက်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



❸ "သိပ်ချစ်လို့ စိတ်ညစ်ရသည်"ဟု ပြောဆိုသူသန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍၊ (က) ယုတ်မာဆိုးသွမ်း လူသရမ်းတို့သန္တာန်၌သာ ဖြစ်သော လောကီစိတ်၊ (ခ) တင့်တယ်ကောင်းမြတ် သူတော်စိတ်ရှိသူတို့သန္တာန်၌သာ ဖြစ်သော လောကီစိတ်တို့ကိုလည်း အသီးသီး ဖြေဆိုခဲ့ပါ။

**"သိပ်ချစ်လို့ စိတ်ညစ်ရသည်"ဟု ပြောဆိုသူသန္တာန်၌ ဖြစ်သောစိတ်မှာ-**

လောဘမူစိတ်(၈)ပါးမှ (၁)ပါးပါး ဖြစ်ပါသည်။

**(က) ယုတ်မာဆိုးသွမ်း လူသရမ်းတို့သန္တာန်၌သာ ဖြစ်သော လောကီစိတ်မှာ-**

အကုသိုလ်စိတ်(၁၂)ပါး ဖြစ်ပါသည်။

**(ခ) တင့်တယ်ကောင်းမြတ် သူတော်စိတ်ရှိသူတို့သန္တာန်၌သာ ဖြစ်သော လောကီစိတ်တို့မှာ-**

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| ရူပါဝစရစိတ် | = | ၁၅-ပါး |
| အရူပါဝစရစိတ် | = | ၁၂-ပါး |
| ပေါင်း | = | ၅၁-ပါး |

❹ သောတာပန်ဖြစ်ရန် အခြေခံသည့် သောတာပတ္တိမဂ်စိတ် (၅)ပါးကို ရေတွက်ပြ၍၊ ယနေ့လူ့လောက၌ ပြောဆိုနေကြသည့် "စိတ်တစ်ခု ရုပ်ကိုးဆယ်"နှင့် "စိတ်တစ်ခုယုတ် ကိုးဆယ်"ဟူသော စကားနှစ်ရပ်တွင် မည်သည့်စကားရပ် မှန်ကန်ကြောင်း စိတ်အကျဉ်းသရုပ်ဖော်ထုတ်ရေတွက် ထောက်ထားလျက် အမှန်ရွေးချယ်ပေးခဲ့ပါ။

**သောတာပန်ဖြစ်ရန် အခြေခံသည့် သောတာပတ္တိမဂ်စိတ်(၅)ပါးမှာ-**

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၅)ပါးနှင့်တကွ ဖြစ်သော **သောတာပတ္တိမဂ် ပထမဈာန်စိတ်** = ၁-ပါး

(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၄)ပါးနှင့်တကွ ဖြစ်သော **သောတာပတ္တိမဂ် ဒုတိယဈာန်စိတ်** = ၁-ပါး

http://www.dhammadownload.com



(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၃)ပါးနှင့်တကွ ဖြစ်သော **သောတာပတ္တိမဂ် တတိယဈာန်စိတ်** = ၁-ပါး

(၄) သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၂)ပါးနှင့်တကွ ဖြစ်သော **သောတာပတ္တိမဂ် စတုတ္ထဈာန်စိတ်** = ၁-ပါး

(၅) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၂)ပါးနှင့်တကွ ဖြစ်သော **သောတာပတ္တိမဂ် ပဉ္စမဈာန်စိတ်** = ၁-ပါး

ပေါင်း သောတာပတ္တိမဂ်စိတ် = ၅-ပါး

**"စိတ်တစ်ခု ရုပ်ကိုးဆယ်"နှင့် "စိတ်တစ်ခုယုတ် ကိုးဆယ်"ဟူသော စကားနှစ်ရပ်တွင် မည်သည့်စကားရပ် မှန်ကန်ကြောင်း စိတ်အကျဉ်းသရုပ်ဖော်ထုတ် ရေတွက်လျက် အမှန် ရွေးချယ်ပေးရသော်-**

**စိတ်တို့သည် အကျဉ်းသရုပ်အားဖြင့်-**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| အဟိတ်စိတ် | = | ၁၈-ပါး |
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| ရူပါဝစရစိတ် | = | ၁၅-ပါး |
| အရူပါဝစရစိတ် | = | ၁၂-ပါး |
| လောကုတ္တရာစိတ်(အကျဉ်း) | = | ၈-ပါး |
| ပေါင်း စိတ်အကျဉ်း | = | ၈၉-ပါး ရှိသောကြောင့် |

စိတ်ပေါင်း ၉၀-ထဲမှ တစ်ခုယုတ်လျော့နေသောစိတ်အကျဉ်း ၈၉-ပါးဟု သိစေလိုသောကြောင့် "စိတ်တစ်ခုယုတ် ကိုးဆယ်"ဟူသောစကားသာ မှန်ကန်ပါသည်။ "စိတ်တစ်ခု ရုပ်ကိုးဆယ်"မဟုတ်ပါ။

http://www.dhammadownload.com



❾ စိတ်၌ မှီတွယ် စိတ်ကိုခြယ်လှယ်သော "စေတသိက်"ဟု အမည်ခံယူနိုင်ရန် ပြည့်စုံရမည့် အရည်အသွေး အင်္ဂါရပ်များကို ဖော်ပြ၍ ဖြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သော ကရုဏာ၊ မုဒိတာ စေတသိက်နှစ်ပါးတို့၏ သဘောလက္ခဏာနှင့် ယင်းတို့ယှဉ်ရာ စိတ်သရုပ်များကို လည်း ဖော်ထုတ်ပြခဲ့ပါ။

**စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်သော "စေတသိက်"ဟု အမည်ခံယူနိုင်ရန် ပြည့်စုံရမည့် အရည်အသွေးအင်္ဂါရပ်များမှာ-**

(၁) ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း၊

(၂) ဧကနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း၊

(၃) ဧကာရမ္မဏ = စိတ်နှင့်အာရုံတူခြင်း၊

(၄) ဧကဝတ္ထုက = စိတ်နှင့်မှီရာတူခြင်းတို့ ဖြစ်ပါသည်။

**ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သော "ကရုဏာနှင့် မုဒိတာ"စေတသိက် နှစ်ပါးတို့၏ သဘောလက္ခဏာများမှာ-**

**ကရုဏာစေတသိက်** = အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနား ကြင်နာခြင်းသဘောလက္ခဏာ။

**မုဒိတာစေတသိက်** = အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်း မြောက်ခြင်းသဘောလက္ခဏာ။

**ယင်းစေတသိက်နှစ်ပါးတို့နှင့် ယှဉ်သော စိတ်များမှာ-**

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်ပထမဈာန်စိတ် | = | ၃-ပါး |
| မဟဂ္ဂုတ်ဒုတိယဈာန်စိတ် | = | ၃-ပါး |
| မဟဂ္ဂုတ်တတိယဈာန်စိတ် | = | ၃-ပါး |
| မဟဂ္ဂုတ်စတုတ္ထဈာန်စိတ် | = | ၃-ပါး |
| စိတ်ပေါင်း | = | ၂၈-ပါး ဖြစ်ကြပါသည်။ |

(ထိုသို့ယှဉ်ရာ၌ အမြဲမယှဉ် ရံခါအသီးသီး ယှဉ်ပါသည်။)

http://www.dhammadownload.com



❻ မြန်မာ့ယဉ်ကျေးမှုကို စွန့်ပယ်၍ နိုင်ငံခြားယဉ်ကျေးမှုကို ခုံမင်ကြလျက် ထမီမပါ ဘောင်းဘီတိုမျှသာ ဝတ်ဆင်ကြတော့သည့် ယနေ့ခေတ် အချို့သော မြန်မာအမျိုးသမီးလေးများ၏ ဝတ်စားဆင်ယင် ရက်ဖွယ်အသွင်ကို ပြုပြင်ပေးနိုင်သည့် "လောကပါလတရား"စေတသိက် နှစ်ပါး၏ သဘောလက္ခဏာနှင့် ယှဉ်ရာစိတ်များကို ဖော်ပြပါ။

**လောကပါလတရားစေတသိက် နှစ်ပါးဖြစ်သော "ဟိရီနှင့် ဩတ္တပ္ပ"၏ သဘောလက္ခဏာမှာ-**

**ဟိရီစေတသိက်** = မကောင်းမှုဒုစရိုက်များ ပြုလုပ်ရမည်ကို ရှက်ခြင်းသဘောလက္ခဏာ။

**ဩတ္တပ္ပစေတသိက်**= မကောင်းမှုဒုစရိုက်များ ပြုလုပ်ရမည်ကို ကြောက်လန့်ခြင်းသဘောလက္ခဏာ။

**ယင်းဟိရီနှင့် ဩတ္တပ္ပစေတသိက်တို့နှင့် ယှဉ်သောစိတ်များမှာ-**

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး(ကျဉ်း)/ ၄၀-ပါး(ကျယ်) |
| ပေါင်း သောဘနစိတ် | = | ၅၉-ပါး(ကျဉ်း)/ ၉၁-ပါး(ကျယ်) |

❼ ယနေ့ခေတ် မျက်မှောက်ကာလ၌ ဆန္ဒပြခြင်း ဆန္ဒဖော်ထုတ်ခြင်းများ ခေတ်စားလာရာ ယင်းဆန္ဒပြသူတို့ သန္တာန်၌ ဖြစ်သော စိတ်သရုပ်ကို ဖော်ထုတ်ပြ၍ "အလှမာန်ဝင့် ပန်းနှယ်ပွင့်နေသူ"အမျိုးသမီးငယ်သန္တာန်၌ဖြစ်သော စိတ်သရုပ်ကိုလည်း ယှဉ်ရာစေတသိက် အုပ်စုနှင့်တကွ ဖော်ပြခဲ့ပါ။

**ယနေ့ခေတ် မျက်မှောက်ကာလ၌ ဆန္ဒပြသူတို့ သန္တာန်၌ဖြစ်သော စိတ်သရုပ်မှာ-**

ဆန္ဒစေတသိက်နှင့်ယှဉ်သော စိတ်ဖြစ်သဖြင့်

| | | | |
|---|---|---|---|
| | လောဘမူစိတ် | = | ၈-ပါး |
| | ဒေါသမူစိတ် | = | ၂-ပါး |
| (မဟာကြိယာစိတ်ကြဉ်သော်) | ကာမသောဘနစိတ် | = | ၁၆-ပါး |
| | ပေါင်း စိတ် | = | ၂၆-ပါး |

http://www.dhammadownload.com



**"အလှမာန်ဝင့် ပန်းနှယ်ပွင့်နေသူ" အမျိုးသမီးငယ်သန္တာန်၌ ဖြစ်သော စိတ်သရုပ်ကို ယှဉ်ရာ စေတသိက်အုပ်စုနှင့်တကွ ဖော်ပြပေးရသော်-**

အလှမာန်ဝင့်နေသောကြောင့် ထောင်လွှားတက်ကြွသော 'မာန' စေတသိက်နှင့်ယှဉ်သော- လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါးမှ တစ်ပါးပါး ဖြစ်နိုင်ပါသည်။

**ထိုစိတ်များနှင့် ယှဉ်နိုင်သော စေတသိက်အုပ်စုများမှာ-**

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃-ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄-ပါး |
| လောဘစေတသိက် | = | ၁-ပါး |
| မာနစေတသိက် | = | ၁-ပါး |
| (ရံခါ-အတူတကွ) ထိန-မိဒ္ဓစေတသိက် | = | ၂-ပါး |
| ပေါင်း စေတသိက် | = | ၂၁-ပါး ဖြစ်ပါသည်။ |

---

## ပင်္ကျက်ပိုင်း

**၁** ဝိပဿနာတရား ပွားများအားထုတ်သူ ယောဂီများ သိထားရမည့် ရုပ်နာမ်နှစ်ပါးတွင် သဘာဝ ဓမ္မအားဖြင့် နာမ်တရားပေါင်း မည်မျှရှိသည်ကို ရေတွက်ဖြေဆို၍၊ ဤခန္ဓာကိုယ်ကြီး၏ ကိစ္စအသီးသီးကို မငြီးမငြူ တာဝန်ယူဆောင်ရွက်ရာ ဝန်ကြီးဌာန(၁၀)မျိုးကိုလည်း ဖော်ပြခဲ့ပါ။

**ဝိပဿနာတရား ပွားများအားထုတ်သူ ယောဂီများ သိထားရမည့် ရုပ်နာမ်နှစ်ပါးတွင် သဘာဝဓမ္မအားဖြင့် ရနိုင်သော နာမ်တရားများမှာ-**

| | | |
|---|---|---|
| စိတ်(၈၉)ပါးသည် အာရုံကို သိခြင်း သဘောလက္ခဏာအားဖြင့် | = | ၁-ပါး |
| စေတသိက်(၅၂)ပါးသည် မိမိတို့ဆိုင်ရာသဘောလက္ခဏာအသီးသီးအားဖြင့် | = | ၅၂-ပါး |
| ပေါင်း နာမ်တရား | = | ၅၃-ပါး |

http://www.dhammadownload.com



ဤခန္ဓာကိုယ်ကြီး ကိစ္စအသီးသီးကို မငြီးမငြူ တာဝန်ယူဆောင်ရွက်ရာ ဝန်ကြီးဌာန (၁၀)ပါးမှာ-

(၁) ပဋိသန္ဓေဌာန
(၂) ဘဝင်ဌာန
(၃) အာဝဇ္ဇန်းဌာန
(၄) ပဉ္စဝိညာဏ်ဌာန
(၅) သမ္ပဋိစ္ဆိုင်းဌာန
(၆) သန္တီရဏဌာန
(၇) ဝုဋ္ဌောဌာန
(၈) ဇောဌာန
(၉) တဒါရုံဌာန
(၁၀) စုတိဌာနတို့ ဖြစ်ပါသည်။

❾ "အာရုံတွေများလွန်းလို့ ခေါင်းစားတယ်"ဟု ယနေ့လူငယ်များဆိုလေ့ရှိရာ အာရုံများ/မများ သိထားနိုင်ရန် အာရုံတရားများကို ဖော်ပြ၍ "မြင်သိစိတ်"နှင့် "အတွေးနယ်ချဲ့တတ်သော မနောဓာတ်"တို့၏ ပြုရာအာရုံများကိုလည်း အတိအကျ ဖြေဆိုခဲ့ပါ။

"အာရုံတွေများလွန်းလို့ ခေါင်းစားတယ်"ဟု ယနေ့လူငယ်များဆိုလေ့ရှိရာ အာရုံများ/မများ သိထားနိုင်ရန် အာရုံတရားများကို ဖော်ပြရသော်-

အာရုံတရား (၆)ပါး ရှိပါသည်။ ၄င်းတို့မှာ-

(၁) ရူပါရုံ
(၂) သဒ္ဒါရုံ
(၃) ဂန္ဓာရုံ
(၄) ရသာရုံ
(၅) ဖောဋ္ဌဗ္ဗာရုံ
(၆) ဓမ္မာရုံ ဖြစ်ပါသည်။

**မြင်သိစိတ်** = စက္ခုဝိညာဏ်စိတ် (၂)ပါး
**ပြုရာအာရုံ** = ပစ္စုပ္ပန် ရူပါရုံ

**မနောဓာတ်** = ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ပါး + သမ္ပဋိစ္ဆိုင်းစိတ် (၂)ပါး
**ပြုရာအာရုံ** = ပစ္စုပ္ပန် ပဉ္စာရုံ

http://www.dhammadownload.com



⓾ "ဒေါသအမျက် ချောင်းချောင်းထွက်နေသူ"သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍ ယင်းစိတ်ကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့်လည်း ဝေဖန်ပြပါ။

**"ဒေါသအမျက် ချောင်းချောင်းထွက်နေသူ"သန္တာန်၌ ဖြစ်နေသောစိတ်မှာ-**

ဒေါသမူစိတ် ၂-ပါးမှ တစ်ပါးပါး ဖြစ်ပါသည်။

**ယင်းစိတ် ၂-ပါး၏**

**ဝေဒနာ** = ဒေါမနဿဝေဒနာ

**ဟိတ်** = ဒွိဟိတ် (ဒေါသဟိတ်၊ မောဟဟိတ်)

**ကိစ္စ** = ဇောကိစ္စ။

**ဒွါရ** = ၆-ဒွါရ (မြဲ)

**အာရုံ** = လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ပညတ်ဟု ဆိုအပ်သော ကာမ၊ မဟဂ္ဂုတ်၊ ပညတ် အာရုံ ၃-ပါးကို အာရုံပြု၏။

**ဝတ္ထု** = ဟဒယဝတ္ထု (မြဲ)

http://www.dhammadownload.com

# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ပထမဆင့်)
# စိတ်ပိုင်း

၂၀၁၈-ခုနှစ်

❶ "စိတ်သာရှင်စော ဘုရားဟော"ဟု ပြောဆိုတတ်ကြရာ ထိုစိတ်အကျယ်မည်မျှရှိသည်ကို ဘုံစဉ်အလိုက် ရေတွက်ပြ၍ (က) အကြောင်းစိတ်၊ (ခ) အကျိုးစိတ်တို့ကိုလည်း သချာမျှ ဖော်ပြပါ။

**စိတ်အကျယ်မည်မျှရှိသည်ကို ဘုံစဉ်အလိုက် ရေတွက်ပုံ-**

| | | |
|---|---|---|
| ကာမာဝစရစိတ် | = | ၅၄-ပါး |
| ရူပါဝစရစိတ် | = | ၁၅-ပါး |
| အရူပါဝစရစိတ် | = | ၁၂-ပါး |
| လောကုတ္တရာစိတ် | = | ၄၀-ပါး (အကျယ်) |
| ပေါင်း ရှာန်စိတ် | = | ၁၂၁-ပါး ဖြစ်ပါသည်။ |

**ယင်းစိတ်တို့တွင်-**

(က) အကြောင်းစိတ်ပေါင်း = ၄၉-ပါး

(ခ) အကျိုးစိတ်ပေါင်း = ၅၂-ပါး

❷ ဘုရားရဟန္တာတို့၏ ပြုံးရယ်မှုကိုဖြစ်စေနိုင်သော စိတ်အမည်ကို ဖော်ပြ၍ ကာမဘုံသား ဥပေက္ခာသမားများ၏ သန္တာန်၌ဖြစ်သော ဝေဒနာသရုပ်ကိုလည်း သိသာရုံ ကောက်ပြပါ။

**ဘုရားရဟန္တာတို့၏ ပြုံးရယ်မှုကို ဖြစ်စေနိုင်သော စိတ်အမည်-**

(အဟိတ်ကြိယာ) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်

**ကာမဘုံသား ဥပေက္ခာသမားများ၏ သန္တာန်၌ဖြစ်သော ဝေဒနာသရုပ်-**

| | | |
|---|---|---|
| အကုသိုလ်ဥပေက္ခာ | = | ၆-ပါး |
| အဟိတ်ဥပေက္ခာ | = | ၁၄-ပါး |
| ကာမသောဘနဥပေက္ခာ | = | ၁၂-ပါး |
| ပေါင်း ကာမဥပေက္ခာ | = | ၃၂-ပါး |

http://www.dhammadownload.com



❼ "မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရရပါလို၏"ဟု ဆုတောင်းကြရာ၌ (က) မဂ်တရား၊ (ခ) ဖိုလ်တရားတို့ကို သရုပ်ထုတ်ပြ၍ နိဗ္ဗာန်၏ သဘောကိုလည်း စစ်ကြောကာ အဖြေထုတ်ပြပါ။

(က) မဂ်တရားသရုပ်-

| | | အကျဉ်း | အကျယ် |
|---|---|---|---|
| သောတာပတ္တိမဂ်စိတ် | = | ၁-ပါး | ၅-ပါး |
| သကဒါဂါမိမဂ်စိတ် | = | ၁-ပါး | ၅-ပါး |
| အနာဂါမိမဂ်စိတ် | = | ၁-ပါး | ၅-ပါး |
| အရဟတ္တမဂ်စိတ် | = | ၁-ပါး | ၅-ပါး |
| ပေါင်း မဂ်စိတ် | = | ၄-ပါး(အကျဉ်း) | ၂၀-ပါး(အကျယ်) |

(ခ) ဖိုလ်တရားသရုပ်-

| | | အကျဉ်း | အကျယ် |
|---|---|---|---|
| သောတာပတ္တိဖိုလ်စိတ် | = | ၁-ပါး | ၅-ပါး |
| သကဒါဂါမိဖိုလ်စိတ် | = | ၁-ပါး | ၅-ပါး |
| အနာဂါမိဖိုလ်စိတ် | = | ၁-ပါး | ၅-ပါး |
| အရဟတ္တဖိုလ်စိတ် | = | ၁-ပါး | ၅-ပါး |
| ပေါင်း မဂ်စိတ် | = | ၄-ပါး(အကျဉ်း) | ၂၀-ပါး(အကျယ်) |

**နိဗ္ဗာန်၏ သဘော** = တဏှာကုန်ခန်းခြင်းသဘော၊
ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်းသဘောတရား။

http://www.dhammadownload.com



## စေတသိက်ပိုင်း

❹ လောကတလွှား၌ ဗြဟ္မစိုရ်တရားများ ထွန်းကားစေရန် စိတ်ရည်သန်လျက် ထိုဗြဟ္မစိုရ်တရား လေးပါး၏ မူရင်းအရကောက် စေတသိကဓမ္မများကို အဓိပ္ပာယ်နှင့်တွဲစပ်ကာ ဖော်ပြပါ။

**ဗြဟ္မစိုရ်တရားလေးပါး၏ မူရင်းအရကောက် စေတသိကဓမ္မများ၏ အဓိပ္ပာယ်-**

| ဗြဟ္မစိုရ်တရား | စေတသိကဓမ္မ | အဓိပ္ပာယ် |
|---|---|---|
| (၁) မေတ္တာ | အဒေါသ | = ဆန့်ကျင်ဘက်အာရုံများနှင့် တွေ့ကြုံသော်လည်း မခက်ထန် မကြမ်းတမ်းခြင်းသဘော။ |
| (၂) ကရုဏာ | ကရုဏာ | = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော။ |
| (၃) မုဒိတာ | မုဒိတာ | = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။ |
| (၄) ဥပေက္ခာ | တတြမဇ္ဈတ္တတာ | = စိတ် စေတသိက်တို့ကို မိမိတို့ကိစ္စနှင့် အပိုအလွန် မရှိစေရအောင် အလယ်အလတ် တည့်မတ်တတ် လျစ်လျူရှုတတ်သော သဘော။ |

❺ "လာဘ်ပေးလာဘ်ယူ တို့ရန်သူ"ဟူသော ဆောင်ပုဒ်ကို လက်ခံကျင့်သုံးကာ အဂတိတရားများကို ရှောင်ကြဉ်၍ မှန်ကန်စွာ အသက်မွေးနေသော တရားသူကြီး၏သန္တာန်၌ ဖြစ်နိုင်သော စေတသိက်နှင့် ထိုစေတသိက်၌ယှဉ်နိုင်သော စိတ်သရုပ်တို့ကိုလည်း အကျဉ်း+အကျယ် နည်းနှစ်သွယ်တို့ဖြင့် ထုတ်ပြပါ။

**အဂတိတရားများကို ရှောင်ကြဉ်၍ မှန်ကန်စွာ အသက်မွေးသော တရားသူကြီး၏ သန္တာန်၌ ဖြစ်နိုင်သော စေတသိက်** = သမ္မာအာဇီဝ စေတသိက်

**ထိုစေတသိက်နှင့် ယှဉ်နိုင်သော စိတ်သရုပ်-**

| | အကျဉ်းနည်း | အကျယ်နည်း |
|---|---|---|
| မဟာကုသိုလ်စိတ် = | ၈-ပါး(ရုံခါ) | ၈-ပါး(ရုံခါ) |
| လောကုတ္တရာစိတ် = | ၈-ပါး(အမြဲတပေါင်းတည်း) | ၄၀-ပါး(အမြဲတပေါင်းတည်း) |
| ပေါင်း = | ၁၆-ပါး | ၄၈-ပါး |

http://www.dhammadownload.com



၆ "စိတ်တွေထိုင်းမှိုင်းလိုက်တာ"ဟု ပြောဆိုတတ်ကြရာ အဘယ်စေတသိက်တို့နှင့်ယှဉ်၍ ထိုင်းမှိုင်းရပါသနည်း။ ဖြေဆို၍ ထို ထိုင်းမှိုင်းသောစိတ်တို့ကိုလည်း သရုပ်ထုတ်ကောက်ပြပါ။

**ထိုင်းမှိုင်းခြင်းနှင့်ယှဉ်သော စေတသိက်** = ထိန၊ မိဒ္ဓစေတသိက်

**ထိုထိုင်းမှိုင်းသော စိတ်သရုပ်-**

| | | | | | |
|---|---|---|---|---|---|
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သ-သင်္ခါရိက | လောဘမူစိတ် | = | ၁-ပါး |
| ဒေါမနဿသဟဂုတ် | ပဋိဃသမ္ပယုတ် | သ-သင်္ခါရိက | ဒေါသမူစိတ် | = | ၁-ပါး |
| | | ပေါင်း | သ-သင်္ခါရိကစိတ် | = | ၅-ပါး |

၇ "စိတ်ရည်ဖွဲ့သန် သည်းညည်းခံ ဖြန့်သာသနာ"ဟူသည့်အတိုင်း ကမ္ဘာအနှံ့ ဘုရားသာသနာ ဖြန့်နေသော သာသနာပြုပုဂ္ဂိုလ်များ လက်ကိုင်ထားရမည့် (က) ဇွဲ-အရ စေတသိက်၊ (ခ) သည်းခံ-အရ စေတသိက်တို့ကိုလည်း ယှဉ်ရာစိတ်တို့နှင့် တွဲစပ်ကာ ဖော်ပြပါ။

**(က) ဇွဲအရ စေတသိက်** = ဝီရိယစေတသိက်

**ဝီရိယ ယှဉ်ရာစိတ်-**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး(အကျဉ်း)/ ၄၀-ပါး(အကျယ်) |
| ပေါင်း စိတ် | = | ၇၃-ပါး(အကျဉ်း)/၁၀၅-ပါး(အကျယ်) |

**(ခ) သည်းခံအရ စေတသိက်** = အဒေါသစေတသိက်

http://www.dhammadownload.com



**အဒေါသ ယှဉ်ရာစိတ်-**

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး(အကျဉ်း)/၄၀-ပါး(အကျယ်) |
| ပေါင်း စိတ် | = | ၅၉-ပါး(အကျဉ်း)/ ၉၁-ပါး(အကျယ်) |

## ပဏ္ဏတ်မှိုင်း

**၈** အကုသိုလ်စိတ်ဖြစ်တိုင်းမှာ ပါဝင်ပတ်သက်နေတတ်သော စေတသိက်များကို ဖော်ပြ၍ "ရင်မှာခံစားရတဲ့အဖြစ်ကို မင်းက နားမလည်ဘူး" ဟူသော သီချင်းစာသား၌ပါဝင်သော ဝေဒနာအပြားကိုလည်း ခံစားမှုအလိုက် နားလည်သွားရအောင် ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

**အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်ပတ်သက်နေသော စေတသိက်များ-**

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇-ပါး |
| (ဝိတက်၊ ဝိစာရ၊ ဝီရိယ) ပကိဏ်းစေတသိက် | = | ၃-ပါး |
| သဗ္ဗာကုသလသာဓာရဏစေတသိက် (မောဟ၊ အဟိရိက၊ အနော့တ္တပ္ပ၊ ဥဒ္ဓစ္စ) | = | ၄-ပါး |
| ပေါင်း | = | ၁၄-ပါး |

**ဝေဒနာအပြား (ပါဠိ၊ မြန်မာ)**

**(က) အာရမ္မဏာနုဘဝနလက္ခဏာဘေဒနည်းအရ** - ၃-ပါး

(၁) သုခဝေဒနာ = ချမ်းသာသောခံစားမှု

(၂) ဒုက္ခဝေဒနာ = ဆင်းရဲသောခံစားမှု

(၃) အဒုက္ခ-မသုခဝေဒနာ = ဆင်းရဲသည်လည်းမဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော ခံစားမှု

**(ခ) ဣန္ဒြိယဘေဒနည်းအရ** - ၅-ပါး

(၁) သုခဝေဒနာ = ကိုယ်ချမ်းသာသော ခံစားမှု

http://www.dhammadownload.com



(၂) ဒုက္ခဝေဒနာ = ကိုယ်ဆင်းရဲသော ခံစားမှု
(၃) သောမနဿဝေဒနာ = စိတ်ချမ်းသာသော ခံစားမှု
(၄) ဒေါမနဿဝေဒနာ = စိတ်ဆင်းရဲသော ခံစားမှု
(၅) ဥပေက္ခာဝေဒနာ = စိတ်အသင့်အတင့် ခံစားမှု

၉ "ချမ်းသာဆင်းရဲ မခွဲတကွ ခံစားကြ၏"ဟုဆိုကြရာ၌ (က) ချမ်းသာမှု၊ (ခ) ဆင်းရဲမှုတို့ကို ခံစားတတ်သောစိတ်ကို ဖော်ပြ၍၊ "စက်၊ သော၊ ဃာ၊ ဇိ၊ ကာ၊ ငါးလီ"ဟုဆိုအပ်သော ဒွေပဥ္စဝိညာဉ်စိတ်(၁၀)ပါးတို့ကို ဆိုင်ရာအမှုကိစ္စတို့နှင့် တွဲစပ်ကာ ဖော်ပြပါ။

**(က) ချမ်းသာမှုကို ခံစားတတ်သောစိတ်** = အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်

**(ခ) ဆင်းရဲမှုကို ခံစားတတ်သောစိတ်** = အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်

**ဒွေပဥ္စဝိညာဏ်စိတ် (၁၀)ပါးကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ပုံ-**

စက္ခုဝိညာဏ် ဒွေ = ဒဿန ကိစ္စ
သောတဝိညာဏ် ဒွေ = သဝန ကိစ္စ
ဃာနဝိညာဏ် ဒွေ = ဃာယန ကိစ္စ
ဇိဝှါဝိညာဏ် ဒွေ = သာယန ကိစ္စ
ကာယဝိညာဏ် ဒွေ = ဖုသန ကိစ္စ

၁၀ ယနေ့မျက်မှောက်ခေတ် ပရဟိတများခေတ်စားလာကြရာ ပရဟိတသမားများ သိထားရမည့် ကုသိုလ်ဖြစ်ခြင်း၏ အဓိကအကြောင်းတရား ရေသောက်မြစ်သုံးပါးကို ဖော်ပြ၍၊ "မနောပေါက် နေသည်"ဟု ဆိုရာ၌ မနောဓာတ်အမည်ရသောစိတ်ကိုလည်း ဖော်ပြပြီးလျှင်၊ ထိုမနောဓာတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်/မပြုနိုင်ကိုလည်း အကြောင်းသွင်းကာ ရှင်းပြပါ။

**ကုသိုလ်ဖြစ်ခြင်း၏ အဓိကအကြောင်းတရား ရေသောက်မြစ်သုံးပါး-**

(၁) အလောဘဟိတ်

http://www.dhammadownload.com



(၂) အဒေါသဟိတ်
(၃) အမောဟိတ် = ပေါင်း ၃-ပါး

**မနောဓာတ်အမည်ရသောစိတ်-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| သမ္ပဋိစ္ဆိုင်းစိတ် | = | ၂-ပါး |
| ပေါင်း မနောဓာတ် | = | ၃-ပါး |

**ထိုမနောဓာတ်ဖြင့် နိဗ္ဗာန်ကို** အာရုံမပြုနိုင်။

**အကြောင်းမှာ-**

ပစ္စုပ္ပန် ပဉ္စာရုံဟု ဆိုအပ်သော ကာမအာရုံ ၅-ပါးကိုသာ ဧကန် အာရုံပြုနိုင်သောကြောင့် နိဗ္ဗာန်ကို အာရုံမပြုနိုင်။